

# Lady Shoes

# (၁)

မြေသားနီနီပေါ်မှ အမျိုးသမီးဝတ်ရှူးဖိနပ်အနီရောင်။

အမေရိကန်ပြည်ထောင်စု၊ နယူးအင်္ဂလန်ပြည်နယ်တွင် ထုတ်လုပ်သည့် ထို အမျိုးသမီးဝတ် ရှူးဖိနပ်အနီလေးပေါ်တွင် မြေနီမှုန့်များက ဟိုတစ ဒီတစ်စ စွန်း ထင်လျက်။

ရှူးဖိနပ်အစွန်းတွင် ပေါ်ထွက်နေသော ခြေမျက်စိနှင့် ခြေကျင်းဝတ် ဖြူလွလွမှာ လည်း သွေးရောင်လွှမ်းနေ၏။

ခြေချင်းဝတ်၏ အထက်တွင်တော့ အပြာနုရောင် ထဘီနံကွဲစသည် ခပ်ပြေပြေကျ လျက်။

ပါးပါးလျလျ ခန္ဓာကိုယ်ထက်တွင် ပိုးသား ထိုင်မသိမ်း၊ရင်စည်းနှင့် အဖြူလွှလွှစုံပု ဝါကို ချထားသည်က အမရပူရခေတ်အထက်တန်းစားအမျိုးသမီးတစ်ဦး၏ ဟန်ပန်အပြည့်။

သူမ ၏ ညာဘက်လက်ဖဝါးက ပါရှားပြည်ဖြစ် ဖဲထီးအဝါရောင်၏ သစ်သားအရိုး ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား၏။

ထီးလက်ကိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် အရိုးငေါငေါလက်ဖျံရိုးပေါ် တွင် သွေးကြောစိမ်းများက ပေါက်ကွဲထွက်တော့မည့်အလား အလျားလိုက် ထောင်ထနေ၏။

မိုးရာသီ ဩဂုတ်လဖြစ်သော်လည်း အင်းဝ ၏ နေ့လည်ခင်းမှာ ခြောက်သွေ့ပူပြင်း လွန်းလှသည်။

ထိုခြောက်သွေ့ပူပြင်းလွန်းလှသည့်နေရောင်အောက်တွင် သူမရပ်နေရသည်မှာ သုံးနာရီကျော်ပင် ရှိပြီဖြစ်၏။

နေကာား သူမ၏ ခေါင်းတည့်တည့်တွင် အရှိန်ပြင်းပြင်းလောင်ကျွမ်းနေဆဲ။

သူမအား မိုးပေးထားသည့် ဖဲထီး က အပူဒဏ်ကို အနည်းငယ်သက်သာစေ ပါသည်။ သို့သော် သူမ၏ ရင်ဘတ်တွင်းမှ အပူဒဏ်ကို သက်သာစေရန်မှာမူ..ဖဲထီး လည်းမတတ်နိုင်ပါ။

ခဏအကြာတွင် အင်္ကျီဖလာဖြင့် လူငယ်တစ်ဦး ခြံဝသို့ ထွက်လာသည်။

သူမ က ပြာဝေစပြုနေပြီဖြစ်သည့် မျက်လုံးများကို မှိတ်ကာခေါင်းကို တချက်ခါ လိုက်ပြီး လူငယ်အနားသို့ တိုးကပ်သွားသည်။

“ဝန်မင်းဘုရားက....ခင်ဗျားကို တွေ့ခွင့်ပြုလိုက်ပြီ..ဆရာကတော်”

“ကျေးဇူးတင်ပါတယ်...ကိုရင်”

သူမ၏ ဗမာစကားသံ ပီပီသသကြောင့် လူငယ်မှာ တအံ့တသြ။

ခပ်ရှယ်ရှယ်ဆောက်ထားသည့် သစ်သားခြေတံရှည်အိမ်သည် စလင်းဝန်ထောက် ဦးသာဝ ၏ အိမ်ဖြစ်သည်။

စလင်းဝန်ထောက်သည် အင်းဝနေပြည်တော်တွင် တန်ခိုးထက်နေသည့် စလင်း မင်းသားကြီး ဦးအို နှင့် ဆက်ဆံရေးကောင်းရှိသူဟု ကျော်ကြားနေသူဖြစ်၏။

မိဖုရားခေါင်ကြီး နန်းမတော်မယ်နု ၏ မောင်တော် စလင်းမင်းသားကြီး သြဇာကြီး မားလာသည်နှင့်အမျှ စလင်းဝန်ထောက်မှာ ဝန်ကြီးဖြစ်ရန် သတင်းကြီးနေသူ ဖြစ်သည်။

ပြင်းထန်လှသော အပူရှိန်အောက်တွင် သုံးနာရီကြာ မှုးမေ့မတတ် မတ်တပ်ရပ် စောင့်ခဲ့ရသော်လည်း စလင်းဝန်ထောက်က တွေ့ခွင့်ပေးလိုက်သဖြင့် သူမ၏ မျက်နှာမှာ ချက်ချင်းပင် ရွှင်ပျသွားခဲ့၏။

သူမက အိမ်လှေကားခြေရင်းတွင် ဖဲထီးကို ပိတ်ကာ ထောင်လိုက်သည်။ ထို့နောက် ရှူးဖိနပ်ကို ချွတ်လိုက်သည်။

လှေကားအတိုင်းတက်သွားသည့်အခါ လှေကားခြေရင်းကွပ်ပျစ်တွင် ဆေးပေါ့လိပ်ဖွာနေကြသည့် အမျိုးသမီးတစ်စု က သူမ ကို စူးစမ်းသည့်အကြည့် ဖြင့် လိုက်ကြည့်နေကြ၏။

တောင့်တောင့်ထွားထွားအမျိုးသမီးတစ်ဦး က သူမအား အိမ်ခန်းအတွင်းသို့ လက်ညှိုးထိုးပြလိုက်သည်။

သူမက အိမ်ခန်းဝတွင် မတ်တပ်ရပ်လိုက်၏။

အခန်းကျယ်ကြီးအတွင်းရှိ ကျွန်းသားထိုင်ခုံရှည်ပေါ်တွင် ခန္ဓာကိုယ် ဝဝ၊ အရပ်ခပ် ပုပုဖြင့် အသက်(၄၀)အရွယ်လူကြီးတစ်ဦးထိုင်နေသည်။

ထိုသူသည် စလင်းဝန်ထောက် ဦးသာဝ ပင်ဖြစ်မည်။

သူ၏ နဘေးတွင် လူငယ်တစ်ဦးက ကွမ်းအစ်ထဲမှကွမ်းကိုယာပေးနေ၏။

“ဝင်လာခဲ့”

လူနှင့်မလိုက်ဖက်သည့် အသံသေးသေးစူးစူးလေးထွက်လာသည်။

သူမ က အတွင်းသို့ ဝင်လိုက်ပြီး ကြမ်းပြင်ပေါ်တွင်ပင် သေသေသပ်သပ်ထိုင်ချလိုက်၏။

“ကျွန်တော်မျိုးမက....”

ဦးသာဝ က လက်ကာပြလိုက်သည်။

“ငါသိတယ်..မယ်မင်းက...ဟိုကုလားဖြူဘာသာရေးဆရာရဲ့မယားမဟုတ်လား”

ရင့်သီးလှသည့် စကားလုံးအသုံးကြောင့် သူမ၏ စိတ်ထဲ ဆစ်ခနဲ နာကြင်သွား၏။ သို့သော်ငြား..ခေတ္တချင်းပင် မျက်နှာကို အချိုဆုံးဖြစ်အောင် ထားလိုက်၏။

“မှန်လှပါ....ကျွန်တော်မျိုးမရဲ့ခင်ပွန်းသည်ဟာ...အခုဆို..အင်းဝလက်မရှိ့ထောင်ထဲမှာ”

ဦးသာဝက ထိုင်ခုံလက်ရမ်းကို ဖြန်းခနဲ ပုတ်လိုက်သဖြင့် လန့်ဖြန့်ကာ သူမ၏ ပြောလက်စ စကားကို ရပ်လိုက်သည်။

“ငါသိပြီးသားပါ..အင်း.....နောက်ဆုံးတော့ ငါ့ဆီပါ ရောက်လာပြီပေါ့”

သူမက လက်ထဲတွင်ပါလာသော ကတ္တီပါအိတ်ရှုံ့လေးကို ထုတ်လိုက်သည်။

ဦးသာဝ၏ မျက်လုံးများက ကတ္တီပါအိတ်ရှုံ့လေးဆီသို့ ရောက်သွား၏။

သူမလက်ထဲတွင်ပါလာသောထူးထူးဆန်းဆန်းအရာလေးတစ်ခု။

“ဒါက မှန်ဘီလူးလို့ခေါ်ပါတယ်..အမေရိကန်ပြည်က ကျွန်တော်မျိုးမ ဝယ်လာတာလေး..ဝန်ထောက်မင်းဆီ.. လက်ဆောင်ပဏ္ဏာအဖြစ် ပေးအပ်ချင်လို့ပါ”

ဦးသာဝ အား ကွမ်း ယာပေးနေသည့် လူငယ်က သူမလက်ထဲမှ ငွေရောင်မှန်ဘီလူးအဝိုင်းလေးကို လာယူကာ ဦးသာဝ ထံ လက်နှစ်ဖက်ဖြင့်ပေးလိုက်သည်။

ဦးသာဝ က လှပသည့် မှန်ဘီလူးလေးကို သဘောကျဟန်ဖြင့် အသေအချာအကြည့်ရှု့ကိုင်တွယ်နေ၏။

အခြေအနေကို အကဲခတ်ကာ သူမက စကားစလိုက်သည်။

“ကျွန်တော်မျိုးမနဲ့ ခင်ပွန်းသည် ဆရာယုဒသန်တို့ ဟာ...အင်္ဂလိပ်မဟုတ်ပါဘူး..အမေရိကန်ပြည်သားတွေသာဖြစ်ပါတယ်...အင်္ဂလန်ပြည်နဲ့ အမေရိကန်ပြည်ဟာ စစ်ဖြစ်ထားကြတာလည်း မကြာသေးပါဘူး....ဒါကြောင့်...ကျွန်တော်မျိုးမ ခင်ပွန်းဟာ ကုန်းဘောင်အင်ပါယာနဲ့ စစ်ပြိုင်နေကြတဲ့ အင်္ဂလိပ်ဘက်က သူလျှို တစ် ဦး လုံးဝမဟုတ်ကြောင်းပါ....ဆရာယုဒသန်ဟာ ခရစ်ယာန်သာသနာပြု ကျောင်းဆရာတစ်ဦးသာ ဖြစ်ကြောင်းကို စလင်းမင်းသားကြီး မှတဆင့် ရွှေ

နန်းတော်ဆီ ပေါက်ရောက်အောင်..ကူညီပေးဖို့..တောင်းပန်ပါတယ်..ဝန်ထောက်မင်း”

ဦးသာဝက မှန်ဘီလူးလေးကို ဘေးနားမှ စားပွဲပေါ်သို့ တင်လိုက်သည်။

ထို့နောက်...ခါးကြောကို ဆန့်ကာ သမ်းဝေလိုက်၏။ပါးစပ်ထဲမှ ကွမ်းသွေးအချို့ပင် နှုတ်ခမ်းဝသို့ စီးကျထွက်လာသည်။

“ကဲ...မယ်မင်းက ကျုပ်ကို တွေ့ချင်တယ်ဆိုလို့ တွေ့ခွင့်ပေးပြီးပြီ..ဒီမှန်ကွဲစလေးတစ်ခုအတွက်နဲ့ ကျုပ်အချိန်တွေ မယ်မင်းကိုပေးလိုက်ရတာ..မတန်ဘူးကွယ့်...ဒီအချိန် ကျုပ် တရေးတမောအိပ်ချိန်ရောက်ပြီ..မယ်မင်း ပြန်လို့ရပါပြီ”

ဦးသာဝ စကားကြောင့် သူမ ခန္ဓာကိုယ်က မတ်ခနဲဖြစ်သွား၏။

“မင်းဆီက ဘာစကားမှ ငါနားမထောင်ပေးနိုင်တော့ဘူး...ဒီအချိန်မှာ မင်းတို့တိုင်းတစ်ပါးသားလူဖြူတွေအားလုံးကို ရွှေနန်းတော်ရဲ့ ရန်သူအဖြစ်သတ်မှတ်ထားတယ်..မင်းတောင် မိန်းမ ဖြစ်နေတာ ကံကောင်းတယ်မှတ်ပါ...ငါ..မင်းကို ဘာမှ မကူညီနိုင်ဘူး..ဟုတ်ပြီလား..ကဲ..ပြန်တော့”

ဦးသာဝက ထိုင်ခုံပေါ်မှမတ်တပ်ထရပ်လိုက်သည်။

“ဒါဆို..ကျွန်မကို ဘာကိစ္စ ဒီခြံရှေ့မှ သုံးနာရီတောင် ရပ်စောင့်ခိုင်းရတာလဲ”

ဦးသာဝက ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး ပါးစပ်တွင်းမှ ကွမ်းများကို လက်ညှိုးဖြင့် ကလော်ကာ ထွေးချလိုက်၏။

“ဖမ်းခံရတဲ့ လင်အတွက် မင်းမှူးထမ်းအရာရှိတွေဆီကို နေ့တိုင်းနီးပါးသွားလာဝင်ထွက်ပြီး တောင်းဆိုနေတယ်ဆိုတဲ့ လူဖြူမ အကြောင်းကို ငါကြားပြီးသားပါ....ဝန်စာရေးမောင်ရွှေ ကပြောဖူးတယ်...အဲ့ဒီမိန်းမက သိပ်ခေါင်းမာတာ...အရာရှိတွေ သူ့ကို ပေးမတွေ့မချင်းအိမ်ရှေ့မှာ လာလာစောင့်နေတာတဲ့...မင်းဘယ်လောက်ခေါင်းမာလဲသိချင်လို့..ငါက နေပူထဲ သုံးနာရီရပ်ခိုင်းခဲ့တာပါပဲ....အင်း..အခုတော့ ငါလည်းလက်ခံလိုက်ပါပြီ..ကဲ..ပြန်တော့...ငါ့အတွက် မင်းကို ဒီစကားကလွဲပြီး ဘာမှ ပြောစရာမရှိတော့ဘူး”

သူမ ၏ ရင်ဘတ်တို့ နိမ့်ချည်မြင့်ချည်ဖြစ်လာသည်။

မခံချင်စိတ်ကြောင့် တဆတ်ဆတ်တုန်ရီလာသော လက်များ။

သို့သော် မိမိဘာသာ သတိပေးရန် သက်ပြင်းတစ်ချက်သာ ကြိတ်ချလိုက်သည်။

ထို့နောက် လေးတွဲစွာဖြင့် မတ်တပ်ထရပ်လိုက်၏။

ဦးသာဝမှာ သူမကို ကျောခိုင်းထားဆဲပင်။

သူ့ထက် နှစ်ပေနီးပါး အရပ်ပိုမြင့်နေသည့် လူဖြူအမျိုးသမီးအား မျက်နှာချင်းဆိုင် စကားမပြောချင်သည့်အလား ပြတင်းပေါက်ဘက်သို့သာ မျက်နှာမူနေ၏။

အိမ်ပေါ်မှ ဆင်းလာလိုက်သည်။

ခေါင်းငိုက်စိုက်ထွက်လာသော သူမကို မြင်သည်နှင့် အိမ်အပြင်ဘက် ကပြင်တွင် စကားဖောင်ဖွဲ့နေသော အမျိုးသမီးအချို့မှာ ရုတ်တရက်တိတ်ဆိတ်သွား၏။

သူမ တက်လာစဉ်အခါက အတွင်းခန်းသို့ လမ်းညွှန်ပြသော တောင့်တောင့် ထွားထွားအမျိုးသမီးမှာ ဦးသာဝရှိရာ အခန်းတွင်းသို့ ခပ်သုတ်သုတ်ဝင်သွားသည် ကို တွေ့လိုက်သည်။

သူမက ရှူးဖိနပ်ကို စီးသည်။

ထို့နောက် ထီးကို ဖွင့်လိုက်၏။

“ဟေ့..ဟိုမိန်းမ..ခဏနေဦး”

ပြတင်းပေါက်မှ ဦးသာဝ၏ အသံကြောင့် သူမ ထီးကိုင့်စောင်းကာ မော့ကြည့် လိုက်သည်။

ထိုအချိန်တွင် အခန်းတွင်း တွေ့ခဲ့ရသောလူငယ် က ပြေးဆင်းလာပြီး..သူမထံမှ ထီးကို ရုတ်တရက်လုယူလိုက်၏။

ခွန်အားခြင်းမမျှသည်မို့ ထီးက လူငယ်လက်ထဲသို့ပါသွားသည်။

သူမကတစ်စုံတစ်ခု ပြောရန် ပြင်လိုက်စဉ်တွင်ပဲ အပေါ်မှ ဦးသာဝ၏ အသံထွက် လာ၏။

“မယ်မင်းရဲ့ ခန္ဓာကိုယ်က ဒီလောက် ပိန်လှီပါးလှပ်နေတာ... နေမင်းကြီးက မယ်မင်းကို မြင်မယ်မထင်ပါဘူး...ဒီတော့ နေပူမှာကြောက်မနေနဲ့...ထီးတွေဘာ တွေမလိုပါဘူး...ဝန်ထောက်တစ်ပါးကိုတွေ့ခွင့်တောင်းပြီး..ဘာမဟုတ်တဲ့ မုန့်ဘီလူးလေးတစ်ခုပဲ ပေးခဲ့တာဆိုတော့...မယ်မင်းက သိပ်မိုက်မဲတာပဲ..ဒီ တော့..အဲ့ဒီထီး...လက်ဆောင်ပဏ္ဏာအဖြစ်..ငါ.. သိမ်းတယ်”

သူမက ဦးသာဝကို တချက်မော့ကြည့်လိုက်၏။

ဦးသာဝနဘေးတွင်ရပ်နေသော အမျိုးသမီးက ဖဲထီးကို တပ်မက်သောမျက်လုံး အပြည့်ဖြင့် ကြည့်နေသည်ကိုလည်း တွေ့ရသည်။

သူမ သူတို့ ကို မျက်နှာလွှဲလိုက်ကာ ခြံဝန်းအပြင်သို့ ထွက်လာလိုက်၏။

နေကား တလှပ်လှပ်ဖြင့် ပူပြင်းနေဆဲ။

ခပ်ဝေးဝေးမှ တိုက်ခတ်လာသော လေပူလုံးက သူမ၏ ရင်ဘတ်ကို လာ စောင့်သည်။

“ဒီတစ်ခါလည်း ကျွန်မ မလုပ်နိုင်ခဲ့ဘူး..အဒမ်”

“ဒီတစ်ခါလည်း ကျွန်မ မလုပ်နိုင်ခဲ့ဘူး..အဒမ်”

ခင်ပွန်းဖြစ်သူ အဒိုနီရမ်ဂျုပ်ဆင် (ခေါ်) ယုဒသသန်၏ နာမည်ကို အခါခါရေရွတ်လျက် အင်းဝလမ်းမ ကျယ်ကြီးပေါ်သို့ အသိစိတ်မဲ့စွာ သူမ လျှောက်လာ၏။

နေကား ပူသည်ထက် ပူလာသည်။

သူမအတွက် ဝန်းကျင်တခွင်လုံးသည် အပြာရောင် ၊ အနီရောင်များ တဟုန်းဟုန်း။

ရန်ကုန်တွင်ရှိစဉ်ကာလများက သူမအား နှိပ်စက်ခဲ့သည့် ငှက်ဖျားရောဂါ၊ ဝမ်းရောဂါတို့ ကြောင့် အမေရိကန်သို့ပြန်ကာ ဆေးကုသခဲ့ရသည်မှာ တစ်နှစ်ကျော်ကျော်ပင်ရှိသေးသည်။

ယခုအခါ ရက်သတ္တပတ်ပေါင်းများစွာ ခင်ပွန်းသည်အရေးဖြင့် တနေ့ကုန်နီးပါး အစား အအိပ်ပျက်ခဲ့သည့် သူမအဖို့...ဒုတိယအကြိမ် အမျိုးအမည်မသိ ဝေဒနာတစ်ခုကို ရင်ထဲတွင် လှိုက်ခနဲ ခံစားလာရ၏။

ရက်စက်ကြမ်းတမ်းလှသော အင်းဝလက်မရှံ့ထောင်ထဲတွင်ရှိနေသည့် ခင်ပွန်းဖြစ်သူ ဂျုပ်ဆင်၏ မျက်နှာကို မြင်လာသည်။

ထို့နောက် သူမတို့၏ ချစ်ခင်ဖွယ်ကောင်းသော လူဖြူမိတ်ဆွေများ။ အကျဉ်းချခံ ဗမာမိတ်ဆွေများ။

သူတို့အားလုံးအတွက် မျှော်လင့်ချက်။

သူမသည် သူတို့အားလုံးအတွက် မျှော်လင့်ချက်။

သို့သော် သူမ ကြိုးပမ်းသမျှသည် အကြိမ်ကြိမ်ပျက်စီးခဲ့ရပြီ။

သူမ ခေါင်းတို့ကို ခါယမ်းလိုက်၏။

ပတ်ဝန်ကျင်သည် ပြာဝေနေရာမှ..တဖြည်းဖြည်း.အမှောင်အတိကျသွားသကဲ့သို့။

သူမ၏ ဒူးတို့ညွှတ်ခွေ။ လဲကျ။

သူမ အသက်ရှူလိုက်စဉ် အင်းဝမြေ၏ သင်းရနံ့ကို နီးကပ်စွာခံစားလိုက်ရသည်။

“ဟဲ့...ဘယ်က မိန်းကလေးတုန်း”

“ဆရာကတော် ပဲ..ဘုရား”

"ဪ..မင်းတို့ပြောပြောနေတဲ့..လူဖြူဘာသာရေးဆရာရဲ့ ကတော်လား"

"တင်ပ"

သူမ မျက်လုံးတို့ကို အားယူဖွင့်ကြည့်လိုက်၏။

သူမ၏ မျက်ဝန်းထောင့်စွန်းတွင် တလှပ်လှပ်လွင့်နေသည့် နီညိုရောင် အဝတ်စ တစ နှင့် သဲများပေကျံလျက်ကွဲအက်နေသည့် ခြေထောက်တစ်စုံကို တွေ့လိုက်ရသည်။

ထို့နောက်....

သူမအတွက်..အင်းဝမြို့ကြီးသည် အမှောင်အတိ။

.................................................................................................................................................

https://t.me/mmebooks

# (၂)

အမေရိကန်နိုင်ငံ၊ မက်ဆာချူးဆက်ပြည်နယ်၊ ဘရက်ဖော့ဒ်မြို့ ဟက်စယ်လ်တင်း မိသားစုမှ မွေးဖွားလာသူ အဲန်း ဟက်စယ်လ်တင်း။

အမေရိကန်သာသနာပြုဖြစ်သူ အဒိုနီရမ်ဂျက်ဆင် နှင့် အိမ်ထောင်ပြုပြီးသောအခါ အဲန်းဂျပ်ဆင် ဖြစ်လာခဲ့၏။

၁၈၁၃ ဇူလိုင်လ ၁၃ ရက်နေ့။

ဂျပ်ဆင်ဇနီးမောင်နှံသည် ကလကတ္တားမှ ရန်ကုန်မြို့သို့ သင်္ဘောဖြင့် ရောက်ရှိလာကြသည်။

စွတ်စိုထိုင်းမှိုင်းပြီး ဒီရေများ၊ ရွှံ့နွံများဖြင့် ပြည့်နေသည့် ရန်ကုန်မြေကို နှစ်ခြင်းခရစ်ယာန်သာသနာပြုရန် သူတို့ ရွေးချယ်ခဲ့ကြ၏။

ရန်ကုန်ဆိပ်ကမ်းတစ်လျှောက် ဝါးထရံ၊ ဓနိမိုးနှင့် ခြေတံရှည်တဲများကို မြင်ရသည်။

ထိုတဲတန်းများအလွန်တွင် အမြင့်ဆယ်ပေခန့်ရှိပြီး မိုင်နှင့်ချီ၍ ရှည်လျားမည့် ကျွန်းသစ်အပုံကြီး၏ မြင်ကွင်းက အဲန် ကို တအံ့တသြငေးမောမိစေတော့သည်။

သယံဇာတပေါကြွယ်ဝမှုနှင့်အတူ ဤမြေပေါ်မှ သာမန်ပြည်သူတို့၏ ဆင်းရဲနိမ့်ကျမှုကို အဲန် စတင်ခံစားမိလိုက်ခြင်းပင်။

ထိုမြင်ကွင်းသည့် သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်၏ အစပထမ မှန်ကူကွက်လေးတစ်ကွက်သာဖြစ်သေးကြောင်းကိုတော့ အဲန်တစ်ယောက် မသိရှိသေး။

ဘုရင့်တော်ဝင်ဆိပ်ကမ်းပေါ်သို့ ဆင်းသက်လိုက်သည်နှင့် ရွှံ့ပုပ်နံ့လွှမ်းနေသောလေထုက ဆီးကြိုသည်။

ကလေးမီးဖွားပြီးခါစဖြစ်ပြီး အားနည်းနေသေးသော အဲန်အတွက် ဂျပ်ဆင်က ဒေသခံ အထမ်းသမားလေးဦး ထမ်းသော ထမ်းစင်ကို ငှားရမ်းစီစဉ်ပေးသည်။

ဂျပ်ဆင်ကမူ ခပ်လှမ်းလှမ်းတွင်ရှိသော ရန်ကုန်အကောက်ဝန်ရုံးသို့ လမ်းလျှောက်လျက် ဝင်သွား၏။

အဲန် သည် အထမ်းသမားများနှင့်အတူ အကောက်ရုံး ပြင်ပရှိ ညောင်ပင်ရိပ်ရှိ ခုံတန်းလေးတွင် ထိုင်လျက်ကျန်ရစ်သည်။

ခဏတွင်းမှာပင် ငယ်ရွယ်၍ လှပသော အမေရိကန်အမျိုးသမီးလေးအနားသို့ ဒေသခံအမျိုးသမီးများ ၊ ကလေးများ ဝိုင်းအုံလာကြတော့၏။

အချို့အမျိုးသမီးများသည် ထမီ ရင်လျားထားကြသည်။

အချို့က တောက်ပသော ပိုးအင်္ကျီများပေါ်တွင် တဘက်ပုဝါများကို ခြုံထားကြသည်။

ကိုယ်လုံးတီးကလေးငယ်များကလည်း အဲန် အနားတွင် ပေကပ်ကပ်နှင့် လှည့်ပတ်နေကြ၏။

ကလေးငယ်များကို မြင်သည့်အခါ အဲန်၏ မျက်နှာမှာ သိသိသာသာညှိုးငယ်သွားရသည်။

မကြာသေးမီကပင် သူမတို့၏ ရင်သွေးဦးကလေးမှာ မီးတွင်းထဲတွင် ဆုံးပါးသွားသည် မဟုတ်လား။

ကလေးငယ်တစ်ဦးက သူမ၏ နီညိုရောင် လိမ်တွန့်တွန့်ဆံပင်တစ်စကို လာဆွဲသည့်အခါမှ အဲန်မှာ အသိဝင်လာ၏။

ကလေးငယ်ကို ပြုံးပြသည့်အခါ ကလေးငယ်က တခစ်ခစ်ရယ်မောနေသည်။

အဲန်၏ အပြုံးကြောင့် ဒေသခံအမျိုးသမီးတို့မှာ ပိုမိုရင်းနှီးဟန်ပြလာကြပြီး အဲန်၏ ဂါဝန်စကို ကိုင်ကြည့်ကြ၏။

အဲန်၏ လက်ကလေးများကို မသိမသာတို့ထိကြည့်ကြသည်။

"အယ်နီ"

အကောက်ရုံးထဲမှ ဂျက်ဆင်က ထွက်လာပြီး အဲန်ကို လက်ပြလှမ်းခေါ်လိုက်သည်။

"မင်းပါ အစစ်ဆေးခံရမယ်တဲ့"

အဲန် က ခပ်သွက်သွက်ထသွားလိုက်၏။

အကောက်ဝန်ရုံးအတွင်းတွင် သူမတို့ ပါလာခဲ့သည့် ပစ္စည်းများမှာ ပြန့်ကျဲနေသည်။

ဗမာဘုရင်၏ အကောက်အခွန်ဝန်ထမ်းများက စိတ်တိုင်းကျစစ်ဆေးထားကြခြင်းလည်းဖြစ်သည်။

အသားညိုညိုဖြင့် အမျိုးသမီးကြီးနှစ်ဦး က အဲန်၏ ခန္ဓာကိုယ်ကို အသေးစိတ်ရှာဖွေကြ၏။

အဖိုးတန်ပစ္စည်းများဝှက်ယူလာခြင်းရှိမရှိ စစ်ကြခြင်းပင်။

မည်သည့်အဖိုးတန်ပစ္စည်းမှ မတွေ့သည့်အခါ အမျိုးသမီးများမှာ အဲန်ကို စိတ်ပျက်လက်ပျက်ကြည့်ကာ ထောင့်တစ်ထောင့်တွင် ထိုင်လိုက်ကြ၏။

ဤဆိပ်ကမ်းသို့ ခြေချလာသည့် မည့်သည့်နိုင်ငံခြားသားပိုင်ပစ္စည်းမဆိုသည် ဘုရင်မင်းမြတ်အတွက် အခွန်တော်အဖြစ် ဆယ်ပုံတစ်ပုံ ပေးရမြဲပင်။

ဂျပ်ဆင်ဇနီးမောင်နှံထံတွင်ပါလာသည့် ရှုပီးငွေကြေးအနည်းငယ်နှင့် စာအုပ်စာတမ်းများမှာ အကောက်အခွန်ဝန်ထမ်းများအဖို့ စိတ်ဝင်စားဖွယ်မရှိကြ။

ရန်ကုန်အကောက်ဝန်ဖြစ်သူ စပိန်လူမျိုး လန်စီယာဂို ရောက်လာချိန်တွင်မှ သူတို့နှစ်ဦးကို ရှောရှောရှူရှူထွက်ခွာခွင့်ပေးလိုက်၏။

လန်စီယာဂိုသည် ကက်သလစ်ခရစ်ယာန်တစ်ဦးဖြစ်သည့်အတွက် အင်္ဂလီကန်ဂိုဏ်းဝင် ခရစ်ယာန်အင်္ဂလိပ်များ အပေါ် သဘောထားတင်းမာသူဖြစ်သည်။

ဒေါက်တာဂျပ်ဆင်တို့သည့် အမေရိကန်လူမျိုး နှစ်ခြင်းသာသနာပြုများဖြစ်နေသည့်အတွက် ကံကောင်းသွားခြင်းသာ။

သစ်တပ်မြို့အတွင်းပိုင်းအထိ ဝင်ရမည်ဖြစ်သောကြောင့် ဂျက်ဆင်က မြင်းတစ်စီးကို ငှားရမ်းလိုက်သည်။

ဂျက်ဆင်က မြင်းကိုစီးလျက်၊ အဲန်က အထမ်းသမားများထမ်းသော ဝေါကို စီးလျက် ရန်ကုန်မြို့တွင်းသို့ ဝင်ခဲ့ကြ၏။

အကောက်ခွန်ရုံးအလွန်တွင် ရေပတ်လည်ဝိုင်းလျက်ရှိသော ဆူးလေစေတီကို တွေ့ကြရသည်။

ရွှေချပြီးခါစဖြစ်သော ဆူးလေစေတီမှာ တောက်ပလျက်။

စေတီအောက်ခြေပတ်လည်မှာမူ ရွံ့နွံ့ အမှိုက်သရိုက်များက ဆန့်ကျင်ဘက်မြင်ကွင်းဖြစ်နေ၏။

ဗွက်ထနေသော မြို့တွင်းလမ်းကို သူတို့ဖြတ်သန်းသွားကြသည်။

လမ်းဘေးဝဲယာတွင် သစ်၊ဝါးတို့ဖြင့် ဆောက်လုပ်ထားသည့် အိမ်ငယ်ကလေးများကို ဖြတ်ကျော်လာ၏။

လမ်းထောင့်တိုင်းတွင် အစာရေစာတောင်းနေကြသော ခြေလက်တုံးတိ နူနာရောဂါသည်များကိုလည်း တွေ့ရသည်။

ဦးပြည်းပြောင်ပြောင်၊ သင်္ကန်းဟုခေါ်သော အနီရောင်ပိတ်စကို ရစ်ပတ်လျက်၊ အမဲရောင်သပိတ်ကိုပိုက်ကာ ဆွမ်းခံနေသော ဗုဒ္ဓဘာသာရဟန်းများကိုမူ အဲန်

ဘ၀တွင် ပထမဆုံးအကြိမ် တွေ့ဖူးခြင်းပင်။

သစ်တပ်ထဲဝင်သည့်အထိ အမေရိကန်လူငယ်စုံတွဲဘေးတွင်လိုက်ပါလာကြသော လူအချို့မှာ တစ်နေရာအရောက်တွင် အလန့်တကြားဖြင့် လှည့်ပြန်သွားကြ၏။

"အန်နီ…မင်းမျက်လုံးတွေကို ခဏမှိတ်ပြီး..ဒီနေရာကို ဖြတ်ကျော်သင့်တယ်"

မြင်းပေါ်မှ ဂျက်ဆင်က ထူးထူးဆန်းဆန်းစကားကို ဆိုသည်။

"ဘာဖြစ်လို့လဲ…အဒမ်"

"တို့ဖြတ်မှာက ရာဇဝတ်သားတွေကို ကွပ်မျက်ထားတဲ့နေရာပဲ..မသေမရှင်လူတွေ၊ သေပြီးသားအလောင်းကောင်တွေကို မင်းတွေ့ရလိမ့်မယ်"

အဲန် အလန့်တကြားဖြစ်သွား၏။

သို့သော် စပ်စုလိုစိတ်ကို ထိန်းမရ။

ဂျက်ဆင်ပြန်လှည့်သွားသည်နှင့် သူမက ဖြတ်ကျော်ရမည့်နေရာကို စူးစမ်းလိုက်၏။

ခရစ်တော်အား ကားစင်တင်သည့် အကြောင်းကို သမ္မာကျမ်းထဲတွင် သူမ အကြိမ်ကြိမ်ဖတ်ခဲ့ဖူးသည်။

ယခုတော့ ကားစင်ပေါ်မှ လူများကို သူမကိုယ်တိုင်တွေ့ရပြီ။

အချို့မှာ သွေးအလိမ်းလိမ်းဖြင့် အသက်ငွေ့ငွေ့ရှိနေကြသေး၏။

ပါးစပ်မှလည်း တစ်စုံတစ်ခုကို တောင်းတနေကြသည်။

ထင်းမီးပုံများပေါ်တွင် အလောင်းအချို့ကို ပစ်တင်ကာ မီးရှို့ရန် ကြိုးစားနေသည့် လူများကိုလည်း တွေ့ရသည်။

မသတီစရာ မြင်ကွင်းနှင့် အနံ့အသက်များကြောင့် အဲန် ၏ ခေါင်းများ မူးနောက်လာ၏။

"သူတို့ကို ဘာလို့ ဒီလိုလုပ်ရတာလဲ….အဒမ်"

အဲန်က မြင်းပေါ်ရှိ ဂျက်ဆင်ကို လှမ်းမေးလိုက်သည်။

"သူခိုးတွေ၊ ဓါးပြတွေ၊ ဘုရင်ကို ဆန့်ကျင်သူတွေလေ"

"သတ်ပစ်စရာလိုလို့လား"

ဂျပ်ဆင်က ပုခုံးတွန့်လိုက်သည်။

"တို့ အမေရိကန်ကောင်းဘွိုင်နယ်တွေမှာလည်း ခိုးမှုလို အပြစ်လေးတွေအတွက် ဒီလိုပဲ သေဒဏ်ပေးကြတာပါပဲ..အဲန်..သတ်ပုံသတ်နည်းတော့ကွာတာပေါ့လေ"

"မြို့လယ်ခေါင် လူမြင်ကွင်းကြီးမှာ..ဒီလိုရက်ရက်စက်စက်ကြီး"

"မြို့ပြင်မှာလည်း သုသာန်သက်သက်ရှိပါတယ်...ဒါပေမယ့်...ဒါက အရင်က မွန်လူမျိုးတွေရဲ့ နေရာ..သူတို့က မကြာခဏပုန်ကန်ကြတတ်လို့..ဘုရင်က အပြစ်သားတွေ၊ ပုန်ကန်သူတွေကို မြို့တွင်းမှာ ဒီလို စီရင်ပြထားတာလို့ ကိုယ့်ကို မစ္စတာကယ်ရီက ပြောပြဖူးတယ်"

"ဒါပေမယ့်....ဒါက မြို့တွင်းကြီးထဲလေ..ကလေးတွေ၊ မိန်းမတွေ လည်းရှိနေတာ.."

အဲန် ၏ ပြောလက်စ စကားရပ်တန့်သွားသည်။

ခပ်လှမ်းလှမ်းမှ ထူးဆန်းခမ်းနားသောမြင်ကွင်းတစ်ခုက အဲန်ကို ဆွဲအသွားစေခြင်းပင်။

အမြင့်ပေ လေးရာခန့်ရှိသော ရွှေပြားများကပ်ထားသည့် မိုးထိမြင့်မားသောအရာတစ်ခု။

"အဲ့ဒါ ရွှေတိဂုံစေတီပဲ...အန်နီ..ဗမာတွေရဲ့ ခမ်းနားထည်ဝါတဲ့ ကိုးကွယ်မှုပြယုဂ်ကြီးပေါ့"

ရန်ကုန်မြေတွင် ခြေချသည်မှာ နာရီပိုင်းသာရှိသေးသော အဲန် အား..ဆန်ကျင့်ဘက် ခံစားမှုအမျိုးအစားပေါင်းများစွာဖြင့် ဒီမြေဒီရေက စတင် ဖမ်းစားခဲ့ပြီဖြစ်သည်။

ရွှေတိဂုံ၏ အရိပ်အာဝါသနှင့် မလှမ်းမကမ်းတွင် သူတို့နေထိုင်မည့် သာသနာပြုနေအိမ်သို့ ရောက်ရှိပြီဖြစ်၏။

အိမ်ပတ်ဝန်းကျင်တစ်ခုလုံးကို တောအုပ်ငယ်တစ်ခုက ဖုံးလွှမ်းနေသကဲ့သို့။

အရိပ်ရသည့်ပင်များ၊ သရက်ပင်များ၊ ပန်းမျိုးစုံပွင့်နေသည့် ပန်းခြံငယ်လေးတစ်ခုက မြို့တွင်းတွင် တွေ့ခဲ့သည့် မသတီစရာမြင်ကွင်းများအစား အဲန်ကို စိတ်သက်သာရာ ရစေခဲ့သည်။

သာသနာပြုနေအိမ်အဝတွင် သူမတို့ထက် အရင်ရောက်နှင့်နေသော သာသနာပြုဆရာ ဖိလစ်ကယ်ရီ၏ ဇနီးက စောင့်ကြိုနေသည်။

ဖိလစ်ကယ်ရီသည် ဘုရင့်အမိန့်ဖြင့် အင်းဝသို့ ရောက်ရှိနေ၏။

ဖ်လစ်ကယ်ရီ၏ ဇနီး မခင် မှာ အင်္ဂလိုဘားမား ကပြားတစ်ဦးဖြစ်သော်လည်း အင်္ဂလိပ်စကားကို မတတ်မြောက်။

သို့သော် အဲန် အား လက်ဟန်ခြေဟန်ဖြင့် အေးအေးသက်သာနေရန် ပြောဆိုနေသည်။

အထမ်းခငွေများ ရှင်းပေးနေသော ဂျက်ဆင်အနားသို့ အဲန် က ကပ်သွားသည်။

"ကျွန်မလည်း ရှင်နဲ့အတူ ဗမာစကားကို သင်မှဖြစ်မယ်ထင်တယ်..အဒမ်"

ဂျပ်ဆင်က အဲန်ဘက်သို့လှည့်ကာ ပြုံးပြလိုက်၏။

"မဖြစ်မနေကို သင်ရမှာ..အဲန်...ဒါပေမယ့်...အခြေအနေကတော့ မင်းမြင်တဲ့အတိုင်းပဲ..ဒီမှာ နှစ်ပေါင်းများစွာနေနေတဲ့ ကယ်ရီရဲ့ မိန်းမတောင် အင်္ဂလိပ်လို လုံးဝမတတ်ဘူး..ဗမာစကားနဲ့ ဗမာစာအရေးအသား ကို အင်္ဂလိပ်စကားနဲ့ ဖလှယ်ပြီး စနစ်တကျ ကျွမ်းကျွမ်းကျင်ကျင် သင်ပေးနိုင်တဲ့ဆရာ ကိုတော့ တို့တွေ... အတော်လေးရှာယူရလိမ့်မယ်ထင်ရဲ့"

အဲန်က ခပ်ဝေးဝေးတွင် မြင်နေရသော ရွှေတိဂုံစေတီကို လှမ်းကြည့်လိုက်သည်။

သူတို့ဇနီးမောင်နှံ၏ ဗမာစာ နှင့် ဗမာစကားအပေါ် အလေးအနက်ထားသင်ယူမှု၊ ကျွမ်းကျင်မှုများသည် တချိန်တွင် သူတို့ဘဝအား ဒုက္ခ၊သုခ အဖုံဖုံဖြင့် ရှုပ်ထွေးစေတော့မည်ကိုတော့...မည်သူမျှ ခန့်မှန်းမထားနိုင်ခဲ့ကြ..။

(အကျဉ်းကျခံ ခင်ပွန်းသည်များအတွက်....အပြင်ဘက်တွင်... ကြံ့ကြံ့ခံရပ်တည်လျက်ရှိကြသော ဇနီးသည်များအား ဤဝတ္ထုဖြင့် ဦးညွှတ်ဂုဏ်ပြုပါသည်)

# (၃)

"ဆရာကတော်.....ဆရာကတော်"

အသံကြောင့် အဲန် မျက်လုံးများကို အားယူကာ ဖွင့်ကြည့်လိုက်သည်။

မျက်နှာတစ်ခု။ အသက် (၄၀)နီးပါးရှိမည့် အမျိုးသားတစ်ဦး။

နှုတ်ခမ်းမွှေးကော့ကော့၊ ရွှေကျင်ခတ်ပုဝါကို ပေါင်းထားသော ထိုသူက အဲန် ကို နူးနူးညံ့ညံ့ပြုံးပြနေ၏။

"ကျွန်မ...ဘယ်ရောက်နေတာလဲ"

"ကျုပ်က အင်းဝမြို့ရဲ့ မြောက်ဘက်မြို့ဝန် ဦးရွှေလေးပါ.... ဆရာကတော် ကျုပ်အိမ်ကို ရောက်နေတာပါ..ဘာမှ စိတ်မပူပါနဲ့"

အဲန် က မျက်လုံးကို မှိတ်ပြီး သူဖြစ်ပျက်ခဲ့သည်များကို ပြန်လည်စဉ်းစားလိုက်သည်။

သူမ အင်းဝ၏ လမ်းမကြီးတစ်ခုပေါ် လဲကျသွားခဲ့သည်ပဲ။

"ဆရာကတော်..ကို...ညောင်ကန်ဆရာတော်ကြီးရဲ့ ကျောင်းသားတွေက ကျုပ်အိမ်ဆီ လာပို့ပေးသွားတာပါ"

"ညောင်ကန်ဆရာတော်"

"ဟုတ်ပါတယ်..ဆရာတော်ကြီး ဦးဗုဓ်ပါ...ဆရာတော်ကြီးက ကျုပ်အိမ်မှာ နေ့ဆွမ်းစားပြီး ပြန်အကြွ လမ်းပေါ်မှလဲနေတဲ့ ဆရာကတော်ကို တွေ့လို့...ကျောင်းသားတွေနဲ့ ပုခက်ထမ်းခိုင်းပြီး ဆရာတော်ဘုရားကိုယ်တိုင် ကျုပ်အိမ်ကို လာပို့ပေးခဲ့တာပါ"

အဲန်က သူမအား ကယ်တင်ပေးခဲ့သည့် ဗုဒ္ဓဘာသာရဟန်းတော်အား အခန်းတွင်း ပတ်ကြည့်လိုက်သည်။

မြို့ဝန်ဦးရွှေလေးက ပြုံးလိုက်၏။

"အခုတော့ ဆရာတော်ကြီး ပြန်ကြွသွားပါပြီ...ဆရာတော်က ရဟန်းကိစ္စမရှိရင် လူ့ကိစ္စတွေထဲ မနေတာများပါတယ်..ပြီးတော့ ဆရာကတော်က ဘာသာခြားဆိုတော့ သတိရလာတဲ့အခါ သူရှိနေရင် မပြောတတ်မဆိုတတ်ပဲ အနေခက်နေမှာစိုးတယ်လို့လည်း ဆရာတော်က မိန့်သွားပါသေးတယ်"

“ကျွန်မ ဗုဒ္ဓဘာသာဘုန်းကြီးတွေနဲ့ ဘယ်လိုပြောဆိုရမယ်ဆိုတာ ကောင်းကောင်းသိပါတယ်...ဗမာတွေရဲ့ယဉ်ကျေးမှုကိုနားလည်ပါတယ်”

ထိုအချိန်တွင် မျက်လုံးလှလှ ၊ နှာခေါင်းချွန်ချွန်ဖြင့် ထူးခြားသောရုပ်သွင်ပိုင်ရှင် အမျိုးသမီးကြီးတစ်ဦးက ငွေခွက်ငယ်တစ်ခုကို ကိုင်ကာ အိန်အနားတွင် လာထိုင်လိုက်သည်။

“သတိရလာရင်..ဒီဥ သျှစ်သီးဖျော်ရည်လေးတိုက်လိုက်ဖို့ သမားတော်က မှာထားပါတယ်..ဆရာကတော်..ဒါက ကျုပ်ရဲ့ ဇနီး မြို့ဝန်ကတော် မကြာအုံပါ”

မကြာအုံ က အဲန်ကို ကုတင်စောင်းတွင် ထိုင်နိုင်ရန် တွဲထူပေးလိုက်၏။

အဲန်သည် ဥ သျှစ်သီးဖျော်ရည်ကို သောက်ပြီးနောက် သူ့အား ကြင်နာစွာပြုစုနေသော မြို့ဝန်လင်မယားကို ငေးကြည့်လိုက်သည်။

ခင်ပွန်းဖြစ်သူ ဖမ်းစီးခံရပြီးသည့်တလျှောက်လုံး အဲန်သည် မြန်မာအစိုးရအရာရှိကြီးငယ်များထံ လိုက်လံတွေ့ဆုံခဲ့၏။

အင်္ဂလိပ်တို့နှင့် စစ်ရိပ်စစ်ငွေ့များသမ်းနေချိန်ဖြစ်ပြီး လူဖြူများအား နန်းတော်မှ ရန်သူအဖြစ် သတ်မှတ်ထားချိန်ဖြစ်သဖြင့် သူမအား ယခုကဲ့သို့ နွေးနွေးထွေးထွေး လက်ခံဆက်ဆံရဲသူ မရှိကြ။

အချို့မှာ ခင်ပွန်းဖြစ်သူနှင့် ရင်းနှီးခဲ့ကြသဖြင့် သူမအား ဂရုဏာသက်ဟန်ပြသော်လည်း နန်းတွင်း အာဏာလွန်ဆွဲပွဲများ၊ အင်္ဂလိပ်တို့နှင့် စစ်ပွဲများဖြစ်နေသည့်ကာလတွင် သူမကို ဆက်ဆံရန် ကြောက်ရွံ့နေကြသည်ကို အဲန် ခံစားမိခဲ့သည်။

အင်းဝမြို့တစ်ခုလုံးကို လေးခြမ်းခြမ်းကာ မြို့ဝန်လေးယောက်ဖြင့် အုပ်ချုပ်စေ၏။

ယခု သူမရောက်နေသည်မှာ အင်းဝမြို့၏ အာဏာအရှိဆုံး မြို့ဝန်လေးယောက် အနက်မှ မြောက်ဖက်မြို့ဝန်၏ နေအိမ်တွင်။

“မြို့ဝန်မင်းနဲ့ ဝန်ကတော်ကို အထူးပဲကျေးဇူးတင်ပါတယ်..ကျွန်မ အခုပဲ ပြန်ပါ့မယ်”

“နေပါဦး..ဆရာကတော်...အပြင်မှာနေကပူနေသေးတယ်...ဆရာကတော်အိမ်ကို ပြန်ဖို့ ကျုပ်တို့ လှည်းစီစဉ်ပေးပါ့မယ်”

အဲန်က ထိုဇနီးမောင်နှံကို အံ့သြဟန်ဖြင့် ကြည့်လိုက်၏။

“ကျွန်မက အနောက်တိုင်းသား လူဖြူမိန်းမတစ်ယောက်လေ....အင်္ဂလိပ်နဲ့ အင်းဝ နန်းတော် စစ်ဖြစ်နေတဲ့ကာလကြီးမှာ.ကျွန်မ ကို အခုလို အိမ်ပေါ်ခေါ်ထားတဲ့

အတွက် နန်းတော်က အပြစ်တင်မှာ သံသယဖြစ်မှာ ရှင်တို့ မကြောက်ကြဘူးလား”

ဦးရွှေလှေး နှင့် ဒေါ်ကြာအုံက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။

“ဒီအတွက် စိတ်မပူပါနဲ့...ဆရာကတော်..ကျုပ်ယုံကြည်တာက လောကမှာ လူကောင်းနဲ့ လူဆိုး နှစ်မျိုးပဲ ရှိပါတယ်...ဒုက္ခရောက်နေတဲ့ သူတစ်ယောက်ကို ကူညီခဲ့ယုံပါပဲ..ပြီးတော့..ဆရာကတော်ကို လာပို့သွားတာကလည်း မိဖုရားခေါင်ကြီးကိုးကွယ်တဲ့ ဆရာတော်ဦးဗုဓ်ပါ...ဘယ်သူမှ ဒီကိစ္စကို ပြဿနာမရှာဝံ့ပါဘူး”

ဦးရွှေလှေး၏ စကားကြောင့် အဲန်မှာ ခန္ဓာကိုယ်ကို မတ်လိုက်သည်။

“ရှင်တို့ရဲ့ ချစ်ခင်ကြင်နာမှုတွေကို ကျွန်မ အမြဲသတိရနေမှာပါ..အခုတော့ ကျွန်မရဲ့ ခင်ပွန်းကို တွေ့ခွင့်ရဖို့ ကျွန်မ လုပ်စရာရှိတာလေးတွေ ရှိလို့ ပြန်ခွင့်ပြုပါဦး”

အဲန် က ကုတင်ကို လက်ထောက်က ထရန် ကြိုးစားလိုက်၏။

မြို့ဝန်ကတော် ဒေါ်ကြာအုံက ထိတ်ထိတ်ပြာပြာဖြင့် အဲန်ကို တွဲထူလိုက်သည်။

“ဖြည်းဖြည်းထပါ...ဆရာကတော်...ရှင့်မှာက ကိုယ်လေးလက်ဝန်ကြီးနဲ့”

ဒေါ်ကြာအုံ စကားကြောင့် အဲန်မှာ ရုတ်တရက် ကြောင်သွားသည်။

“ဘာ...ခုန ဘာပြောလိုက်တာလဲ..ဝန်ကတော်”

ဒေါ်ကြာအုံက ဦးရွှေလှေးကို တချက်မော့ကြည့်လိုက်၏။ ဦးရွှေလှေး ကအခန်းတွင်းမှ ထွက်သွားသည်။

“ကျွန်မကို ခုန ဘာများပြောလိုက်တာလဲ”

ဒေါ်ကြာအုံ က အဲန် ၏ ဆံပင်စတွင် ပေကျံနေသော ဖုန်မှုန့်အစလေးများကို ဖယ်ရှာပေးလိုက်၏။

“ဆရာကတော်မှာ ကိုယ်ဝန်ရှိနေပြီလေ...ခုနပဲ သမားတော်က ပြောသွားတယ်..ဆရာကတော် မသိသေးတာလား”

အဲန် မှာ ရုတ်တရက်ကြားလိုက်ရသည့်စကားကြောင့် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်သွားသည်။

သူမတို့၏ ရင်သွေးငယ်လေး မီးဖွားစဉ်ပင် ကွယ်လွန်သွားပြီးသည့်နောက် နောက်ထပ် ရင်သွေးရရန် သူမတို့ ဇနီးမောင်နှံ တောင့်တခဲ့ကြ၏။

ခင်ပွန်းသည် ဂျပ်ဆင်သာ ရှိလျှင် သူမတို့အတွက် ထိုသတင်းစကားသည် ဘုရားသခင်ထံမှ ပေးသည့် ကောင်းချီးမင်္ဂလာတစ်ပါးပင်။

ယခုတော့ ဂျပ်ဆင်က အင်းဝလက်မရှိ့ထောင်ထဲတွင်။ သူမနှင့်ရင်းနှီးပတ်သည် သည့် လူဖြူအသိုင်းအဝိုင်းတစ်ခုလုံးကလည်း အင်းဝလက်မရှိ့ထောင်ထဲတွင်။

လူဖြူများအား ရန်သူဟု သတ်မှတ်ထားသည့် အင်းဝမြို့ကြီးအလယ်တွင် ရင်သွေး ကလေးကို သူမ မည်သို့ မွေးဖွားရမည်နည်း။

ခင်ပွန်းသည်ကို ထားရစ်ကာ ရန်ကုန်မှတဆင့် အမေရိကန်သို့ ပြန်ရမည်လား။

သို့သော် မြန်မာပြည်အလယ်ပိုင်းတွင် စစ်ဖြစ်နေသည်မို့ ထိုအရေးက ခက်ခဲလှ သည်။ ထိုအခက်အခဲများကို ဖြတ်ကျော်နိုင်သည်ပဲထားဦး…အကျဉ်းကျနေသော ခင်ပွန်းဖြစ်သူကို ထားရစ်ပြီး သူမ မည်သို့မျှ ထွက်ခွာမသွားနိုင်။

သူစိမ်းသူရံများအလယ်တွင်။ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်။

သူမ ပိုင်ဆိုင်သည့် ပစ္စည်းအတော်များများကိုလည်း ဂျပ်ဆင်တို့ကို ဖမ်းဆီးပြီး နောက်တစ်နေ့တွင်ပင် ဘုရင့်စစ်သည်များက မွှေနှောက်ယူငင်သွားခဲ့ကြပြီ။

ဝှက်ထားသော ရွှေစအနည်းငယ်နှင့် အဖိုးတန်ပစ္စည်းအချို့မှာ လည်း ခင်ပွန်း သည်လွတ်မြောက်ရေးအတွက် အရာရှိများနှင့်တွေ့ခွင့်ရဖို့အရေး လာဘ်ထိုးခဲ့ရသ ဖြင့် တဖြည်းဖြည်း လုံးပါးပါးလာခဲ့ပြီ။

အဲန် ငိုချလိုက်၏။

ထိုအချိန်တွင် သူမ၏ ပုခုံးကို နွေးထွေးသည့် လက်တစ်ဖက် က လာရောက် ဆုပ်ကိုင်လိုက်သည်။

“ဆရာကတော်…ဘာမှ စိတ်မပူပါနဲ့…မီးဖွားဖို့ကိစ္စတွေအတွက်လည်း လိုအပ်တာ ကျွန်မတို့ ကူညီပေးပါ့မယ်…ပြီးတော့..ရှင်ခင်ပွန်းကို ထောင်ထဲမှာ တွေ့ခွင့်ရဖို့ လည်း မြို့ဝန်မင်းက ကူညီပေးပါလိမ့်မယ်”

မျှော်လင့်ချက်ရောင်ခြည်လက်ခနဲ။

အဲန်က ဝမ်းသာအားရဖြင့် ခေါင်းမော့ကြည့်လိုက်သည်။

“ရှင်…ကျွန်မ သူ နဲ့ တွေ့ခွင့်ရမှာလား…တကယ်လားဟင်”

ကိုယ်ချင်းစာတရားများဖြင့် ပြည့်လျှမ်းနေသော မြို့ဝန်ကတော်၏ မျက်လုံးများက စကားလုံးမလိုပဲ..အဲန်ကို နားလည်သွားစေသည်။

ဆေးတံကို ဖွာလျက် အိမ်ခန်းဝတွင်ရပ်နေသော မြို့ဝန်ဦးရွှေလှေးကို သူမက ကျေးဇူးတင်စွာဖြင့် လက်အုပ်ချီလိုက်သည်။

“ကျေးဇူးကြီးလိုက်တာ..မြို့ဝန်မင်း..ကျွန်မ ရှင်တို့ မိသားစုအတွက် ဘုရားသခင် ဆီမှာ အမြဲဆုတောင်းပေးပါ့မယ်...ကျွန်မအတွက်တော့..ရှင်တို့ဟာ ဘုရားကပေး တဲ့ လူတွေပဲ”

“ကိုယ့်ရင်သွေးလေးကိုပဲ..ဂရုစိုက်ပါ..ဆရာကတော်...အင်းဝလက်မရှုံထောင်ထဲမှာ ရှိနေတဲ့ ဆရာယုဒသန်နဲ့ ဒီတပတ်ထဲ တွေ့ခွင့်ရအောင် ကျုပ် အတတ်နိုင်ဆုံး ကူညီပေးမှာပါ”

အဲန် ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ အားသစ်အင်သစ်များ ရုတ်ချည်းဝင်ရောက်လာ သလို ခံစားလိုက်ရ၏။

အဲန်က မတ်တပ်ထရပ်လိုက်ပြီး အားလုံးကို ပြုံးပြလိုက်သည်။

ခင်ပွန်းသည်နှင့် ရင်သွေးလေးအတွက် သူမ ရှင်သန်ရဦးမည်။ ရုန်းကန်ရဦးမည်။

မြို့ဝန်မင်းစီစဉ်ပေးလိုက်သည့် လှည်းပေါင်းမိုးကို ကျော်လွန်၍ ပြာလွင်နေသော အင်းဝမြို့၏ ကောင်းကင်ကို သူမ မော်ကြည့်လိုက်သည်။

ထို့နောက်..အန်လ်က သူမ၏ ဝမ်းဗိုက်ကို လက်ဖြင့် ခပ်ဖွဖွပွတ်လိုက်၏။

“အဒမ်...ရှင့်ကလေးလေး...ဒီထဲမှာရှိနေပြန်ပြီတဲ့..ဒီလိုအချိန်မျိုးမှာ ကျွန်မဘေး နား.. ရှင်ရှိနေရင် သိပ်ကောင်းမှာပဲ.”

အဲန် ၏ စိတ်အစဉ်က အတိတ်နေ့စွဲများဆီသို့။

.......................................................................................

# (၄)

ဂျပ်ဆင်နှင့် အဲန် တို့ ရန်ကုန်သို့ ရောက်ရှိပြီးမကြာမီပင် သူတို့အား ဗမာစကား သင်ပေးမည့် ဟိန္ဒူအဘိုးအိုတစ်ယောက် ကို ရှာတွေ့ခဲ့ကြ၏။

ဘာသာစကားသင်ကြားပေးသည်ဆိုသော်လည်း အဘိဓာန်များ၊ သဒ္ဒါကျမ်းများ နှင့် စနစ်တကျသင်ရသည်မဟုတ်။

မြန်မာဘာသာရှိနေသည့် ပေစာများ၊ စာအုပ်များထဲမှ ဗျည်းများကို ထုတ်နုတ်ပြီး ဂျက်ဆင်နှင့် အဲန်တို့က လက်ညှိုးထိုးပြ၏။

ထိုဟိန္ဒူဆရာက အသံထွက်ပြ၊ အင်္ဂလိပ်အဓိပ္ပါယ်ရှင်းပြခြင်းဖြင့် စတင်သင်ယူခဲ့ ကြရသည်။

တစ်နေ့လျှင် ဆယ်နာရီခန့် သင်ယူပြီး လပေါင်းများစွာကြာသည့်နောက် ဗမာစာ၊ ဗမာစကား၏ ရှုပ်ထွေးသော တြိယာဝိသေသနများ၊ နာမဝိသေသနများ၊ သဒ္ဒါများ ကို သူတို့ ကျွမ်းကျင်လာကြ၏။

အချင်းချင်းစကားပြောရာတွင်လည်း ဗမာဘာသာကိုပါ အသုံးပြုကြသဖြင့် လေယူလေသိမ်းများ ပီပြင်လာခဲ့သည်။

ဂျပ်ဆင်မှာ ဗမာရာဇဝင်နှင့် ဗုဒ္ဓဘာသာဆိုင်ရာကျမ်းဂန်အချို့ကိုပင် လေ့လာနိုင်ခဲ့ ပြီဖြစ်၏။

ရန်ကုန်သို့ရောက်ပြီး ဆယ့်ရှစ်လအကြာ သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်ရန် အဆင့်သင့်ဖြစ်ချိန်၌ အဲန်း တွင် ဒုတိယကိုယ်ဝန်ရှိလာခဲ့သည်။

ပထမကိုယ်ဝန်မှာ မီးတွင်းထဲတွင်ပင် သေဆုံးခဲ့ရသဖြင့် ဂျပ်ဆင်ရော၊ အဲန် ပါ ဒုတိယကလေးအတွက် ပျော်ရွှင်ခဲ့ကြ၏။

သို့သော်ငြား မကြာမီတွင်ပင် အဲန်မှာ ပိန်ချုံးကျလာသည်။

အဓိကပြဿနာမှာ ဒေသအလိုက် စားသောက်ပုံ ကွဲပြားမှုပင်။

အနောက်တိုင်းသားတို့၏ အဓိကအစားအစာဖြစ်သော ပေါင်မုန့်၊ ထောပတ်၊ ဒိန်ခဲ၊ အာလူးများမှာ ရန်ကုန်တွင် အရှားပါးဆုံးအရာများဖြစ်နေခဲ့၏။

ဘုရင်၏ အမိန့်အရ သားကြီးငါးကြီးများကို သတ်ဖြတ်ခွင့်ပိတ်ပင်ထားရာ..အသား ငါးမှာလည်း ရှားပါးလှသည်။

ပွဲသကျသားဟုခေါ်သော မတော်တဆသေဆုံးသည့်တံရိစ္ဆာန်အချို့နှင့် မြို့ဝန်အား လာဘ်ပေးကာ တရားမဝင်သတ်ဖြတ်အသားပေါ်သည့်အခါမှသာ ဝယ်ယူရရှိနိုင်၏။

ဒေသအစားအသောက်နှင့် နဂိုကပင် အသားမကျေလှသည့် အဲန်မှာ ကိုယ်ဝန်ဆောင်သည့်အခါ အစားအသောက်ပြဿနာက ပိုဆိုးရွားလာသည်။

ထို့ပြင် ရန်ကုန်တွင် အနောက်တိုင်းဆရာဝန်ကောင်းကောင်းမရှိခဲ့။ ဒေသခံတိုင်းရင်းသမားတော်များမှာလည်း ဓာတ်စာများ၊ တိုင်းရင်းဆေးများနှင့်ကုသသည်ဖြစ်ရာ..အဲန်အတွက် အဆင်မပြေလှ။

ထို့ကြောင့်..မိခင်နှင့်ကလေး၏ ကျန်းမာရေးအတွက် မဒရပ်သို့ အဲန် ခဏပြန်ခဲ့ရသည်။

ဧပြီလတွင် အဲန်ပြန်လည်ရောက်ရှိလာပြီး မီးဖွားရန် အသင့်ဖြစ်ခဲ့၏။

စက်တင်ဘာလတွင် ရော်ဂျာလေးကို အောင်မြင်စွာမီးဖွားနိုင်ခဲ့သည်။

ကလေးမီးဖွားပြီးသည့်နောက်တွင်လည်း ဂျုပ်ဆင်နှင့် အဲန်မှာ ဗမာစာကို ဗမာပညာရှိများထံမှ ဆက်လက်သင်ယူလေ့လာခဲ့သည်။

ထိုကာလများသည် သူတို့မိသားစုအတွက် အပျော်ရွှင်ရဆုံးကာလများပင်။

ရော်ဂျာလေးသည် ဂျုပ်ဆင်မောင်နှံ၏ အထီးကျန်မှုအတွက် အကောင်းဆုံးသော မျှော်လင့်ချက်လေးဖြစ်လာခဲ့၏။

သို့သော်။

၁၈၁၆ မေလ တွင်တော့..ရော်ဂျာလေးမှာ..အပူပိုင်းဒေသ၏ ရာသီဥတုနှင့် ရောဂါဘယဒဏ်ကို ခံနိုင်စွမ်းမရှိပဲ... ရုတ်တရက်.သေဆုံးသွားခဲ့သည်။

အဲန်မှာ အရုပ်ကြိုးပျက်ဖြစ်ခဲ့ရ၏။

ခုနှစ်လနှင့် နှစ်ဆယ့်သုံးရက်သာ အသက်ရှင်လိုက်ရသော သားကလေးအတွက် လင်မယားနှစ်ယောက်လုံး နောက်တကြိမ်ကြေကွဲရပြန်တော့သည်။

သို့သော်ငြား သူတို့ ဇနီးမောင်နှံသည် ဘာသာစကားသင်ကြားခြင်းနှင့် ရန်ကုန်တွင် ခရစ်ယာန်သာသနာပြုလုပ်ငန်းများ အစပြုနိုင်ရေးလုပ်ငန်းများတွင်သာ ပြန်လည်မြုပ်နှံထားလိုက်၏။

၁၈၁၇ ဇွန်လတွင် အမရပူရနေပြည်တော်တွင် ဗဒုံမင်း (ဘိုးတော်ဦးဝိုင်း) နတ်ရွာစံခဲ့သည့်သတင်းက ရန်ကုန်သို့ ရိုက်ခတ်လာခဲ့သည်။

ဗဒိုမင်း၏ အရိုက်အရာကို မြေးတော်ဖြစ်သူ စစ်ကိုင်းမင်းသားမောင်စိန် (ဘကြီးတော်) က ဆက်ခံသည်။

သက်ဦးဆံပိုင်ပဒေသရာဇ်တို့၏ မင်းပြောင်းမင်းလဲ ကာလဖြစ်သည့်အတွက် ရန်ကုန်ကို အုပ်ချုပ်သည့် ပဲခူးမြို့ဝန်က လုံခြုံရေးအထူးတင်းကြပ်လိုက်၏။

တချိန်တည်းတွင်ပင် ကလကတ္တားမှ မစ္စတာဂျော့ဟိုး နှင့် ဇနီးဖြစ်သူ ဖိုဘီ တို့သည် ဂျပ်ဆင်၏ ခရစ်ယာန်သာသနာပြုလုပ်ငန်းကို အကူအညီပေးရန် ပုံနှိပ်စက်တစ်လုံး နှင့်အတူ ရန်ကုန်သို့ ရောက်ရှိလာ၏။

မကြာမီ ဂျပ်ဆင်သည် သာသနာပြုလုပ်ငန်းများစတင်ရန်အတွက် ဗမာလူမျိုး ခရစ်ယာန်တစ်ဦးလိုအပ်သဖြင့် ဗမာခရစ်ယာန်တစ်ဦးရှိသည်ဆိုေသာ စစ်တကောင်းသို့ သင်္ဘောဖြင့် ခရီးထွက်သွားသည်။

ထိုအချိန်တွင် ဂျော့ဟိုး အား ရန်ကုန်အကောက်ဝန် ရုံးမှ ဆင့်ခေါ်တော့သည်။

ပုံနှိပ်စက်ပစ္စည်းများကို လက်နက်ပြုလုပ်ရန်ဖြစ်နိုင်သည်ဟု သံသယရှိသည်ဟု အမရပူရရှိ ဘုရင်အသစ်က အမိန့်ရှိသည်ဟူေသာ အကြောင်းပြချက်ဖြင့် ရန်ကုန်မြို့ဝန် က သေဒဏ်ပေးနိုင်သည့် ပုဒ်မဖြင့် စွဲချက်တင်ခဲ့၏။

ရန်ကုန်သို့ ရောက်ရှိသည်မှာ မကြာသေးသော ဂျော့ဟိုးမှာ ထိတ်လန့်တုန်လှုပ်နေခဲ့သည်။

အခြေအနေအရပ်ရပ်က ဒေသခံများနှင့် ရင်းနှီးကျွမ်းဝင်နေသူဖြစ်သည့် အဲန်အပေါ်သို့သာ ပုံကျလာ၏။

အဲန်က အနည်းငယ်စုံစမ်းလိုက်သည့်အခါ ထိုပြဿနာသည် အမရပူရမှ ဘုရင်သစ်၏ အမိန့်မဟုတ်။

ဘုရင်အသစ်မှာ ဘိသိက်ခံယူပွဲနှင့် မြို့တော်သစ်တည်ဆောက်ရေးအတွက် ကျန်သည့်ကိစ္စများကို အာရုံမစိုက်အား။

ထိုအခြေအနေကို အခွင့်ကောင်းယူပြီး ရန်ကုန်ရှိ အကောက်ဝန်ရုံးမှ ငွေညှစ်ခြင်း သက်သက်သာ ဖြစ်ကြောင်း သိရှိသွားသည်။

အဲန်သည် ရန်ကုန်တွင်နေထိုင်သည့် သူမ၏ အတွေ့အကြုံရ ဗမာ့ပဒေသရာဇ်စနစ်၏ အလုပ်လုပ်ပုံနှင့် မပါမဖြစ် ဖြစ်သော လာဘ်ပေးလာဘ်ယူစနစ်ကို အတန်အသင့်နားလည်နေပြီဖြစ်၏။

ထို့ကြောင့် ရန်ကုန်ရှိ ပြင်သစ်အမျိုးသမီးတစ်ဦး၏ အကူအညီဖြင့် ပဲခူးမြို့ဝန်ကတော်ထံ သို့ ဝင်ရောက်ရန် ကြိုးပမ်းတော့သည်။

အနောက်ပြည်ဖြစ် အမျိုးသမီးအထည်များ၊ အလှပြင်ပစ္စည်းများ ကို လက်ဆောင် ပဏ္ဏာအဖြစ်ယူဆောင်ကာ ရောက်ရှိလာသော အဲန်ကို ပဲခူးမြို့ဝန်ကတော်က ဖော်ရွေစွာပင် လက်ခံသည်။

ပဲခူးမြို့ဝန်ကတော်မှ တဆင့် အဲန်သည် ပဲခူးမြို့ဝန်ဖြင့် ထပ်မံတွေ့ခွင့်ရခဲ့သည်။

ရွှေရောင်ခေါင်းပေါင်း၊ ရွှေနားကွပ်သိုရင်းဝတ်ရုံတို့ ဝတ်ဆင်ထားသည့် ပဲခူးမြို့ဝန် သည် အဲန်အား ရမ်အရက်၊ ဝိုင်တို့ဖြင့် ဧည့်ထောက်ခံ၏။

ပဲခူးမြို့ဝန်သည် ဆိပ်ကမ်းအာဏာပိုင်တစ်ဦးပီပီ အနောက်တိုင်းသားတို့၏ ဓလေ့ သဘာဝကို ကောင်းစွာသဘောပေါက်သူဟု အဲန် နားလည်ခဲ့သည်။

သို့သော် ရန်ကုန်ရှိ လူဖြူအသိုင်းအဝိုင်းတွင်မူ ပဲခူးမြို့ဝန်သည် မာနကြီးသူအဖြစ် နာမည်ကျော်၏။ သံတမန်များမှလွဲပြီး မည်သည့်လူဖြူအမျိုးသားကိုမျှ လက်ခံ တွေ့ဆုံသူမဟုတ်ပေ။ ခင်ပွန်းဖြစ်သူ ဂျပ်ဆင် သည် မြို့ဝန်နှင့် တွေ့ရန် အကြိမ်ကြိမ်ကြိုးစားခဲ့ဖူးသော်လည်း မအောင်မြင်ခဲ့။

သို့သော် မည်မျှပင် အာဏာရှိပြီး မာန်မာနကြီးသူမဆို...သူတို့၏ အိမ်ရှင်မ ကို လွန်ဆန်နိုင်ရိုးမရှိ။

ထိုအချက်ကို အဲန်က အမိအရဆုပ်ကိုင်နိုင်ခဲ့ခြင်းပင်။

အဲန်သည် မြို့ဝန်လက်ထဲသို့ ဂျော့ဟိုးအမှု၊ ပုံနှိပ်စက်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းပြထားသည့် အယူခံလွှာထည့်ပေးနိုင်ခဲ့သည်။

နောက်တနေ့ လွှတ်တော်ရုံးတွင် ဂျော့ဟိုးအား အပြီးသတ်လွှတ်ပေးရန်နှင့် "မစ္စ ဂျပ်ဆင်" နှင့် သူမ၏အဖွဲ့အား နောက်ထပ်မည်သည့်အနှောက်အယှက်မျှမပေးရန် ပဲခူးမြို့ဝန်က အမိန့်ထုတ်ပြန်လိုက်တော့၏။

ဂျော့ဟိုး သည် အိမ်သို့ ပြန်ရောက်သည်အထိ ထိတ်လန့်တုန်လှုပ်မှုတို့ မ ပြေပျောက်သေး။

နောက်တပတ်အကြာတွင်တော့ အသစ်တဖန်ပြဿနာတစ်ခု ပေါ်ပေါက်လာ ပြန်သည်။

ရန်ကုန်တစ်မြို့လုံးနီးပါး ဝမ်းရောဂါကပ်ဆိုးကြီးကျရောက်ခြင်းပင်။

အသုသဆိုင်းသံများ၊ ငိုသံများမှာ နေရာအနှံ့ တုန်လှုပ်ခြောက်ချားဖွယ်ကြားနေ ရ၏။

ဂျော့ဟိုးမှာ စိတ်ဓာတ်တို့ အလွန်အမင်းကျဆင်းလာသဖြင့် အဲန် က နှစ်သိမ့်နေရ သည်။

ခရီးထွက်သွားသည့် ဂျပ်ဆင်ထံမှလည်း မည်သည့်သတင်းအစအနမျှမရ။

ထိုအချိန်တွင် မဏိပူရသို့ မြန်မာစစ်တပ်များချီတက်သွားပြီး အင်္ဂလိပ်နှင့် မကြာမီ စစ်ဖြစ်မည်ဆိုသည့် ကောလဟာလများကထွက်ပေါ်လာခဲ့သည်။

နဂိုကပင် စိတ်ခတ်ကျနေသူ ဂျော့ဟိုးမှာ ထိုသတင်းစကားများကြောင့် ဆောက်တည်ရာမရတော့။

ရန်ကုန်အကျဉ်းထောင်တွင် နှစ်ရက်တာနေခဲ့ရသည့် အခြေအနေ၊ ဝမ်းရောဂါကြောင့် လူအများသေဆုံးနေသည့် အခြေအနေတို့အပြင် အင်္ဂလိပ်တို့နှင့် စစ်ဖြစ်မည်ဆိုပါက အင်္ဂလိပ်လူမျိုးတစ်ဦးအနေဖြင့် မနေသင့်တော့ကြောင်း အဲန်ကို ဖွင့်ဟလာသည်။

“မစ္စဂျပ်ဆင် လည်း ကျွန်တော်နဲ့အတူ ကလကတ္တားကို ပြန်လိုက်ခဲ့စေချင်ပါတယ်...ဒီလိုအခြေအနေဆိုးမျိုးမှာ အမျိုးသမီးတစ်ယောက်တည်း ရပ်တည်ဖို့ဆိုတာ မလွယ်ကူနိုင်ဘူး”

အဲန်က ခေါင်းကို ဖြည်းငြင်းစွာခါရမ်းလိုက်၏။

“ကျွန်မ.လိုက်လို့မရဘူး..အဒိုနီယမ် ပြန်အလာကို စောင့်ရမယ်...ဂျော့”

ဂျော့ဟိုးက သမ္မာကျမ်းစာအုပ်နဘေးတွင် ထွန်းထားသည့် မီးတိုင်ကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

သူ၏ ပုံစံမှာ တစ်စုံတစ်ခုကို ပြောဆိုရန် ချီတုံချတုံဖြစ်နေဟန်ဖြင့်။

ထို့နောက်..အဲန် ဘက်သို့ တချက်ကြည့်လိုက်သည်။

“မစ္စဂျပ်ဆင်...ကို..ကျွန်တော် ကြိုတောင်းပန်ပါရစေ...မစ္စဂျပ်ဆင်ကို ကျွန်တော် မပြောပဲ ထိန်ချန်ထားတဲ့ ကိစ္စတစ်ခုရှိနေပါတယ်”

အဲန် က ဂျော့ဟိုး၏ စကားကြောင့် မျက်မှောင်ကြုံ့ကာ ကြည့်လိုက်၏။

“ပြီးခဲ့တဲ့ ခရစ္စမတ်က ရန်ကုန်ကနေ စစ်တကောင်းကို သွားတဲ့ သင်္ဘောတစ်စင်းဟာ မုန်တိုင်းမိပြီး ရေစီးကြောင်းအတိုင်းမျောသွားတာ အခုအထိ အဆက်အသွယ်မရပါဘူး..အဲ့ဒါ...”

ဂျော့ဟိုးက မီးတိုင်နဘေးမှ သမ္မာကျမ်းစာအုပ်ကို အကြောင်းမဲ့လှန်လှောလိုက်သည်။

“အဲ့ဒါ မစ္စတာဂျပ်ဆင် လိုက်ပါသွားတဲ့....”

အဲန်က သူမ၏ နှုတ်ခမ်းကို လက်ညှိုးနဲ့ ကပ်ကာ ဆက်မပြောရန် တားလိုက်၏။

“ကျွန်မယောက်ျားဟာ ကျွန်မကို ဘယ်တော့မှ အဲ့ဒီလိုထားမသွားဘူး…သူမသေဘူး..သူမသေနိုင်ဘူး”

အဲန်၏ အသံက အနည်းငယ်ကျယ်လောင်သွားသည်။

“စိတ်ကိုထိန်းပါ…မစ္စဂျပ်ဆင်..ကျွန်တော်ဆိုလိုတာကလည်း…မစ္စတာဂျပ်ဆင်ဟာ အိန္ဒိယက ဆိပ်ကမ်းတစ်ခုခုမှာ ရှိကောင်းရှိနေနိုင်တာမို့..ခင်ဗျားအနေနဲ့…ကျူပ်နဲ့အတူ အိန္ဒိယကိုလိုက်ခဲ့ပြီး..သူ့ကို ရှာလို့ရပါတယ်လို့ အကြံပေးချင်တာပါ…ကျွန်တော်”

အဲန် မငိုမိအောင် ထိန်းထားလိုက်၏။

ဂျော့ဟိုး၏ ဇနီး ဖိုဘီ က အဲန်အနီးတွင် လာထိုင်ကာ ပုခုံးကို ဆုပ်ကိုင်ထားလိုက်သည်။

………………………………………………………………………………

နောက်တပတ်အကြာတွင် ရန်ကုန်ဆိပ်ကမ်းရှိ အိန္ဒိယသို့ထွက်ခွာမည့် သင်္ဘောပေါ်သို့ ဂျော့ဟိုးတို့ဇနီးမောင်နှံနှင့်အတူ အဲန် ပါ ရောက်ရှိနေကြသည်။

အဲန်၏ ပစ္စည်းများအားလုံးကို သင်္ဘောပေါ်သို့ တင်ပြီးသွားခဲ့ပြီဖြစ်၏။

အဲန်သည် သင်္ဘောကုန်းပတ်ပေါ်မှတဆင့် ရန်ကုန်မြို့ကြီးကို ငေးကြည့်နေခဲ့သည်။

ခပ်ဝေးဝေးမှ ရွှေတိဂုံစေတီတော်ကို လှမ်းမျှော်ကြည့်သည်။

စေတီတော်နှင့် မလှမ်းမကမ်းသစ်ပင်အုပ်အုပ်လေးများထဲတွင် သူမတို့ နေထိုင်ခဲ့သည့် အိမ်ခြံဝန်းကလေး။

ရန်ကုန်မြို့တွင်းမှ သူမနှင့် ခင်မင်ရင်းနှီးခဲ့ကြသော ဒေသခံမိသားစုများ။ သူမ စာသင်ပေးနေခဲ့သော ကလေးအချို့။

လွန်ခဲ့သော ခြောက်နှစ်က မျှော်လင့်ချက်၊ ယုံကြည်ချက်အပြည့်ဖြင့် ဤမြေသို့ ခြေချလာသော အမေရိကန်လူငယ်စုံတွဲတတွဲ၏ တက်ကြွမှုများ။

သူမတို့ရဲ့ သားကလေးရော်ဂျာ မွေးဖွားခဲ့ရာမြေ။ ရစ်လနီးပါးအသက်ရှင်ခဲ့ရာမြေ။ ရော်ဂျာကလေး ခေါင်းချသွားခဲ့ရာမြေ။

အဲန် က သင်္ဘောကပ္ပတိန်နှင့် စကားပြောနေကြသည့် ဂျော့ဟိုးထံသို့ လျှောက်သွားလိုက်သည်။

“ဂျော့…. ကျွန်မ ပစ္စည်းတွေ ပြန်ချပေးပါ…ကျွန်မ ရန်ကုန်မှာပဲ နေခဲ့မယ်”

# (၅)

အဒ္ဒိနီယမ်ဂျပ်ဆင် ရန်ကုန်မှ ထွက်ခွာပြီး ပျောက်ဆုံးနေသည်မှာ ခုနှစ်လပင်တိုင် ခဲ့ပြီဖြစ်သည်။

အဲန်အတွက် အဆိုးထဲမှ အကောင်းကိစ္စတစ်ခုမှာ ဂျော့ဟိုးတို့ဇနီးမောင်နှံ သည် အိန္ဒိယသို့ ထွက်ခွာမည့်ကိစ္စ အထမမြောက်ခဲ့ခြင်းပင်။

အိန္ဒိယသို့ ထွက်ခွာမည့်သင်္ဘောမှာ ဗမာအင်ပါယာဘုရင်သစ် ၏ အကောက်အခွန်ဆိုင်ရာအပြောင်းအလဲကိစ္စအချို့ ကြောင့် ရန်ကုန်ဆိပ်ကမ်းတွင် သုံးလနီးပါး ရပ်တန့်ထားခဲ့ရသည်။

သင်္ဘောသည် မည်သည့်အချိန်မှ ထွက်ခွာရမည့်မခန့်မှန်းနိုင်ခဲ့။

ဂျော့ဟိုးတို့ဇနီးမောင်နှံလည်း ရန်ကုန်တွင် တစ်ကိုယ်တည်းကျန်ရစ်မည့် အဲန် နှင့် အတူဆက်နေရန်ဆုံးဖြတ်ခဲ့ကြတော့၏။

အဲန်အတွက် ဂျပ်ဆင်အသက်ရှင်နေသေးသည်ဆိုသည့် မျှော်လင့်ချက်မှာပင် ခပ်ယဲ့ယဲ့ကျန်တော့သည်။

သို့သော်ငြား..သူမသည် ထိုနေ့ရက်များကို ကလေးများအား စာသင်ခြင်း၊ ဘာသာစကားလေ့လာခြင်း၊ သမ္မာကျမ်းစာဖတ်ခြင်းတို့ဖြင့် အားတင်းကျော်ဖြတ်ခဲ့၏။

ထိုနေ့မနက်က အဲန် နှင့် ဂျော့ဟိုးတို့ ဇနီးမောင်နှံသည် အီစတာနေ့တွင် ဝေငှမည့် ကြက်ဥ များကို ဆေးခြယ်နေခဲ့ကြသည်။

ထိုအချိန်တွင် သူတို့နေထိုင်ရာခြံဝန်းထဲသို့ တစ်စုံတစ်ယောက်ဝင်လာ၏။

ဗမာဆိပ်ကမ်းစောင့်တပ်စစ်သားတစ်ဦးဖြစ်နေသည့်အတွက် ဂျော့ဟိုးနှင့် ဇနီးဖြစ်သူတို့၏ မျက်နှာများမှာ သွေးဆုတ်ဖြူလျော်သွားကြသည်။

"ဂျော့..ရှင်တို့ ဒီမှာပဲထိုင်နေ...ကျွန်မ ဖြေရှင်းလိုက်ပါ့မယ်"

အဲန် က ခြံထဲသို့ ဆင်းသွားသည်။

ပဲခူးမြို့ဝန်ထံမှ သူမတို့အား မနှောင့်ယှက်ရန် အမိန့်ရရှိထားပါလျက် ယခုစစ်သားသည် မည်သည့်ကိစ္စကြောင့် ရောက်ရှိလာရသနည်း။

"ဘာကိစ္စများရှိပါသလဲ..ကိုရင်"

စစ်သားက အဲန်ကို ကွမ်းချေးဖြင့် နီရဲနေသောသွားများ အကုန်ပေါ်အောင် ပြုံးပြလိုက်သည်။

“မြစ်ဝမှာ စစ်တကောင်းကလာတဲ့ သင်္ဘောတစ်စီးရောက်နေပါပြီ..အဲ့ဒီသင်္ဘောကနေ ဆိပ်ကမ်းဝင်ခွင့်အတွက် လာတဲ့ လှေကြုံနဲ့အတူ ဆရာကတော်အတွက် သတင်းစကားပါလာပါတယ်”

အဲန် မှာ ရုတ်တရက်ခွေလဲမကျသွားအောင် မနည်းသတိကပ်လိုက်ရ၏။

“ကျွန်မ ယောကျ်ား…ကျွန်မယောကျ်ား..သူ..သူ..ဘာဖြစ်သွားပြီလဲ”

“ဘာမှမဖြစ်ပါဘူး..အဲ့ဒီသင်္ဘောပေါ်မှာ ဆရာယုဒသသာန် ပါလာပါပြီ”

“ရှင်”

အိမ်တံခါးအကွယ်တွင် အခြေအနေကို နားစွင့်နေကြသော ဂျော့ဟိုးတို့ ဇနီးမောင်နှံဘက်သို့ အဲန်က လှည့်လိုက်သည်။

သူတို့မှာ ဗမာစကားနားမလည်ကြသည့်အတွက် အဲန်တို့ ပြောစကားများကို မသိကြသေး။

“ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး..ဆရာကတော်”

စစ်သားပြန်သွားသည့်နောက် အဲန်မှာ အိမ်ပေါ်သို့ အပြေးအလွှားပြန်တက်လာ၏။

“သူ..ပြန်လာပြီ….သူမသေဘူး..ဘုရားသခင်..ကိုယ်တော့်ရဲ့ ကျေးဇူးတော်ပါပဲ”

အဲန်က ဂျော့ဟိုး၏ ဇနီး ဖိုဘီကို ဝမ်းသာအားရပွေ့ဖက်ကာ အော်ဟစ်လိုက်တော့သည်။

……………………………………………………………………………………………

အဒိုနီရမ်ဂျက်ဆင် စီးနင်းလာသည့် သင်္ဘောသည် ရန်ကုန်မှထွက်ခွာပြီးသည့်နောက် မုန်တိုင်းနှင့်အတူ လပေါင်းများစွာ ရေစီးကြောင်းထဲ မျောနေခဲ့သည်။

ရိက္ခာပျက်သည့်ဒဏ်၊ အဖျားရောဂါဒဏ်များဖြင့် သင်္ဘောအိပ်စင်ပေါ်တွင် သေလုမျောပါးလိုက်ပါခဲ့ရ၏။

ရက်သတ္တပတ် ဆယ့်နှစ်ပတ်အကြာတွင် သင်္ဘောမှာ အိန္ဒိယနိုင်ငံရှိ ဆိပ်ကမ်းမြို့ငယ်လေးတစ်ခုတွင် ဆိုက်ကပ်နိုင်ခဲ့သည်။

ထိုမြို့တွင်ရှိသော အင်္ဂလိပ်စစ်စတပ်၏ အကူအညီဖြင့် ဂျပ်ဆင်မှာ မဒရပ်စ်မြို့သို့ ကုန်းလမ်းဖြင့် သွားရောက်ခဲ့ရ၏။

မဒရပ်စ် ရောက်သည့်အခါ ဗမာအင်ပါယာတွင် ဖြစ်နေသော မင်းပြောင်းမင်းလဲ အခြေအနေကြောင့်ရန်ကုန်သို့ သွားမည့် သင်္ဘောများမှာ ရပ်နားထားကြသည်နှင့် ကြုံခဲ့ရသည်။

သုံးလအကြာတွင်မှ သင်္ဘောများပြန်လည်ထွက်ခွာကြသဖြင့် ရန်ကုန်သို့ လိုက်ပါလာခြင်းပင်။

ဂျပ်ဆင်နှင့် အဲန်တို့ ပြန်လည် ဆုံဆည်းခဲ့ကြပြီဖြစ်သည်။

..................................................................................................

ဂျပ်ဆင် ရန်ကုန်သို့ ပြန်ရောက်ပြီး မကြာမီပင် နှစ်ခြင်းခရစ်ယာန်သာသနာကို ဖြန့်ဝေရန် အကောင်ထည်ဖော်တော့သည်။

ဗမာဘာသာဖြင့် ခရစ်ယာန်တရားဟောပြောရန်အတွက် လူသွားလူလာများပြားသည့် ရွှေတိဂုံစေတီသို့ သွားရာ ဘုရားလမ်းတွင် ခြံတစ်ခြံကို ဝယ်ယူခဲ့သည်။

ထိုလမ်းသည် နေ့စဉ် ဘုရားဖူးများ ရာနှင့်ချီသွားလာနေသည့်အတွက် လူထုနှင့် ထိတွေ့ရန် အကောင်းဆုံးနေရာပင်။

ဂျပ်ဆင်က ခြံရှေ့တွင် ခြေတိုင်လေးပေအမြင့်ရှိ၍ ပေသုံးဆယ်ရှည်ပြီး အကျယ်ပေနှစ်ဆယ်ရှိ ဇရပ်တစ်ဆောင်ကို တည်ဆောက်လိုက်သည်။

မျက်နှာစာဆင်ဝင်တွင် ထိုင်လျက်ဝိုင်းဖွဲ့စကားပြောနိုင်ရန် ကွပ်ပျစ်အကျယ်တစ်ခု ရိုက်ထား၏။

ဆင်ဝင်အနောက်တွင် စုပေါင်းဝတ်ပြုနိုင်ရန် အခန်းဖွဲ့ထားသည်။ ယင်းအနောက်တွင် အဲန်းမှ အမျိုးသမီးနှင့် ကလေးများအား စာသင်ကြားပေးနိုင်ရန် အခန်းလွတ်တစ်ခုထည့်သွင်းထားသည်။

မကြာမီ ဗမာလူမျိုးများထဲမှ မောင်နောအပါအဝင် လူငယ်တစ်စုမှ ခရစ်ယာန်ဘာသာကို စိတ်ဝင်စားလာကြ၏။

ဂျပ်ဆင်၏ ဗမာဘာသာဖြင့် ဟောပြောဆွေးနွေးမှုများ ကို နားထောင်ပြီး ခရစ်ယာန်ဘာသာကို ယုံကြည်သက်ဝင်လာကြသည်။

ဗမာလူမျိုး ပညာရှိတစ်ဦးဟု သတ်မှတ်ထားကြသော ဦးရွှေငုံ ကလည်း ဂျပ်ဆင်၏ အနောက်တိုင်းသိပ္ပံပညာဆိုင်ရာ သတင်းစကားများကို လာရောက်နားထောင်ရင်း ခရစ်ယာန်ဘာသာကို စိတ်ပါဝင်စားလာခဲ့၏။

ဂျပ်ဆင်တို့ ဇနီးမောင်နှံကလည်း ဦးရွှေငုံထံမှ ပါဠိစာပေကို ပြန်လည်သင်ယူလေ့လာကြသည်။

ထိုသို့ဖြင့် ဂျပ်ဆင်နှင့် အဲလန်တို့၏ သာသနာပြုလုပ်ငန်းမှာ တဖြည်းဖြည်း အနည်ထိုင်လာခဲ့ပြီဖြစ်သည်။

တဖက်တွင်လည်း ဂျပ်ဆင်သည် ခရစ်ယာန်သမ္မာကျမ်းစာကို ဗမာဘာသာသို့ ပြန်ရန်နှင့် အင်္ဂလိပ် – ဗမာအဘိဓာန်ပြုစုရန် စတင်ပြင်ဆင်ခဲ့သည်။

၁၈၂၀ ခုနှစ် နှစ်ဦးပိုင်းသို့ရောက်သောအခါ တိုင်းပြည်အခြေအနေမှာ လှုပ်လှုပ်ခတ်ခတ်ဖြစ်လာ၏။

ဘုရင်၏ ဘထွေးတော်ဖြစ်သူ တောင်ငူစားမင်းသားနှင့် မိသားစုကို ပုန်ကန်သူများအဖြစ် ကွပ်မျက်ခြင်းခံရသည်။

မဏိပူရနန်းလုပွဲတွင် ဗမာနန်းတွင်းက စစ်တပ်များစေလွှတ်တိုက်ခိုက်ကာ ပါဝင်ပတ်သက်မှုအပေါ် နယ်မြေကပ်လျက်ဖြစ်သည့် အိန္ဒိယကိုလိုနီမှ အင်္ဂလိပ်အစိုးရက စိုးရိမ်မကင်းဖြစ်လာသည်။

အာသံနယ်တွင်လည်း ဗမာစစ်တပ်နှင့် အင်္ဂလိပ်စစ်တပ်အကြား အငြင်းပွားမှုများ စတင်ဖြစ်ပေါ်လာ၏။

နန်းတွင်းတွင်လည်း မိဖုရားခေါင်ကြီး၏မောင်ဖြစ်သူ စလင်းမင်းသားကြီးဦးအို ဦးဆောင်သောအုပ်စု နှင့် ဘုရင်၏ ညီတော် သာယာဝတီမင်းသားမောင်ခင် ဦးဆောင်သောအုပ်စု ဟူ၍ နှစ်စုကွဲပြားနေသည်။

မင်းသားကြီးဦးအို အုပ်စုမှာ ဘုရင်၏ ယုံကြည်မှုကို ပိုမိုရရှိနေ၏။

မင်းသားကြီးဦးအို မှာ နိုင်ငံခြားသားများနှင့် အခြားဘာသာများအပေါ် မနှစ်မြို့သည့် သဘောရှိသည်ဟူသော ကောလဟာလများလည်းထွက်ပေါ်လျက်ရှိသည်။

ထိုအခြေအနေက ရန်ကုန်ရှိ ဂျပ်ဆင်တို့၏ တရားဇရပ်ကလေးဆီသို့ပါ ရိုက်ခတ်လာတော့သည်။

နိုင်ငံခြားဘာသာများကိုလေ့လာလိုက်စားသူတို့အား ဘုရင်က မကြာမီအရေးယူတော့မည်ဟူသော သတင်းစကားနှင့်အတူ ဂျပ်ဆင်၏ တရားဇရပ်သို့ လာရောက်သူများ တဖြည်းဖြည်းနည်းပါးသွားသည်။

သူတို့အား ကာကွယ်ပေးခဲ့သော ပဲခူးမြို့ဝန်မှာလည်း အင်းဝသို့ ပြန်လည်ခေါ်ယူခံခဲ့ရပြီဖြစ်၏။

နောက်ထပ် အသစ်ရောက်သည့် ပဲခူးမြို့ဝန်အသစ်မှာလည်း ဂျပ်ဆင်တို့အား အတွေ့မခံခဲ့။

ထို့ကြောင့် ဂျပ်ဆင်နဲ့ အဲန်းတို့သည် သာသနာပြုရာတွင် အင်းဝနေပြည်တော်ရှိ ဘုရင်မင်းမြတ်၏ တရားဝင်ခွင့်ပြုချက် ရယူရန် လိုအပ်ကြောင်း သတိပြုမိလာ

ကြ၏။

မကြာမီ ရန်ကုန်သို့ရောက်ရှိနေသော နှစ်ခြင်းခရစ်ယာန်သာသနာပြုမစ္စတာခိုးလ်နှင့် ဂျပ်ဆင်တို့သည် အင်းဝနေပြည်တော်သို့ လက်ဆောင်ပဏ္ဏာများနှင့်အတူ ထွက်ခွာသွားကြသည်။

ရက်သတ္တပတ်ငါးပတ်ခန့်အကြာတွင် အင်းဝနေပြည်တော်သို့ သူတို့ရောက်ရှိသွားကြ၏။

ယခင် ပဲခူးမြို့ဝန်ဟောင်း ဦးဇာ သည် ဝန်ကြီးတစ်ဦးဖြစ်နေပြီး ဂျပ်ဆင်တို့အား စစ်ကိုင်းမင်း နှင့် တွေ့ဆုံနိုင်ရန် စီစဉ်ပေးခဲ့သည်။

အရပ်ငါးပေခန့်ရှိပြီး အသက်(၂၆)နှစ်အရွယ် ဘုရင်သည် ရှည်လျားနက်မှောင်သောဆံပင်တို့ကို စုထုံးလျက် ပတ္တမြားများ စီချယ်ထားသည့် ဖောင်းထုတ်ကို ဆောင်းကာ သူတို့ရှေ့တွင် ရပ်တန့်နေသည်။

“ဒါ ဘယ်သူတွေလဲ”

“ကျွန်တော်မျိုးတို့ဟာ အမေရိကန်နိုင်ငံမှ ခရစ်ယာန်သာသနာပြုဆရာများပါ..ဘုရား..ယုဒသန်လို့ ခေါ်ပါတယ်”

ဂျပ်ဆင်၏ ဗမာစကားသံပီပီသသကြောင့် စစ်ကိုင်းမင်းသည် အံသြသွား၏။

“မောင်မင်းက ဗမာစကားတတ်တယ်လား...ဒီကို ဘယ်ကတည်းက ရောက်နေတာလဲ..ဘာကိစ္စနဲ့ လာသလဲ”

ဂျပ်ဆင်၏ နဘေးတွင်ရှိနေသည့် ဝန်ကြီးဦးဇာ က ရွှေပြားကပ်ထားသည့် သမ္မာကျမ်းစာအုပ်နှင့်အတူ ပန်ကြားလွှာကို စစ်ကိုင်းမင်းထံ ဆက်သလိုက်သည်။

စစ်ကိုင်းမင်းက ပြန်ကြားလွှာကို ဖတ်လိုက်၏။ ကျမ်းစာအုပ်များကိုပင် လှန်ပင်မကြည့်။

“ငါ့ရဲ့ နိုင်ငံတော်မှာ ဗရင်ဂျီတွေ၊ အင်္ဂလိပ်တွေ၊ မူဆလင်တွေ နဲ့ အခြားတိုင်းပြည်တွေက လာကြတဲ့ လူတွေအသီးသီးကို လွတ်လွတ်လပ်လပ်ကိုးကွယ်ခွင့်ပေးထားပြီးသားပဲ...ဒီထက်ပိုပြီး တခြားဘာကို တောင်းဆိုချင်နေတာလဲ”

ဘုရင်သည် ထိုသို့တခွန်းသာပြောကာ ညီလာခံပလ္လင်ရှိရာသို့ ထွက်ခွာသွား၏။

ဂျပ်ဆင်တို့ ယူဆောင်သွားသည့် ရွှေပြားကပ်ထားသည့် သမ္မာကျမ်းစာအုပ်များကိုလည်း စစ်ကိုင်းမင်းက လက်မခံပဲ ပြန်လည်ပေးလိုက်သည်။

ဂျပ်ဆင်ကား အလွန်ပင် စိတ်ထိခိုက်သွား၏။

ဘုရင်ထံမှ တရားဝင်ခွင့်ပြုမိန့်မရသမျှ သူတို့၏ သာသနာပြုလုပ်ငန်းကို စိတ်ပါဝင်စားသူ ဗမာများအတွက် အန္တရာယ်ဇုန်အတွင်းမှ မကင်းလွတ်သေးကြောင်း သဘောပေါက်သွားသည်။

ဂျပ်ဆင်ကား စိတ်ဓာတ်များကျဆင်းလျက်..အင်းဝမှ ပြန်လာခဲ့ရသည်။

ရန်ကုန်သို့ အရောက်တွင်တော့ နောက်ထပ် စိတ်ဓာတ်ကျဖွယ်ရာမြင်ကွင်းက ဂျပ်ဆင်ကို ကြိုဆိုနေတော့၏။

.........................................................................................................................

အဲန်၏ တကိုယ်လုံးမှာ ဝါထိန်လျက်။

မျက်လုံးတဝိုက်မှာလည်း ညှိုမဲနေပြီး သွေးဆုတ်ဖြူလျော်သော နှုတ်ခမ်းများ။

အသဲရောင်အသားဝါရောဂါက အဲန်ကို ရင်ဆိုင်အန်တုနေရ၏။

ဂျပ်ဆင်က အထုပ်အပိုးများကို ချပြီးသည်နှင့် အဲန် ၏ အိပ်ရာနဘေးတွင် ဝင်ထိုင်လိုက်သည်။

အဲန်၏ လက်ဖဝါးဝါဝါများကို ဆုပ်ကိုင်လိုက်၏။

"ဘုရင်က ဘာတဲ့လဲ"

အဲန်က အားယူပြီးမေးလိုက်သည်။

ဂျပ်ဆင်က ဘာမျှ ပြန်မဖြေသေးပဲ...အဲန်၏ လက်ဖဝါးကို နမ်းရှိုက်လိုက်၏။

"ဘုရင်ဆီက ဘာကတိစကားမှ မရခဲ့ဘူး..အဲန်...ကိုယ်တို့ ရန်ကုန်ကနေ ထွက်သွားကြမယ်....မင်းကျန်းမာရေးအတွက်ရော..ဒီက ခရစ်ယာန်ဘာသာကို စိတ်ဝင်စားတဲ့ ကိုယ်တို့ရဲ့ ဗမာမိတ်ဆွေတစ်စုရဲ့ ဘေးဒုက္ခမရောက်ရေးအတွက်ရော..ကိုယ်တို့ ဒီကနေ ထွက်ခွာပေးတာ အကောင်းဆုံးပါပဲ"

ဂျပ်ဆင်တို့ထံမှ သတင်းစကားကို စောင့်ဆိုင်းနေကြသော ဦးရွှေငုံ၊ မောင်နော၊ မမင်းလေး တို့က ဂျပ်ဆင်၏ အနောက်တွင် ရောက်ရှိလာကြ၏။

ဂျပ်ဆင်တို့၏ ခြံဝန်းအတွင်း တဲထိုးကာနေထိုင်ကာ အဲန်ထံတွင် စာသင်ကြားနေကြသော မောင်သာလှ၊ မပိုက်၊ မောင်ပြားတို့ကလည်း အနီးတွင် ထိုင်လျက်ရှိနေကြသည်။

"ကျွန်မတို့ ဒီရှစ်နှစ်လုံး ကြိုးစားခဲ့တာ..ဒီနေ့အတွက်တဲ့လား...အဒမ်"

အဲန်၏ အသံက တိမ်ဝင်သွားသည်။

ဂျပ်ဆင်က မည်သည့်စကားမျှ မဆိုတော့ပဲ..အဲန်၏ လက်ကိုဆုပ်ကိုင်လျက်သာ တိတ်ဆိတ်ငြိမ်သက်နေ၏။

"မမအဲန် ရဲ့ ရောဂါအတွက် သာ ဒီကနေ ထွက်ခွာချင်ထွက်ခွာသွားပါ...ကျွန်မတို့ရဲ့ အသက် အန္တရာယ်ကြောင့်ဆိုရင်တော့ ဒီက ထွက်မသွားပါနဲ့လား..ဆရာယုဒသန်"

ဂျပ်ဆင်က မမင်းလေးကို လှည့်ကြည့်လိုက်သည်။

ဦးရွှေငုံ ကလည်း ဂျပ်ဆင်၏ ဘေးသို့ ရောက်လာ၏။

"ကျုပ်တွေးကြည့်မိတယ်..ဆရာယုဒသန်...လူတစ်ယောက်ဟာ ဗုဒ္ဓဘာသာကို ယုံကြည်ခွင့်ရှိသလို..ခရစ်ယာန်ဘာသာဖြစ်ဖြစ်..အစ္စလာမ်ဘာသာဖြစ်ဖြစ်..ဟိန္ဒူဘာသာဖြစ်ဖြစ် သူနဲ့ ကိုက်ညီရာကို ယုံကြည်ခွင့်ရှိပါတယ်....နောက်ပြီး ဗုဒ္ဓဘာသာတစ်ယောက်က ခရစ်ယာန်ဖြစ်သွားတာပဲဖြစ်ဖြစ်..ခရစ်ယာန်တစ်ယောက်က ဗုဒ္ဓဘာသာဖြစ်သွားတာပဲဖြစ်ဖြစ်..ဒါ ဂုဏ်ယူစရာကိစ္စမဟုတ်သလို..ရှက်စရာ.ပြစ်မှုမြောက်စရာကိစ္စလည်းမဟုတ်ဘူး..ဒါ လူတစ်ဦးချင်းစီရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲ..ဘာသာရေးက လူတွေကို မပိုင်ဘူး..လူတွေကပဲ ဘာသာရေးယုံကြည်ခွင့်ကိုပိုင်တာပါ.... သက်ဦးဆံပိုင်စနစ်မှာ ဘုရင်က ကျုပ်တို့ အသက်နဲ့ ခန္ဓာကိုယ် ကို ပိုင်ချင်ပိုင်လိမ့်မယ်..ယုံကြည်မှုကိုတော့ သူ..ပိုင်ဆိုင်လို့မရဘူး...ဒီတော့"

ဦးရွှေငုံက ပြောလက်စ စကားကို ရပ်လိုက်သည်။

ထို့နောက် ဂျပ်ဆင်၏ ပုခုံးကို ဆုပ်ကိုင်လိုက်၏။

"ကျုပ်..မနက်ဖြန် ခရစ်ယာန်တစ်ယောက်အဖြစ် နှစ်ခြင်းခံယူပါ့မယ်"

ဦးရွှေငုံ၏ စကားကြောင့် ဂျပ်ဆန်ရော အဲန်ပါ အာမေဋိတ်သံများ ထွက်သွားကြသည်။

အခြားဗမာလူမျိုးများထဲမှ မောင်နောမှ စတင်ကာ နှစ်ခြင်းခံယူသူများရှိကြသော်လည်း ဗမာပညာတတ်တစ်ဦးဟု သတ်မှတ်ထားသည့် ဦးရွှေငုံထံမှ ထိုစကားကြားရခြင်းက ဂျပ်ဆင်နှင့် အဲန်အတွက် အံ့သြစရာဖြစ်ခဲ့၏။

"ကျွန်မလည်း ဆရာကြီးဦးရွှေငုံနဲ့အတူ နှစ်ခြင်းခံပါ့မယ်..ဆရာယုဒသန်"

မမင်းလေး က အဲန်၏ ရင်ဘတ်ပေါ်မှ စောင်စကလေးကို ဆုပ်ကိုင်ရင်း ထပ်ပြောလိုက်သည်။

သူမ၏ နောက်ထပ် လက်တစ်ဖက်ဖြင့် ဂျပ်ဆင်၏ လက်ကို အုပ်ကာ ဆုပ်ကိုင်လိုက်၏။

"အဒမ်….ကျွန်မတစ်ယောက်တည်း ကလကတ္တားမှာ ဆေးသွားကုမယ်..ပြီးရင်..ရှင့်ဆီပြန်လာခဲ့မယ်..သူတို့အတွက် ရှင်ဒီမှာ ရှိနေမှဖြစ်မှာ..ရှင် ဗမာပြည်ကိုစွန့်ခွာလို့မဖြစ်ဘူး..အဒမ်"

………………………………………………………………………………………………………………
………

## (၆)

"ဆရာကတော် ခြံရှေ့ကို ရောက်ပါပြီခင်ဗျာ"

လှည်းသမားက နှစ်ကြိမ်မြောက်အသံကျယ်ကျယ်ဖြင့် အော်လိုက်သည့်အခါမှ အဲန် သတိဝင်လာသည်။

အတိတ်တွင် ရစ်ဝဲနေသော အတွေးများက ပစ္စုပ္ပန်ဆီသို့ ပြန်လည်သက်ဝင်လာ၏။

"မမအဲန်...မမအဲန်"

ခြံဝန်းအတွင်းမှ မရီ နှင့် မကြည်တို့ က ပြေးထွက်လာကြသည်။

မရီနှင့် မကြည်မှာ ရန်ကုန်မြို့ရှိ ခရစ်ယာန်ဘာသာဝင်ဗမာလူမျိုးတစ်ဦး၏ သမီးငယ်များဖြစ်ကြ၏။ မိခင်ဖြစ်သူမှာ စိတ်ရောဂါခံစားနေရသဖြင့် သူတို့အား စာသင်ပေးရန်နှင့် ကျွေးမွေးကူညီထားရန် ဂျပ်ဆင်မောင်နှံက မွေးစားထားခဲ့ခြင်းဖြစ်သည်။

ယခု အင်းဝသို့ ပြောင်းရွှေ့လာချိန်တွင်လည်း သူတို့နှစ်ဦးက အတူတကွလိုက်ပါလာခြင်းပင်။

"မမအဲန် ထွက်သွားတာ အတော်ကြာပြီမို့ မောင်အင်းနဲ့ ကူချေး က မြို့ထဲ သွားရှာနေကြလေရဲ့..ဘာတွေများဖြစ်နေတာလဲလို့ စိတ်ပူလိုက်ရတာ"

မရီ က အဲန်ကို လှည်းပေါ်မှ ဆင်းရန် ကူညီပေးရင်းမှ ပြောလိုက်၏။

မောင်အင်းသည် ဂျပ်ဆင် ၏ အတူနေတပည့်ရင်းဖြစ်ပြီး...ကူချေး မှာ ဂျပ်ဆင် မိသားစု၏ စားဖိုမှူး ဘင်္ဂါလီ လူမျိုးဖြစ်သည်။

အဲန် က လှည်းပေါ်မှ ဆင်းကာ လှည်းသမားကို ကျေးဇူးတင်စကားပြောလိုက်၏။

ထို့နောက် အိမ်တွင်း ရှိ စာအုပ်စင်ရှိရာသို့ လျှောက်လာခဲ့လိုက်သည်။

မရီနှင့် မကြည်က လည်း နောက်မှ ပါလာ၏။

အဲန် က စာအုပ်စင်ပေါ်မှ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် စာအုပ်တစ်အုပ်ကို ရှာဖွေလိုက်သည်။

ထို့နောက်စာအုပ်ကို ထုတ်ကာ ဂျက်ဆင်၏ စာရေးစားပွဲပေါ်တွင် ထိုင်ချလိုက်၏။

"မေရီ နဲ့ အယ်ဘီ"

မေရီ နှင့် အယ်ဘီ ဟု အင်္ဂလိပ်အမည်ပေးထားသော မရီနှင့် မကြည်က အဲန်အရှေ့တွင် မတ်တပ်ရပ်နေကြသည်။

"မမ မှာ ကိုယ်ဝန်ရှိနေပြီ"

အပျိုပေါက်လေးများဖြစ်သော မရီနှင့် မကြည်က ပျော်ရွှင်မှုနှင့် ရှက်ရွံ့မှုရောယှက်သော အပြုံးဖြင့် ပြုံးလိုက်ကြ၏။

"ဒီစာအုပ်က ကိုယ်ဝန်ဆောင်တဲ့အခါ နေထိုင်စားသောက်ရမယ့်စနစ်တွေနဲ့ ရှတ်တရက် အရေးပေါ် မီးဖွားတဲ့အခါ ဘယ်လိုလုပ်ရမယ်ဆိုတာတွေပါတဲ့ စာအုပ်ပဲ....မမ ဒီစာအုပ်ထဲက အရေးကြီးတာတွေကို ဗမာဘာသာပြန်ပြီး ရေးပေးထားမယ်...ဒီစာတွေကို မင်းတို့ သေချာဖတ်ထားပါ...မမ မီးဖွားတဲ့အခါ...မင်းတို့ ညီအစ်မကိုပဲ အားကိုးရမှာပဲ"

မရီနှင့် မကြည်က ခေါင်းညိတ်လိုက်ကြသည်။

ခဏအကြာတွင် မောင်အင်း နှင့် ကူချေးလ်တို့ အသီးသီးပြန်လည်ရောက်ရှိလာကြ၏။

နောက်တစ်နေ့ နံနက်။

"မမအဲန်...မမအဲန်"

အပြင်ဘက်မှ တံခါးခေါက်သံကြောင့် အဲန် နိုးလာခဲ့သည်။

ကျန်းမာရေးဆိုင်ရာစာအုပ်ထဲမှ အရေးပေါ်မီးဖွားခြင်းစာစုများကို ညည့်နက်သည့်အထိ ထုတ်နုတ်ဘာသာပြန်နေရသည့် အတွက် အဲန်မှာ မိုးလင်းခါနီးမှ အိပ်ရာဝင်ခဲ့ရ၏။

အဲန်က အိပ်မှုံစုံမွှားဖြင့် တံခါးကို ဖွင့်လိုက်သည်။

ခေါင်းပေါင်းအဖြူကို ပေါင်းထားသည့် မောင်အင်း ၏ တက်ကြွနေသည့် မျက်နှာကို မြင်လိုက်ရ၏။

"မမအဲန်...ဟော့ဒီစာကို အခုပဲ မြို့ဝန်ရုံးက လာပေးသွားတယ်ဗျ..ဒီမှာ"

အဲန်က မောင်အင်းလက်ထဲမှ ထန်းဖူးစာလိပ်ကို အလောတကြီးဆွဲယူကာ ဖြန့်ဖတ်လိုက်သည်။

စာအရ လက်မရွံ့ထောင်အတွင်း ဝင်ထွက်ခွင့်မှာ မြို့ဝန်၏ ခွင့်ပြုချက်တစ်ခုတည်းနှင့်မပြီးပဲ..မြို့ဝန်အမိန့်ကိုပြသကာ..ကြေးတိုက်စာရေးကြီး ၏ တံဆိပ်တုံးပါသည့် ခွင့်ပြုချက်စာရွက်ပြုလုပ်ရမည်ဖြစ်သည်။

"ကြေးတိုက်စာရေးကြီး ရုံးက ဘယ်မှာလဲ...သိလား..မောင်အင်း"

"သိပါတယ်..လက်မရှိထောင်နားမှာပါပဲ"

"ငါတို့ အဲ့ဒီကို အရင်သွားရလိမ့်မယ်"

မောင်အင်း က အနီးအနားမှ လှည်းတစ်စီးကို ငှားရမ်းလာကာ ကြေးတိုက်ဝန်ရုံးသို့ ထွက်ခွာလာကြသည်။

ကြေးတိုက်ဝန်ရုံးဆိုသော်ငြား ထောင်နှင့် မလှမ်းမကမ်းတွင် ဖွင့်ထားသည့် လေးဘက်ပွင့်ဇရပ်ကြီးတစ်ဆောင်သာ။

ကြေးတိုက်စာရေးဆိုသည့် အသက်(၃၀)နှစ်အရွယ်ပုဂ္ဂိုလ်ကြီးသည် သုန်မှုန်သောမျက်နှာထားဖြင့် မြို့ဝန်၏ စာကို ဖတ်ရှုလိုက်သည်။

ထို့နောက် ဆေးလိပ်တုတ်တုတ်ကြီး တလိပ်ကို မီးညှိကာ ဖွာရှိုက်လိုက်၏။

သူ၏ ရှေ့တွင်ထိုင်နေသော အဲန်ကို အလေးမထားဟန်ဖြင့် အကျဉ်းထောင်အရှေ့ဘက် တရားစစ်ဆေးရာဇရပ်ဘက်သို့ ကြည့်လိုက်သည်။

"ဟိုးမှာ တရားစစ်ဆေးခံနေရတာ...အင်းဝလက်မရှိ့ထောင်ထဲက အကျဉ်းသားတွေပဲ....အဲ့ဒီအကျဉ်းထောင်ရဲ့ လုံခြုံရေးနဲ့ကိစ္စအဝဝ အားလုံးဟာ ကျုပ်မှာတာဝန်ရှိတယ်"

ကြေးတိုက်စာရေးက နောက်တကြိမ်ဆေးလိပ်ကို ဖွာရှိုက်လိုက်ပြန်သည်။

မီးစမီးပွားများက အဲန်ထိုင်နေသည့် ကြမ်းပြင်နားအထိ တဖွားဖွားကျလာ၏။

"လူဖြူနိုင်ငံခြားသားတွေကို သူလျှိုမှုနဲ့ ဖမ်းဆီးတာဟာ နန်းတော်က တိုက်ရိုက်ကိုင်တွယ်တဲ့..ကိစ္စပဲ...မင်း ဒီအမိန့်စာကို မြို့ဝန်ဆီက ဘယ်လိုရလာတယ်ဆိုတာ ကျုပ်မသိဘူး..ဒါပေမယ့်..ဒီကိစ္စဟာ မြို့ဝန်အမိန့်လေး တစောင်နဲ့ မပြီးစီးဘူး...နန်းတော်ဆီ အဆင့်ဆင့်လျှောက်ထားတင်ပြပြီးမှ ကျုပ်က ပြန်အတည်ပြုပေးနိုင်မယ့်အလုပ်ပဲ..လွယ်လွယ် လုပ်ပေးလို့ရတဲ့ ကိစ္စမဟုတ်ဘူး"

အဲန်မှာ စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းချလိုက်သည်။

"ဒါပေမယ့်..ခင်ဗျား တတ်နိုင်မယ်ဆိုရင်တော့...ကျုပ်တာဝန်ခံပေးနိုင်မယ့်.နည်းလမ်းတစ်ခုရှိတယ်"

အဲန်က ကြေးတိုက်စာရေးကို ကြည့်လိုက်သည်။

ကြေးတိုက်စာရေးက သူ့ရှေ့မှာ စားပွဲခုံကို လက်ညှိုးဖြင့် တတောက်တောက်ခေါက်ရင်း..

"ငွေစ (၂၀၀) ပေးနိုင်မလား"

အင်း၀တွင် အသုံးပြုနေသည့် ငွေစ(၂၀၀)ဆိုသည်မှာ ဒေါ်လာ(၁၀၀)နှင့် ညီမျှသဖြင့် မနည်းလှသည့် ငွေကြေးပင်။

အခန်တွင် ထိုမျှလောက်ပင် ငွေကြေးများများစားစားမကျန်တော့။

ကြေးတိုက်စာရေးက ပထမဆုံးအကြိမ်အဖြစ် အခန်ကို စောင်းငဲ့ကြည့်လိုက်၏။

“ ခင်ဗျားကြည့်ရတာ..သနားစရာပါ...၁၅၀ ဗျာ”

အခန်က သူမ၏ လည်ပင်းတွင် ဆွဲထားသော ရွှေဆွဲကြိုးမျှင်လေးကို ချွတ်လိုက်သည်။

ထို့နောက် လက်ဝါးကပ်တိုင်ပုံဆွဲသီးလေးကို ဖြုတ်လိုက်၏။

ဆွဲကြိုးမျှင်လေးကို စာရေး၏ ခုံပေါ်သို့ အသာတင်ပေးလိုက်သည်။

“ဒါရွှေအစစ်ပါ....အနည်းဆုံး ငွေစ ၁၀၀ ကျော်တော့ တန်လိမ့်မယ်ထင်တယ်”

စာရေး၏ မျက်လုံးများက အခန်လက်ထဲတွင်ရှိနေသော လက်ဝါးကပ်တိုင်ဆွဲသီးလေးကို လှမ်းကြည့်လိုက်သည်။

“ဒါကတော့ ကျွန်မတို့ ဘာသာရေးယုံကြည်မှုအရ ဆောင်ထားတဲ့အဆောင်မို့ပါ”

စာရေးက ခေါင်းညိတ်ပြီး ဆွဲကြိုးမျှင်လေးကို သူ့လက်ဖြင့် အသာကုပ်ယူသိမ်းဆည်းလိုက်၏။

ထို့နောက် ချိတ်တံဆိပ်တုံးတစ်ခုကိုယူကာ မြို့ဝန်မင်း၏ အမိန့်စာပေါ်တွင် ထုချပေးလိုက်သည်။

“ခင်ဗျားယောက်ျားဆီ သွားလို့ရပါပြီ”

အခန်သည် စာရေးဆီမှ အမိန့်စာရွက်ကို ဆတ်ခနဲဆွဲယူကာ ဇရပ်ပေါ်မှ အပြေးအလွှားဆင်းလာခဲ့လိုက်၏။

အင်း၀လက်မရှိ့အကျဉ်းထောင်မှာ လှမ်းမြင်နေရသည့်အကွာအဝေးတွင်ရှိနေသည်။

အခန်၏ ခြေလှမ်းများကို မောင်အင်းက အမှီလိုက်လာ၏။

အင်း၀မြို့တွင် အကျဉ်းထောင်လေးခုရှိသည့်အနက် အင်း၀လက်မရှိ့အကျဉ်းထောင်သည် သေဒဏ်ချမှတ်မည့် ရာဇ၀တ်သားများကို ထားရှိသည့်ထောင်ဖြစ်သည်။

ထောင်သားများအပေါ် အရက်စက်အကြမ်းကြုတ်ဆုံးထားရှိသည့်ထောင်အဖြစ် နာမည်ကျော်ကြားသည်။

လက်မရှိ့ထောင်မှာ မြင့်မားသောသစ်လုံးကြီးများဖြင့် ကာရံထားပြီး အထဲတွင် ဝင်ပေါက်တစ်ပေါက်သာရှိသည့် အလုံပိတ် ထောင် အဆောက်အဦတစ်ခု ဖြစ်သည်။

သစ်စည်းရိုးအပြင်ဘက်ရှိ အစောင့်ဂိတ်တဲရှိရာသို့ အဲန် က အပြေးအလွှား ချဉ်းကပ်သွား၏။

သေနတ်ကိုင်ထားသည့် အစောင့်တစ်ဦးက အဲန်ကို ရှေ့တိုးမလာရန်ပြောပြီး အသင့်ထိုးချိန်လိုက်သည်။

လှံကိုင်စစ်သည်တစ်ဦး က ဂိတ်အတွင်းမှ ထွက်လာ၏။

အဲန်က လက်ထဲမှ စာရွက်ကိုပြကာ အကျိုးအကြောင်းပြောပြလိုက်သည်။

မောင်အင်းကို နေခဲ့ပြီး..အဲန် တစ်ယောက်တည်းသာ လာခဲ့ရန် ဂိတ်တဲအတွင်းမှ လူက အကြောင်းပြန်၏။

အကြပ်အဆင့်ရှိ ထိုသူကပင် အဲန်လက်ထဲမှ စာရွက်ကို စစ်ဆေးသည်။

ထို့နောက် အဲန် ကို ခေတ္တစောင့်ရန်ပြောပြီး အထဲသို့ ဝင်သွား၏။

အဲန်သည် ထောင်အတွင်းပိုင်းဆီသို့ မျှော်ငေးလျက်ကြည့်နေသည်။

ခဏအကြာတွင် အသားမည်းမည်း ခါးကိုင်းကိုင်းဖြင့် ထောင်ပိုင်ကြီး မောင်လ ဆိုသူ ထွက်လာ၏။

သူက အဲန်၏ လက်ထဲသို့ အမိန့်စာရွက်ကို ပြန်ထည့်လိုက်သည်။

မည်သည့်စကားမျှ မပြောပဲပြန်လှည့်ထွက်သွားသဖြင့် အဲန်မှာ ကြောင်အမ်းအမ်း ဖြစ်နေစဉ်..အသံတစ်ခုကို ကြားလိုက်ရသည်။

ဂျပ်ဆင်အား အစောင့်နှစ်ယောက်မှ ဒရွတ်တိုက်ဆွဲလာခြင်းပင်။

အစောင့်နှစ်ဦး၏ ကြားတွင် ဂျပ်ဆင်မှာ ခေါင်းငိုက်စိုက်ကျကာ ပါလာသည်။

ဂျပ်ဆင်၏ ခြေထောက်နှစ်ဖက်တွင် လေးလံကြီးမားသည့် သံခြေကျင်းကြီးများကို သုံးထပ်ခပ်ထားသဖြင့် လမ်းလျှောက်နိုင်ခြင်းမရှိ။

အမြဲတမ်းသန့်ရှင်းသပ်ရပ်စွာနေတတ်သည့် ဂျပ်ဆင်၏ ဆံပင်များမှာ ဖွာလန်ကြဲနေ၏။ အဝတ်အစားများမှာလည်း စုတ်ပြဲပေရေနေသည်။ အာဟာရပျက်သည့် ဒဏ်ကြောင့် မျက်လုံးများမှာ ပွင့်တချက်မပွင့်တချက်။

မျက်နှာနှင့် ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာဒဏ်ချက်များဖြင့် ညစ်ပတ်ပေရေလျက် လူရုပ်မပေါ်တော့။

အဲန်မှာ ခင်ပွန်းဖြစ်သူ၏ အခြေအနေကို ကြည့်ကာ ရုတ်တရက် မှင်သက်မိနေသည်။

အစောင့်နှစ်ဦးက ဂျပ်ဆင်အား လက်နှစ်ဖက်ဖြင့် တရွတ်တိုက်ဆွဲလာရာမှ အဲန်ရှေ့တွင် ပစ်ချပေးလိုက်၏။

ဂျပ်ဆင်မှာ မြေကြီးပေါ်တွင် အရုပ်ကြိုးပျက် ခွေခွေကလေးလဲကျသွားသည်။

အဲန် က ထိုမြင်ကွင်းကို အတန်ကြာကြောင်ကြည့်နေမိ၏။

ဂျက်ဆင်က အဲန်၏ အနီရောင်ရှူးဖိနပ်လေးကို မြင်သည့်အခါ အားယူလျက်တဖြည်းဖြည်း ခေါင်းကိုမော့ကြည့်လိုက်သည်။

မထင်မှတ်ပဲ မိမိချစ်ဇနီးကို မြင်လိုက်ရသဖြင့် ဂျက်ဆင်မှာ အံ့သြတကြီးဖြစ်သွား၏။

“အဒမ်”

အဲန်က မြေကြီးပေါ်တွင် ထိုင်ချကာ ဂျပ်ဆင်၏ ပျော့ခွေနေသောခန္ဓာကိုယ်ကိုသိမ်းကြုံး ပွေ့ယူလိုက်တော့သည်။

# (၇)

ဂျပ်ဆင်က အဲန် ၏ လက်များကို ခပ်ဖွဖွဆုပ်ကိုင်လိုက်သည်။

ဖြူဖတ်ဖြူလျော်ဖြစ်ပြီး အက်ကွဲနေသည့် နှုတ်ခမ်းများက အဲန် ၏ နာမည်ကို ရေရွတ်နေ၏။

အလင်းရောင်နည်းပါးပြီး အညစ်အကြေးစွန့်စရာနေရာမရှိသည့်အကျဉ်းစခန်းတွင် ရက်ပေါင်းများစွာနေခဲ့ရသည့်အတွက် ဂျပ်ဆင် ၏ ခန္ဓာကိုယ်မှ အနံ့အသက်တို့မှာ ဆိုးရွာလွန်းလှသည်။

"အဲန်...ကိုယ့်စာရေးစားပွဲက အံဆွဲထဲမှာ...ဗမာဘာသာပြန်ပြီးသား ဓမ္မသစ်ကျမ်းစာအုပ် ရှိတယ်...အဲ့ဒါကို ယူပြီး ရန်ကုန်ဆိပ်ကမ်းကိုရတဲ့နည်းနဲ့ပြန်သွားပါ..ပြီးရင် အိန္ဒိယကို ထွက်သွားပြီး...ဓမ္မသစ်ကျမ်းကို ဗမာဘာသာနဲ့ ထုတ်ဝေနိုင်အောင်လုပ်ပါ..အဲ့ဒါအရေးကြီးတယ် "

(ခရစ်ယာန်သမ္မာကျမ်းစာတွင် ယေရှုမမွေးဖွားမီကာလ ဓမ္မဟောင်းနှင့် ယေရှုမွေးဖွားပြီးကာလ ဓမ္မသစ်ဟူ၍ ရှိသည်)

တိုးညင်းလွန်းသော ဂျပ်ဆင်၏ အသံကို နားထောင်ပြီးနောက် အဲန်က ခေါင်းကို ခါယမ်းလိုက်သည်။

"ကျွန်မ ရှင်နဲ့အတူ..ဒီကို လာခဲ့တာ..အဒမ်..ရှင် မပါပဲ..ကျွန်မ ဘယ်ကိုမှ မသွားနိုင်ဘူး..ရှင့်ကို ဒီထောင်ထဲကနေ ကျွန်မရအောင်ကယ်မယ်..ပြီးတော့..ကျွန်မမှာ"

အဲန်က သူမ၏ ကိုယ်ဝန်အကြောင်းပြောရန် ပြင်လိုက်၏။

သို့သော် အနောက်ဘက်မှ လုံတံရှည်တစ်ချောင်းဖြင့် အဲန် ၏ ကျောကုန်းကို လာထောက်ခြင်းခံလိုက်ရသည်။

"ခင်ဗျား..ပြန်ဖို့ အချိန်ကျပါပြီ"

အစောင့်စစ်သား၏ အသံက မာကျောအေးစက်။

အတွင်းဘက်မှ အစောင့်နှစ်ဦးက ဂျပ်ဆင်၏ ချိုင်းနှစ်ဖက်ကို ဆွဲထူကာ တရွတ်တိုက်ပြန်ခေါ်သွားကြ၏။

"ကျွန်မမှာ ကိုယ်ဝန်ထပ်ရနေပြီ...အဒမ်"

အဲန်က အင်္ဂလိပ်လို အော်ပြောလိုက်တော့သည်။

ဂျပ်ဆင်မှာ ထိုအသံကြောင့် ခေါင်းများထောင်လာ၏။

သူ့အား ချုပ်ထားသည့် အစောင့်များထံမှ ရုန်းကန်ကာ ကိုယ်ကို ထူမတ်လိုက်သည်။

"ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ..အဲန်..ကိုယ် မကြာခင် ပြန်လာမယ်"

အဲန်မှာ မြေပြင်တွင် ဒူးထောက်လျက်..သူမ၏ ခင်ပွန်းအား အချုပ်ထောင်ထဲသို့ ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေသည်။

ထောင်ဂိတ်ဝ၏ ပြင်ပသို့ အဲန်ထွက်လာချိန်တွင် မောင်အင်း က အဲန်ကို ဂရုဏာသက်သောမျက်လုံးများဖြင့် ကြည့်နေ၏။

"ကျွန်တော်တို့ အိမ်ပြန်ကြမှာလား..ဆရာကတော်"

"မြို့ဝန်ဦးရွှေလေး အိမ်ကို သွားကြမယ်"

မောင်အင်း က လှည်းကို မြို့မြောက်ဘက်ဆီသို့ ဦးတည်လိုက်တော့၏။

..............................................................................................................

"ကျုပ်အဆင့် ကျုပ်ရာထူးလောက်နဲ့ ဆရာယုဒသနတို့ကို ထောင်က လွှတ်ပေးဖို့အထိ မစွမ်းဆောင်ပေးနိုင်တာတော့ စိတ်မကောင်းပါဘူး..ဆရာကတော်"

မြို့ဝန်ဦးရွှေလေး က အဲန်၏ တောင်းဆိုချက်အပေါ် ငြင်းပယ်လိုက်သည်။

"သူ့မျက်လုံးတွေကလည်း ရောဂါက ဆေးကုနေတာမို့..ဒီလို အနေအစားဆင်းဆင်းရဲရဲနဲ့ဆို မကြာခင် မျက်စိကွယ်သွားနိုင်တယ်..ပြီးတော့ သူ ဒီတိုင်းဆက်နေရင် မကြာခင်သေသွားလိမ့်မယ်....ကျွန်မ တောင်းပန်ပါတယ်ရှင်..သူ ဒီငရဲခန်းက လွတ်မြောက်ဖို့အတွက်ဆို ကျွန်မ ဘာလုပ်ပေးရ ပေးရပါ...မြို့ဝန်မင်းတို့ ကူညီပေးပါကြပါ"

အဲန် ၏ မျက်လုံးအိမ်အတွင်း မျက်ရည်များဖြင့် ရစ်ဝိုင်းလာ၏။

မြို့ဝန်ကတော် မကြာအုံ က ပိုးပုဝါစလေးကို အဲန် ထံသို့ ကမ်းပေးလိုက်သည်။

ထို့နောက် အဲန်၏ ပုခုံးကို ဆုပ်ကိုင်နှစ်သိမ့်ပေးလိုက်၏။

ဦးရွှေလေးက သက်ပြင်းရှည်ကြီး ချကာ ကွမ်းတစ်ယာကို ပါးစပ်ထဲ ထည့်မြုံလိုက်သည်။

"ဆရာကတော်ကို နားလည်အောင်ရှင်းပြရရင်..အခု နန်းတော်ထဲမှာက နန်းမတော်ကြီးနဲ့ စလင်းမင်းသားကြီးတို့ မောင်နှမရဲ့ လူတွေ ကြီးစိုးနေတာ..သူတို့စကားသာ ဘုရင့်နားကိုပေါက်ရောက်တာပါ.ကျုပ်တို့က သာယာဝတီမင်းသားရဲ့အိမ်တော်ပါတွေဆိုတော့...သူတို့က ကျုပ်တို့ကိုလည်း တယ်ပြီး ယုံကြည်ကြ

တာမဟုတ်ဘူး...ဒီအခြေအနေမှာ တချို့ကိစ္စတွေကို.. ကျူပ်အရမ်းကာရောလုပ် လိုက်မိရင်..အသက်နဲ့ကိုယ် အိုးစားကွဲမှာပါ”

ဦးရွှေလေးက အခန်းတွင်းမှ ထွက်သွားပြီဖြစ်သည်။

မြို့ဝန်ကတော်မကြာအုံ က အဲန်၏ လက်များကို ဆုပ်ကိုင်လိုက်၏။

“ဆရာကတော်ကြိုးစားကြည့်ချင်တယ်ဆိုရင်တော့...ကျွန်မ လူတစ်ယောက်ဆီ လိုက်ပို့ပေးချင်တယ်..သူ့ဆီမှာ ဝင်အသနားခံကြည့်ပါလား”

“ဘယ်သူနဲ့ ကျွန်မတွေ့ရမလဲ...တွေ့ပါမယ်..မြို့ဝန်ကတော်”

“စလင်းမင်းသားကြီးကတော် က ကျွန်မနဲ့ ရင်းနှီးပါတယ်..သူ့ဆီ ဆရာကတော်ကို ခေါ်သွားပေးမယ်”

အဲန် က သူမပါးပြင်ပေါ်မှ မျက်ရည်များကို သုတ်လိုက်သည်။

“ကျွန်မကို အခုပဲ သူ့ဆီ လိုက်ပို့ပေးပါရှင်..လိုက်ပို့ပေးပါ”

“ဆရာကတော်ဆန္ဒမစောပါနဲ့ဦး...သိတဲ့အတိုင်း စလင်းမင်းသားကြီးဦးအို အိမ် ကို ဝင်ထွက်ဖို့ဆိုတာက”

မကြာအုံ၏ စကားကို အဲန် သဘောပေါက်လိုက်သည်။

ဗမာတို့၏ ဓလေ့ထုံးစံအရ အာဏာရှိသူထံ ဝင်ထွက်သည့်အခါ လက်ဆောင်ပဏ္ဏာ ဆက်သသည်ဟူသော ခေါင်းစဉ်ဖြင့် လာဘ်ထိုးရစမြဲ။

“ဆရာကတော်မှာ ခက်ခဲနေရင်..ကျွန်မပဲ စီစဉ်လိုက်ပါ့မယ်..မနက်ဖြန်သွားကြ တာပေါ့”

အဲန်က မကြာအုံ၏ လက်ကို ပြန်လည်ဆုပ်ကိုင်လိုက်သည်။

“ဒီလောက်ကူညီတာပဲ ကျေးဇူးကြီးလှပါပြီ..ဝန်ကတော်...ကျွန်မမှာ စုထား ဆောင်းထားတာ နည်းနည်းတော့ရှိပါသေးတယ်”

..........................................................................................................

အဲန်သည် ခါးကိုကွေးကာ ခန္ဓာကိုယ်ကို ကြမ်းပြင်တွင် ဝပ်တွားထားရသည်။

သူမ၏ နဘေးတွင်ရှိနေသော မကြာအုံမှာမူ ထိုအနေအထားဖြင့် အသားကျနေ သည့်အလျောက် သက်တောင့်သက်သာရှိနေ၏။

ဗမာနန်းတွင်းဓလေ့ခစားပုံမှာ အဲန်အတွက် မသက်သာလှ။

သို့သော်လည်း ဝေဒနာကို ကြိတ်မှိတ်လျက် အဲန်မှာ ငြိမ်သက်စွာနေ၏။

“မမဖုရား ကြွလာပါပြီ”

ထမီစနှင့်အတူ ဖောင်းဖောင်းအစ်အစ်ခြေဖဝါးတစ်စုံကို မြင်ရသည်။

“မိကြာအုံပါလား..ဘာအရေးနဲ့များ အခစားဝင်လာရသတုန်းကွယ့်”

ထိုအခါမှ မကြာအုံနှင့် အဲန်တို့မှာ စလင်းမင်းသားကြီးဦးအို ၏ ကြင်ယာတော်ကို မော်ကြည့်လိုက်ကြ၏။

ရှင်ဘုရင်ပြီးသည့်နောက် အင်းဝနန်းတော်တွင် သြဇာအကြီးမားဆုံးဖြစ်သည့် မိဖုရားခေါင်ကြီး၏ မောင်တော် ၊ စလင်းမင်းသားကြီးဦးအို၏ သုံးခန်းဆက်အိမ်ကြီးမှာ နန်းတော်ငယ်တစ်ခုအလား ခမ်းနားကြီးကျယ်လှသည်။

စလင်းမြို့စားဆိုသော ရာထူးမှာ ဗမာဘုရင်တို့၏ အထူးယုံကြည်ရသည့် လူယုံများကိုသာ ပေးလေ့ရှိသည့် ရာထူးဖြစ်သည်။

စလင်းမင်းသားကြီးသည် နန်းတွင်းဌာနအတော်များများတွင် ကြိုးကိုင်ချယ်လှယ်ထား၏။ နန်းတော်နှင့်ပတ်သည့်အရေးအရာကိစ္စများ၊ စီးပွားရေးကိစ္စများတွင် ဦးအို အား ငွေကြေး လက်ဆောင်ပဏ္ဏာပေးအပ်က ချဉ်းကပ်ဝင်ထွက်ကြရသည်။

နိုင်ငံခြားသားများအား မုန်းတီးသူဖြစ်သော်လည်း လာဘ်ငွေရလျှင်မူ လက်ခံတွေ့ဆုံလေ့ရှိ၏။

ထို့ကြောင့် ဦးအိုသည် အချိန်တိုအတွင်း၌ အင်းဝတွင် အချမ်းသာဆုံးသော လူတစ်ဦးဖြစ်လာခဲ့ခြင်းပင်။

ရွှေပိန်းချထားသော သလွန်ပေါ်တွင် မင်းသားကြီးဦးအို၏ ကတော်ကြီးက ထိုင်နေသည်။

နဘေးမှ အပျိုတော်များက ဆေးလိပ်များလိပ်ကာ ဆက်သရ၏။

မင်းသားကြီးကတော် က ဆေးလိပ်နှစ်လိပ်ကိုယူကာ မကြာအုံထံ ကမ်းပေးလိုက်သည်။

မကြာအုံက လက်နှစ်ဖက်ဖြင့် ရိုသေစွာယူလိုက်သည်။

“ဒီနိုင်ငံခြားသူကို ငါ မြင်ဖူးပါတယ်”

အဲန်သည် မြန်မာဆံထုံးပေါ်တွင် မြတ်လေးပန်းများကို သီကုံးပန်ဆင်ထား၏။

အရပ်ရှည်ရှည်တွင် မြန်မာဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားသဖြင့် အဲန်၏ ပုံစံက ဆွဲဆောင်မှုအပြည့်ရှိနေသည်။

မကြာအုံက အဲန်ကို အချက်ပြလိုက်သည်။

အဲန်က သူမ၏ ကတ္တီပါအိတ်ရှိထဲမှ ပတ္တမြားလက်စွပ်ကလေးကို ထုတ်လိုက်၏။

ထိုလက်စွပ်ကလေးသည် အဲန်၏ အဘွားဘက်မှ အမွေပေးရခဲ့သည့် လက်စွပ်ကလေးဖြစ်သည်။

"မမဖုရားအတွက် အိန္ဒိယပတ္တမြားနဲ့ လုပ်ထားတဲ့ လက်စွပ်ကလေး ဆက်သပါတယ်"

မင်းသားကြီးကတော် က လက်စွပ်ကို သေချာကြည့်ရှုနေ၏။

"အင်း.. ဒါက အိန္ဒိယပတ္တမြားလား..ငါတို့ မိုးကုတ်ကြပ်ပြင်လောက် အရည်လုပ်ပါ့မလား..မှန်း"

သူမ၏ လက်ချောင်းများတွင် ပတ္တမြားလက်စွပ်ကို လိုက်စွပ်ကြည့်နေသည်။

"ကဲ..ဆိုစမ်းပါဦး..ဘာများ တောင်းဆိုစရာရှိလို့လဲ"

"ကျွန်တော်မျိုးမ နဲ့ ကျွန်တော်မျိုးမရဲ့ခင်ပွန်း ဆရာယုဒသဃန်တို့ဟာ ဘုန်းတော်ကြီးဘုရားက ဒေါက်တာဖရိုက်စ် နဲ့အတူ အင်းဝမှာ လာခစားဖို့ဖိတ်ခေါ်လို့ လာကြသူတွေပါ....ကျွန်တော်မျိုးမတို့ ဒီနိုင်ငံကို လာရခြင်းရည်ရွယ်ချက်က ခရစ်ယာန်သာသနာပြန့်ပွားစေဖို့သက်သက်ကလွဲပြီး ဘာအကြံအစည်မျိုးမှ မရှိကြပါဘူး... ပြီးတော့ ကျွန်တော်မျိုးမတို့ဟာ အခု အင်းဝနန်းတော်နဲ့ စစ်ခင်းနေကြတဲ့ အင်္ဂလိပ်နိုင်ငံသားတွေလည်း မဟုတ်ကြပါဘူး..အမေရိကန်နိုင်ငံသားတွေပါ..ဒါပေမယ့်..ကျွန်တော်မျိုးမရဲ့ ခင်ပွန်းသည်ကို အင်္ဂလိပ်ဘက်တော်သားဆိုပြီး ဖမ်းဆီးထားကြပါတယ်"

မင်းသားကြီးကတော်မှာ ပတ္တမြားလက်စွပ်ကို သာ စိတ်ဝင်တစားကြည့်နေပြီး အဲန်အား မျက်လုံးဖြင့်ပင် ဝေ့မကြည့်ချေ။

"ကျွန်တော်မျိုးမတို့ဟာ အင်္ဂလိပ်သူလျှိုတွေမဟုတ်သလို..အင်္ဂလိပ်ဘက်တော်သားတွေမဟုတ်ဘူးဆိုတာ ကျွန်တော်မျိုးမ အသက်နဲ့လဲပြီး ဆိုရဲပါတယ်"

"အင်း..အဲ့ဒီတော့ ငါက ဘာလုပ်ပေးရမလဲ"

"မမဖုရားရဲ့ ကြင်ယာတော်မင်းသားကြီးဆီ လျှောက်တင်ပြီး..ကျွန်တော်မျိုးမရဲ့ ခင်ပွန်းကို အကျဉ်းထောင်က လွှတ်ပေးစေချင်ပါတယ်....နောက်ပြီး စစ်ပွဲနဲ့ မပတ်သက်တဲ့ အရပ်သားနိုင်ငံခြားသားတွေကိုလွှတ်ပေးဖို့ တောင်းဆိုပေးစေချင်ပါတယ်"

"ခက်သားလား..မယ်မင်းရဲ့......မင်းရဲ့ လက်ဆောင်အတွက်တော့ကျေးဇူးတင်ပါတယ်..ဒီကိစ္စဟာ မင်းယောကျ်ားတစ်ယောက်တည်း ဖမ်းခံနေရတာမဟုတ်

ဘူး..နိုင်ငံခြားသားမှန်သမျှ တပြေးညီဖမ်းခံနေရတာမဟုတ်လား...ငါလည်း ဘယ်တတ်နိုင်မလဲ"

"မမဖုရားရဲ့ ခင်ပွန်း မင်းသားကြီးတတ်နိုင်ပါတယ်...ဒီမှားယွင်းနေမှုဟာ အင်းဝအတွက်ရော..ဖမ်းခံနေရသူတွေ အတွက်ပါ ဘယ်လိုမှ အကျိုးမရှိပါဘူး...ဒါကို စလင်းမင်းသားကြီးတည့်မတ်ပေးနိုင်ပါတယ်"

"ငါ့လင် က ရှင်ဘုရင်မှ မဟုတ်တာကွယ်...ဘယ့်နှယ့်"

အဲန်က ခန္ဓာကိုယ်ကို မတ်မတ်ထားလိုက်၏။ မည်သည့်အရာကိုမဆို ရင်ဆိုင်ရန်သူမ ပြင်ဆင်ထားခဲ့ပြီ။

ယမန်နေ့က တွေ့ခဲ့ရသော ခင်ပွန်းသည်၏ ရင်နင့်စဖွယ်အနေအထား က သူမကိုရဲရင့်စေခဲ့ပြီဖြစ်သည်။

"ကျွန်တော်မျိုးမ.. နေရာမှာ...မမဖုရား နေကြည့်ပါ"

အဲန်၏ အသံက မာထန်ကျယ်လောင်သွားသဖြင့် နဘေးမှ မကြာအုံက အလန့်တကြားဖြင့်ကြည့်လိုက်၏။

"မမဖုရားဟာ အမေရိကန်နိုင်ငံမှာရှိနေပြီး မမဖုရား ရဲ့ ခင်ပွန်းသည်ကို ဘာအပြစ်မှမရှိပဲ ညစ်ပတ်မှောင်မဲနေတဲ့ အကျဉ်းထောင်ထဲထည့်၊ ခြေကျင်းခတ်နှိပ်စက်ခံနေရတဲ့အခြေအနေမှာ... ဇနီးသည်တစ်ယောက်အနေနဲ့.. မမဖုရားဘယ်လို ခံစားရမလဲ..ဘာလုပ်မလဲ... သူစိမ်းသူရံတိုင်းပြည်မှာ ကူရာကယ်ရာမဲ့နေတဲ့ မိန်းမတစ်ယောက်အနေနဲ့ သူ့ခင်ပွန်းအတွက် ဘာလုပ်ပေးမလဲ"

အဲန်က သူ့စိတ်ထဲရှိသည်များကို ခရားရေလွှတ်ပြောချလိုက်သည်။

မင်းသားကြီးကတော် အပါအဝင် အခန်းထဲမှ အစေခံများအားလုံးမှာ အဲန်ကိုကြောင်ပြီး ငေးကြည့်နေကြ၏။

အဲန်၏ စကားအဆုံးတွင် တခန်းလုံး တိတ်ဆိတ်သွားသည်။

မင်းသားကြီးကတော်မှာ သလွန်ပေါ်တွင် ပျင်းရိပျင်းတွဲလှဲနေရာမှ ခန္ဓာကိုယ်ကိုမတ်လိုက်၏။

ထို့နောက် သူမအား စူးစိုက်ကြည့်နေသည့် အဲန်၏ မျက်လုံးများကို ရင်ဆိုင်လိုက်သည်။

"ကောင်းပါပြီ...မင်းရဲ့ ကိစ္စကို မင်းသားကြီးဆီ ငါလျှောက်တင်ပေးဖို့တော့..ငါကတိပေးပါတယ်..မနက်ဖြန် အကျိုးအကြောင်းသိရအောင် ငါ့အိမ်ကို ထပ်လာခဲ့ပါဦး"

မင်းသားကြီးကတော်၏ အသံက ထူးထူးခြားခြားတိုးလျသ်မဲမွှေ့နေသဖြင့် အနီးရှိ အစေခံအမျိုးသမီးငယ်များပင် အံ့သြနေကြတော့၏။

# (၈)

"မောင်အင်း လှည်းကို ခဏရပ်လိုက်ပါ"

စလင်းမင်းသားကြီးအိမ်မှ အပြန်လမ်းတွင် အဲန်က လှည်းကို ခဏရပ် ခိုင်းလိုက်၏။

ဂျပ်ဆင်နှင့်အတူ ထောင်ကျနေသော ကုန်သည်ကြီး ဟင်နရီဂေါက်ဂျာ ၏ အိမ်ခြံဝန်းရှေ့တွင် လူအများ ရုတ်စုရုတ်စုဖြစ်နေကြသည်ကို အဲန် မြင်လိုက်ရသောကြောင့်ဖြစ်သည်။

အဲန်က လှည်းပေါ်မှဆင်းပြီး လူအုပ်ကြားထဲသို့ အသာတိုးဝင်လိုက်၏။

ဟင်နရီဂေါက်ဂျာ၏ အိမ်ထဲတွင် ဗြဲတိုက်အမှုထမ်းများ၊ စစ်သားများဖြင့် ရှုပ်ယှက်နေသည်။

လူအုပ်ထဲတွင် ရှိနေသော မစ္စတာဂေါက်ဂျာ၏ ထမင်းချက်အနီးသို့ အဲန် က အသာချဉ်းကပ်သွား၏။

"ဘာဖြစ်နေတာလဲ"

"သူတို့ မစ္စတာရဲ့ ပိုင်ဆိုင်မှုတွေအားလုံးကို ဘုရင့်ဘဏ္ဍာအဖြစ် သိမ်းဆည်းနေကြတာ..မဒမ်"

အဲန် သည် အခြေအနေကို သိလိုက်သည်နှင့် တပြိုင်နက် လှည်းရှိရာသို့ အပြေး ပြန်သွားလိုက်သည်။

"မောင်အင်း..အိမ်ကို အမြန်မောင်းချေ"

ပိုင်ဆိုင်မှုများအား သိမ်းဆည်းခြင်းကိစ္စသည် မကြာမီ မိမိတို့ထံသို့ ရောက်လာနိုင်ကြောင်း အဲန် တွက်ဆလိုက်၏။

အိမ်သို့ရောက်သောအခါ မောင်အင်းနဲ့ ကူချေးတို့ကို အိမ်အနောက်ဘက်တွင် ကျင်းတစ်ကျင်းတူးရန်စေခိုင်းလိုက်သည်။

မရီနှင့်မကြည်တို့ကို ခေါ်ကာ သူမပိုင်ဆိုင်သော အနည်းငယ်မျှသည့် ရွှေငွေရတနာနှင့် ငွေစများကို အဝတ်ထုပ်များဖြင့် အထပ်ထပ်ထုတ်ပိုးကြသည်။ ငွေသေတ္တာအတွင်းတွင်မူ သိမ်းဆည်းသူများ သံသယမဖြစ်စေရန် ငွေစ (၂၀၀)ခန့်ကို ချန်ထားလိုက်၏။

ထို့နောက် အနောက်ဘက်တွင် တူးထားသော ကျင်းထဲသို့ သွားရောက်မြှုပ်နှံလိုက်သည်။

သူတို့ပိုင်ဆိုင်မှုကို သိမ်းဆည်းမည့်စစ်သားများရောက်လာလျှင် အစားအသောက်ဝယ်စရာပင် ချန်မည်မဟုတ်ကြ။ ခင်ပွန်းဖြစ်သူလွတ်မြောက်ရေးအတွက် လာဘ်ထိုးရန်လည်း လိုအပ်သေးသည်မဟုတ်လား။

ပစ္စည်းများကို မြှုပ်နှံပြီးသည်နှင့် နောက်ထပ်လုပ်စရာတစ်ခုမှာ ဂျပ်ဆင်ဘာသာပြန်ထားသော ဓမ္မသစ်ကျမ်း လက်ရေးစာမူပင်။

အဲန် က ထိုလက်ရေးစာမူများကို ခေါင်းအုံးအဟောင်းတစ်လုံး၏ အတွင်းဘက်တွင် ထည့်သွင်းဝှက်ထားလိုက်၏။

နောက်တနေ့ နံနက်တွင်တော့ အဲန် ခန့်မှန်းသည့်အတိုင်းပင်။

မြို့တိုက်မှ ဘဏ္ဍာရေးဆိုင်ရာ ဝန်ထောက်သည် စစ်သည်ငါးဆယ်ခြံရံလျက် အဲန်တို့၏ ခြံတံခါးဝသို့ ရောက်ရှိလာလေတော့သည်။

အသားလတ်လတ်၊ ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ရှိသော ဝန်ထောက် သည် သူ၏ သေးငယ်သောမျက်လုံးများဖြင့် အိမ်ခြံဝန်းတစ်ခုလုံးကိုလွှမ်းခြုံကြည့်လိုက်၏။

ထို့နောက် ဘုရင့်ချိတ်တံဆိပ်နှိပ်ထားသော အမိန့်စာတစ်ခုကို အဲန် လက်ထဲသို့ အပ်လိုက်သည်။

ရန်သူသူလျှိုအဖြစ် ဖမ်းဆီးခံထားရသော ခရစ်ယာန်ဘာသာရေးဆရာ ယုဒသန်ပိုင် ပစ္စည်းများကို ဘုရင့်ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းမည့်အကြောင်း ရေးထားသည့် အမိန့်စာကို အဲန်က အစအဆုံး ဖတ်လိုက်၏။

“ဝန်ထောက်မင်း ရောက်လာပြီဆိုတော့..ကျွန်မတို့က မနက်စာနဲ့ ဧည့်ခံပါရစေ..အိမ်ထဲကို ကြွကြပါ..ပြီးမှ လုပ်စရာရှိတာ ဆက်လုပ်ကြတာပေါ့”

အဲန်၏ တည်ငြိမ်လှသောဟန်ကြောင့် ဝန်ထောက်မှ တအံ့တသြဖြစ်သွားသည်။

မိမိတို့ ပိုင်ဆိုင်မှုများအား သိမ်းဆည်းရန်လာရောက်သည့်သူများကို ဧည့်ခံကျွေးမွေးဖို့ပြောနေသည့် ထိုအမျိုးသမီး။

“ကြွကြပါ…ဝန်ထောက်မင်းနဲ့ အရာရှိသုံးဦးအတွက် ကျွန်မတို့ စားဖို့မှူး ကူးချေးက လက်ဖက်ရည်နဲ့ ဘီစကစ်မုန့်တွေစီစဉ်ထားပါတယ်…တခြားစစ်သည်တွေအတွက်လည်း ဘီစကစ်မုန့်များမျှဝေပေးပါ့မယ်”

ဝန်ထောက်နှင့်အတူ ချိန်ခွင်များကိုင်ထားကြသည့် အရာရှိများက အဲန် ခေါ်ဆောင်ရာသို့ လိုက်လာကြသည်။

အိမ်အတွင်းတွင် ကူချေးနှင့် မရီတို့ညီအစ်မက အစားအသောက်များကို ပြင်ဆင်နေ၏။

ဝန်ထောက် က လက်ဖက်ရည်ကို တငုံငုံပြီး ဘီစကစ်ကို စားလိုက်ပြီး..

"ယုဒသသန်ရဲ့ ပိုင်ဆိုင်မှုရွှေငွေရတနာတွေကို ဘုရင့်ဘဏ္ဍာအဖြစ်သိမ်းဆည်းတော့မှာမို့...ကျုပ်တို့ကို အဲ့ဒီပစ္စည်းတွေအပ်ပါ..မယ်မင်း"

အဲန်က သူမလက်ထဲမှ သော့တွဲတစ်တွဲကို ရှောရှောရှူရှူပင် ပေးလိုက်၏။

"ဟော့ဟို သေတ္တာဟာ ဒီမြေပေါ်မှာ ကျွန်မတို့ ပိုင်သမျှ အကုန်ပါပဲ"

အဲန်က လိမ်လည်ရာမရောက်သော သူ့စကားကို သူပြန်သဘောကျပြီး လှစ်ခနဲပြုံးလိုက်သည်။

အရာရှိများက သော့တွဲကို ယူကာ သေတ္တာကို သွားဖွင့်လိုက်ကြ၏။

"ဒါ..မယ်မင်းတို့ ပိုင်တဲ့ ငွေစ အကုန်လား"

"ကျွန်မတို့ အပိုင်မဟုတ်ပါဘူး...အမေရိကန်မှာရှိတဲ့ ကျွန်မတို့ ဘာသာဝင်တွေက ကျွန်မတို့ ဒီနိုင်ငံမှာ သာသနာပြုလုပ်ငန်း လာလုပ်တဲ့အခါ သုံးစွဲစားသောက်ရအောင် လှူဒါန်းလိုက်တဲ့ အလှူငွေတွေပါ..ဘုရားသခင်ရဲ့ ငွေတွေပေါ့"

အဲန်၏ စကားကြောင့် ဝန်ထောက် က မျက်ခုံးကို ပင့်ကာ ကြည့်လိုက်သည်။

"ကဲ..ကျုပ်တို့ စနစ်တကျစာရင်းသွင်းပြီး ဒါကို သိမ်းဆည်းလိုက်တယ်..ခင်ဗျားရဲ့ ယောကျ်ားမှာ တကယ်အပြစ်မရှိဘူးဆိုရင်တော့ ဒီစာရင်းအတိုင်း ဒီငွေတွေ ပြန်ရပါလိမ့်မယ်...ပြီးတော့...ဒီငွေစတွေက ခင်ဗျားတို့ ဆီမှာ ရှိတာအကုန်ပဲလား"

"ဟော့ဒီတစ်အိမ်လုံး ရှင်တို့ စိတ်ကြိုက်ရှာဖွေနိုင်ပါတယ်..ဝန်ထောက်မင်း"

ဝန်ထောက်က အချက်ပြလိုက်သည်နှင့် စစ်သားများက အိမ်အနှံ့ ပြောင်းဆန်အောင် ရှာဖွေကြတော့သည်။

အချိန်အတန်ကြာသည်အထိ ရှာဖွေသော်လည်း မည်သည့်ပစ္စည်းမျှ မတွေ့ကြ။

နံရံတွင် ချိတ်ထားသော ဂျပ်ဆင်၏ သားမွေးအင်္ကျီများ၊ ကုပ်အင်္ကျီများ၊ အဲန်၏ ပုဝါများကို ကြမ်းပြင်တွင် စုပုံလိုက်ကြ၏။

"ဒါတွေက စုပြီး ထည့်လိုက်ကြ"

ဝန်ထောက် က အမိန့်ပေးလိုက်သည်။

"ဒီတွေက ကျွန်မ ခင်ပွန်းရဲ့ အဝတ်အစားတွေပါ...အဖိုးတန်ပစ္စည်းတွေမဟုတ်ပါဘူး"

“ဘာပဲဖြစ်ဖြစ် ဒါတွေကိုလည်း ဘုရင်မင်းမြတ်ရဲ့ ဘဏ္ဍာတော်အဖြစ် ဆက်သရမှာပဲ”

အဲန်က ဝန်ထောက်၏ မျက်လုံးကို တည့်တည့်ကြည့်ကာ လှောင်ပြုံးပြုံးလိုက်၏။

ဘုရင့်အမိန့်စာထဲတွင် အဝတ်အစားများ သိမ်းဆည်းရန်မပါပဲ...သိမ်းဆည်းခြင်းမှာ...ဝန်ထောက်နှင့် လက်အောက်အရာရှိများ၏ ကိုယ်ကျိုးအတွက် မတော်လောဘသာ ဖြစ်ကြောင်း အဲန်ရိပ်စားမိလိုက်သည်။

“ဒါကတော့ မသင့်တော်ပါဘူး..ဝန်ထောက်မင်း..ဗမာအင်ပါယာရဲ့ ဘုရင်မင်းမြတ်ကို ကျွန်တော်မျိုးမရဲ့ ခင်ပွန်း ဝတ်ပြီးသား အဝတ်အစားတွေဆက်သမယ်ဆိုတာက မသင့်လျော်ပါဘူး..ဒါဟာ...ဘုရင်ရဲ့ ဂုဏ်သိက္ခာကို စော်ကားတာသက်သက်ပဲဖြစ်လိမ့်မယ်...ဘုရင်မင်းမြတ်ကလည်း ဒါကို လက်သင့်ခံမယ်မထင်ပါဘူး..တခြားတိုင်းသူပြည်သားတွေသိသွားရင်လည်း..အရှက်ရစရာပါ”

အဲန်၏ စကားကြောင့် ဝန်ထောက်မင်း၏ မျက်နှာမှာ သိသိသာသာ ရှက်ရွံ့ပုံပေါ်သွားသည်။

“အဲ့ဒီအဝတ်အစားတွေ ထားခဲ့ကြဟေ့..သွားကြမယ်”

ဝန်ထောက်နှင့် အဖွဲ့မှာ ပြန်လည်ထွက်ခွာသွားကြ၏။

ထိုအခါမှ အဲန်မှာ အနီးရှိ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။

အမှန်တကယ်တမ်းတွင်တော့ အဲန်သည် ဝန်ထောက်အပါအဝင် လက်နက်ကိုင်စစ်သားများစွာနှင့် ပြောဆိုနေသည့်ကာလတစ်လျှောက်လုံး သူမ၏ ကြောက်ရွံ့စိုးထိတ်မှုကို ဖုံးကွယ်ထားခဲ့ခြင်းသာ။

စစ်သားများပြန်လည်ထွက်ခွာသွားပြီးနောက် သူမ၏ ခြေအစုံမှာ မတ်တပ်ရပ်နိုင်ခြင်း လုံးဝမရှိတော့။

မရီနှင့် မကြည်တို့ကလည်း သူမနဘေးတွင် ငြိမ်သက်စွာထိုင်လျက်။

“မမအဲန်....မင်းသားကြီးကတော်ဆီ ဘယ်အချိန်များသွားမလဲခင်ဗျာ”

မောင်အင်းက အိမ်ဝမှ မေးလိုက်ခြင်းပင်။

အဲန် အတွက် ဝန်ထုပ်တစ်ခုရှင်းပြီး မကြာမီပင်..နောက်ထပ် ကိစ္စက အသင့်စောင့်ကြိုနေ၏။

သန်မာမှ ရမည်။

အဲန်က ကုလားထိုင်ပေါ်ထိုင်နေရာမှ မတ်တပ်ထရပ်လိုက်သည်။

“အခုပဲ…သွားမယ်..မောင်အင်း….မရီ…မမအဲန် ရဲ့ ထီးလေးသွားယူချေကွယ်”

အဲန်က သူမ၏ အထိမ်းအမှတ်ဖြစ်သော လေဒီရှူးအနီရောင်ကို စီးပြီးနောက်…ထီး ကို ကိုင်ကာ လှည်းပေါ်သို့ တက်လိုက်တော့သည်။

……………………………………………………………………………………………
….

ယခုတကြိမ်တွင်တော့ မင်းသားကြီးကတော်သည် မကြာအုံမပါသော်လည်း အဲန် ကို လက်ခံတွေ့ဆုံခဲ့၏။

ယခင်အခေါက်နှင့်မတူညီသည်ကား အခန်းတွင်းတွင် အစေခံများ ရှိမနေပဲ..သူမ တို့ နှစ်ဦးသာရှိနေခြင်းပင်။

“မင်းအိမ်ကို ဘုရင့် ဘဏ္ဍာတော်သိမ်းအဖွဲ့တွေလာတဲ့ သတင်းတွေ မနက်က ကြားထားတယ်…ငါက မင်းလာမှ လာပါတော့မလားလို့”

“ကျွန်တော်မျိုးမ ခင်ပွန်း ထက် အရေးကြီးတာ ဘာမှ မရှိပါဘူး..မမဖုရား”

မင်းသားကြီးကတော်က တစ်စုံတစ်ရာကို သူမထံ ကမ်းပေးလိုက်သည်။

အဲန်က သူ့လက်ထဲရောက်လာသော အရာကို ကြည့်လိုက်၏။

မနေ့က သူမပေးခဲ့သည့် ပတ္တမြားလက်စွပ်ကလေး။

“ငါ မနေ့ညက မင်းရဲ့အသနားခံမှုကို …မင်းသားကြီးဆီ လျှောက်တင်ပေးခဲ့ပါ တယ်..သေသေချာချာလည်း ရှင်းပြခဲ့ပါတယ်..ဒါပေမယ့်”

မင်းသားကြီးကတော် က စကားကို ဆက်မပြောပဲ ရပ်ထားလိုက်သည်။

“အင်္ဂလိပ်တွေနဲ့ စစ်ပွဲမပြီးမချင်း….သူတို့ကို အကျဉ်းထောင်ထဲမှာပဲ ထားဖို့..ဘုရင် က ဆုံးဖြတ်ထားတယ်”

အဲန်က မည်သည့်စကားမျှ မဆိုတော့ပဲ ကြမ်းပြင်ကိုသာ ငုံ့ကြည့်လျက်။

“ငါလည်း မင်းကို ကိုယ်ချင်းစာလို့ ကူညီပေးခဲ့တာပါပဲ…ငါစိတ်မကောင်းပါ ဘူး…မင်းတို့ရဲ့ ပိုင်ဆိုင်မှုတွေလည်း သိမ်းဆည်းခံလိုက်ရတယ်ဆိုတော့ မင်း နေထိုင်စားသောက်ဖို့ ဒီလက်စွပ်ကို ငါ..မင်းကိုပဲ ပြန်ပေးပါရစေ ”

အဲန် ခေါင်းမော့လာသည်။

“ကျွန်တော်မျိုးမကို ကူညီမှုဖေးမမှုအတွက် မမဖုရားကို ကျေးဇူးတင်ပါတယ်…ဒီ ပစ္စည်းက ကျွန်တော်မျိုးမက မမဖုရားကို လက်ဆောင်ပေးထားပြီးသားမို့ ပြန် လက်မခံပါရစေနဲ့”

အဲန်က ပတ္တမြားလက်စွပ်ကို မင်းသားကြီးကတော်ထိုင်နေသည့် သလွန်ပေါ်တွင် ပြန်တင်ပေးလိုက်၏။

“ဆရာကတော်လေး”

မင်းသားကြီးကတော်က သူမအား တလေးတစားခေါ်လိုက်သည့်အသံ။

“ဆရာကတော်လေး မှာ ကိုယ်ဝန်ရှိနေတယ်ဆိုတာ...မကြာအုံပြောလို့သိပြီးပါပြီ....တို့ဘက်က နောက်ဆုံး ကူညီပေးနိုင်တာကတော့..ဆရာကတော်လေးရဲ့ ခင်ပွန်းကို သွားတွေ့တဲ့အခါ အကျဉ်းထောင်ဝင်းထဲက ညှော်တွေ့တဲ့ နေရာမှာ အေးအေးဆေးဆေးတွေ့ခွင့်ပြုပေးဖို့ ထောင်မှူးမောင်လ ဆီမှာ တောင်းဆိုပေးလို့ရပါတယ်”

# (၉)

ငါးပေခြောက်ပေခန့်သာ အကျယ်ရှိသည့် တဖက်ယပ် တဲကလေး။

အင်းဝလက်မရှိထောင်ဝန်းအတွင်းရှိ ထိုတဲကလေးသည် အဲန် နှင့် ဂျပ်ဆင် တစ်ပတ်လျှင် နှစ်ရက်၊ တခါတွေ့လျှင် တစ်နာရီခန့်တွေ့ခွင့်ရှိတော့မည့်တဲကလေး ဖြစ်သည်။

“စလင်းကတော်ကြီးဒေါ်မင်းသာ ကိုယ်တိုင် ပြောလို့ ငါ ခွင့်ပေးလိုက်ရတာ…ဧည့်ဆောင်မှာတော့ တရားဝင်တွေ့ခွင့်မပေးနိုင်ဘူး…တွေ့ချင်ရင် ကိုယ့်ဘာသာထောင်ဝင်းထဲမှာ တစ်ဖက်ယပ်တဲတစ်ခု ဆောက်ရမယ်”

စလင်းမင်းသားကြီးကတော် က ကူညီပေးခဲ့သော်လည်း ထောင်မှူးကြီးမောင်လ က ဂျပ်ဆင်အား ဧည့်ဆောင်တွင် တွေ့ဆုံခွင့်မပြု။

ထောင်ဝင်းအတွင်းရှိတစ်နေရာတွင်သာ ကိုယ့်အစီအစဉ်နှင့်ကိုယ် တဲထိုးပြီး တွေ့ဆုံခွင့်ပေးခဲ့၏။

ထိုမျှ အခွင့်အရေးသည်ပင် ဂျပ်ဆင်နှင့် အဲန် အတွက်တော့ တန်ဖိုးမဖြတ်နိုင်လှ။

အဘယ်ကြောင့်ဆိုသော် အဲန်အနေဖြင့် အသန့်အရှင်းကြိုက်သော ဂျပ်ဆင်အတွက် ကိုယ်လက်ဆေးကြောသုတ်သင်ရန် ရေခရားဖြင့် ရေအနည်းငယ်ယူလာခွင့်ရသောကြောင့်ပင်။

အင်းဝ၏ နွေဥတုကား တဖြည်းဖြည်း ပူသည်ထက် ပူပြင်းလာ၏။

၁၈၂၄ မတ်လတွင် အင်္ဂလိပ်က ဗမာနိုင်ငံကို အတိအလင်းစစ်ကြေညာပြီးသည့်နောက် ဖမ်းဆီးမှုများမှာ ပိုမိုဆိုးရွားလာသည်။

အင်္ဂလိပ်သူလျှိုဟု မသင်္ကာသူများ၊ အနောက်တိုင်းသားများနှင့်ပတ်သက်ခဲ့ဖူးသူများမှာ အင်းဝရှိ ထောင်လေးခုထဲသို့ တဖွဲဖွဲရောက်ရှိလာ၏။

အခန်းတစ်ခန်းအတွင်းတွင် အကျဉ်းသားပေါင်း ရာနှင့်ချီကာ ပြွတ်သိပ်ထည့်ထားသဖြင့် အလုံပိတ်ပုံစံ တည်ဆောက်ထားသော ထောင်အတွင်း ထောင်သားများမှာ အသက်ရှူကြပ်သည့်ဒဏ်ကို ခံကြရသည်။

နံနက်ရှစ်နာရီအချိန်တွင်သာ အကျဉ်းသား (၁၀)ယောက်တတွဲစီအပြင်သို့ ထွက်ခွင့်ပြု၏။

သို့သော် အချိန်အားဖြင့် ငါးမိနစ်သာ။

အစားအသောက်မှာ နန်းတော်မှ ဆန်နှင့်ငါးပိ ထောက်ပံ့ပေးထားသော်လည်း အကျဉ်းထောင်အရာရှိအချို့က ဖြတ်စားကြသဖြင့် ရိက္ခာလုံလောက်စွာမရရှိကြ။

ထို့အပြင် အကျဉ်းသားများ၏ ခြေထောက်များအား ဝါးတန်းတွင်ချည်ကာ ခေါက်ထိုးဆွဲခြင်း၊ ထိပ်တုံးကို ပြောင်းပြန်ခတ်ခြင်းတို့ကြောင့် ညည်းညူသံများမှာ အပြင်ဘက်မှပင် ကြားနေရသည်။

အချို့မခံနိုင်သဖြင့် ဆူပူကြသော ဗမာအကျဉ်းသားအချို့ကို ထောင်စောင့်များက တင်းပုတ်များဖြင့် ထုသတ်ကာ ကွပ်မျက်ပစ်ကြ၏။

အဲန် က ဂျပ်ဆင်အပါအဝင် အခြားအကျဉ်းသားများအတွက် တာရှည်အထားခံသော ကွတ်ကီးများ၊ ပိုင်မုန့်များ၊ ပေါင်မုန့်များကို ရသလောက် ခိုးဝှက်ကာ ယူလာပေးသည်။

အချိန်ကြာလာသည်နှင့်အမျှ မြန်မာဝတ်စုံဖြင့် ထောင်ဝင်စာလာတွေ့လေ့ရှိသည့် အဲန်ကို အကျဉ်းထောင် အရာရှိများ၊ ဝန်ထမ်းများက ရင်းနှီးစပြုလာ၏။

အဲန်ကလည်း အရာရှိများအား လာဘ်ထိုးကာ အကျဉ်းသားများ နံနက်ပိုင်းအပြင်ထွက်ခွင့်အချိန်တိုးပေးရေးကို တောင်းဆိုပေးခဲ့သည်။

ဘင်္ဂလား၊ အာသံ ၊ ကချာနယ်များတွင် စစ်သူကြီးမဟာဗန္ဓုလ သည် အင်္ဂလိပ်တပ်များကို အောင်မြင်နေချိန်ကာလများဖြစ်သဖြင့် အကျဉ်းသားများမှာလည်း လွတ်လပ်ခွင့်အတော်အသင့်ရရှိနေ၏။

အဲန် နှင့် ဂျပ်ဆင်မှာလည်း တစ်ရက်လျှင် နှစ်နာရီခန့်ပင် တွေ့ဆုံခွင့်ရနေသည်။ အဲန်က ပြင်ပမှ သတင်းစကားများကို စာဖြင့်ရေးသားကာ..ရေခရားနှုတ်သီးတွင် လိပ်ထည့်ပြီး ဂျပ်ဆင်ထံ ပေးလေ့ရှိသည်။

ထိုစာကို ထောင်ထဲမှ အကျဉ်းသားများမှာ ဖတ်ရှုပြီး လက်ဆင့်ကမ်းကြ၏။

၁၈၂၄ ဇူလိုင်လဆန်း။

မိုးတစိမ့်စိမ့်ကျနေသော ညနေခင်း။

နန်းတော်ဆီမှ အမြောက်သံတချက် ထွက်ပေါ်လာသည်။

ထိုအသံကြောင့် အင်းဝလက်မရွံ့အကျဉ်းထောင်တစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်ကြ၏။

အမြောက်သံတစ်ချက်ဆိုသည်မှာ စစ်ပွဲရှုံးနိမ့်လိုက်သည့် အချက်ပြသံဖြစ်သည့်အတွက် အားလုံးမှာ ရင်တထိတ်ထိတ်ဖြစ်နေကြသည်။

ထိုအခြေအနေက အကျဉ်းထောင်အတွင်းရှိ အင်္ဂလိပ်စစ်ပွဲကစ္စနှင့် ဖမ်းခံထားရသည့် အကျဉ်းသားများ အားလုံး၏ ကံကြမ္မာမှန်းသူတို့နားလည်ထားကြ၏။

မကြာမီပင် ထောင်တစ်ခုလုံးကို မီးငြိမ်းချလိုက်သည်။ မှောင်မည်းတိတ်ဆိတ်နေသောထောင်ကြီးမှာ ကြောက်စရာကောင်းလောက်အောင် ငြိမ်သက်လျက်။

ကချာ၊ဂျိန်းတိယနယ်အတွင်း ပန်းဝါရာမူးစစ်ပွဲတွင် မြန်မာတို့အား ရှုံးနိမ့်ခံရခြင်းသည့် အင်္ဂလိပ်စစ်သမိုင်းတွင် စီမံခန့်ခွဲမှုအညံ့ဖျင်းဆုံး တိုက်ပွဲအဖြစ် အရှက်ရခဲ့သည်။

သို့သော် အင်္ဂလိပ်တို့မှာ ထိုအရှုံးမှ သင်ခန်းစာယူလိုက်ကြ၏။

ဗြိတိသျှအိန္ဒိယအင်ပါယာနှင့် ကပ်လျက်ရှိနေသော ဗမာအင်ပါယာသည် အန္တရာယ်တစ်ခုဖြစ်လာနိုင်ကြောင်း သုံးသပ်မိကြသည်။

ထို့ကြောင့် တောတောင်ထူထပ်ကြမ်းတမ်းသည့် တောင်တန်းဒေသတွင် ဗမာတို့နှင့် စစ်ပြိုင်မည့်အစား..အင်္ဂလိပ်တို့၏ ရေတပ်အားသာချက်ကိုအသုံးပြုနိုင်မည့် ပင်လယ်ဝင်ပေါက်မှ စစ်ဆင်ရေးပြုလုပ်ရန် ဗိုလ်ချုပ်ကြီး ဆာအာချီကမ်းဘဲက ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် မြန်မာပြည်အောက်ပိုင်းမှ ထိုးစစ်စတင်လျှင် ဗမာလက်အောက်ခံဖြစ်နေသည့် မွန်တို့၏ အကူအညီ၊ ဗမာ၏ တိုက်ခိုက်သိမ်းပိုက်မှုကို မကြာခဏခံရသည့် ထိုင်းတို့၏ အကူအညီကို ရနိုင်မည်ဖြစ်ကြောင်းလည်း စဉ်းစားမိခဲ့ကြ၏။

၁၈၂၄ မေ ၁၁ တွင် ဗြိတိသျှကမ်းတက်စစ်သား (၅၀၀၀)၊ အိန္ဒိယတပ်သား(၅၀၀၀)ပါသော ရေတပ်ကြီးသည် အက်ဒမန်ကျွန်းမှတဆင့် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်တရက်ဝင်ရောက်လာကြသည်။

အင်းဝရှိ အအောင်မြင်ဆုံးစစ်သူကြီးဖြစ်သည့် မဟာဗန္ဓုလနှင့် အကောင်းဆုံးတပ်မှူးများ၊ စစ်တပ်များအားလုံးမှာ အနောက်ဘက်စစ်မျက်နှာတွင် စုပြုံရောက်ရှိနေ၏။

ဗြိတိသျှတပ်များရောက်လာချိန်တွင် ရန်ကုန်မြို့တွင် မြို့ဝန်မရှိသေး။

ရေဝန်သာလျှင် မြို့စောင့်တပ်ကို စုစည်းပြီး ခုခံရသည်။ အပြင်းအထန်ခုခံသော်ငြား အင်အားချင်းမမျှပေ။

အင်္ဂလိပ်ဗိုလ်ချုပ်ကြီး ဆာအာခီဘောကမ်းဘဲလ် ဦးဆောင်သည့် တပ်များမှာ ရန်ကုန်မြို့ကို ဝင်ရောက်သိမ်းပိုက်ပြီး ရွှေတိဂုံ ပရဝဏ်အတွင်း အခိုင်အမာခံတပ်ပြုလုပ်နိုင်ခဲ့ကြ၏။

မြန်မာတပ်များက ကြည့်မြင့်တိုင်တွင်ခံတပ်ဆောက်ကာ အင်္ဂလိပ်တပ်များကို အပြင်းအထန် ပြန်လည် ထိုးစစ်ဆင်ကြသည်။

သို့သော် ကြည့်မြင့်တိုင်ခံတပ်လည်း ကျဆုံခဲ့ပြီး..ရန်ကုန်သည်အင်္ဂလိပ်တို့လက်သို့ ကျရောက်ခဲ့ရ၏။

ထိုအခြေအနေများ က အင်းဝသို့ပင် ရိုက်ခတ်လာပြီဖြစ်သည်။

..........................................................................................................

အဲန် သည် ယခင်ရက်များကအတိုင်းပင် အစားအသောက်နှင့် ရေခရားကို ကိုင် လျက် အင်းဝလက်မရွှံ့ထောင်ရှေ့တွင် မတ်တပ်ရပ်လိုက်၏။

အဲန်က ပြုံးပြလိုက်သော်လည်း လှံစွပ်သေနတ်ကိုင်စစ်သားများမှာ ယခင်နေ့များ ကဲ့သို့ မဟုတ်ပဲ..အဲန်ကို တင်းမာသော မျက်နှာများဖြင့် ကြည့်နေကြသည်။

အဲန်က သူမ ၏ အိတ်ထဲမှ ငွေစလေးများပေါ်သို့ လက်ကို တင်လိုက်၏။

ထိုငွေစများက တင်းမာသော မျက်နှာများကို ချိုသာသွားစေနိုင်မှန်း အဲန် အတွေ့အကြုံအရ သိခဲ့ပြီးသား။

“အခုဝင်လို့မရသေးပါဘူး…အဖေကြီးကို သတင်းသွားပို့ရဦးမယ်”

အခြေအနေက တမျိုးတစ်ဖုံထူးခြားနေသည်ကို အဲန် သတိထားမိလိုက်၏။

အဲန် က ထောင်ဝင်းအဝတွင် မတ်တပ်ရပ်စောင့်နေလိုက်သည်။

မကြာမီ စစ်သားနှစ်ဦးရောက်ရှိလာပြီး အဲန် လက်ထဲမှ ယွန်းထမင်းအုပ်ကလေး နှင့် ရေခရားကို ဆွဲယူလိုက်ကြ၏။

ထို့နောက် ထမင်းအုပ်ကို သူတို့၏ လက်များဖြင့် အပြန်ပြန်အလှန်လှန်နှိုက်ပြီး စစ်ဆေးကြသည်။

ရေခရားထဲမှ ရေများကို သွန်ချလိုက်၏။

ရေခရားထဲမှ ရေကို သွန်ချလိုက်သည့်အခါ ရေခရားနှုတ်သီးတွင် အဲန် ခေါက်ထည့် ထားသည့် စာလိပ်ကလေးက ရေစိုလျက် မြေပေါ်သို့ ကျလာသည်။

စစ်သားတစ်ဦးက ထိုစာလိပ်ကို ကောက်ယူပြီး အထဲသို့ ဝင်သွား၏။

ကျန်တစ်ဦးက အဲန် ၏ လည်မြိုကို လှံစွပ်ဖြင့် ထောက်ထားလိုက်တော့သည်။

မကြာမီ ထောင်တံခါးဝတွင် ခါးကိုင်းကိုင်းကုပ်ချောင်းချောင်းဖြင့် ထောင်ပိုင်ကြီး မောင်လ ပေါ်လာသည်။

သူ့လက်ထဲတွင် ရေစိုနေသော စာလိပ်လေးကို ကိုင်ထား၏။

မောင်လက အချက်ပြုလိုက်သည်နှင့် စစ်သားက အဲန်၏ လက်မောင်းကို ခပ်ကြမ်းကြမ်းကိုင်ကာ ထောင်ဝင်းအတွင်းသို့ ဆွဲခေါ်သွားသည်။

"ဒူးထောက်စမ်း…ဒူးထောက်ခိုင်းစမ်း"

အဲန်၏ တံခေါက်ကွေးကို စစ်သားက ခြေထောက်ဖြင့် ဖိချလိုက်၏။

အဲန်က မြေပြင်တွင် ဒူးထောက်ထားလိုက်သည်။

"ဒီစာ..ဒီစာက ဘာလဲ..ဘာတွေရေးထားတာလဲ..ပြောစမ်း"

စာလိပ်ထဲမှ စာများမှာ အင်္ဂလိပ်စာများဖြစ်သည့်အတွက် မောင်လ နားမလည်။

ဤကား အဲန်အတွက် သက်သာရာရသွားခြင်းပင်။

"ဆရာယုဒသန်အတွက် ကျွန်မတို့ဘာသာနဲ့ ဆုတောင်းပေးထားတဲ့စာပါ"

"မင်း..မညာနဲ့နော်"

ထိုအချိန်တွင် ထောင်တံခါးမှာ ရုတ်တရက်ပွင့်သွားပြီး အလောင်းတစ်ခုကို ဆွဲထုတ်လာ၏။

ညဦးပိုင်းက တင်းပုတ်ဖြင့် ထုသတ်ခံထားရသည့် ဗမာလူငယ်တစ်ဦး၏အလောင်းပင်။

တံခါးပွင့်သွားချိန် ထောင်အတွင်း သစ်သားယက်မများကြားမှ ဂျပ်ဆင်က သူ၏ဇနီးဖြစ်သူကို ကွင်းပြင်တွင် ဒူးထောက်ခိုင်းထားသည်ကို မြင်လိုက်ရသဖြင့် စိုးရိမ်သွား၏။

မောင်လ သည် ရေစိုနေသော စာရွက်လေးကို တလှည့်၊ အဲန်ကို တလှည့်ကြည့်လျက်။

"မင်း…သေချာတယ်နော်..ငါ ဒီထဲက စာတွေကို အင်္ဂလိပ်စာတတ်တဲ့သူနဲ့ ပြကြည့်မှာ..မင်းပြောသလို မဟုတ်ပဲ…ရာဇဝတ်သင့်တဲ့အကြောင်းအရာတစ်ခုခုသာဆို…မင်းရော မင်းယောကျ်ားပါ..မလွယ်ဘူးမှတ်"

အဲန်က တည်တည်ငြိမ်ငြိမ်ပင် ခေါင်းခါလိုက်သည်။

"ပြကြည့်ပါ….ရပါတယ်"

အရှေ့သို့ ထွက်နေသော အဲန်၏ စူပုံ့ပုံ့ဗိုက်ကလေးကို မောင်လ က တချက်ကြည့်လိုက်သည်။

"မင်း ကိုယ်ဝန်နဲ့လား"

"ဟုတ်ပါတယ်"

"ဘာစာဖြစ်ဖြစ် ဒီလိုသွင်းခွင့်မရှိဘူး...ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်...ဒဏ်ငွေအဖြစ် ငွေစ သုံးဆယ်ရိုက်မယ်"

အဲန်က သူ့အိတ်ထဲအသင့်ပါသည့် ငွေစကို ထုတ်လိုက်သည်။

"သူ့ကို ထုပေးလိုက်"

မောင်လက ငွေစကို ပါးစပ်နှင့်ကိုက်ကြည့်လိုက်ပြီး ပုဆိုးခါးပုံစထဲသို့ ထည့်လိုက်၏။

"အခု မင်း..ပြန်လို့ရပြီ....နောက်ထပ် အမိန့်တစ်ခု မရမခြင်း နိုင်ငံခြားသား အကျဉ်းသားတွေကို ဘယ်သူနဲ့မှ တွေ့ခွင့်မရှိဘူး..ဟုတ်ပြီလား..သွားတော့"

အကျဉ်းထောင်မှ အပြန်လမ်းတွင်တော့ အဲန်၏ ခြေလှမ်းများက လေးကန်နှေးကွေးနေသည်။

ရန်ကုန်မြို့အား အင်္ဂလိပ်တပ်များကသိမ်းပိုက်လိုက်သည့်သတင်းကြောင့် မြို့တွင်းတွင်လည်း ကောလဟလများစွာ ပျံ့နှံ့နေ၏။

ထိုကောလဟလများနှင့်အတူ...အပြန်လမ်းတွင် သူမရင်ဆိုင်လိုက်သည်က ဒေသခံ ဗမာလူမျိုးတို့၏ အကြည့်များပင်။

လူဖြူအမျိုးသမီးတစ်ဦးဖြစ်နေသည့်အဲန် ကို အချို့က စိုးရိမ်သည့် မျက်လုံးများဖြင့် ကြည့်ကြသကဲ့သို့ အချို့ကလည်း ရန်လိုသည့် အကြည့်များဖြင့်။

........................................................................................

# (၁၀)

ထိုနေ့ရက်များသည် အဲန်အတွက် အခက်အခဲဆုံးကာလများဖြစ်လာခဲ့သည်။

အဲန်၏ ကိုယ်ဝန်ကား တဖြည်းဖြည်းရင့်မာလာနေခဲ့ပြီဖြစ်သည်။

သို့သော်ငြား အဲန်သည် ခင်ပွန်းသည်နှင့် တွေးခွင့်ပေးလိုပေးငြား အင်းဝ လက်မရွံ့ထောင်ရှေ့သို့ နေ့တိုင်းနီးပါးသွားရောက်နေမြဲပင်။

မည်သည့် အကြောင်းမျှ မထူးသည့်အခါ သူမအား ကူညီပေးခဲ့ဖူးသည့် စလင်း မင်းသားကြီးကတော်ထံ တွေ့ခွင့်သွားရောက်တောင်းခဲ့ခဲ့သည်။

စလင်းမင်းသားကြီးကတော် ဒေါ်မင်းယာ ကလည်း အဲန် အား အတွေ့မခံတော့။

နောက်ဆုံးအားကိုးရာဖြစ်သည့် မြောက်ဘက်မြို့ဝန်ဦးရွှေလှေး ထံသို့ အဲန် ပြန် ရောက်ရပြန်၏။

မြောက်ဘက်မြို့ဝန်ကြီး ဦးရွှေလှေး မှာ သာယာဝတီမင်းသားနှင့်အတူ မကြာမီ အောက်ပြည်သို့ စစ်ထွက်ရန် ပြင်ဆင်နေသည့်အရေးဖြင့် မအားလပ်။

ခင်ပွန်းဖြစ်သူစစ်ထွက်မည့်ကိစ္စအလုပ်များနေသည့် မြို့ဝန်ကတော်ဒေါ်ကြာအုံမှာ လည်း အဲန် အား အချိန်ပေးမတွေ့ဆုံနိုင်ခဲ့။

သို့သော် မြို့ဝန်ကတော် ဒေါ်ကြာအုံသည် အဲန်အား တန်ဖိုးရှိသည့် သတိပေး စကားတစ်ခုကို ဆိုခဲ့သည်။

“ဒီစစ်ပွဲမှာ ကျွန်မတို့ဘက်က အရေးနိမ့်ပြီဆိုတာနဲ့...ဆရာကတော်အတွက်ပါ မ လုံခြုံနိုင်တော့ဘူး...စစ်သားတွေဟာ ဆရာကတော်အိမ်ကို နောက်တစ် ခေါက်ရောက်လာဦးမှာပဲ.ဒါကြောင့် ဆရာယုဒသသာန်နဲ့ ဆရာကတော် တို့ ရဲ့ အရေးကြီးတဲ့ပစ္စည်းတွေ၊ စာတွေကို စိတ်ချရတဲ့ တနေရာရာကိုရွှေ့ထားပါ”

ဒေါ်ကြာအုံ စကားကို အဲန် ညလုံးပေါက် တွေးတောနေမိသည်။

သူတို့နှစ်ဦးအတွက် အရေးအကြီးဆုံးပစ္စည်း။

မည်သည့်အရာဖြစ်မည်နည်း။

အဲန်၏ အတွေးများက လွန်ခဲ့သည့် နှစ်များဆီသို့ ပြန်လည်လွင့်ပြန့်လျက်။

...................................................................................................

လွန်ခဲ့သောလေးနှစ်။

၁၈၂၀ ခုနှစ် ဇူလိုင်လတွင် အဲန် နှင့် ဂျပ်ဆင်တို့သည် အဲန်၏ အသဲရောဂါအား ကုသရန် ရန်ကုန်မှ ကလကတ္တားသို့ ထွက်ခွာခဲ့ကြသည်။

ကလကတ္တားသို့ ရောက်ရှိချိန်တွင် ဒေါက်တာချာလ်မာစ် က သူမ၏ ရောဂါအား ကုသပေးခဲ့၏။ သာသနာပြုများဖြစ်သည့်အတွက် ဆေးကုခပင်မယူခဲ့။

အဲန်၏ ရောဂါမှာ တစစပြန်သက်သာလာခဲ့သော်လည်း ရန်ကုန်သို့ ပြန်ရန်မူ ဆရာဝန်က ခွင့်မပြုခဲ့။

ရန်ကုန်၏ ရာသီဥတု၊ အစားအသောက်ပုံစံတို့ကြောင့် ရောဂါပြန်ဖြစ်လာပြီး အသက်အန္တရာယ်ပင် စိုးရိမ်ရသည်ဟု သတိပေးခဲ့သည်။

သို့သော် ဂျပ်ဆင်ရော၊ အဲန် ပါ ရန်ကုန်မှ သူတို့၏ မိတ်ဆွေများကို သတိရနေကြပြီ ဖြစ်၏။

ရန်ကုန်မြေကို မဖြစ်မနေပြန်ရန် ဆုံးဖြတ်လိုက်ကြ၏။

၁၈၂၀ နိုဝင်ဘာ (၂၃)တွင် ဆာလာမန်ကာသင်္ဘောဖြင့် ရန်ကုန်သို့ သူတို့ ပြန်လာခဲ့ကြသည်။

ယခုတခေါက်ပြန်လာချိန်တွင်တော့ ရန်ကုန်၏ ကြိုဆိုမှုက ပထမဆုံးအကြိမ်က ကဲ့သို့ သူစိမ်းဆန်မနေတော့။

သူတို့၏ ဒေသခံခရစ်ယာန်ဘာသာဝင်မိတ်ဆွေများက ဆိပ်ကမ်းပေါ်တွင် လက်ဝှေ့ယမ်းကာ ဝမ်းသာအားရ ကြိုဆိုနေခဲ့ကြ၏။

ရန်ကုန်ရောက်ရောက်ချင်းပင် ဂျပ်ဆင်သည် ခရစ်ယာန်ဘာသာဆိုင်ရာဝေစာများနှင့် သမ္မာကျမ်းစာဘာသာပြန်ခြင်းကို ဦးရွှေငုံနှင့်အတူ ပူးတွဲလုပ်ကိုင်တော့သည်။

အဲန်နှင့် မမင်းလေး က ပူးပေါင်းကာ ရှိပြီးသားမိန်းကလေးကျောင်းအပြင်.. ယောကျ်ားလေးများအတွက် အင်္ဂလိပ်စာနှင့် အခြား ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်ဆိုင်ရာများသင်ကြားပေးသည့် ကျောင်းတကျောင်းကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

၁၈၂၁ မတ်လတွင် ဂျပ်ဆန်နှင့် အဲန်တို့၏ သစ္စာအရှိဆုံးလူယုံဖြစ်လာမည့် မောင်အင်း သည် ခရစ်ယာန်ဘာသာဝင်ဖြစ်လာ၏။

ဂျပ်ဆင်နှင့် အဲန်တို့၏ သာသနာပြုလုပ်ငန်းမှာ တဖြည်းဖြည်းအရှိန်ရနေဆဲပင်။

အဲန်မှာလည်း မြန်မာဘာသာသာမက ထိုင်းဘာသာစကားကိုပါ ကျွမ်းကျင်စွာ တတ်မြောက်နေခဲ့ပြီဖြစ်သည်။

၁၈၂၁ မုတ်သုန်ရာသီအရောက်တွင်တော့..အဲန်၏ အသဲရောဂါမှာ ထပ်မံဖြစ်ပွားလာခဲ့၏။

အခြေအနေမှာ တစ်နေ့တခြားပိုမိုရှုံသာ ဆိုးရွားလာသည်။

အိပ်ရာထဲလဲသည်အထိဖြစ်လာပြီး အရိုးပေါ်အရေတင်မျှသာရှိတော့၏။

ကလကတ္တားမှ နာမည်ကျော်ဒေါက်တာမတ်ဝီဘာ ထံ ရောဂါအခြေအနေကို စာဖြင့်ရေးကာ ပေးပို့လိုက်သည်။

ဒေါက်တာမတ်ဝီဘာ က အဲန်၏ ရောဂါအခြေအနေမှာ အအေးပိုင်းရာသီဥတုရှိသည့်နေရာတွင် နှစ်နှစ်ခန့် အချိန်ယူကုသရမည်ဟု ပြန်ကြားလာ၏။

ယခုတကြိမ်တွင်တော့ အဲန် အား အမေရိကန်ရှိ မိဘများထံတွင် ဆေးကုသစေပြီး...ဂျပ်ဆင်မှာ အရှိန်ရခါစ သာသာနပြုလုပ်ငန်းများအတွက် ရန်ကုန်တွင် နေခဲ့ရစ် ဆုံးဖြတ်လိုက်တော့သည်။

၁၈၂၁ ဩဂုတ်လ ၂၁ ရက်၊ နံနက်ခင်း။

အဲန် နှင့် ဂျပ်ဆင်တို့သည် ရန်ကုန်ဆိပ်ကမ်းတွင် တစ်ဦးနှင့် တစ်ဦး လက်ချင်းချိတ်လျက် ရပ်နေကြသည်။

အဲန် သည် မိုန်ရီဖျော့တော့စွာဖြင့် ဂျပ်ဆင်၏ ပုခုံးကို မှီထားလိုက်၏။

သူတို့နှစ်ဦးသည် မည်သည့်အချိန်မှ ပြန်လည်ဆုံတွေ့ရမည်ကို မသိနိုင်။

ခွဲခွာခြင်းဒုက္ခ သည် ရန်ကုန်မြစ်ပြင်ကဲ့သို့ တလှပ်လှပ်ဖြင့် စီးဆင်းနေဆဲ။

“နောက်ဆုံးခွဲခွာခြင်းသဘောနဲ့ ကျွန်မတို့ ဒီလို ဆုံးဖြတ်လိုက်ကြရတာဟာ..အရမ်းကို ခက်ခဲလွန်းပါတယ်”

အဲန်း က ထိုနေ့ကို သူမ၏ ဒိုင်ယာရီတွင် ယခုလို ရေးသားခဲ့၏။

ဂျပ်ဆင်နှင့်ခွဲခွာပြီးသည့်နောက် အဲန်သည် ကလကတ္တားသို့ ရောက်ရှိခဲ့သည်။ ကလကတ္တားတွင် ရှိနေစဉ်အတွင်း အမေရိကန်သို့ သွားမည့်စရိတ်မှာ ဈေးကြီးလွန်းလှသဖြင့် အဲန်တစ်ယောက် မတတ်နိုင်ပဲ ရက်ပေါင်းများစွာ သောင်တင်နေခဲ့၏။

သို့သော် မကြာမီ အင်္ဂလန်သို့ ပြန်ကြမည့် အင်္ဂလိပ်အရာရှိကြီးတစ်ဦး၏ ကလေးငယ် (၃)ဦး နှင့် ချိတ်ဆက်မိလိုက်သည်။

ထိုကလေးငယ်များအား ကြည့်ရှုစောင့်ရှောက်ရင်း အဲန်က သူတို့အခန်းတွင် လိုက်ပါသွားရမည်ဖြစ်သည်။

အဲန်၏ စရိတ်အဝဝကို အရာရှိကြီးကပင် စိုက်ထုတ်ပေးခဲ့၏။

အဲန်သည် အင်္ဂလန်သို့ရောက်သည့်အခါ မိမိအား သူရဲကောင်းအမျိုးသမီးတစ်ဦးအဖြစ် အင်္ဂလန် နှစ်ခြင်းခရစ်ယာန်အသိုင်းအဝိုင်းက ကြိုဆိုကြသည်ကို ခံစား

လိုက်ရ၏။

ဂျပ်ဆင်နှင့် အဲန်တို့၏ ရုန်းကန်မှု၊ ကြိုးစားမှုတို့သည့် ရန်ကုန်မှတဆင့် နိုင်ငံတကာခရစ်ယာန်အသိုက်အဝန်းတွင် ပျံ့နှံ့နေပြီဖြစ်ကြောင်းကို အံ့ဩစဖွယ် တွေ့လိုက်ရသည်။

ဗြိတိသျှပါလီမန်အမတ်တစ်ဦးဖြစ်သူ ဂျိုးဇက်ဘတ်တာဝပ်သ် သည် အဲန် အား အထူးတလည် ကူညီစောင့်ရှောက်ပေးခဲ့သည်။

အဲန်သည် အင်္ဂလန်တွင် လအနည်းငယ်နေထိုင်ဆေးကုပြီးနောက် ၁၈၂၂ ဩဂုတ်လ (၁၆)တွင် အင်္ဂလန်မှ မိတ်ဆွေများ၏ ထောက်ပံ့မှုဖြင့် အမေရိကန်သို့ ပြန်နိုင်ခဲ့သည်။

အဲန်နှင့် ဝေးကွာနေသည့် ကာလတလျှောက်လုံး ဂျပ်ဆင် သည် ဓမ္မသစ်ကျမ်းကို ဗမာဘာသာသို့ ပြန်ဆိုသည့် လုပ်ငန်းထဲသို့သာ မိမိကိုယ်ကို မြုပ်နှံထားခဲ့၏။

အဲန်သည်လည်း အမေရိကန်ရှိ မိဘများထံတွင် ဆေးကုသရင်း "ဗမာအင်ပါယာသို့ အမေရိကန်နှစ်ခြင်းခရစ်ယာန်သာသနာ ရောက်ရှိခြင်းအကြောင်း" စာအုပ်ကို ပြုစုရေးသားနေခဲ့သည်။

ထိုစာအုပ်သည် အမေရိကန်တွင်ချက်ချင်းပင် အောင်မြင်ကျော်ကြားသွားပြီး ကြိမ်ရေများစွာ ရိုက်နှိပ်ထုတ်ဝေခဲ့ရသည်။

အဲန် သည် နာမည်ကျော်ကြားလာပြီး အမေရိကန်ဘာသာရေးသတင်းစာများ၏ တွေ့ဆုံဆွေးနွေးခန်းများတွင် ပါဝင်လာနေ၏။

သို့သော် အဲန်သည် ထိုအောင်မြင်မှုများထက် ခင်ပွန်းဖြစ်သူရှိရာ ဗမာပြည်သို့သာ ပြန်ရန် စိတ်အားထက်သန်နေခဲ့သည်။

ကျန်းမာရေးပြန်လည်ကောင်းမွန်လာနေသော အဲန်သည် ၁၈၂၃ ဇွန်လတွင် ကလကတ္တားသို့ ပြန်လည်ထွက်ခွာလာခဲ့သည်။

ကလကတ္တားမှတဆင့် ၁၈၂၃ ဒီဇင်ဘာ ၅ ရက်နေ့တွင် ရန်ကုန်သို့ အဲန် ပြန်လည် ရောက်ရှိလာတော့၏။

ရန်ကုန်ဆိပ်ကမ်းသို့ ခြေချလိုက်သည်နှင့် ဂျပ်ဆင်၏ ရင်ခွင်ထဲသို့ အဲန် ပြေးဝင် လိုက်သည်။

ထွက်ခွာသွားစဉ်ကနှင့် မတူပဲ..ပကတိကျန်းမာလှပစွာ ဖြစ်လာသော အဲန်း ကို ဂျပ်ဆင်က ငေးကြည့်နေသည်။

ဂျပ်ဆင်ကိုယ်တိုင်ကမူ ဝမ်းရောဂါနှင့် အဖျားရောဂါတို့ကြောင့် ပိန်လှီလျက်။

“ကျွန်မ ရှင့်အနားကို ပြန်အရောက်လာနိုင်ခဲ့ပြီ..ဂျပ်ဆင်..ပြီးတော့..ဒီမှာ”

သူမ၏ အောင်မြင်နေသော စာအုပ်လေးကို ဂျပ်ဆင်၏ လက်ထဲသို့ ထိုးထည့်ပေးလိုက်၏။

ဂျပ်ဆင်က စာအုပ်ကို တအံ့တသြကြည့်လိုက်သည်။

“ရှင်..အရမ်းပိန်သွားတာပဲ”

ဂျပ်ဆင်က အဲန် ၏ နဖူးကို ခပ်ဖွဖွနမ်းလိုက်၏။

အဲန်၏ ပစ္စည်းများကို မမင်းလေးတို့ လူတစ်စုက သယ်ဆောင်သွားကြသည်။

“စာတွေထဲမှာတော့ ရှင်နဲ့အတူ ဒေါက်တာဖရိုက်စ် ဆိုတဲ့ တစ်ယောက်လည်း အတူနေနေတယ်ဆို..သူရော..ပါမလာဘူးလားဟင်”

ဂျပ်ဆင်က ခေါင်းခါလိုက်သည်။

“သူ..အင်းဝမှာ”

“ဟင်..အင်းဝမှာ ဟုတ်လား”

“ဟုတ်တယ်..အဲန်...ကိုယ်တို့နှစ်ယောက်လည်း ဒီမှာ ခဏနေပြီး အင်းဝနေပြည်တော်ဆီ သွားရမယ်”

“ကျွန်မတို့ သာသနာပြုလုပ်ငန်းတွေက ရန်ကုန်မှာလေ..ဘာဖြစ်လို့ အင်းဝကို သွားရမှာလဲ”

“အင်းဝဘုရင်ရဲ့ အမိန့်ပဲ...အဲန်..ကိုယ်တို့မှာ လွန်ဆန်ခွင့်မရှိဘူး”

# (၁၁)

အဲန် အမေရိကန်တွင်ရှိနေသည့်ကာလများအတွင်း အမေရိကန်မှ ဒေါက်တာဖရိုက်တို့ မိသားစု သည် နှစ်ခြင်းသာသနာပြုလုပ်ငန်း အတွက် ဂျပ်ဆင်နှင့်အတူ လာရောက်နေထိုင်ခဲ့သည်။

ဒေါက်တာဖရိုက်မှာ ဆရာဝန်တစ်ဦးလည်းဖြစ်သည်။

ဖရိုက်သည် ရန်ကုန်သို့ရောက်ရောက်ခြင်းပင် ရန်ကုန်ရှိ မျက်စိတိမ်စွဲနေသည့်လူနာများကို ခွဲစိတ်ကုသပေးခြင်းဖြင့် နာမည်ကျော်ကြားလာ၏။

မုတ်ဆိတ်ထူထူ၊ ဖြစ်သလိုဝတ်စားနေထိုင်တတ်သော ဖရိုက်ကို ရန်ကုန်ရှိ ဗမာလူမျိုးများက မှော်ဆရာဟု နာမည်တပ်ထားကြသည်။

ငါးလအကြာတွင် ဒေါက်တာဖရိုက်၏ ဇနီးဖြစ်သူမှာ ကွယ်လွန်သွားခဲ့၏။ သမီးငယ်ဖြစ်သူကိုလည်း ကလကတ္တားရှိ ဆွေမျိုးများထံ ပြန်ပို့ပေးလိုက်သည်။

ရန်ကုန်တွင် ဂျပ်ဆင်နှင့် ဒေါက်တာဖရိုက်သာ ကျန်ရစ်တော့၏။

၁၈၂၂ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်မှ မျက်စိကုဆရာဒေါက်တာဖရိုက်၏ သတင်းသည် အင်းဝနန်းတော်အထိ ပေါက်ကြားသွားခဲ့သည်။

အမရပူရမှ အင်းဝသို့ ပြောင်းရွှေ့ခါစဖြစ်သော စစ်ကိုင်းမင်းသည် သူ၏မြို့တော်တွင် နိုင်ငံခြားသား မျက်စိကု ဆရာဝန်ကို ထားရှိရန် အမိန့်ဖြင့် ဆင့်ခေါ်လိုက်၏။

ဒေါက်တာဖရိုက်မှာလည်း ဘာသာစကားကျွမ်းကျင်မှုအားနည်းနေသဖြင့် ဂျပ်ဆင်ကိုပါ အင်းဝသို့ တပါတည်းလိုက်ရန် အမိန့်ထုတ်သည်။

ဩဂုတ် ၁၈ ရက်နေ့တွင် သူတို့နှစ်ဦးသည် ရန်ကုန်မှ အင်းဝသို့ စတင်ထွက်ခွာလာကြ၏။

စက်တင်ဘာလတွင် အင်းဝသို့ ရောက်ရှိပြီးနောက် ဘုရင်၏ နန်းတော်သစ်ကြီးသို့ အခစားဝင်ကြရသည်။

ယခုတကြိမ်တွင်မူ ဘုရင်၏ ဆက်ဆံရေးမှာ အတော်အတန်ပျော့ပြောင်းနေသည်ကို ဂျပ်ဆင်ခံစားရသည်။

ဘုရင်သည် သူ၏ မြို့တော်သစ်တွင် နိုင်ငံခြားသားဆရာဝန်တစ်ဦးထားရှိကာ ဆေးကုသပေးရန်ကို လိုလားလျက်ရှိ၏။

စကားပြန်ဖြစ်သူ ဂျပ်ဆင်အားလည်း ဘုရင်က မှတ်မိဟန်ပြန်လာသည်။

"အခုရော…မောင်မင်းတို့ရဲ့ ဘာသာတရားကို ယုံကြည်လက်ခံသူတွေရှိနေပါပြီလား"

ရှင်ဘုရင်၏ ရုတ်တရက်မေးလိုက်သော မေးခွန်းကြောင့် ဂျပ်ဆင်မှာ ခပ်မတ်မတ်ဖြစ်သွားသည်။

ဘုရင်က မည်သည့်သဘောဖြင့် မေးသည်ကို မခန့်မှန်းနိုင်သဖြင့် အဖြေကို ထိန်းဖြေရန် ဆုံးဖြတ်လိုက်၏။

"အင်းဝမြို့တွင် မရှိပါဘုရား"

ဘုရင်က ခေါင်းညိတ်လိုက်သည်။

"ရန်ကုန်မှာရော"

ဂျပ်ဆင်က စစ်ကိုင်းမင်း၏ မျက်နှာအား ဖြည်းငြင်းစွာမော်ကြည့်လိုက်ရင်း..

"နိုင်ငံခြားသားတချို့……."

"ဗမာအနည်းငယ်လည်း ရှိလာပါပြီ..ဘုရား"

ရှင်ဘုရင်သည် ခေတ္တမျှ အသံတိတ်သွား၏။

ထိုတိတ်ဆိတ်မှုက ဂျပ်ဆင်၏ စိုးရိမ်စိတ်များကို ပိုမို ကြီးမားလာစေသည်။

"ငါကိုယ်တော်ထံ ခစားနေတဲ့ ရာဇာကတော့ နေကြတ်တဲ့နေ့ရက်အတိအကျကို တွက်တတ်တယ်..မောင်မင်းတို့ရော တွက်တတ်လား"

ရာဇာဆိုသည်မှာ ဘိုးတော်ဦးဝိုးလက်ထက်ကတည်းက နန်းတော်တွင် ခစားနေသာ မစ္စတာရော်ဂျာကို ဆိုလိုခြင်းဖြစ်သည်။

မစ္စတာရော်ဂျာမှာ အင်းဝဒေသခံ ပေါ်တူဂီမျိုးနွယ်သူတစ်ဦးနှင့် အိမ်ထောင်ကျနေပြီး ရန်ကုန်အကောက်ဝန်ရာထူး အတွက် နာမည်ထွက်နေသူလည်းဖြစ်၏။

ဘုရင်၏ နက္ခတ်ပညာရှင်ပုဏ္ဏားပုဏ္ဏားများမှာ နေကြတ် လကြတ်နေ့ရက်များကို ခန့်မှန်းတွက်ချက်ကြချိန်တွင် မစ္စတာရော်ဂျာက အင်္ဂလန်နက္ခတ်ဗေဒအသင်း ထုတ် ပြက္ခဒိန်ကို ကြည့်ရုံဖြင့် နေကြတ်သည့်နေ့ကို ပြောနိုင်သဖြင့် ဘုရင်က အထင်ကြီးနေချိန်ဖြစ်သည်။

ဂျပ်ဆင်မှာ မစ္စတာရော်ဂျာအကြောင်းကြားဖူးပြီးဖြစ်သဖြင့် ၎င်းအား ဘုရင်က အထင်ကြီးမှုလျော့မသွားစေရန် နေကြတ်ချိန်ကို မတွက်တတ်ကြောင်း လျှောက်တင်လိုက်၏။

ထိုအခါမှ ဘုရင်က ကျေနပ်အားရသွားပြီး ဘာသာရေးကိစ္စကိုဆက်မပြောပဲ နောက်ထပ် နက္ခတ်ဗေဒနှင့် ပထဝီဆိုင်ရာများကို လိုက်လံမေးမြန်းနေသည်။

နောက်ဆုံးတွင် ဒေါက်တာဖရိုက် နှင့် ဂျပ်ဆင်တို့ အား အင်းဝတွင်နေထိုင်ပြီး ဆေးကုပေးရန် မြေတကွက်ချပေးမည်ဖြစ်ပြီး လိုအပ်သည့် ထောက်ပံ့မှုများပေး မည်ဖြစ်ကြောင်း အမိန့်ချလိုက်၏။

ဂျပ်ဆင်က မကြာမီ မိမိ၏ ဇနီးဖြစ်သူ ဆေးကုပြီးရန်ကုန်သို့ ပြန်လာမည် ဖြစ်ကြောင်း၊ ဇနီးဂအား ရန်ကုန်တွင် သွားခေါ်ပြီးမှ လာရောက်နေထိုင်မည် ဖြစ်ကြောင်း ခွင့်ပန်လိုက်သည်။

ဘုရင်ကလည်း အသာတကြည်ပင်ခွင့်ပြုလိုက်၏။

အင်းဝတွင် သူတို့နေထိုင်ရန် နေအိမ်ကို ဆောက်လုပ်ပြီးသည်နှင့် ဂျပ်ဆင်လည်း ဇနီးဖြစ်သူအား ကြိုဆိုရန် ရန်ကုန်သို့ ဆင်းလာခဲ့ခြင်းပင်။

အဲန်သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရောက်ခြင်းပင် သူ၏ အထုပ်အပိုင်းများ အား အင်းဝသို့ ထွက်ခွာမည့် သင်္ဘောပေါ်သို့ ပြောင်းတင်ကြရသည်။

ဘုရင်မင်းမြတ်က အင်းဝသို့ အမြန်ဆုံးလာရန် နောက်ထပ်မိန့်ကြားလိုက်သဖြင့် ရန်ကုန်မှ ရက်အနည်းငယ်အတွင် ထွက်ခွာရတော့မည်ဖြစ်၏။

ရန်ကုန်ရှိ သာသနာပြုလုပ်ငန်းမှာလည်း မှန်မှန်ပင် တိုးတက်နေသည်။

အဲန်တို့နှင့်အတူ မောင်အင်း၊ မရီနှင့် မကြည်တို့ ညီအမလည်း အတူတကွလိုက်ပါ ကြမည်ဖြစ်သည်။

မကြာမီ ဂျပ်ဆင်မောင်နှံသည် ရန်ကုန်ရှိ မစ္စတာဝိဒ်ပါ သာသနာပြုလေးဦး နှင့် ခရစ်ယာန်ဘာသာဝင်ဖြစ်လာသူ ဗမာလူမျိုး ဆယ့်ရှစ်ဦး ကို နှုတ်ဆက်လျှက် အဲန် နှင့် ဂျပ်ဆင်တို့သည် အင်းဝသို့ ထပ်မံခရီးဆက်ခဲ့ကြတော့၏။

........................................................................................................................

............

အင်းဝ။

သင်္ဘောဆိုက်ရာ မီးသွေးတိုက်ဆိပ်မှ ဆင်းလိုက်သည်နှင့် အင်းဝ ၏ လှပခန့်ညား မှုကို အဲန် ခံစားလိုက်ရသည်။

ဂျပ်ဆင်တို့အတွက် အသင့်ပြင်ဆင်ထားသော လှည်းပေါ်သို့ ဂျပ်ဆင်နှင့် အဲန် တို့ တက်လိုက်ကြ၏။

အဲန်အတွက် အင်းဝသည် ရန်ကုန်သို့ ရောက်စအချိန်က မြင်ကွင်းမျိုးနှင့် ကွာခြားလျက်။

ရန်ကုန်သို့ ရောက်စက မြင်ကွင်းကြောင့် ဗမာတို့အား အထင်သေးခဲ့မိသည့် အဲန်မှာ အင်းဝမြို့ကြီးကို စတင်ခြေချသည်နှင့် ဗမာတို့၏ ခမ်းနားထည်ဝါမှုကို ခံစားသိရှိလိုက်ရသည်။

စံရာတံခါးဟု ရေးထိုးထားသည့်နောက်တွင် ထုံးသုတ်ထားသည့် အဖြူရောင်မုခ်ဦးကြီးက ပတ်ဝန်းကျင်တစ်ခုလုံးသို့ ဖြာထွက်နေသကဲ့သို့။

အနောက်ဘက်ရှိ ရွှေပိန်းအပြည့်ချထားသော ကျွန်းတံခါးကြီးနှစ်ချပ်မှာ အဖြူရောင်မုခ်ဦးနှစ်ခုကြားတွင် တလက်လက်တောက်ကာ လှပနေသည်။

တံခါးပေါက်များအထက်တွင် ဘုံသုံးဆင့်ရှိသော ယွန်းဆက်လည်ပေါ်တန်ဆောင်းကြီးများဆောက်လုပ်ထား၏။

စစ်ကိုင်းမင်း(ဘကြီးတော်)၏ အင်းဝမြို့မှာ ပြင်မြို့ကြီးနှင့်ကပ်လျက်တွင် တဆက်ထဲတည်ဆောက်ထားခြင်းဖြစ်သည်။

နန်းမြို့အတွင်းမှ ထိုးထွက်နေသည့် နန်းမြင့်မျှော်စင်ကြီး၊ သန့်ရှင်းညီညာနေသည့် လမ်းမကျယ်ကြီးများ ကို အဲန်က ငေးမောလျက်လိုက်ပါလာ၏။

သူတို့နေထိုင်ရမည့် ခြံရှေ့သို့ရောက်သည့်အခါ ဒေါက်တာဖရိုက် နှင့် ကုန်သည်ကြီး ဟင်နရီဂေါက်ဂျာတို့က ကြိုဆိုနေကြသည်။

ဂျပ်ဆင်က အဲန် အား ဒေါက်တာဖရိုက်၊ ဟင်နရီဂေါက်ဂျာတို့နှင့် မိတ်ဆက်ပေး၏။

ဒေါက်တာဖရိုက်မှာ ဂျပ်ဆင်နှင့် အဲန်တို့အား ပြုံးပြနေသော်လည်း သူ၏ မျက်လုံးများထဲတွင် စိုးရိမ်မှုတစ်စုံတစ်ရာကို အဲန် ခံစားနေရ၏။

ဒေါက်တာဖရိုက်သည် အင်းဝတွင် သံ့ပန်းအဖြစ်နေထိုင်ရသည့် ထိုင်းမျိုးနွယ်ထဲမှ အမျိုးသမီးငယ်တစ်ဦးနှင့် ပူပူနွေးနွေးလက်ထပ်ထားသည်။

ထိုအမျိုးသမီးငယ်မှာ မျက်လုံးတိမ်ရောဂါဖြစ်သဖြင့် ဖရိုက်ထံ လာရောက်ကုသသည့် လူနာတစ်ဦးဖြစ်၏။

ဒေါက်တာဖရိုက် က ထိုအမျိုးသမီးငယ်ကို ခွဲစိတ်ကုသပေးခဲ့သော်လည်း မတော်တဆမှုကြောင့် အမျိုးသမီးငယ်၏ မျက်လုံးတစ်ဖက်မှာ လုံးဝကွယ်သွားခဲ့ရသည်။

ထို့ကြောင့် ဒေါက်တာဖရိုက်အနေဖြင့် ထိုအမျိုးသမီးငယ်၏ ဘဝအတွက် မိမိအနေဖြင့် တာဝန်ရှိသည်ဟုယူဆကာ အမျိုးသမီးအား လက်ထပ်ထားခြင်းပင်။

ဒေါက်တာဖရိုက်၏ ဇနီး ထိုင်းအမျိုးသမီးက ခြံဝန်းအတွင်းရှိ ဂျပ်ဆင်မောင်နှံ အတွက် သီးသန့်ဆောက်လုပ်ထားသော သစ်သားအိမ်ဆီသို့ အဲန်ကို ခေါ်ဆောင်သွားသည်။

ထိုင်းဘာသာစကားကျွမ်းကျင်သော အဲန်က အမျိုးသမီးကို ထိုင်းဘာသာဖြင့် ပြောဆိုနိုင်သဖြင့် သူတို့ချင်း ချက်ချင်းပင် ခင်မင်သွားကြသည်။

ဒေါက်တာဖရိုက်နှင့် ဟင်နရီဂေါက်ဂျာကမူ ဂျပ်ဆင်၏ လက်မောင်းကို ဆွဲထားကာ တစ်စုံတစ်ခုကို တီးတိုးတိုင်ပင်နေကြ၏။

အဲန်က အိမ်အတွင်းပစ္စည်းများကိုနေရာချရင်း အပြင်ဘက်ရှိ ဂျပ်ဆင်တို့ လူစုထံ အကဲခတ်လိုက်သည်။

ဂျပ်ဆင်သည် စိုးရိမ်ပူပန်သော မျက်လုံးများဖြင့် အဲန် ရှိရာသို့ တချက်တချက်လှမ်းကြည့်လိုက်သည်ကိုတွေ့ရ၏။

ခဏအကြာတွင် ဂျပ်ဆင်ကာ အိမ်ရှိရာသို့ လျှောက်လာခဲ့သည်။

"အဲန်...ခဏနေရင် မစ္စတာဂေါက်ဂျာ က တို့အတွက် အထူးညစာစားပွဲပြင်ဆင်ထားပါတယ်တဲ့...ခဏအနားယူပြီး သွားကြစို့"

ဂျပ်ဆင်က စကားပြောရင်း..သူ၏ ဘာသာပြန်လက်စ စာအုပ်များကို တစ်ခုချင်းထုတ်ယူကာ နေရာချနေ၏။

အဲန်က ဂျပ်ဆင်၏ အနီးရှိ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် ဂျပ်ဆင်၏ လက်ကောက်ဝတ် များကို ခပ်ဖွဖွဆုပ်ကိုင်လိုက်သည်။

"အဒမ်....ဒီမှာ တစ်ခုခုဖြစ်နေတယ်မဟုတ်လား"

အဲန် စကားကြောင့်..ဂျပ်ဆင်မှာ အံ့သြသွား၏။

"ဘာကိုပြောတာလဲ..အဲန်"

"ခုန ဒေါက်တာဖရိုက် ပုံစံ ကြည့်ရတာက တခုခုကိုစိုးရိမ်ထိတ်လန့်နေပုံပဲ"

"ဘာမှမဟုတ်ပါဘူး..စိတ်မပူပါနဲ့..အဲန်"

"ရှင်မပြောချင်လည်းရပါတယ်...ကျွန်မ မစ္စဖရိုက်ကိုပဲ မေးလိုက်တော့မယ်"

ဂျပ်ဆင်က အဲန်၏ လက်များကို ခပ်ဖွဖွဆုပ်ကိုင်လိုက်သည်။

ထို့နောက် သက်ပြင်းသဲ့သဲ့ချကာ အဲန်၏ ဘေးမှ ခုံတွင် ဝင်ထိုင်လိုက်၏။

"ဟုတ်တယ်..အဲန်..ဘဂ်လားနယ်စပ်မှာ မြန်မာနဲ့ အင်္ဂလိပ်စစ်ဖြစ်တော့မယ့်..အရိပ်အယောင်တွေ တွေ့နေရတယ်တဲ့..တို့ကို အရင်က ကူညီခဲ့တဲ့ ပဲခူး

မြို့ဝန်ဟောင်းလည်း ရာထူးက ကျပြီး ဖမ်းဆီးခံလိုက်ရပြီ.. နိုင်ငံခြားသားတွေကို လည်း အင်္ဂလိပ်သူလျှိုတွေဆိုပြီး ဘုရင်က မနှစ်မြို့တော့ဘူးတဲ့...နန်းတော်ကို တောင် အလာမခံတော့ဘူးလို့ ဖရိုက်က ပြောတယ်"

"ကျွန်မတို့က အမေရိကန်တွေပဲ..အင်္ဂလိပ်နဲ့ ဗမာကြားက ကိစ္စ ကျွန်မတို့နဲ့ ဘာ ဆိုင်လို့လဲ"

"နန်းတော်ကြီးရဲ့ အမြင်မှာတော့ အင်္ဂလိပ်ရော၊ ပြင်သစ်ရော၊ အီတာလျံရော၊ အ မေရိကန်ရော... ကျုပ်တို့အားလုံးက ကုလားဖြူတွေပါပဲ...မစ္စဂျပ်ဆင်..ဒီ အကြောင်းတွေနဲ့ အင်းဝနန်းတွင်းအခြေအနေတွေကို ညစာစားရင်း အေးအေးဆေးဆေး ကျုပ်ပြောပြပါ့မယ်လေ"

သူတို့အား ထမင်းစားဖိတ်ရန် အခန်းတံခါးဝတွင်ရောက်ရှိနေသာ ဟင်နရီဂေါက် ဂျာက ပြောလိုက်ခြင်းဖြစ်သည်။

.................................................................................................................................
..........................

နောက်ပိုင်းနေ့ရက်များတွင် ဂျပ်ဆင်နှင့် အဲန်တို့သည် သူတို့၏ နေအိမ်လေးထဲ တွင်သာ နေထိုင်ရင်း ဘာသာပြန်ခြင်း၊ စာဖတ်ခြင်းလုပ်ငန်းများကိုသာ လုပ်နေခဲ့ ကြသည်။

တစ်ခါတစ်ရံ သူတို့အိမ်လေးတွင် အင်းဝရှိ ခရစ်ယာန်ဘာသာဝင်နိုင်ငံခြားသား တစ်စုက လာရောက်ဝတ်ပြုစုရုံးကြသည်။

အဲန်က အိမ်ခြံဝန်းအတွင်းရှိသစ်ပင်များအောက်တွင် ခုံများချကာ အနီးအပါးရှိ ကလေးများကို စာသင်ကြားပေးသည့်လုပ်ငန်းကို စတင်လိုက်သည်။

မကြာမီ အင်းဝရှိ လူဖြူများအားလုံး ဘုရင်ထံမှ အမိန့်တစ်စုံတစ်ရာမရပဲ အင်းဝမှ ထွက်ခွာခြင်းမပြုရန် အမိန့်ထွက်လာ၏။

ရန်ကုန်မှ မည်သည့်နိုင်ငံခြားသားကိုမျှလည်း အင်းဝသို့ ဝင်ခွင့်မပြုတော့။

ထို့ကြောင့် အင်းဝရှိ လူဖြူတစ်စုမှာ ရန်ကုန်နှင့်သာမက သူတို့၏ သက်ဆိုင်ရာ နိုင်ငံများနှင့်ပါ အဆက်အသွယ် ပြတ်တောက်သွားရတော့သည်။

ရန်ကုန်တွင်ကျန်ရစ်သော မစ္စတာဝိဒ်တို့ မိသားစုမှာလည်း ဖမ်းဆီးခံကြရသည်။ သို့သော် ရန်ကုန်မြို့ဝန်အား လာဘ်ထိုးကာ ဘင်္ဂလားသို့ အပြီးပြန်လည်ထွက်ခွာ သွားကြပြီဖြစ်ကြောင်းလည်း ဂျပ်ဆင်တို့ မသိကြရတော့။

ဂျပ်ဆင်နှင့် အဲန်တို့မှာ မိမိတို့၏ ကြမ္မာကို တဖြည်းဖြည်းရိပ်စားမိလာကြ၏။

တနင်္ဂနွေနေ့တိုင်း ပြုလုပ်နေကျ သူတို့၏ ဝတ်ပြုစုဝေးမှုကိုလည်း ဘုရင့် အထောက်တော်များက သိသိသာသာ စောင့်ကြည့်လာကြသည်။

တခုသော တနင်္ဂနွေတွင် သူတို့ထံ သတင်းဆိုးတစ်ခုဝင်ရောက်လာ၏။

ကချာနှင့် ဂျိန်းတိယနယ်တွင် အင်္ဂလိပ်နှင့် ဗမာစစ်တပ်တို့ တိုက်ခိုက်မှုများ စတင်ပြီဟူသည် သတင်းပင်။

ဝတ်ပြုကိုးကွယ်မှုကို ချက်ချင်းဖြတ်သိမ်းလိုက်ကြပြီး..အင်းဝရှိ လူဖြူများအားလုံးမှာ အပြင်မထွက်တော့ပဲ မိမိတို့၏ နေအိမ်များတွင်ပင် ငြိမ်သက်စွာ အခြေအနေကို စောင့်ကြည့်နေကြတော့၏။

...............................................................................................

# (၁၂)

၁၈၂၄ ဇွန်လ ၈ ရက်။ အင်္ဂါနေ့။

အပူပိုင်းဖြစ်သော အင်းဝတွင် မိုးဖွဲဖွဲလေးများ စတင်ရွာသွန်းသည့်နေ့။

အဲန်းနှင့် ဂျပ်ဆင်တို့သည် ညနေစာစားရန်အတွက် ရှားရှားပါးပါးရရှိထားသည့် ကြက်သားပြုတ်ကျော်နှင့် အသီးအရွက်၊ ပေါင်မုန့်အနည်းငယ်တို့ကို ပြင်ဆင်နေကြချိန်။

အဲန်စာသင်ကြားပေးနေသည့် အိမ်နီးနားချင်းကလေးများ၏ ပျော်ရွှင်စွာဆော့ကစားသံများကြားမှ ခပ်ကြမ်းကြမ်းတံခါးခေါက်သံထွက်ပေါ်လာသည်။

အဲန်းက ကလေးများ ကစားနေရာမှ ရေလာတောင်းသောက်သည်အထင်နှင့် တံခါးအား ဖွင့်လိုက်၏။

မြင်လိုက်ရသော မြင်ကွင်းကြောင့် အဲန်မှာ လိပ်ပြာလွင့်မတတ်လန့်ဖြန့်သွားသည်။

မျက်နှာတွင် သူသတ်၊ ခိုးသား စသော စာသားများထိုးထားသည့် အကျီဖလာကျင်း လူကြီးသုံးဦးသည် ကြိုးကွင်းကိုယ်စီကိုင်လျက် သူတို့အိမ်ဝတွင် မတ်တပ်ရပ်နေကြ၏။

အနောက်ဘက်တွင် အရပ်မြင့်မြင့်၊ ခါးကိုင်းကိုင်းဖြင့် သိုရင်းအကျီဝတ်ထားသော လူတစ်ဦးနှင့် စစ်သားအချို့ မတ်တပ်ရပ်နေသည်။

ထိုသူက အဲန်ကို တစ်စုံတစ်ခုပြောလိုက်၏။

အဲန်မှာ ကြောက်ရွံ့လွန်းသဖြင့် ထိုသူ၏ စကားသံများကိုပင် မကြားနိုင်တော့။

“ဆရာယုဒသန်ဆိုတာ ဘယ်မှာလဲ”

ထိုသူက ခပ်ကြမ်းကြမ်းအော်မေးလိုက်သည့်အခါမှ ဂျပ်ဆင်က အဲန်၏ ရှေ့တွင် မတ်တပ်လာရပ်လိုက်သည်။

“ကျွန်တော်ပါ”

“ကျုပ် ထောင်မှူးမောင်လပဲ....ရွှေနန်းတော်က အမိန့်အရ ခင်ဗျားကို ဖမ်းရပါလိမ့်မယ်”

မောင်လ၏ စကားအဆုံးတွင် ပါးကွက်သားတစ်ဦးက ဂျပ်ဆင်အား ခပ်ကြမ်းကြမ်း ဆောင့်တွန်းလိုက်၏။

နဂိုကပင် ကျန်းမာရေးမကောင်းလှသဖြင့် ပိန်လှီနေသော ဂျပ်ဆင်မှာ ကြမ်းပြင်ပေါ်သို့ ပုံလျက်လဲကျသွားသည်။

ထို့နောက် ပါးကွက်သားသုံးဦးက ဂျပ်ဆင်ကို မှောက်ခုံပြုလုပ်လိုက်ပြီး အပေါ်မှ ဒူးဖြင့်ဖိကာ လက်ပြန်ကြိုးတုပ်လိုက်ကြသည်။

ထို့နောက် နောက်ထပ်ကြိုးမားသော ကြိုးခွေဖြင့် ခန္ဓာကိုယ်၊ လည်ပင်းနှင့် ခြေထောက်တို့ကို တဆက်တည်းဖြစ်အောင် တုပ်နှောင်ကြ၏။

ကြိုးဖြင့် တင်းကြပ်စွာအကြမ်းပတမ်းတုတ်နှောင်မှုကြောင့် ဂျပ်ဆင်၏ ပါးစပ်မှ သွေးများပင် ထွက်ကြလာသည်။

အဲန်သည် တကိုယ်လုံးအေးစက်တောင့်တင်းလျက် မြင်ကွင်းကို ငေးနေမိ၏။

ဂျပ်ဆင်ကား နာကြင်လွန်းလှသဖြင့် ကြမ်းပြင်တွင် ညည်းညူအော်ဟစ်နေသည်။

ထိုအခါမှ အဲန်က သတိဝင်လာသည်။

ထောင်မှူးမောင်လ၏ လင်မောင်းများကို သွားရောက်ဆုပ်ကိုင်လိုက်ပြီး

"ကျွန်မပိုက်ဆံပေးပါ့မယ်..သူ့ကိုမဖမ်းပါနဲ့ရှင်"

မောင်လက အဲန်ကို အေးစက်သော မျက်နှာပေးဖြင့် ကြည့်လိုက်၏။

"ဟော့..ဒီဟာမကိုလည်းဖမ်း..ဒင်းလည်း နိုင်ငံခြားသူလျှိုမပဲနေမယ်"

"မလုပ်ပါနဲ့..ကျွန်တော်ဇနီးနဲ့ မဆိုင်ပါဘူး...သူက လွန်ခဲ့တဲ့လကမှ အမေရိကန်က နေ ရောက်လာတာပါ...မလုပ်ပါနဲ့"

ဂျပ်ဆင်က ကြိုးများတုတ်နှောင်ထားသည့်ကြားမှ တွားသွားကာ မောင်လ၏ ခြေဖမိုးကို နဖူးနှင့် ထိကာ အော်ဟစ်တောင်းပန်လိုက်သည်။

အဲန်တို့စာသင်ပေးနေသည့် ပတ်ဝန်းကျင်မှ ကလေးများနှင့် ကလေးမိဘများသည် အိမ်အခန်းဝလေးတွင် စုပြုံရောက်ရှိနေကြ၏။

မောင်လ က ပတ်ဝန်းကျင်ကို တချက်ကြည့်လိုက်သည်။

"ကဲ..အချိန်မရှိဘူး..သူ့ကိုပဲ ခေါ်ခဲ့လိုက်ကြတော့"

ပါးကွက်သားများသည် ဂျပ်ဆင်ကို ချည်နှောင်ထားသော ကြိုးတစ်စကို ခပ်တင်းတင်းဆုပ်ကိုင်ကာ အိမ်ထဲမှ တရွတ်တိုက်ဆွဲထုတ်သွား၏။

အဲန်သည် အိမ်ခန်းအတွင်းပြေးဝင်ပြီး ငွေသေတ္တာအတွင်းမှ ငွေစ လက်တစ်ဆုပ်ကို နှိုက်ယူလိုက်သည်။

ထို့နောက် အိမ်ပြင်လမ်းမသို့ ရောက်နေပြီဖြစ်သော မောင်လ ထံသို့ ပြေးသွား၏။

မောင်လ၏ လက်ထဲသို့ ငွေစများကို ထိုးထည့်ပေးလိုက်သည်။

"သူ့ကို သက်သက်သာသာ ခေါ်သွားပေးပါရှင်..ခေါ်သွားပေးပါ..ဒီတိုင်း မြေကြီးမှာ တရွတ်ဆွဲသွားရင် သူသေလိမ့်မယ်"

အဲန် ၏ အနောက်ဘက်မှ မရီနှင့် မကြည်တို့ကလည်း ငိုယိုကာ လိုက်လာကြသည်။

မောင်လက အဲန် ပေးသည့် ငွေများကို လက်ခံလိုက်သော်လည်း မည်သည့်အမိန့်မျှ ထပ်မပေး။

ဂျပ်ဆင်မှာ မြေကြီးတွင် တရွတ်ဆွဲလျက် ပါသွားတော့၏။

ထိုအချိန်တွင် အပြင်သို့သွားနေသော မောင်အင်း သည် အဲန်တို့ ရှိရာသို့ ပြန်ရောက်လာ၏။

"မမအဲန်...ကလေးတွေနဲ့အတူ အိမ်ကို ပြန်သွားပါ..ဆရာကြီးဆီ ကျွန်တော်လိုက်သွားပါ့မယ်...ပြီးရင် အခြေအနေကို မမအဲန်ကို ပြန်ပြောပါ့မယ်"

မောင်အင်း၏ လက်ကို အဲန်က ဖမ်းဆွဲထားလိုက်သည်။

"ရော့..ဒီငွေစတွေယူသွားဦး...သူ့ကို မသတ်ဖို့..ငါ ဘာဖြစ်ဖြစ်ပေးမယ်..မောင်အင်း..သူ မသေဖို့ ကြိုးစားပေးပါ"

မောင်အင်း ထွက်သွား၏။

ကြောက်လန့်ငိုယိုနေသော မရီနှင့် မကြည်တို့ နှစ်ယောက်ကို အဲန်က သူမ၏ ရင်ခွင်ထဲသို့ ထည့်ကာ နှစ်သိမ့်ရင်း အိမ်ရှိရာသို့ ပြန်လာခဲ့သည်။

သူမက စတင် ထိတ်လန့်နေလျှင် ကလေးများ၏ အခြေအနေက ပိုဆိုးမည်ဟု အဲန် တွေးမိလိုက်၏။

ထို့ကြောင့် စိုးရိမ်ကြောင့်ကြမှုကို အတတ်နိုင်ဆုံး သိမ်းဆည်းကာ မရီနှင့်မကြည် အား ညစာစားရန် ပြင်ဆင်ပေးနေလိုက်သည်။

"သမီးတို့ ဘာမှမဖြစ်ဘူးနော်..သူတို့ အထင်လွဲကြတာပါ...ဆရာကြီးက ခဏနေ ပြန်လွှတ်လာမှာ..ဘာမှစိတ်မပူကြနဲ့.. ညစာစားလိုက်ကြ"

အဲန်က ညစာပြင်ဆင်နေရင်း..ကလေးနှစ်ဦးကို နှစ်သိမ့်လိုက်သည်။

ခဏအကြာတွင် မောင်အင်း ပြန်ရောက်လာ၏။

"မောင်အင်း"

"မမအဲန်...ဆရာကြီးကို သူတို့ နန်းတော် ဖြဲတိုက်ရုံးရှေ့အထိ ခေါ်သွားကြ တယ်....ဆရာကြီးမှာ ရထားတဲ့ ဒဏ်ရာတွေကိုမြင်ပြီး ဖြဲတိုက်အရာရှိက သူတို့ကို ဆူပူကြိမ်းမောင်းနေတာတွေ့ရပါတယ်..ပြီးတော့..သူတို့ ဆရာကြီးကို လက်မရွှံ့ထောင်ကို ပို့မယ်လို့ပြောသံကြားရပါတယ်"

"လက်မရွှံ့ထောင်"

အဲန်မှာ ထိုနေရာတွင်ပင် ခွေလျက် လဲကျသွားချင်စိတ်ကို မနည်းထိန်းထားရ၏။

အင်းဝတွင် အနေကြာခဲ့ပြီဖြစ်သော ဟင်နရီဂေါက်ဂျာ ပြောပြလေ့ရှိသည့် ဇာတ်လမ်းများတွင် သေဒဏ်ကျအကျဉ်းသားများကို ထားသည့် နန်းမြို့တွင်းမှ လက်မရွှံ့ထောင်ကြီးအကြောင်း မကြာခဏပါဝင်လေ့ရှိသည်။

လူမဆန်သည့်နှိပ်စက်နည်းများဖြင့်နှိပ်စက်လေ့ရှိသည့် ထိုငရဲဘုံသို့ သူမ၏ ခင်ပွန်းကို ပို့ကြတော့မည်။

အဲန်သည် သူမတို့၏ အိပ်ခန်းအတွင်းသို့ ဝင်ကာ တံခါးကိုပိတ်လိုက်၏။

ထို့နောက် ကြမ်းပြင်ပေါ်တွင် ဒူးထောက်ချကာ ရှိုက်ကြီးတငင်ငိုကြွေးလိုက် သည်။

တပြိုင်နက်တည်းတွင် သူမယုံကြည်ရာ ခရစ်တော်ထံတွင်လည်း ဆုတောင်း လိုက်၏။

အပြင်မှ မောင်အဲ က တံခါးကို ခေါက်ကာ အော်ခေါ်ပြန်သဖြင့် အဲန်က တံခါးထ ဖွင့်လိုက်သည်။

"ရှေ့မှာ မြို့ဝန်မင်းရုံးက စာရေးတော်ကြီးရောက်နေပါတယ်...ဒီအိမ်ကို စစ်ဆေး စရာတွေရှိနေလို့ပါတဲ့"

မောင်အင်းစကားကြောင့် အဲန်သည် စိတ်ကို စုစည်းပြီး တည်ငြိမ်အောင်ထား လိုက်သည်။

ထို့နောက် ဂျပ်ဆင်၏ စာရေးစားပွဲသို့သွားကာ ကလကတ္တား၊ အမေရိကန်မှ မိတ်ဆွေများနှင့် အပြန်အလှန်ပို့ခဲ့ကြသည့် စာများကို သိမ်းဆည်းလိုက်၏။

ထိုစာများအတွင်း အင်းဝ၏ နိုင်ငံရေးအခြေအနေအချို့ကိုလည်း ရေးသားလေ့ရှိ ရာ ထိုစာများသည် သူတို့အား အထင်လွဲစရာဖြစ်လာနိုင်သည်။

ဂျပ်ဆင်၏ ဒိုင်ယာရီတွင်လည်း အင်းဝနန်းတော်မှ လူအချို့အကြောင်းကို မှတ်တမ်းရေးထားရာ ထိုမှတ်တမ်းများကိုပါ အိမ်ကြမ်းခင်းအပေါက်များအောက်မှ ထိုးချကာ ဖျောက်ဖျက်ပစ်နေ၏။

အပြင်ဘက်မှ မြို့ဝန်စာရေး၏ အော်ဟစ်သံ၊ စစ်သားတို့၏ အော်ဟစ်သံများကို အဲန်ကြားနေရသည်။

အဲန်က သူမ၏ ဖွာလန်ကြဲနေသော ဆံပင်များကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဖီးသင်လိုက်၏။

မျက်ရည်များကို သုတ်လိုက်ပြီး တည်ငြိမ်သော ဟန်ပန်ဖြင့် အခန်းတံခါးကို ဖွင့်လိုက်သည်။

မြို့ဝန်စာရေးမှာ အသက်(၄၀)ဝန်းကျင်ရှိပြီး အဲန်ကို သံသယမျက်လုံးများဖြင့် စူးစိုက်ကြည့်နေ၏။

"ကျုပ်တို့ရောက်နေတာတောင်..တံခါးကို ဘာလို့ မဖွင့်ပေးရတာလဲ"

"ကျွန်မ ခင်ပွန်းကို အခုလေးတင်ပဲ အကြမ်းပတမ်းရိုက်နှက်ဖမ်းဆီးသွားတာ...ရှင်တို့လည်း ကျွန်မကို တခုခု လုပ်တဲ့အခါ ခံနိုင်ရည်ရှိအောင် ကျွန်မစိတ်ကို ကျွန်မ ပြင်ဆင်နေခဲ့တာပါ"

"ဘာတွေပြောနေတာလဲ...ကဲ..ခင်ဗျားကို ကျုပ်တို့ ဘာမှမလုပ်ဘူး..မေးစရာရှိတာ နည်းနည်းမေးမှာ"

"မေးနိုင်ပါတယ်"

"ခင်ဗျား ယောကျ်ားဟာ ကလကတ္တား နဲ့ စာအဆက်အသွယ်လတိုင်းရှိတယ်ဆိုတာ..ဟုတ်သလား"

"ဟုတ်ပါတယ်...ကလကတ္တားမှာ ကျွန်မတို့ အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့ ရုံးခွဲရှိပါတယ်...ကျွန်မတို့ရဲ့လုပ်ငန်းစဉ်တွေကို အဲ့ဒီကို အမြဲတမ်းတင်ပြရပါတယ်..ပြီးတော့ ဒေါက်တာဖရိုက် ရဲ့ ဆေးကုသမှုလုပ်ငန်းအတွက် ဆေးဝါးတွေ၊ ဆေးကုသနည်းစာအုပ်အသစ်တွေလည်း အမြဲမှာရပါတယ်"

"အင်္ဂလိပ်အစိုးရ အရာရှိတွေ နဲ့ကော...ခင်ဗျားယောကျ်ား စာအဆက်အသွယ်ရှိတယ်မဟုတ်လား"

"ကျွန်မတို့ လွန်ခဲ့တဲ့ရှစ်နှစ်က ဒီနိုင်ငံကို လာတဲ့အခါ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီက ကျွန်မတို့ပါလာတဲ့ သင်္ဘောကို အိန္ဒိယမှာတောင် ကမ်းကပ်ခွင့်မပေးခဲ့ပါဘူး...အဲ့ဒီနှစ်တွေက အင်္ဂလိပ်နဲ့အမေရိကန်ဟာ စစ်ဖြစ်ထားတာ မကြာသေးတဲ့ အခြေအနေပါ...ဒီလိုအခြေအနေမျိုးမှာ ဘယ်အင်္ဂလိပ်အရာရှိက ကျွန်မတို့ကို ဆက်သွယ်မှာလဲ..ကျွန်မတို့ကလည်း ကိုယ့်နိုင်ငံရဲ့ ရန်သူဖြစ်နေတဲ့ အင်္ဂလိပ်တွေနဲ့ ဆက်သွယ်နေတယ်ဆို..အမေရိကန်အစိုးက ဒီတိုင်းလွှတ်ထားပါ့မလား"

အဲန်၏ တည်ငြိမ်သောအဖြေများကြောင့် မြို့ဝန်စာရေးမှာ အံကိုသာ ကြိတ်ထား၏။

"အခု ခင်ဗျားတို့အိမ်မှာရှိတဲ့ စာရွက်စာတမ်းတွေကို ကျုပ်တို့အချိန်မရွေးယူကြည့်နိုင်တယ်ဆိုတာ သိလား"

"ကျွန်မရော ကျွန်မခင်ပွန်းပါ ဘာမှ မဟုတ်တာမလုပ်ထားလို့..အခုကြည့်သွားလည်းရပါတယ်"

မြို့ဝန်စာရေးက အတန်ငယ်စဉ်းစားနေသည်။

"ကဲ...အကြပ်မောင်သူ နဲ့ အဖွဲ့က ဒီအိမ်ပတ်ချာလည်မှာစောင့်ကြပ်...သူတို့အားလုံး အပြင်ကို မထွက်ကြစေနဲ့"

ထိုအချိန်တွင် သူတို့အနောက်တွင် ရပ်နေသော မောင်အင်းသည် အဲန်အားမျက်ရိပ်ပြကာ အိမ်အနောက်ဘက် အမှောင်ထုထဲသို့ အသလေးလျှိုထွက်သွားသည်ကို အဲန် မြင်လိုက်ရ၏။

မောင်အင်း ၏ အကင်းပါးမှုအတွက် အဲန်မှာ စိတ်သက်သာရာရသွားသည်။

မြို့ဝန်စာရေးထွက်သွားသည့်အခါ အဲန်သည် အိမ်တံခါးကို စောင့်ပိတ်လိုက်၏။

"ဝုန်း"ခနဲအသံကြောင့် မြို့ဝန်စာရေးသည် ဒေါသထွက်သော မျက်လုံးများဖြင့်ပြန်လှည့်လာသည်။

တံခါးကို ခြေထောက်ဖြင့် စောင့်ကန်သဖြင့် အဲန်က ပြန်ဖွင့်ပေးလိုက်၏။

"ဒီမှာ..မယ်မင်း..ဘုရင့်အမှုထမ်းတွေကို ခင်ဗျားဆက်ဆံပုံက ရိုင်းစိုင်းနေတယ်..အခုချက်ချင်း ခင်ဗျားအိမ်ကို မီးရှို့ပစ်လိုက်လို့ရတယ်..နားလည်လား"

"ကျွန်မအိမ်ထဲကို ရှင်တို့က ဝင်လာတာလေ..ဒီအိမ်က ဘုရင်ကိုယ်တိုင် ပေးသနားထားတဲ့အိမ်...ရှင်တို့ မှာ လုပ်ချင်တိုင်းလုပ်ခွင့်မရှိဘူး"

မြို့ဝန်စာရေးမှာ အဲန်ကို ဒေါသထွက်နေသော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်၏။

အဲန်တို့၏ အိမ်တွင် တောက်တိုမယ်ရအလုပ်များလုပ်ကိုင်ပေးလေ့ရှိသည့် ဘင်္ဂါလီအမျိုးသားနှစ်ဦး ဆီသို့ မြို့ဝန်စာရေး၏ ဒေါသက ပုံကျသွားသည်။

"မင်းတို့က ငါတို့ကို ဘာရပ်ကြည့်နေတာလဲ....ဘာလုပ်ချင်လို့လဲ..ဟေ့..ဒီကောင်တွေကို ကြိုးတုပ်စမ်း..အကုန် အချုပ်ထဲထည့် ထိပ်တုံးခပ်ပစ်မယ်"

အဲန်က တံခါးအပြင်သို့ ထွက်လိုက်၏။

"သူတို့က သာမန်အရပ်သားတွေပါ…ရှင်တို့ က ကျွန်မအိမ်ကို စစ်ဆေးဖို့ပဲလာတာ..ဘာမှမဆိုင်တဲ့ ဘေးက သာမန်ပြည်သူကို နှိပ်စက်ခွင့် မရှိဘူးဆိုတာ ကျွန်မသိတယ်…ဘာအပြစ်မှမရှိပဲ သူတို့ကို ဖမ်းသွားရင်…ရှင်တို့ရဲ့ ရမ်းကားမှုကို မနက်ရောက်တာနဲ့ ထီးဘုရားရဲ့ မနက်ညီလာခံဆီကို ကျွန်မကိုယ်တိုင် တိုင်ကြားစာပို့မယ်"

ထီးဘုရား ၊ မနက်ညီလာခံ စသည့် နန်းတော်နှင့်ရင်းနှီးပုံရသည့် အသုံးအနှုန်းများကြောင့် မြို့ဝန်စာရေးမှာ အရှိန်သတ်သွားသည်။

အမှန်တကယ်တမ်းမှာမူ အဲန်သည် နန်းတော်တွင်းသို့ ဝင်ရောက်သွားလာဖူးသူဟင်နရီဂေါက်ဂျာပြောပြထားသည့် နန်းဓလေ့အပြောအဆိုများထဲမှ သူမလေ့လာထားသည်များကို သုံးနှုန်းလိုက်ခြင်းပင်။

မြို့ဝန်စာရေးအဖို့တော့ ဒေါက်တာဂျပ်ဆင်တို့ ဇနီးမောင်နှံ နှင့် နန်းတော်အကြားရင်းနှီးပတ်သက်မှုမည်မျှရှိသည်ကို မခန့်မှန်းတတ်ဖြစ်သွား၏။

ထို့ကြောင့် မည်သည့်စကားမျှ ဆက်မပြောတော့ပဲ…အိမ်ခြံဝန်းအတွင်းမှပြန်လည်ထွက်ခွာသွားတော့သည်။

ဘဂ်ါလီနှစ်ဦးမှာ အဲန်ကို လက်အုပ်ချီလျက် ကျေးဇူးတင်စကားဆိုကြ၏။

အဲန်က အိမ်တံခါးကို သေချာစွာပိတ်ကာ ပြတင်းပေါက်အနီးရှိ ထိုင်ခုံတွင် ထိုင်လိုက်သည်။

မရီနှင့်မကြည်က ဆီမီးများကို ထွန်းညှိလိုက်ကြ၏။

ဝါဖျော့ဖျော့မီးတောက်ငယ်သည် အဲန်၏ ရင်အတွင်း တဆစ်ဆစ်လောင်ကျွမ်းလှုပ်ရှားသကဲ့သို့ ခံစားရစေတော့သည်။

ယခုအချိန်ဆို ခင်ပွန်းဖြစ်သူတစ်ယောက် အင်းဝလက်မရှုံထောင်ထဲတွင် သေလုမျောပါးနှိပ်စက်ခံနေရပြီလား။ အကယ်၍များ ခင်ပွန်းဖြစ်သူကို သူတို့ သတ်ဖြတ်ပစ်လိုက်လျှင်။

အဲန်က ဆီမီးခွက်အလင်းရောင်ကြားမှ အပြင်ဘက် အင်းဝမြို့လမ်းမများဆီသို့ငေးကြည့်လိုက်သည်။

ကညင်းဆီမီးတိုင်များ လမ်းတလျှောက်ထွန်းထားသဖြင့် ထိန်ထိန်လင်းနေ၏။ သို့သော်ငြား အဲန်၏ ရင်ဘတ်ထဲတွင်တော့..အင်းဝ၏ လမ်းများသည် အမှောင်အတိ။

# (၁၃)

"မမအဲန်း...မမအဲန်း"

ခြံပြင်ဝမှ မောင်အင်း၏ အသံကြောင့် အတိတ်အိပ်မက်များ ထဲမှ အဲန် ပြန်လည်နိုး ထလာရသည်။

အဲန်က ဆံပင်ကို ဖီးသင်လိုက်ပြီး ဂါဝန်ကို သေသေသပ်သပ်ဖြစ်အောင် ပြုပြင်လိုက်၏။

ထို့နောက် အိပ်ခန်းတံခါးကို ဖွင့်လိုက်သည်။

မောင်အင်းက အိမ်တံခါးဝတွင် ရပ်လျက်။

"ကျွန်တော် ထောင်စောင့်တယောက်နဲ့ အဆက်အသွယ်ရခဲ့တယ်..မမအဲန်..ဆရာကြီးတို့ဆီ အစားအသောက်ပို့ပေးလို့ရအောင်..သူကူညီနိုင်တယ်တဲ့..ဟို..ငွေတော့နည်းနည်းပေးရမယ်ထင်တယ်"

မောင်အင်း စကားကြောင့်..အဲန် မှာ ထခုန်မိမတတ်ပျော်သွားရ၏။

လူချင်းမတွေ့ရသော်လည်း စားသောက်စရာများပို့ပေးနိုင်သ၍ အကျဉ်းထောင်ထဲမှ ဂျပ်ဆင်နှင့်သူ၏ မိတ်ဆွေများ အသက်ဆက်ရေး အဆင်ပြေနိုင်မည်ဖြစ်သည်။

"အဲ့ဒီလူကို ဒီနေ့ပဲ သွားတွေ့လို့ရမလား...မောင်အင်း"

"မနက်ဖြန်တော့ သူထောင်ရှေ့မှာ အစောင့်တာဝန်ကျတယ်...မနက်ဖြန် မနက်ထောင်မှူးမောင်လ မြို့ဝန်တရားရုံးကို သွားချိန်မှာ လာလို့ရတယ်လို့ ပြောပါတယ်"

အဲန် တွင် ရုတ်တရက်အကြံတခုပေါ်လာသည်။

အဲန်က သူမတို့၏ အိပ်ခန်းအတွင်းသို့ ပြန်ဝင်လိုက်သည်။ကုတင်ပေါ်ရှိ ဂျပ်ဆင်၏ ခေါင်းအုံးကို ယူလိုက်၏။

မရီ ကို ခေါ်ကာ ခေါင်းအုံးထဲမှ မှို့အချို့ကို ခွဲထုတ်ခိုင်းလိုက်သည်။

ထို့နောက် ဓမ္မသစ်ကျမ်းဘာသာပြန်စာမူလိပ်ကို ခေါင်းအုံးထဲထည့်ကာ သပ်သပ်ရပ်ရပ်ပြန်ချုပ်လိုက်သည်။

မြို့ဝန်ကတော်ကြီး သတိပေးလိုက်သည့်အတိုင်း မကြာခင် သူမ၏ အိမ်အား လာရောက်မွှေနှောက်ရှာဖွေခံရနိုင်၏။

ထို့ကြောင့် ဂျပ်ဆင်အတွက် အရေးအကြီးဆုံးပစ္စည်းဖြစ်သည့် ဓမ္မသစ်ကျမ်း ဘာသာပြန်စာမူကို ဂျပ်ဆင်၏ အနီးတွင်ပင် ပို့ထားရန်ဆုံးဖြတ်လိုက်ခြင်းပင်။

.......................................................

နောက်တနေ့ နံနက်တွင် အဲန်သည် ခေါင်းအုံးနှင့်အတူ ကြာရှည်ခံကွတ်ကီးမုန့် အချို့၊ ငွေစအနည်းငယ်ကို ယူကာ မောင်အင်းနှင့်အတူ အင်းဝလက်မရှိထောင်ရှိရာသို့ ထွက်လာခဲ့၏။

ထောင်ရှေ့မလှမ်းမကမ်းရှိ ဇရပ်ရှေ့တွင် မောင်အင်းက လှည်းကိုရပ်လိုက်သည်။

ခဏအကြာတွင် လှံတိုတချောင်းကိုကိုင်ထားသည့် ထောင်အစောင့်တစ်ဦးက မရောင်မလည်ဖြင့် သူတို့အနီးသို့ လှမ်းလာ၏။

ထိုသူက မောင်အင်းကို နှုတ်ဆက်လိုက်သည်။

အဲန်က ထိုသူ၏ လက်ထဲသို့ ငွေစအနည်းငယ်ထည့်ပေးလိုက်၏။

ထောင်စောင့်က အဲန်ထံမှ စားစရာအထုပ်များကို သူ၏ ခါးပုံစအရှည်ထဲထည့်လိပ်လိုက်သည်။

"ဆရာယုဒသာန် အိပ်ရတာအဆင်မပြေဘူးလို့ပြောထားလို့..ဒီခေါင်းအုံးလေးလည်း သူ့ဆီပို့ချင်ပါတယ်"

အစောင့်က ခေါင်းအုံးကို တချက် ကြည့်လိုက်၏။

"ကျုပ်သဘောတူထားတာ..အစားအသောက်ပဲလေ"

အဲန် က နောက်ထပ်ငွေစအနည်းငယ်ကို သူ့လက်ထဲသို့ ထိုးထည့်လိုက်သည်။

"ကူညီပေးပါရှင်"

အစောင့်က ခေါင်းအုံးကို သူ့လက်ထဲမှ လှံအရိုးဖြင့် တချက်နှစ်ချက်ထိုးကြည့်လိုက်သည်။

ထို့နောက် မည်သည့်စကားမျှမပြောတော့ပဲ ခေါင်းအုံးကိုယူကာလှည့်ထွက်သွားတော့၏။

ထိုအခါမှသာ အဲန်မှာ သက်ပြင်းချလိုက်နိုင်တော့သည်။

မည်သို့ပင်ဆိုစေ..ခင်ပွန်းဖြစ်သူ တန်ဖိုးအထားဆုံး၊စိတ်အပူဆုံးစာမူကို ဂျက်ဆင်နှင့် အနီးဆုံးသို့ပို့ထားနိုင်ခဲ့ပေပြီ။

ယခုအချိန်တွင် ထိုဓမ္မသစ်ကျမ်းဘာသာပြန်စာမူအတွက် အလုံခြုံဆုံးနေရာမှာလည်း..အင်းဝလက်မရှိထောင်ပင်မဟုတ်လား။

.........................................

ထိုနောက်ပိုင်းရက်များတွင်တော့ အဲန်သည် ဂျက်ဆင်နှင့်လူချင်းမတွေ့ရသော်လည်း ထောင်အစောင့်မှတဆင့် အစားအသောက်များပုံမှန်ပို့ပေးနိုင်ခဲ့သည်။

အဲန်၏ ကိုယ်ဝန်မှာလည်း တဖြည်းဖြည်း ရင့်မာလာခဲ့ပြီ။

အင်းဝ၏ စစ်ရေးနိုင်ငံရေးအခြေအနေကလည်း တနေ့တခြား ရှုပ်ထွေးလာပြီဖြစ်သည်။

စစ်ကိုင်းမင်းသည် အနောက်ဘက်စစ်မျက်နှာတွင်ရှိနေသော စစ်ဗိုလ်ချုပ်များဖြစ်သည့် မဟာဗန္ဓုလ ၊ မြဝတီမင်းကြီးဦးစ၊ ဥဇနာတို့၏ တပ်များကို ရန်ကုန်စစ်မျက်နှာသို့ ချက်ချင်းချီတက် ရင်ဆိုင်ရန် အမိန့်ချလိုက်၏။

ရန်ကုန်စစ်မျက်နှာသို့ ဦးစီးဦးဆောင်အဖြစ် ချီတက်ရမည်အထင်ဖြင့် ပြင်ဆင်နေသည့် သာယာဝတီမင်းသားမှာ ထိုအမိန့်ကြောင့် အံ့သြသင့်သွားကြသည်။

သာယာဝတီမင်းသား၏တပ်များကိုမူ အရံတပ်အဖြစ် ရန်ကုန်အနောက်ဘက်သို့ ကြိုတင်ချီတက်ရန် အမိန့်ထုတ်ခဲ့၏။

ထိုအမိန့်သည် သာယာဝတီမင်းသားကို မယုံကြည်သည့်သဘောသက်ရောက်နေသည်။

အနောက်ဘက်မျက်နှာဖြစ်သော ရခိုင်၊ ကချာ၊ ဂျိန်းတိယတို့တွင် အင်္ဂလိပ်တို့အား စစ်ရေးအသာစီးဖြင့် ဖိအားကောင်းကောင်းပေးထားနိုင်သည့် တပ်များကို ပြန်လည်ရုတ်သိမ်းခြင်းမှာ အင်္ဂလိပ်တို့ပင် မမျှော်လင့်ထားသည့်ဗျူဟာဖြစ်သည်။

စစ်ကိုင်းမင်း၏ စစ်ရေးစစ်ရာဆုံးဖြတ်ချက်များကို နန်းမတော်မယ်နုနှင့် မင်းသားကြီးမောင်အိုတို့၏ စွက်ဖက်မှုများပါဝင်နေသည်ဟု သာယာဝတီမင်းသား၏ဘက်တော်သားများက ယူဆကြသည်။

မဟာဗန္ဓုလဦးဆောင်သည့်..စစ်ပန်းနေသော တပ်မကြီး (၁၂)ခုမှာ

မုတ်သုံ ရာသီ၏ အလယ် ဩဂုတ်လတွင် တောတောင်ထူထပ်သော ရခိုင်ရိုးမကို ခက်ခဲပင်ပန်းစွာကျော်ဖြတ်ခဲ့သည်။

ဘုရင်မင်းမြတ်သည် စစ်တပ်၏ အမြင့်ဆုံးရာထူးအဆင့် သည့် အဂ္ဂ မဟာသေနာပတိ ဟူသော ဘွဲ့ကို ဗန္ဓုလနှင့် ပခန်းစားဥဇနာ နှစ်ဦးစလုံးအား ချီးမြှင့်ခဲ့သည်။ ဗန္ဓုလအား စစ်တောင်းမြို့ စား အဖြစ်လည်း ခန့်အပ်ခဲ့သည်။

ဗြိတိသျှတပ်များကို ဦးဆောင်သူမှာ ဆာအာချီဘောကင်းဘဲ ဖြစ်သည်။

ကင်းဘဲသည် စကော့တလန် တောင်ကုန်းဒေသရှိ ဂလန်လီယွန်မြို့နေ စစ်သည် မျိုးနွယ်မိသားစုမှ ပေါက်ဖွားလာသူဖြစ်သည်။

အရှေ့အိန္ဒိယကုမ္ပဏီတွင် အမှုထမ်းလာသည်မှာ နှစ်ပေါင်း ၃၀ ကျော် သက်တမ်းရှိသည့် ဝါရင့်စစ်သားတစ်ယောက် ဖြစ်သည်။ အိန္ဒိယတောင်ပိုင်းနှင့် ဆူလတန်တီပူးကို တိုက်ခိုက်သော စစ်ပွဲများတွင် အဓိက ပါဝင်ခဲ့သည်။ ဥရောပစစ်ပွဲများအကြောင်း ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံလေ့လာ သိရှိထားသူ ဖြစ်သည်။

ဆာအာချီဘောကင်းဘဲသည် ဘင်္ဂလားရှိ ဝီလီယံခံတပ်နှင့် မဒရပ်ရှိ စိန့်ဂျော့ချ် ခံတပ်တို့မှ ပူးပေါင်းလာသည့် အင်အား တစ်သောင်းကျော်ဖြင့် ရန်ကုန်သို့ ရေကြောင်းလမ်းဖြင့် ချီတက်လာခဲ့ခြင်းပင်။

ရန်ကုန်သို့ရောက်သောအခါ ဗမာတပ်များ၏ အပြင်းအထန်ခုခံမှုနှင့် မကြုံရပဲ ဗမာတို့၏ မြေလှန်စနစ်ဖြင့်..ဖျက်စီးခံထားရသည့် ရန်ကုန်မြို့ကိုသာ ရရှိခဲ့သည်။

စားနပ်ရိက္ခာ အထောက်အပံ့ မရှိသည့်အပြင် မြို့ပတ်ဝန်းကျင်တွင် ပြည်သူတစ်ဦးတစ်ယောက်ပင်မတွေ့ရ။

သတင်းအချက်အလက် အစအန စုံစမ်းရန်ပင်မရှိ။

မြို့အတွင်းလည်း မီးလောင်ပြင်မှလွဲ၍ အသုံးဝင်မည့်အရာ တစ်ခုမှပင် မချန်ခဲ့။

ရန်ကုန်မှ အထက်ဘက်သို့ ခရီးဆက်နိုင်ရန် လှေသင်္ဘောများမှာ အခရာ။ သို့သော် လှေသင်္ဘောများ မရှိ။

ဖုန်ထူပြီး အသွားအလာနည်းသည့် လမ်းဟု ဆိုနိုင်ရုံသာ ရှိသော လူသွားလမ်းအချို့တော့ ရှိသည်။ ရေလမ်းမှ လွဲလျှင် ငှက်ဖျားပေါသော တောနက်များက ခြားထားသည့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့ ရွာများသာ ရှိသည်။

ဗိုလ်ချုပ်ကြီးကင်းဘဲနှင့် တပ်မှူးများ မသိသည်မှာ ဧရာဝတီမြစ်အတွင်းရှိ လှေပိုင်ရှင် အားလုံးသည် မြန်မာမင်း အမှုထမ်းများ ဖြစ်သဖြင့် မျိုးရိုးစဉ်ဆက် အမွေဆက်ခံ အုပ်ချုပ်သော ဒေသဆိုင်ရာ အကြီးအကဲများ၏ လက်အောက်တွင် ညီညွတ်သောတပ်ရင်းများအဖြစ် ဖွဲ့စည်းတည်ထောင်ထားသည်ဆိုခြင်းပင်။

တိုင်းရေးပြည်ရေး အေးချမ်းစဉ်ကုန်စည်နှင့် ခရီးသွားတို့ အတွက် ကူးတို့ပို့ခြင်း အလုပ်ဖြင့် အသက်မွေးဝမ်းကြောင်း ပြုသည်။

စစ်ဖြစ်သည့်ကာလတွင်မူ ၎င်းတို့သည် ဘုရင့်တပ်သားများ ဖြစ်ပြီး အစရှာမရအောင် ပျောက်ချင်းမလှ ပျောက်သွားကြတော့သည်။

နောက်ရက်ပေါင်းများစွာကြာအောင်ပင် ဆာအာချီဘောသည် ရှေ့ဆက်ရမည့် အခြေအနေကို ဗြိတိသျှအရာရှိများနှင့် တိုင်ပင်ဆွေးနွေးနေခဲ့သည်။

ရန်ကုန်နှင့်အနီးတဝိုက်တွင် ခံစစ်စခန်းချရန် အစွမ်းကုန် ကြိုးစားခဲ့သည်။ ခုခံမှု မဖြစ်စလောက်သာ ကြုံရပြီး ဗြိတိသျှနှင့် အိန္ဒိယစစ်သားများသည် မြောက်ဘက်သို့ ချီတက်ကာ ရွှေတိဂုံစေတီတော်၊ သိင်္ဂုတ္တရကုန်းတော်နှင့် အနီးအနားရှိ ရှာငယ်အတော်များများကို သိမ်းပိုက်နိုင်ခဲ့သည်။

သူတို့ မြင်နေရသော စိမ့်တောနှင့် ရေအိုင်ကလေးများ အလွန်တွင် ဘာရှိမှန်းပင် မသိကြ။

ထိုအခြေအနေတွင် ဆာအာချီဘောကင်းဘဲသည် ရန်ကုန်မြို့ပတ်ချာလည်ရှိ တောအုပ်များအတွင်း သာယာဝတီမင်းသား၊ ဒွာရဝတီမင်းသား၊ ယောမြို့စားတို့ တပ်များက ကတုတ်ကျင်းများပတ်လည်တူးကာ စစ်ပြင်ဝန်းရံနေကြကြောင်း သိလိုက်ရသည်။

မကြာမီ..မြန်မာတို့၏ ဝန်းရံထိုးစစ်များကျရောက်လာတော့မည်ကို ခန့်မှန်းမိလိုက်၏။

ထို့ကြောင့် အိန္ဒိယဘုရင်ခံထံအကြောင်းကြားကာ မဒရပ်မှ တပ်ရင်းများအပြင် အင်္ဂလိပ်တို့၏ အားအကိုးရဆုံးနောက်ဆုံးပေါ်လက်နက်ဖြစ်သည့်

ကွန်ဂရိဗ်ဒုံးကျည်များမှာယူလိုက်သည်။

ကွန်ဂရိဗ်ဒုံးကျည်သည် အနောက်တိုင်းတွင် စတင်တီထွင်ခဲ့ခြင်း မဟုတ်။

အိန္ဒိယသားများ၏ တီထွင်မှုသာ ဖြစ်သည်။

၁၇၉၉ ခုနှစ်က ဗြိတိသျှတို့ ဆာရင်ဂါပတမ်ကို ဝင်ရောက်သိမ်းယူစဉ်က ကာနယ် အာသာဝဲလက်စလီ နှင့် သူ၏လူများသည် မြို့အနီး တောင်ကုန်းငယ်တစ်ခုသို့ ချီတက်လာစဉ် အားကောင်းသော ဒုံးကျည်လက်နက်ဖြင့် တရစပ်ပစ်ခံရကာ ဒရောသောပါး ထွက်ပြေးခဲ့ရသည်။

ဆာရင်ဂါပတမ်၏ ခံတပ်ကို သိမ်းပိုက်နိုင်သည့်အခါ သိမ်းပိုက်နိုင်သော ပစ္စည်းများကို အင်္ဂလန်သို့ ဆက်သရာ ထိုအထဲတွင် မိုင်းဆိုးနယ်လုပ် ဒုံးကျည်လက်နက် နမူနာနှစ်ခု ပါဝင်ခဲ့သည်။

ဥရောပသားများမှာ ဒုံးကျည်လက်နက်နှင့် ရင်းနှီးနေခဲ့သော်လည်း ဤဒုံးကျည်မှာ မြင်တွေ့နေကျနှင့် မတူ။ နည်းပညာပိုင်း အဆင့်မြင့်သည်။ သစ်သား ကျည်တောက်များ အစား သံသတ္တုကို သုံးထားသည်။ ထို့ကြောင့် ပို၍ဝေးဝေး ပစ်နိုင်ပြီး လမ်းကြောင်း ပိုမှန်သည်။ ပေါက်ကွဲမှုအား ပိုပြင်းသည်။ အရေးကြီးဆုံးမှာ နောက်ပြန်ကန်အား မရှိသည့် အတွက် သင်္ဘောပေါ်မှလည်း ပစ်ခတ်နိုင်သည်။

ထိုလက်နက်ကို စတင်တီထွင်သူ ဆူလတန်တီပူ၏ ခမည်းတော် ဟိုင်ဒါအလီ ဘုရင်တွင် ဒုံးကျည်ပစ်တပ်သား ငါးထောင်ကျော် ရှိခဲ့သည်။ တစ်ခါတရံ လှည်း

တစ်စင်းတည်းတွင် ဒိုးကျည်သုံးလေးလုံး တင်ကာ လှည်းကို ပစ်စင်သဘောမျိုး အသုံးပြုသည်။

ထိုသို့ အစုလိုက်အပြုံလိုက် ပစ်လွှတ်လိုက်လျှင် ထွက်ပေါ်လာသော မီးတောက်ကြီးနှင့် အသံကျယ်ကြီးက ရန်သူတပ်သားများနှင့် တိရစ္ဆာန်များကို ထိတ်ထိတ်ပျာပျာ ဖြစ်သွားစေသည်။

ဗြိတိသျှတို့က ထိုလက်နက်ကို အလွန် သဘောကျသည်။ အိန္ဒိယတောင်ပိုင်းဒေသမှ ထိုလက်နက်ပုံစံကို မိုငြိမ်းကာ မေဂျာကွန်ဂရိဗ်ဆိုသူက ပို၍ အဆင့်မြင့်သော လက်နက်သစ်အဖြစ် အဆင့်မြှင့်တီထွင်ခဲ့ခြင်းပင်။

၁၈၀၇ ခုနှစ်တွင် ဗြိတိသျှတို့က ဒိန်းမတ်ရေတပ်ကို အင်အားသုံး ဝင်ရောက်တိုက်ခိုက်ရာ ကိုပင်ဟေဂင်မြို့တွင်းသို့ ကွန်ဂရိဗ် ဒိုးကျည်ပေါင်း ၄ သောင်းခန့် ပစ်ခွင်းခဲ့သည်။ ကိုပေဟေဂင်တမြို့လုံး မီးအကြီးအကျယ် လောင်ပြီး တစ်မြို့လုံး ကြောက်လန့်တုန်လှုပ်ခဲ့ရသည်။

၁၈၁၂ ခုနှစ်တွင်လည်း ဝါရှင်တန်မြို့သို့ ဗြိတိသျှတို့ ဝင်ရောက်တိုက်ခိုက်ရာတွင် အိမ်ဖြူတော်ကို ပြာကျစေခဲ့သည်မှာလည်း ကွန်ဂရိဗ်ဒိုးကျည်ပင်ဖြစ်သည်။

၁၈၂၄ ခုနှစ် နိုဝင်ဘာလတွင် မဟာဗန္ဓုလက ပင်မတပ်မဟာကြီးကို ခေါင်းဆောင်ကာ တောင်ဘက်သို့ ချီတက်လာနေချိန်တွင် အင်္ဂလိပ်တို့ကမူ ရန်ကုန်ဆိပ်ကမ်း၌ ကွန်ဂရိဗ် ဒိုးကျည် ပထမအသုတ်ကို သင်္ဘောပေါ်မှ ချနေခဲ့ကြပြီ ဖြစ်သည်။

.....................................................................

## (၁၄)

နိုဝင်ဘာ ၃၀ ရက်။

ဗန္ဓုလသည် ဓနုဖြူ၌ နောက်တန်းကွပ်ကဲရေးစခန်းအဖြစ် အခြေချလိုက်သည်။

သူ၏ နာမည်ကျော်တပ်များသည် ရန်ကုန်မြို့၏ မြောက်ဘက်စစ်မျက်နှာရှိ တောအုပ်ထဲတွင် လည်းကောင်း၊ ဟင်းလင်းပြင် လယ်ကွင်းများတွင် လည်းကောင်း ဖြန့်ခွဲ နေရာယူလိုက်ကြသည်။

ရခိုင်နှင့်အာသံမှ ဗန္ဓုလတပ်များ ပြန်ရောက်လာသဖြင့် ရန်ကုန်စစ်ရှေ့မျက်နှာတွင် စိတ်ဓာတ်ကျနေသော မြန်မာစစ်သည်များက ပြန်လည်တက်ကြွလာသည်။

ဆာအာချီဘောကင်းဘဲ တပ်စွဲနေသည့် သိင်္ဂုတ္တရကုန်းတော်၏ အရှေ့တည့်တည့် တောအုပ်ထဲသို့ မင်းကြီး မဟာမင်းလှရာဇာနှင့် လူအင်အား လေးထောင်ကို စေလွှတ်သည်။

ရွှေတိဂုံဘုရားပတ်ပတ်လည်တွင် အနီးကပ်လုံ့စွပ်ထိုးတိုက်ပွဲများဖြစ်သည်အထိ ဖိတိုက်ကြသော်လည်း.. ပြန်လည်ဆုတ်ခွာသွားရသည်။

နေ့လည်တွင် မြန်မာတပ်ရင်းလေးခုကို တပ်မှူးများက ဦးဆောင်ကာ တောင်ဘက်ဒလမှ ရန်ကုန်သို့ ကူးလာသည်။ အနောက်မြောက်ဘက်ရှိ သာယာဝတီ မင်းသားတပ်များကလည်း မြန်မာများက ရွှေတိဂုံဘုရားသို့ တိုးလာသည်။

တပ်မကြီးကလည်း ယခုအင်းယားကန်အနီး မြောက်အရပ်တွင် ရောက်ရှိနေပြီ။

မွန်းလွဲပိုင်းရောက်မှ ဗြိတိသျှတို့သည် ၎င်းတို့ကို ပတ်ပတ်လည်မှ ဝိုင်းထားကြောင်း သဘောပေါက်သွားတော့သည်။

မြန်မာတို့၏ နောက်ထပ်ခြေလှမ်းက ဗြိတိသျှတို့အား အံ့အားသင့်စေသည်။

ရန်ကုန်ခံတပ်ဆီသို့ ချီတက်လာနေသော ထောင်နှင့်ချီသည့် မြန်မာစစ်သည်များသည် တခဏအတွင်း မြေကြီးထဲဝင်ရောက်ပျောက်ကွယ်သွားသည်ကို ဗိုလ်ချုပ်ကင်းဘဲ နှင့် ဗြိတိသျှစစ်သည်များက တအံ့တသြဖြစ်ကြရ၏။

တကယ်တမ်းမှာမူ..စစ်သားများမှာ ကတုတ်ကျင်းများ၊ဥမင်များတူးကာ တဖြည့်ဖြည်း ချဉ်းကပ်လာကြခြင်းပင်။

တခါတရံ ကွပ်ကဲသည့် အရာရှိများ၏ ရွှေထီးများကိုမြင်ရမှသာ..မြန်မာတပ်များ လှုပ်ရှားမှုကို ဗြိတိသျှဘက်မှ ခန့်မှန်းနိုင်နေခြင်းဖြစ်သည်။

နောက်ရက်များတွင် မြန်မာတပ့်သည် မြေကြီးကိုတူးရင်း ရှေ့ဆက်တိုးလာရာ ဗြိတိသျှတပ်စခန်းနှစ်ခုနှင့် သေနတ်တစ်ပစ်စာ အကွာအဝေးအထိ ရောက်လာခဲ့သည်။

ဗြိတိသျှတပ်စခန်းနှစ်ခုမှာ သိင်္ဂုတ္တရကုန်းတော်နှင့် ရန်ကုန်မြို့ထဲတွင် တည်ရှိသည်။ စခန်းသို့ ချဉ်းကပ်နိုင်သည့် လမ်းမှန်သမျှကို ဗြိတိသျှတို့က တားဆီးပိတ်ဆို့ထားသည်။ အကြမ်းပေါင်းများစွာ ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပြီး တစ်ဖက်နှင့်တစ်ဖက် အပြိုင်ကြဲကြသည်။

ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာတပ်မှူးများ၏ ရွှေထီးများမှတဆင့်..ကတုတ်ကျင်းထဲမှ မြန်မာတပ်များရှိနေရာကိုတွက်ချက်ကာ ကွန်ဂရိဖ်ဒုံးကျည်များဖြင့် အားကုန်ပစ်ခတ်သည့်ဗျူဟာကို ဗိုလ်ချုပ်ကမ်းဘဲ က ပြောင်းလဲလိုက်သည်။

ဒုံးကျည်လက်နက် အားဖြည့်ပစ်ကူပေးမှုကြောင့် ကင်းဘဲ၏တပ်များက အသာစီးရလာသည်။

စစ်မြေပြင်၌ ရာချီသော မြန်မာစစ်သည်များ ကျဆုံးသည်။

ဆာအာချီဘောက နောက်မှထပ်ကြပ်မကွာ ထိုးစစ်ဆင်သဖြင့် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် နောက်ဆုံးခံတပ် ကုက္ကိုင်းကို ဝင်သိမ်းနိုင်ခဲ့၏။

မြန်မာတပ်တို့မှာ ထိုးစစ်မှခုခံစစ်ပြောင်းကာ ဆုတ်ခွာနေရသည်။

ဗန္ဓုလလည်း သူ၏နောက်တန်းစခန်း ဓနုဖြူသို့ ပြန်ဆုတ်သွားသည်။

အင်းဝနေပြည်တော်ကလည်း ရေတပ်သားများကို ထပ်မံ ဖြည့်တင်းပေးသည်။

စုစုပေါင်း အင်အားတစ်သောင်းခန့် ပါဝင်သော တပ်ကြီးတွင် လူမျိုးပေါင်းစုံ၊ ကျွမ်းကျင်မှု ပေါင်းစုံ ပါဝင်သည်။ ဘုရင့်တပ်မတော်မှ အတော်ဆုံး စစ်သည်များပါရှိသလို စစ်မှုမထမ်းမနေရ အမိန့်ကြောင့် ပါလာရသည့် လက်နက်ပင် မကိုင်တတ်သော စစ်ရည်မဝသူများ ပါဝင်သည်။

ဓနုဖြူခံတပ်မှာ မြစ်ကြောင်းတစ်လျှောက် တစ်မိုင်ခန့်ရှည်လျားပြီး ၁၅ ပေခန့်မြင့်သော ခိုင်မာသည့် ကျွန်းသစ်လုံးများနှင့် တည်ဆောက်ထားသည်။ ခံတပ်၏နောက်ဘက်တွင် မြို့ဟောင်း၏ အုတ်ရိုးတံတိုင်းရှိသည်။ တိုက်ခိုက်မှုကို ကာကွယ်ရန် မြောင်းများတူးပြီး ဆူးညှောင့်ဝါးချွန်များဖြင့် ထောင်ချောက်ဆင်ထားသည်။

ဗြိတိသျှတို့က စစ်သည်လေးထောင်ခန့် အင်အားအလုံးအရင်းနှင့် ဓနုဖြူအနီးသို့ ချီတက်ဝိုင်းရံလာသည်။

ဗိုလ်ချုပ်ကြီးကင်းဘဲက ဆက်သားတစ်ဦးကို စေလွှတ်ပြီး လက်နက်ချရန် စစ်သူကြီးမဟာဗန္ဓုလထံ တောင်းဆိုလိုက်၏။

အခြေအနေမလှမှန်းသိသော်လည်း မဟာဗန္ဓုလက ကင်းဘဲထံ ချက်ချင်းပင် စာပြန်လိုက်၏။

"ကျွန်ုပ်တို့ နှစ်ဦးသည် မိမိတို့၏ တိုင်းပြည်များကို ကိုယ်စားပြုကာ စစ်တိုက်နေကြခြင်းဖြစ်သည်။

သင်သည် သင်နှင့် သင့်တိုင်းပြည်၏ ဂုဏ်သိက္ခာ ကို ထိန်းသိမ်းနိုင်ရေးအတွက် တည်ငြိမ်စွာ ရှိသကဲ့သို့ ကျွန်ုပ်သည်လည်း ကျွန်ုပ်နှင့် ကျွန်ုပ်၏ တိုင်းပြည် ဂုဏ်သိက္ခာကို ကာကွယ်ရာ၌ တည်ငြိမ်စွာရှိကြောင်း အသင် တွေ့မြင်ရမည်။

သင့် အနေဖြင့် ဓနုဖြူခံတပ်ကို ကြည့်လိုသော် မိတ်ဆွေ အဖြစ် လာခဲ့ပါ။ ကျွန်ုပ် ကိုယ်တိုင်ဧည့်ဝတ်ပြုပါမည်။

သို့တည်းမဟုတ်

ရန်သူကဲ့သို့ လာချင်ပါက သင့်တပ်များနှင့်အတူ ကျွန်ုပ်၏ခံတပ်ကုန်းပေါ် ချီတက်ခဲ့ပါလေ။

ကျွန်ုပ်တို့ ဂုဏ်သိက္ခာရှိစွာ စစ်ပြိုင်တိုက်ခိုက်ကြမည်"

နောက်တစ်နေ့မနက်တွင် အမြောက်တင်သင်္ဘောများပါဝင်သော အင်အားလေးထောင်ရှိ ဗြိတိသျှတပ်တစ်တပ်သည် ဓနုဖြူ ကို စတင် တိုက်ခိုက်ခဲ့သည်။

ဗြိတိသျှတို့၏ ပထမအကြိမ်တိုက်ခိုက်မှုသည် အစပိုင်း အရေးနိမ့်ခဲ့ပြီး ဗန္ဓုလသည် ခြေလျင်တပ်သားများ၊ မြင်းတပ်နှင့် တိုက်ဆင် ၁၇ ကောင်တို့ဖြင့် တန်ပြန်ထိုးစစ်ဆင်ခဲ့သည်။

သို့သော် ဗြိတိသျှဘက်မှ ကွန်ဂရိဗ် ဒုံးကျည်အများအပြားဖြင့် ပစ်ခတ်မှုများကြောင့် ဆင်တပ်၊ မြင်းတပ်များမှာ ရှေ့မတိုးနိုင်ပဲ ပြိုကွဲကုန်ကြ၏။

ဗန္ဓုလက နောက်ဆုတ်လာသောတပ်မှူးအချို့ကို စစ်ပွဲအတွင်းပင် သေဒဏ်ပေးကွပ်မျက်သည့် အမိန့်ထုတ်ပြန်သည်။

သို့သော်လည်း အခြေအနေမှာ မည်သို့မျှထိန်းသိမ်းမရတော့။

ဗြိတိသျှတို့က မီးကုန်ယမ်းကုန် တိုက်ခိုက်သည်။ မြန်မာစစ်ကြောင်းရှိရာ နေရာမှန်သမျှကို ဒုံးကျည်မိုးရွာ၏။

စစ်သူကြီးမဟာဗန္ဓုလသည် ၁၈၂၅ ဧပြီ ၁ ရက်နေ့တွင် ရှေ့တန်းတပ်များကို ကွပ်ကဲရင်း ကွန်ဂရိဗ်ဒုံးကျည်ထိမှန်ကာ ကျဆုံးသွားတော့သည်။

.......................................................

စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးသည့်သတင်းက အင်းဝတစ်မြို့လုံးကို တိတ်ဆိတ်ခြောက်ခြားသွားစေသည်။

အဲန်သည် မွေးဖွားပြီးခါစဖြစ်သော ကလေးငယ်လေးနှင့်အတူ..စစ်ပွဲ၏အခြေအနေကို ရင်တထိတ်ထိတ်စောင့်မျှော်နေချိန်ဖြစ်၏။

ထိုရက်များအတွင်း မောင်အင်းနှင့်အတူ မရီတို့ညီအမမှာ မျက်နှာများသိသိသာသာပျက်ယွင်းနေကြသည်ကို အဲန် သတိထားမိလာသည်။

အိမ်ရှေ့တွင် ထင်းများခွဲနေသော မောင်အင်းထံသို့ အဲန်လျှောက်သွားလိုက်၏။

"မောင်အင်း"

"ဘာခိုင်းစရာများရှိလို့လဲ...မမအဲန်"

"မင်းတို့ မျက်နှာတွေမှာ စိုးရိမ်ပူပန်မှုတခုခုဖြစ်နေတာ..ငါခံစားရတယ်..ငါ့ကို တခုခုဖုံးကွယ်ထားတာများရှိမလား"

မောင်အင်းက ပြန်မဖြေပဲ ချွေးသုတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ငါလက်ခံနိုင်ပါတယ်..ပြောစရာရှိတာသာပြောပါ"

"စစ်သူကြီးဗန္ဓုလ ကျဆုံးပြီးတဲ့နောက်...ဘုရင်မင်းမြတ်က နိုင်ငံခြားသားတွေအပေါ် အတော်လေးဒေါသထွက်နေတယ်တဲ့....မကြာခင်....မကြာခင်..အင်းဝအကျဉ်းထောင်ထဲက လူဖြူတွေအားလုံးကို ကွပ်မျက်ပစ်ဖို့..မင်းသားကြီးဦးအိုကစီစဉ်နေပါပြီ"

မောင်အဲ၏ စကားအဆုံး အဲန်မှာ ကြက်သေသေလျက်။

# (၁၅)

မောင်အင်း ဆီမှ သတင်းကို ကြားပြီးသည့်နောက် အဲန် မှာ အခန်းတွင်းသို့ တိတ်ဆိတ်စွာ ပြန်ဝင်လာခဲ့၏။

မွေးဖွားပြီး လသားအရွယ်သာရှိသေးသည့် မာရီယာလေးသည် ပုခက်ထဲတွင် အိပ်မောကျနေသည်။

နှင်းပွင့်ကဲ့သို့ ဖြူစွတ်သောအသားအရည်၊ မျက်လုံးပြာပြာများနှင့် အပြစ်မဲ့ မာရီယာလေးသည် မကြာမီ အဖမဲ့ သမီးလေးဖြစ်တော့မည်လား။

ဂျပ်ဆင်မရှိတော့လျှင် မာရီယာသာမဟုတ်...သူမ၏ အနာဂတ်ရှေ့ခရီးကရော။

အဲန် သည် ဆုံးဖြတ်ချက်တစ်ခုကို လျှင်လျှင်မြန်မြန်ချလိုက်သည်။

ဂျပ်ဆင် မည်သို့မျှ မသေစေရ။

အဲန်က အိပ်ပျော်နေသော မာရီယာကလေးကို ပွေ့ယူပြီး အနီးထွေးလေးဖြင့် ပိုက်ထွေးလိုက်သည်။

ထို့နောက် ခြံအပြင်သို့ ထွက်ခဲ့၏။

"မမအဲန်....ဘယ်ကို သွားမလို့လဲ"

"မြို့ဝန်ဦးရွှေလေး ဆီသွားမယ်.....လှည်းတစ်စီး အမြန်သွားငှားပေးပါလား..မောင်အင်း"

"ကလေးပါ ခေါ်သွားမလို့လား"

"ငါတစ်ယောက်တည်းသွားလို့မဖြစ်ဘူး...ဒီကလေးပါမှဖြစ်မယ်...မောင်အင်း"

မောင်အင်းက ခြံပြင်သို့ ထွက်သွား၏။

မကြာမီ ပေါင်းမိုးပါသော လှည်းယာဉ်တစ်စီးနှင့်အတူ မောင်အင်း ပြန်ရောက်လာသည်။

"ဒီနေ့ပူပူနဲ့ မာရီယာလေးတခုခုဖြစ်မှာစိုးလို့..ပေါင်းမိုးပါတဲ့ လှည်း ရအောင် ငှားလာခဲ့ရတာပဲ..မမအဲန်"

"သမီးတို့ရော လိုက်ပေးရမလား..မမအဲန်"

မရီ နှင့် မကြည်က ခြံဝန်းထဲမှ ထွက်လာကြသည်။

"ရတယ်...သမီးတို့ အိမ်မှာပဲနေခဲ့ကြပါ...ဆရာကြီးအတွက် မမအဲန် လုပ်စရာရှိတာ သွားလုပ်မှာမို့"

ပေါင်းမိုးလှည်းကလေးက ခြံဝန်းရှေ့မှ ထွက်ခွာသွား၏။

သာယာဝတီမင်းသားနှင့်အတူ အောက်ပြည်သို့ စစ်ထွက်လိုက်သွားရသော မြို့ဝန် ဦးရွှေလေးမှာ နေအိမ်သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်၏။

"ဆရာကတော်...ကလေးလေးလည်း ပါလာတာကိုး..ကြွပါ..ကြွပါ"

မြို့ဝန်ကတော်မကြာအုံက အဲန်ကို ဖော်ရွေစွာဖြင့် ကြိုဆိုလိုက်သည်။

မကြာအုံ က မာရီယာလေးကို အဲန်ထံမှ ယူလိုက်ပြီး ထွေးပွေ့ချော့မြူလျက်။

"ကျွန်မ...မြို့ဝန်မင်းနဲ့ တွေ့ဖို့ရာ လာတာပါ...မကြာအုံ"

"မြို့ဝန်မင်း အပေါ်မှာ ရှိပါတယ်...ဒီအချိန်မှာ ဆရာကတော် သူနဲ့ အတွေ့သင့်ဆုံး အချိန်ပါ"

မြို့ဝန်မင်းဦးရွှေလေး မှာ လေသာဆောင်တွင် ထိုင်ခုံတစ်ခုဖြင့် ထိုင်လျက် ပုရပိုဒ် တစ်ခုကို ဖတ်ရှုနေသည်။

အဲန် က ကြမ်းပြင်ပေါ်တွင် ထိုင်မည်ပြုလိုက်၏။

"ဆရာကတော်..မလုပ်ပါနဲ့...အခုမှ မီးဖွားပြီးစမဟုတ်လား....ထိုင်ခုံစီစဉ်ပေးပါ့ မယ်"

မြို့ဝန်ဦးရွှေလေးက ပုရပိုဒ်ကိုသိမ်းဆည်းပြီး ပြောလိုက်၏။

အစေခံများက ထိုင်ခုံတစ်လုံး လာချပေးသည်။

"ဆရာကတော်..ရောက်လာမယ်ဆိုတာ...ကျုပ်သိပြီးသားပါ..ကျုပ်လည်း သာယာဝတီကိုယ်တော်လေးနဲ့အတူ စစ်ထွက်နေရတော့...ဆရာကတော်မီးဖွားတာတောင် မသိလိုက်ပါဘူး..မကြာအုံပြောမှပဲ သိရတာ"

မကြာအုံကလည်း မာရီယာလေးကို ပွေ့ချီလျက်..အပြင်ဘက် ဝဲလင်းဆောင်တွင် ထိုင်နေသည်။အိမ်စေအမျိုးသမီးလေးများက မျက်လုံးပြာပြာ၊ အသားဖြူဖြူ ချစ်စရာ မာရီယာလေးအနားတွင် ဝိုင်းအုံလျက်။

"ကျွန်မကြားထားရတဲ့ သတင်းတွေက အမှန်ပဲလား..မြို့ဝန်မင်း"

အဲန် က သူမ၏ အသံကို မနည်းတည်ငြိမ်အောင်ထိန်းလျက် ပြောလိုက်ခြင်းပင်။

ဦးရွှေလေးက ခေါင်းကို ဖြည်းညှင်းစွာညိတ်လိုက်သည်။

“ဆရာကတော်ကြားထားတာတွေဟုတ်ပါတယ်....မင်းသားကြီးဦးအို က အကျဉ်းထောင်ထဲမှာရှိတဲ့ လူဖြူတွေ အားလုံးကို ကွပ်မျက်ဖို့ အမိန့်ပေးထား တာ....သုံးကြိမ်တိတိရှိပါပြီ”

အဲန်က ပင့်သက်တချက်ရှိုက်တင်လိုက်၏။ မျက်ရည်များဝဲတက်လာသဖြင့် မျက်စိ ကို စုံမှိတ်ထားလိုက်သည်။

“ဒါပေမယ့်..ဆရာကတော်စိတ်မပူပါနဲ့...သာယာဝတီကိုယ်တော်လေး က ဒီကိစ္စ ကို သဘောမတူပါဘူး...ဒီတော့....ရှင်ဘုရင်နဲ့ မင်းသားကြီးမောင်အိုတို့ မျက်စိရှေ့ မှာ လူဖြူတွေအားလုံး မရှိအောင် ကျုပ်ကို စီစဉ်ခိုင်းထားပါတယ်”

“ရှင်”

အဲန်မှာ ခံစားချက်နှစ်ခု တစ်ပြိုင်တည်းခံစားလိုက်ရသဖြင့် အလန့်တကြားပင်ဖြစ် သွားသည်။

“ဟုတ်တယ်..ဆရာကတော်...ကံကောင်းတာက ဒေါက်တာပရိုက်တို့ ဆရာယု ဒသသန်တို့ဆီမှာ အင်္ဂလိပ်စာသင်နေတဲ့ .ဘုရင့်ဦးရီးတော် မက္ခရာမင်းသားကြီးက လည်း ဒီကိစ္စကို လက်ခံသဘောတူထားတယ်...သူတို့အားလုံးကို လက်ရှိ အင်းဝ လက်မရွှံ့ထောင်ကနေ....တခြားတနေရာကို တိတ်တိတ်လေးရွှေ့ဖို့ ကျုပ် စီစဉ် ထားပေးထားတယ်”

“သူတို့ကို တခြားခေါ်ထုတ်သွားပြီး သတ်ပစ်မှာမျိုးတော့ မဟုတ်ပါဘူးနော်”

ဦးရွှေလှေး က ခန္ဓာကိုယ်ကို မတ်လိုက်သည်။ ထို့နောက် အဲန်၏ မျက်လုံးများကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။

“ကျုပ်ကို ယုံပါဆရာကတော်..ကျုပ်ရှိနေသမျှ ဆရာယုဒသန် ဘာမှမဖြစ်စေရပါ ဘူး..သူ့အသက်ကို ကျုပ်အာမခံပါတယ်”

ဦးရွှေလှေးက ကတိပေးသော်လည်း အဲန်၏ မျက်လုံးထဲတွင် စိုးရိမ်မှု အငွေ့အသက်များတွေ့ရဆဲ။

“ဆရာကတော်..ကျုပ်ကို မယုံသေးပဲကိုး..အင်းလေ...အင်္ဂလိပ်တွေဆီ ဗမာတွေက စစ်ရှုံးနေရတဲ့အချိန်မှာ..လူဖြူတွေကို မသတ်ပါဘူးလို့...ဗမာတစ်ယောက်ရဲ့ ကတိ ကို ဆရာကတော် ဘယ်ယုံကြည်ပါ့မလဲ... ကျုပ် နဲ့ ကျုပ်ရဲ့မိန်းမကြောအုံ ဟာ ဆရာကတော်ကို ဘာကြောင့် ဒီလောက်တောင် ကူညီနေရသလဲ..ဆရာကတော် သိလား”

အဲန်က ခေါင်းခါပြလိုက်သည်။

“ကျုပ်ရဲ့ အဘိုးဟာ ဘိုးတော်အလောင်းဘုရားဘုရင် နိုင်ငံထူထောင်ရာမှာ ပါဝင်ခဲ့ပြီး…ဆင်ဖြူရှင်မင်းလက်ထက်ထိ စစ်ကဲကြီးအဖြစ် အမှုထမ်းခဲ့တဲ့ တိုက်ဆုံရွာစား ဦးလေးလို့ခေါ်တယ်… ကျုပ်ရဲ့အဘွားက ဒေါ်ဖူးတဲ့….ကျုပ်အဘိုးဟာ အလောင်းဘုရားမတိုင်ခင် အင်းဝပျက်စဉ်ကာလက သူခိုးဖြစ်ခဲ့ဖူးတယ်..ဓါးပြဖြစ်ခဲ့ဖူးတယ်…ထောင်လည်းအကြိမ်ကြိမ်ကျခဲ့တယ်…ကျုပ်အဖွား ဟာဆို ပြည့်တန်ဆာအဖြစ်တောင် အနိုင်ကျင့်ခံခဲ့ရတယ်…သူတို့နှစ်ယောက်ရဲ့ ဘဝကို ကယ်တင်ပေးခဲ့တာက…. ခင်ဗျားလိုပဲ..မြန်မာစကားကို မှတ်နေအောင် ကျွမ်းကျင်တဲ့ ခရစ်ယာန်ဘာသာဝင် ပေါ်တူဂီလူဖြူအမျိုးသမီးတစ်ယောက်ပဲ.. .သူ့နာမည်က လွီဇာဒီမဲလိုးတဲ့….ကျုပ်တို့ မျိုးဆက်ရဲ့ကျေးဇူးရှင်အမျိုးသမီးတစ်ယောက်အနေနဲ့…ကျုပ်တို့ မျိုးဆက်တွေအားလုံးက သူ့ကို မယ်တော်ကြီးလွီဇာ လို့ပဲ ခေါ်ခဲ့ကြတယ်”

ဦးရွှေလေးက ပြောလက်စ စကားကို ရပ်လိုက်ပြီး အပြင်ဘက်တွင် ထိုင်နေသောသူ၏ ဇနီးဖြစ်သူကို လှမ်းကြည့်လိုက်၏။

“နောက် အဲ့ဒီ ပေါ်တူဂီအမျိုးသမီးဟာ….ကျုပ်မိန်းမရဲ့ အဘွား….ဒေါ်မယ်စောရဲ့ မွေးစားအမေလည်း ဖြစ်ခဲ့သေးတယ်….ကျုပ်မိန်းမရဲ့ ဥပဓိရုပ်က တခုခုထူးခြားနေတာ…ဆရာကတော်သတိထားမိမှာပါ..မကြာအုံ ရဲ့ အဘိုး က အလောင်းဘုရားမတိုင်ခင် အင်းဝဘုရင်နဲ့ ကသည်းမင်းသမီးကနေ ပေါက်ဖွားလာတဲ့ ကသည်းမင်းသားတစ်ပါးပါ…သူ့အဘွားဒေါ်မယ်စော ကတော့ အင်းဝဘုရင်ရဲ့ အမှုထမ်းဗိုလ်သူရိန်စောနဲ့ ကွေ့လူမျိုးတွေရဲ့ ခေါင်းဆောင် နာလဲ ဆိုတဲ့ အမျိုးသမီးကြီးကနေ မွေးလာကြတာ….အလောင်းဘုရားနဲ့ ကွေ့တွေရဲ့ စစ်ပွဲမှာ နာလဲ သေဆုံးတော့….မယ်တော်ကြီးလွီဇာ နဲ့ ကျုပ်အဘိုးအဘွားက ဒေါ်မယ်စောကို စောင့်ရှောက်ခဲ့ကြတာပေါ့လေ”

ဦးရွှေလေး က စကားဆုံးသည်နှင့် မတ်တပ်ရပ်လိုက်ပြီး ပုရိပိုဒ်များ ထားရှိသည့် ဗီဒိုကို သွားဖွင့်လိုက်သည်။

ဗီဒိုထဲမှ ယွန်းအစ်လေးကို တစ်ခုကို ယူလာ၏။

ယွန်းအစ်ကို ဖွင့်လိုက်သောအခါ အထဲမှ ရွှေတုံးလေးတစ်တုံးထွက်လာသည်။

“ဒီရွှေတုံးလေးဟာ…ကျုပ်တို့ မျိုးရိုးစဉ်ဆက်ထိန်းသိမ်းခဲ့ကြတာပဲ…မယ်တော်ကြီးလွီဇာ နဲ့ နာလဲ တို့ အင်းဝအကျဉ်းထောင်မှာကျချိန်မှာ လက်မရွံ့လူသတ်သမားဖြစ်နေတဲ့ ကျုပ်အဘိုး ဦးလေးကို ဒီရွှေတုံးလေးပေးပြီး နာလဲအသက်ကို ကယ်ပေးဖို့ မယ်တော်ကြီးလွီဇာက ပေးခဲ့တာ….နောက်တော့..မယ်တော်ကြီးက ကျုပ်အဖွား ဒေါ်မယ်ဖူး ကိုပါ ကယ်တင်ပေးခဲ့တယ်…ဒီရွှေတုံးလေးဟာ ကျုပ်တို့ မျိုးဆက်နှစ်ဆက်လုံးအတွက်တော့…မယ်တော်ကြီးကိုယ်စား…အမြတ်တနိုးသိမ်းစရာပေါ့လေ..ဆရာကတော်”

ဦးရွှေလေးက ယွန်းအစ်ကလေးကို ပြန်ပိတ်လိုက်သည်။

“ဆရာကတော်ကို ဆရာတော်ဦးဗုဓ်က ကျုပ်တို့ဆီကို ပို့ပို့လိုက်ချင်းနေ့မှာပဲ..ကျုပ်တို့ လင်မယားနှစ်ယောက် စိတ်ထဲ တစ်ပြိုင်တည်းဖြစ်လာတာကတော့....ကျုပ်တို့မျိုးဆက်အပေါ် မှာ ကျေးဇူးရှိခဲ့တဲ့ မယ်တော်ကြီးလွှီဇာအကြောင်းပဲ....သူဟာ လူမျိုးဘာသာမခွဲခြားပဲ...လူလူချင်းဆိုတဲ့စိတ်နဲ့...ကျုပ်တို့ဘိုးဘွားများကို ကူညီပေးခဲ့တယ်..သူ့အသက်နဲ့ရင်းပြီး ကူညီပေးခဲ့တာတွေတောင်ရှိခဲ့တယ်...သူ့ကျေးဇူးကို ကျုပ်တို့ဟာ ကြားသာကြားဖူးခဲ့ကြပြီး...မဆပ်နိုင်ခဲ့ကြဘူး..ကျုပ်တို့ ဘိုးဘွားတွေ..မိဘတွေလည်း မဆပ်နိုင်ခဲ့ကြဘူး.. လမ်းပေါ်မှာ လဲနေတဲ့ ဒုက္ခသည် ဆရာကတော်ကို တွေ့ကြတဲ့အခါ..ကျုပ်တို့ဟာ မယ်တော်ကြီးလွှီဇာကိုယ်စား..အကြွေးတွေဆပ်ဖို့ ဖြစ်လာပြီလို့ ယုံကြည်လိုက်ကြတာပါပဲ.ဆရာကတော်”

အဲန် က မြို့ဝန်ဦးရွှေလေး ပြောသည့်စကားများကို နားထောင်ပြီးသည့်နောက် ခေါင်းကို ညိတ်လိုက်သည်။

“ဒီလောက်ဆို..ဆရာကတော် ကျုပ်တို့ကို ယုံကြည်လို့ရပါပြီ”

“ကျွန်မ..မြို့ဝန်မင်းနဲ့ မကြာအုံကို တကယ်ကျေးဇူးတင်ပါတယ်....ကျွန်မခင်ပွန်းကို ဘယ်ကို ပို့မှာလဲ...ဘယ်တော့ပို့မှာလဲရော.သိခွင့်ရှိမလား”

“မကြာခင်ပို့မှာပါ....ဘာလို့လဲဆိုတော့..မင်းသားကြီးဦးအိုက အကျဉ်းထောင်တွေကို အုပ်ချုပ်ဖို့ မကြာခင်မှာ သူ့လူယုံ စလင်းဝန် ဦးသာဝကို တာဝန်ပေးတော့မှာ..အဲ့ဒီမတိုင်ခင်..လူဖြူအကျဉ်းသားတွေအားလုံးကို နေရာရွှေ့ဖို့လုပ်ရမှာပါပဲ..ဆရာကတော်..စိတ်ချပါ...တခုခုဆို ဆရာကတော်ကို ကျုပ် အကြောင်းကြားပါ့မယ်”

“နောက်တစ်ခုရော အားနာနာနဲ့ ထပ်အကူအညီတောင်းပါရစေ..မြို့ဝန်မင်း”

“ပြောပါ..ကျုပ် ကူညီနိုင်တာမျိုးဆို ရသလောက်ကူပါ့မယ်”

“ကျွန်မ...ဆရာယုဒသန်ကို သူ့ကလေးလေး ချောချောမောမော မွေးပြီးကြောင်း..သိစေချင်တယ်...သူ့အဖေနဲ့ သူ့သမီး..တွေ့ပေးချင်တယ်”

“ဖြစ်နိုင်ရင် မတွေ့စေချင်ဘူး..ဆရာကတော်..အခု...ဆရာယုဒသာန်တို့ လူဖြူအားလုံးကို အကျဉ်းထောင်ထဲမှာ ဝါးတန်းဆွဲထားကြတယ်”

ဦးရွှေလေး၏ စကားကြောင့် အဲန်မှာ အထိတ်တလန့်ဖြစ်သွားရ၏။

ဝါးတန်းဆွဲသည်ဆိုသည်မှာ အင်းဝလက်မရွှံ့ထောင်၏ ရှေ့အစဉ်အဆက်ကတည်းက ရှိခဲ့သော နှိပ်စက်ညှင်းပန်းနည်းတစ်မျိုးဖြစ်သည်။

သံခြေကျင်းခတ်ထားသော အကျဉ်းသားတစ်ဦးစီ ၏ ခြေထောက်နှစ်ဘက်ကြား တွင် ဝါးလုံးကို လျှိုလိုက်သည်။

ထို့နောက် ဝါးလုံး၏ အစွန်းနှစ်ဖက်ကို လူနှစ်ဦးက မ ပြီး အပေါ်သို့ မြှင့်တင်ကာ ကြိုးဖြင့် ဆွဲလိုက်ကြ၏။

ဝါးလုံးအဆွဲခံရသည့်လူများမှာ ခြေထောက်များက မိုးပေါ်မြောက်နေပြီး ခန္ဓာကိုယ်တစ်ခုလုံးကို လက်ပြင်နှစ်ခုဖြင့် ထိန်းထားသည့်အနေအထားဖြင့် ဝေဒနာကို ခံစားရသည်။

အကျဉ်းသားများကို ထိုအနေအထားဖြင့် တညလုံးနီးပါးထားလေ့ရှိကြောင်းကို ဟင်နရီဂေါက်ဂျာ၏ ပြောဖူးခဲ့သဖြင့် အဲန် သိနေခြင်းဖြစ်၏။

“ဒီလိုသိရတော့....ကျွန်မ ပိုတွေ့ချင်သွားတယ်...ကူညီပေးပါရှင့်.မြို့ဝန်မင်း”

အဲန်က ထိုင်ခုံမှ ဆင်းရဲ လက်အုပ်ချီလျက် ဒူးတုတ်ရှိခိုးရန်ပင် ပြင်လိုက်သည်။

ဦးရွှေလှေးက အဲန် ၏ ပုခုံးကို လက်နှစ်ဖက်ဖြင့် ဖေးမကာ ထခိုင်းလိုက်၏။

အပြင်ဘက်မှ မကြာအုံကလည်း မာရီယာလေးကို ပွေ့ချီလျက်..အတွင်းသို့ ဝင်လာသည်။

မာရီယာလေး ဝါး ခနဲ အော်ငိုလိုက်သံကြောင့် ဦးရွှေလှေးမှာ ထိုသားအမိကို အတော်လေးပင် ဂရုဏာသက်သွား၏။

“ဆရာကြီးကို တွေ့ခွင့်ရဖို့...ကျုပ် တတ်နိုင်သမျှ ကူပါ့မယ်လေ”

# (၁၆)

အဲန်သည် လှပသော ပိုးထမီကို ဝတ်ဆင်လျက်…ဇမ္ဗူရိုးရာဆံထုံးကို လှပစွာထုံးဖွဲ့ထားသည်။

သူမ၏ လက်ထဲတွင် အနှီးထွေးကလေးဖြင့် ချစ်စရာကောင်းလှသော မာရီယာ။

မြို့ဝန်ဦးရွှေလေးက ကူညီပေးခဲ့သော်လည်း အဲန်အား အကျဉ်းထောင်တွင်းသို့ ဝင်ရန် ထောင်မှူးကြီး မောင်လက ခွင့်မပြုခဲ့။

အခြားအကျဉ်းသားများအား နှိပ်စက်ထားသည့်အခြေအနေကို အဲန် မမြင်စေလိုခြင်းပင်ဖြစ်သည်။

ထို့ကြောင့် အဲန်နှင့် ဂျပ်ဆင်တို့အား ထောင်အပြင်ဘက် အစောင့်ဂိတ်တဲကလေးတွင်သာ တွေ့ခွင့်ပြုမည်ဟု ဆိုသည်။

အဲန် နှင့် မောင်အင်းတို့ ထောင်အရှေ့သို့ ရောက်သောအခါ ထောင်မှူးမောင်လ အပါအဝင် ထောင်အမှုထမ်းများက တစ်စုံတစ်ရာကို မတ်တပ်ရပ်စောင့်နေကြ၏။

အမြဲတမ်း အင်္ကျီချွတ်နှင့် နေလေ့ရှိသူ မောင်လမှာ သရက်ထည်အင်္ကျီနှင့် နဖူးစည်းကိုစည်းထားသဖြင့် အမြင်တစ်မျိုး ဖြစ်နေသည်။

အဲန် တို့ကို မြင်သော်လည်း မောင်လ က မမြင်ချင်ယောင်ပြုနေ၏။

အဲန်နှင့် မောင်အင်းမှာ ထောင်ရှေ့ဇရပ်ကလေးတွင် အခြားသူများနှင့် ထိုင်ကာ အခြေအနေကို စောင့်ကြည့်နေကြသည်။

မကြာမီ သံလျောင်အိမ်ကြီးတစ်ခုကို တင်လာသော လှည်းတစ်စီးနှင့်အတူ နန်းတွင်းအဝတ်အစားများ ဝတ်ဆင်ထားသည် လူတစ်စု ထောင်ရှေ့သို့ ရောက်လာကြ၏။

ထိုအစုအဖွဲ့ကို ခေါင်းဆောင်သူမှာ စလင်းဝန်ထောက် ဦးသာဝ မှန်း အဲန် မှတ်မိလိုက်သည်။

ပိုမိုထူးဆန်းသည်မှာ သံလျောင်အိမ်ကြီးထဲတွင် ပါလာသည်က ခြင်္သေ့ကြီးတစ်ကောင်ဖြစ်နေခြင်းပင်။

ထိုခြင်္သေ့ကြီး မှာ စစ်ကိုင်းမင်းအား မဏိပူရစော်ဘွားက ဆက်သထားသခြင်းဖြစ်သည်။

စစ်ကိုင်းမင်းက ထိုခြင်္သေ့ကြီးကို သူ၏ လာဘ်ကောင်အဖြစ် ဥ ယျာဉ်တော်ထဲတွင် ကျယ်ဝန်းသောလှောင်အိမ်ဖြင့် မွေးမြူထားခဲ့၏။ ခြင်္သေ့ကြီးကို သဘောကျ မြတ်နိုးလွန်းသဖြင့် တော်ဝင်အဆောင်အယောင်များပင် ပေးထားခဲ့သည်။

အင်္ဂလိပ်– မြန်မာ ပထမစစ်ပွဲဖြစ်လာသည့်အခါတွင်တော့ ရှင်ဘုရင်၏ ခြင်္သေ့ကြီး အပေါ် ထားသော သဘောထားမှာ တမျိုးပြောင်းလဲသွား၏။

ဗေဒင်ကိန်းခန်းတွက်ချက်မှုများအရ..အင်္ဂလိပ်တို့၏ အမှတ်တံဆိပ်မှာ ခြင်္သေ့ဖြစ် သည့်အတွက်...ဥ ယျာဉ်တော်တွင်းမှ တော်ဝင်ခြင်္သေ့ကြီးကို နှိမ်နင်းခြင်းအားဖြင့် အင်္ဂလိပ်တို့အပေါ် ပြန်လည်အနိုင်ရမည်ဟု စစ်ကိုင်းမင်းက ယုံကြည်သည်။

ထို့ကြောင့် ခြင်္သေ့ကြီးအား အကျဉ်းသားများထားရှိရာ အင်းဝလက်မရှိ့ထောင် တွင် အကျဉ်းချထားပြီး.. မသေမချင်း အစာငတ်ခံထားပြီး သတ်ပစ်ရန် ခေါ် ဆောင်လာခဲ့ခြင်းပင်။

တချိန်က ဘုရင့်အချစ်တော်ဖြစ်ခဲ့သော တော်ဝင်ခြင်္သေ့ကြီးမှာ သူ၏ ကံကြမ္မာကို မသိရှာ။

လှောင်အိမ်ထဲတွင် ထည့်ထားပေးသော သူ၏ နောက်ဆုံးရိက္ခာ အမဲပေါင်ရိုးကို ကိုက်ဝါးရင်းလိုက်ပါလာသည်။

ဦးသာဝ ခေါင်းဆောင်သော မင်းမှုထမ်းများနှင့် အကျဉ်းထောင်ဝန်ထမ်းများက ခြင်္သေ့ကြီး၏ လှောင်အိမ်ကို ချကာ..ထောင်တွင်းသို့ ထည့်ခြင်းဖြင့် အလုပ်ရှုပ်နေ ကြ၏။

ခဏအကြာတွင် ဦးသာဝ နှင့်အတူ ထောင်မှူးမောင်လတို့ အပြင်သို့ ပြန်ထွက်လာ ကြသည်။

ဦးသာဝက လှည်းပေါ်သို့ မတက်မီတွင်...ဇရပ်အနီးမှ အဲန်ကို သတိထားမိသွား၏။

ခဏအကြာတွင် အမှုထမ်းတစ်ယောက်ရောက်လာပြီး အဲန် အား ဦးသာဝက အခေါ်တော်ရှိကြောင်း ပြောလာသည်။

အဲန်က သူ့လက်ထဲမှ ကလေးငယ်အား မောင်အင်းလက်ထဲ ထည့်ကာ ဦးသာဝ ၏ လှည်းရှိရာသို့ လျှောက်သွား၏။

နဘေးတွင် ထောင်မှူးမောင်လက ရပ်နေသည်။

“ဒီကုလားဖြူမ က ဒီနားမှာ ဘာကိစ္စ ရောက်နေရတာလဲ”

ဦးသာဝမှ အဲန်ကို တချက်မျှ မကြည့်ပဲ..ထောင်မှူးမောင်လအား မေးလိုက်ခြင်း ပင်။

"မြို့ဝန်မင်းဦးရွှေလေး ခွင့်ပြုချက်နဲ့ သူလင် လူဖြူဘာသာရေးဆရာ ကို တွေ့ဖို့ လာခြင်းပါ"

ဦးသာဝ က မခိုးမခန့်ပြုံးလိုက်သည်။

"ငရွှေလေး..ငရွှေလေး..ကုလားဖြူမဆီက ဘယ်လောက်တောင်လာဘ်လာဘတွေ ရထားလဲမသိဘူး ...အေးလေ...တွေ့ထားပေါ့..မကြာခင်. .မင်းရဲ့ ယောက်ျားက ဟိုးက လူသတ်ကုန်းဆီ ရောက်တော့မှာပဲ....နောက်ဆုံးအနေနဲ့ အဝကြည့်ထား ပေါ့ကွယ်"

အဲန်က ဘာမှ ပြန်မပြောပဲ..ခေါင်းသာငုံ့ထား၏။

"ဟဲ့..ငါပြောနေတာကို ခေါင်းမော့ကြည့်စမ်းပါဦး"

အဲန်က ခေါင်းမော့လိုက်သည်။

"ကလေးမွေးထားတယ်ဆို..အင်း..ကုလားဖြူမ ဆိုပေမယ့်..တသားမွေး..တသွေး လှပါလား... .မုဆိုးမဖြစ်သွားရင်တော့.. နှမြောပါဘိ...အဟက်...အဲ့ဒီကျရင် တော့...ကျုပ် အကူအညီပေးနိုင်ပါတယ်လေ"

ဦးသာဝ ၏ စကားများကို အဲန်က မတုံ့ပြန်။

ခင်ပွန်းသည်မှာ နံရံများအနောက်တွင်ရှိနေချိန် အပြင်ဘက်မှ အာဏာရှိသူ ယောကျ်ားသားတစ်ဦး၏ စော်ကားမော်ကားစကားများကို အံကြိတ်၍သာ သည်းခံနေရ၏။

သူမ တစ်စုံတစ်ခုတုန့်ပြန်လျှင် ဂျပ်ဆင်နှင့်တွေ့ဆုံခွင့် အပေါ် ဦးသာဝက အနှောင့်အယှက်တစ်စုံတစ်ရာ ပြုမည်ကို စိုးရိမ်ရသည်မဟုတ်လား။

ဦးသာဝက အဲန်၏ တကိုယ်လုံးအား သိမ်းကြုံးကြည့်ပြီးနောက် ကျေနပ်အားရ ဟန်ဖြင့် လှည်းပေါ်တက်ကာ ထွက်ခွာသွား၏။

ထောင်မှူးမောင်လမှာမူ ပင်ကိုယ်က ရက်စက်ကြမ်းကြုတ်သည့်နှလုံးသားရှိသူ ဖြစ်သော်လည်း အဲန်အပေါ် သူ့အထက်အရာရှိ ဦးသာဝ ပြောသွားသည့် ဂုဏ်သိက္ခာကင်းမဲ့သောစကားများအတွက်မူ အားနာဟန်ပြလာသည်။

"ကဲ...ဟိုအစောင့်တဲထဲကို လာ....မင်းယောကျ်ားကို မကြာခင် ခေါ်ထုတ်လာပေး မယ်..ကလေးပါ ခေါ်ခဲ့ချေ"

အဲန်သည် မောင်အင်းထံမှ မာရီယာလေးကို ချီပွေ့ကာ..ထောင်ရှေ့အစောင့်တဲ အတွင်းသို့ ဝင်လိုက်သည်။

“ခင်ဗျားတို့ မ်သားစကားစုနဲ့ ပတ်သက်တဲ့ကိစ္စကလွဲလို့...တခြားအပြင်ဘက်က နိုင်ငံရေးကိစ္စတွေ မပြောဖို့ ကျုပ် သတိပေးပါရစေ..ဟိုတခါလို စာခိုးထည့်တာမျိုး တွေ့ရင်တော့..ခင်ဗျားကိုပါ မဖြစ်မနေ ဖမ်းချုပ်ရလိမ့်မယ်..ဒါမျိုးတွေ ကျုပ်မလုပ် ချင်သလို..ခင်ဗျားတို့ဘက်ကလည်း စောင့်ထိန်းပေးပါ”

မောင်လ က အဲန်ကို သတိပေးစကားပြောပြီး...ထောင်ဝန်းထဲသို့ ဝင်သွား၏။

ခဏအကြာတွင် လေးလံကြီးမားလှသောသံခြေချင်းကြီးသုံးထပ်ခတ်ခံထားရပြီး ထော့နင်းထော့နင်း လျှောက်လာသော ဂျပ်ဆင်ကို အဲန် မြင်လိုက်ရသည်။

အဲန်သည် ဝမ်းသာဝမ်းနည်းခံစားချက်ဖြင့် ကလေးကို ပွေ့ပိုက်လျက် မတ်တပ်ထ ရပ်လိုက်၏။

ဂျပ်ဆင်မှာ ဤမျှခရီးကလေးကိုပင် ခြေတလှမ်းခြင်း ပင်ပန်းကြီးစွာလျှောက်နေရ သည်။

ခန္ဓာကိုယ်အနှံ့တွင် ပြည်တည်နေသော ဝဲဖုများ၊ ယားနာများအပြည့်။ စုတ်ပြဲနေ သော အင်္ကျီနှင့် ဘောင်းဘီတို့မှာ ချေးညှော်အထပ်ထပ်ဖြင့်ညစ်ပေလျက်။

ဂျပ်ဆင်က အဲန် နှင့် သူမ၏ လက်ထဲမှ မာရီယာလေးကို မြင် သောအခါ...အားရပါးရပြုံးပြလိုက်သည်။

ထို့နောက် ကာလရှည်ကြာ ဝါးတန်းဆွဲခံထားရသဖြင့် ထိခိုက်ထားသော ခြေထောက်တို့မှာ ကြာကြာမတ်တပ်မရပ်နိုင်ပဲ..ဒူးထောက်လျက် ကျသွား တော့၏။

အဲန်မှာ မျက်ရည်ကို အတန်တန်ထိမ်းလျက်...ဂျပ်ဆင် လက်ထဲသို့ မာရီယာလေး ကို ထည့်ပေးလိုက်သည်။

အသားဖြူဖြူ၊ ပါးဖောင်းဖောင်း၊ မျက်လုံးပြာပြာဖြင့် မာရီယာလေးမှာ သူမ၏ ဖခင်ကို ပထမဆုံးအကြိမ် အဖြစ် ပြူးကြောင်ကြောင်ကြည့်နေ၏။

“အဲန်...မင်းလက်နဲ့ပဲ..ကလေးကို ကိုင်ထားပေးပါ”

အာဟာရပျက်သည့်ဒဏ်၊ တန်းဆွဲခံထားရသဖြင့် လက်ပြင်နှစ်ဖက်နာနေသည့် ဒဏ်ကြောင့် ဂျပ်ဆင်မှာ လသားအရွယ် သူ၏ ကလေးကိုပင် ကြာကြာမထွေးပွေ့ နိုင်ချေ။

အဲန်မှာ ခင်ပွန်းဖြစ်သူခံစားနေရသည့် ဒုက္ခဝေဒနာများကို မကြည့်ရက်နိုင်တော့။

မျက်လုံးကို စုံမှိတ်ပြီး ကလေးကို ပွေ့လျက်...ဂျပ်ဆင်ရှေ့တွင် ဒူးထောက်ထိုင်ချ လိုက်သည်။

“အဲန်..သူ့နာမည်ဘယ်လိုပေးထားလဲ”

“မာရီယာ”

“မာရီယာလေးအတွက်..မင်းကို ကိုယ်ကျေးဇူးတင်ပါတယ်...အခု ထောင်ထဲမှာ ကြားနေရတဲ့ သတင်းစကားတွေအရ ကိုယ်တို့အခြေအနေက မသေချာလှဘူး....ကိုယ်..မတော်တဆ ဘုရားအိမ်တော်ကိုပြန်သွားတဲ့အခါ”

အဲန် က ကလေးကို ပွေ့ထားလျက်မှ သူမ၏ လက်ဖဝါးတစ်ဖက်ဖြင့် ဂျပ်ဆင်၏ နှုတ်ခမ်းများကို ပိတ်လိုက်သည်။

“မပြောနဲ့.....ရှင်မသေဘူး...ကျွန်မ တို့နှစ်ယောက် တည်ဆောက်ခဲ့တဲ့အချစ်ကို ဘုရားသခင်က ဘယ်တော့မှ စောစောစီးစီးဖြိုမချပစ်ဘူး...မှတ်ထား....ကျွန်မရှိသ၍ ရှင်ရှိနေရဦးမှာ..ရှင့်အတွက် ဘာမဆို ကျွန်မ လုပ်မယ်...ဟုတ်ပြီလား..နောက်ကို..အဲ့ဒီ ကိစ္စ မပြောပါနဲ့..မပြောပါနဲ့”

အဲန်က ခင်ပွန်းဖြစ်သူ ပိုမိုစိတ်ဓာတ်ကျမည်စိုးသဖြင့် ငိုချင်စိတ်ကို ထိန်းထားလိုက်၏။

ထို့နောက် ဂျပ်ဆင်အား အတတ်နိုင်ဆုံး ကြိုးစားပြီး ပြုံးပြလိုက်သည်။

“ရှင် လွတ်မြောက်ဖို့ ကျွန်မ အပြင်ကနေ နေ့တိုင်း ကြိုးစားနေတယ်ဆိုတာ..ယုံထား..မကြာခင် ရှင်လွတ်မှာ..အဒမ်..ရှင်လွတ်လာမှာ”

ထိုအချိန်တွင် ထောင်မှူးမောင်လက ဂျပ်ဆင်၏ အနောက်ဘက်မှ ပေါ်လာ၏။

“ကဲ..ဒီလောက်ဆို လုံလောက်ပါပြီ”

မောင်လဘေးနားမှ အကျဉ်းထောင်အမှုထမ်းနှစ်ဦးက ဂျပ်ဆင်ကို ချိုင်းနှစ်ဖက်မှ ဆွဲမလိုက်သည်။

ဖခင်နှင့် မိခင်၏ ခွဲခွာခန်းကို သိသည့်အလား မာရီယာလေးက ဝါး ခနဲ အော်ငိုလိုက်၏။

မောင်အင်းက အဲန်၏ လက်ကို ဖေးမကာ လှည်းဆီသို့ ခေါ်သွားလိုက်သည်။

အပြန်လမ်းတွင် အဲန်တစ်ယောက် ရှိုက်ကြီးတငင်ငင်ငိုချလိုက်တော့၏။

.....................................................................................................................................

မြို့ဝန်မင်းဦးရွှေလေး၏ အကူအညီဖြင့် အဲန် သည် ဂျပ်ဆင်နှင့် တွေ့ဆုံခွင့်ရှိပြီးနောက်...ထောင်မှူးမောင်လက မွေးခါစကလေးငယ်နှင့် အဲန်အား ဂရုဏာသက်သွားပုံရ၏။

အဲန် အား တပတ်လျှင် တကြိမ် ဂျပ်ဆင်အား အစားအသောက်လာပို့ ပြီး တွေ့ခွင့် ပေးရန် ခွင့်ပြုလိုက်လေသည်။

သို့သော် ငွေစ တစ်ဆယ် ကိုတော့ လာသည့်အခေါက်တိုင်း မောင်လ ထံ လာဘ် ပေးရ၏။

မဟာဗန္ဓုလကျဆုံးပြီးသည့်နောက်..အကျဉ်းထောင်အတွင်း နိုင်ငံခြားသားများ၏ အခြေအနေမှာ တဖြည်းဖြည်း ကြပ်တည်းသည်ထက် ကြပ်တည်းလာ၏။

ဂျပ်ဆင်တို့လူစုမှာ သံခြေကျင်းငါးထပ်အထိ အခတ်ခံထားရပြီဖြစ်သည်။ လူဖြူများအား မကြာမီ ကွပ်မျက်တော့မည်ဟုလည်း ထောင်တွင်း သတင်းစကားများ ကြားနေရ၏။

အင်းဝလက်မရှိထောင်တွင် ဂျပ်ဆင်နှင့်အတူ အဖမ်းခံနေရသော လူဖြူများမှာ ဂျပ်ဆင်၏ မိတ်ဆွေများဖြစ်သော ဒေါက်တာဂျွန်နသန်ဒေးဗစ်ဖရိုက်၊ ကုန်သည်ကြီးဟင်နရီဂေါက်ဂျာ၊ ကုန်သည်တပိုင်းသင်္ဘောကပ္ပတိန်တပိုင်းဖြစ်သူ စကော့လူမျိုး မစ္စတာလိုင်းယက်၊ မြန်မာဘုရင်၏ အကောက်ဝန်ဖြစ်လာမည်ဟု ထင်ကြေးပေးခံခဲ့ရဖူးသူ အင်္ဂလိပ်လူမျိုး မစ္စတာရော်ဂျာ၊ ဂရိလူမျိုး အနာကြီးရောဂါသည် ကွန်စတန်တင်း ၊ အာမေးနီးယန်းလူမျိုးလန်စီယာဂို တို့ဖြစ်ကြသည်။

သူတို့အားလုံးမှာလည်း ရောဂါဝေဒနာအသီးသီးဖြင့် အသက်ဆက်နေရသည့် အခြေအနေသို့ ရောက်ရှိနေသည်။

အင်္ဂလိပ်စစ်ပွဲမှ ရှားရှားပါးပါးဖမ်းမိလာသည့် စစ်သုံ့ပန်းဖြစ်သည့် အိုင်းရစ်လူမျိုး စစ်သား ကာစီဒေးမှာမူ အကျဉ်းထောင်အတွင်း ရောက်ရှိပြီး နောက်တစ်နေ့တွင်ပင် ကွပ်မျက်ခံခဲ့ရပြီဖြစ်၏။

၁၈၂၅ မေလ ၂ ရက်နေ့။

အဲန်သည် ဂျပ်ဆင်အား ထုံးစံအတိုင်း အစားအသောက်ကျွေးရန် ရောက်လာခဲ့သည်။

ဂျပ်ဆင်မှာ ဖျားနာနေသဖြင့် ထောင်တွင်း နွေးထွေးစေရန် အဲန်က ကုပ်အင်္ကျီတစ်ထည်လည်း ယူလာပေးသည်။

အဲန်မှာ ထောင်မှူးခွင့်ပြုသည့်အတိုင်း သူမထည့်လာသော အစားအသောက်များကို ငှက်ပျောရွက်ပေါ်သို့ ပုံပေးလိုက်၏။

ဂျပ်ဆင်မှာ အစားအသောက်များကို မစားနိုင်ရှာ။

ထို့ကြောင့် ထောင်တွင်းစားသောက်နိုင်ရန် ငှက်ပျောဖက်အား နှီးဖြင့် ထုတ်ကာ ယူလိုက်သည်။

အဲန်ပြန်သွားပြီးသည့်နောက် ဂျပ်ဆင်မှာ ထောင်တွင်းသို့ ပြန်ဝင်ရန်ထလာခဲ့၏။

ထောင်ဝသို့ အရောက်တွင်ပင် အစောင့်စစ်သည်တစ်ဦးက ဂျပ်ဆင်၏ ကုပ်အင်္ကျီကို ချွတ်ယူလိုက်သည်။

ထို့နောက် ခြေကျင်းငါးခုအနက်မှ သုံးခုကို ဖြုတ်ပေး၏။

ဂျပ်ဆင်မှာ အခြေအနေကို ရုတ်တရက်နားမလည်ခဲ့။

ခဏအကြာ ထောင်အတွင်းမှ ဘဝတူ လူဖြူအကျဉ်းသားများ တန်းစီထွက်လာသည်ကို တွေ့လိုက်ရမှ အခြေအနေကို ရိပ်စားမိတော့သည်။

အစောင့်များက လူဖြူအကျဉ်းသားများ စီးထားသည့် ရှူးဖိနပ်များအားလုံးကို ချွတ်ခိုင်းလိုက်သည်။

ထို့နောက် နှစ်ယောက်တတွဲစီ သံချေကျင်းများကို ကြိုးများနှင့် ပူးချည်လိုက်၏။

ထိုအချိန်ထိ အစောင့်များမှာ စကားတစ်ခွန်းမျှ မဆိုကြ။

မကြာမီ ထောင်မှူးမောင်လနှင့် သေနတ်ကိုင် အစောင့်များ ရောက်လာကြပြီး...ထောင်တံခါးကို ဖွင့်လိုက်ကြသည်။

သေနတ်ကိုင်များခြံရံလျက်..အကျဉ်းသားများကို အင်းဝ၏ မြေသားလမ်းမများပေါ်သို့ မောင်းတင်လိုက်ကြတော့၏။

သူတို့အား သတ်ကြတော့မည်လား။ သို့မဟုတ် မည်သည့်နေရာသို့ ခေါ်ဆောင်သွားသည်လဲ။ မည်သူမျှ မသိကြရ။

မေးလျှင်လည်း ထောင်စောင့်များက ရိုက်နှက်ကြသည်။

အင်းဝ၏ ပူကျစ်မာကြောနေသော လမ်းမများပေါ်တွင် ခြေဗလာဖြင့် လျှောက်ရသည့် ဒဏ်က ငရဲတမျှ။

အဖျားတက်နေသော ဂျပ်ဆင်မှာ ထိုဒုက္ခကို ပိုမိုခံစားရသည်။

နှစ်ယောက်တတွဲတွဲထားသော သံခြေကျင်းများ၏ ပွတ်တိုက်မှု၊ မြေကြီးနှင့် လပေါင်းများစွာမထိတွေ့ရသည့် ခြေထောက်များမှာ မြေပြင်ပူပူနှင့်ထိတွေ့ရသောကြောင့် ကွဲရှကုန်ကြ၏။

လူဖြူအကျဉ်းသားများ၏ ညည်းညူသံများကို အင်းဝမြို့သူမြို့သားများမှာ ဂရုဏာသက်စွာ ကြည့်နေကြရသည်။

သို့သော် မည်သူမျှ ရေတခွက်ပင် မကမ်းဝံ့ကြ။

ဂျပ်ဆင်မှာ လမ်းဆက်လျှောက်ရန်ပင် မဖြစ်နိုင်တော့။

ထိုအခြေအနေကို သူနှင့်ပူးတွဲ ချည်နှောင်ခံထားရသည့် လိုင်းယက်က တွဲကူပေးသည်။

"ဝုန်း"

အနောက်ဘက်မှ လဲကျသွားသံကြောင့် လူတန်းကြီးမှာ ရပ်တန့်သွား၏။

ဂရိလူမျိုးအနာကြီးရောဂါသည် အဘိုးကြီး ကွန်းစတန်တင်း လဲကျသွားခြင်းဖြစ်သည်။

သူနှင့် ပူးတွဲချည်နှောင်ခံထားရသူ အာမေးနီယန်းလူမျိုးမှာလည်း မြေပြင်ပေါ်တွင် ထိုင်လျက်။

ထောင်စောင့်များက ကွန်စတန်တင်းကို ဝိုင်းဝန်းရိုက်နှက်ကြပြီး ထရန် ပြောကြသည်။

သို့သော် ကွန်စတန်တင်းမှာ မြေကြီးပေါ်တွင် အသက်ငွေ့ငွေ့သာရှူလျက် မလှုပ်ရှားနိုင်တော့။

နောက်ဆုံးတွင် ထောင်မှူးမောင်လမှာ ကွန်စတန်တင်းကို ခြေချင်းဖြုတ်ပေးကာ လှည်းပေါ်သို့ ပစ်တင်ရန် စေခိုင်းလိုက်သည်။

သတိလစ်နေသော ကွန်စတန်တင်းကို ဆွဲယူသွားချိန်တွင် လိုင်းယက်က ဂျပ်ဆင်၏ လက်မောင်းတို့ကို ဖေးကူထား၏။

"မလဲကျစေနဲ့...ဆရာ..သူတို့ ဝိုင်းရိုက်တာနဲ့ အသက်ထွက်သွားလိမ့်မယ်..တွေ့တယ်မဟုတ်လား"

သို့သော်...ဂျပ်ဆင်မှာ ဖျားနေနေသည့်ကြားမှ မျက်လုံးများ ပြာဝေလာနေသည်။

ရေခဲတတ်ချို့တဲ့သည့်ဒဏ်ကြောင့် ပိုမိုမူးဝေလာ၏။

ထိုအခြေအနေတွင် မထပ်မှတ်ထားသူတစ်ဦးက ဂျပ်ဆင်၏ အနားသို့ ရောက်ရှိလာတော့သည်။

https://t.me/mmebooks

## (၁၇)

ကုန်သည်ကြီး ဟင်နရီဂေါက်ဂျာ ၏ တပည့်ဖြစ်သူ ဟိန္ဒူလူငယ်တစ်ဦးသည် ရုတ်တရက် ဂျပ်ဆင်၏ နဘေးသို့ ရောက်လာ၏။

သူက ဟင်နရီဂေါက်ဂျာအား နွားသားရည်ဖြင့်လုပ်ထားသည့် ရေထည့်ထားသော အိတ်ကို အစောင့်များ အလစ်တွင် ရေသောက်ရန် လာရောက်ပေးခြင်းဖြစ်သည်။

အစောင့်များမှာ ဂရိအဘိုးအိုကွန်စတန်တင်းကိစ္စဖြင့် ရှုပ်နေကြသဖြင့် သူ့ကို ရုတ်တရက်သတိမထားမိကြ။

လူငယ်က ဟင်နရီဂေါက်ဂျာအား ပေးမည့် ရေအိတ်ကို ဂျပ်ဆင်အား မော့သောက်စေ၏။

ထို့နောက် သူ၏ ခေါင်းပေါင်းအဖြူကို ဖြည်ကာ အပိုင်းပိုင်းဖြစ်အောင် ဆွဲဖြဲလိုက်သည်။

ထို့နောက် ဂျပ်ဆင်၏ သွေးအလိမ်းလိမ်းဖြစ်နေသော ခြေဖဝါးများကို ခေါင်းပေါင်းစအပြဲများဖြင့် အထပ်ထပ်စည်းပေးလိုက်သည်။

သူ၏ ဆရာဖြစ်သူ ဟင်နရီဂေါက်ဂျာအားလည်း အဝတ်စနှင့် ရေအိတ်ပေးပြီးနောက် လူငယ်က ဂျက်ဆင်၏ ပုခုံးတစ်ဖက်ကို လျှိုထမ်းကာ တွဲကူလျှောက်ပေး၏။

ဂျပ်ဆင်သည်လည်း ဂရိကြီးကွန်စတန်တင်းကဲ့သို့ လုံးဝလမ်းမလျှောက်နိုင်တော့မည်စိုးသဖြင့် အစောင့်များကလည်း မသိမသာ နေပေးကြသည်။

ရေဓာတ်ရရှိသွားခြင်း၊ ခြေထောက်တွင် အဝတ်စစည်းနှောင်လိုက်ရခြင်း၊ တွဲကူသူတစ်ယောက်ရှိလာခြင်းအအတွက် နာကြင်မှုလျော့နည်းသွားခြင်းတို့ကြောင့် ဂျပ်ဆင်မှာ လန်းလန်းဆန်းဆန်းဖြစ်လာသည်။

နောက်ထပ် အားတက်ဖွယ်တစ်ခုမှာ သူတို့အား ခေါ်ဆောင်သွားသည့် လမ်းကြောင်းမှာ အင်းဝမြို့ပြင် လူသတ်ကုန်းကို ကျော်လွန်ပြီး အမရပူရဘက်သို့ ဦးတည်နေသောကြောင့်ပင်။

လောလောဆယ် သူတို့အား လူသတ်ကုန်းသို့ခေါ်ဆောင်ပြီး မသတ်သေးကြောင်း သိရသဖြင့် အချင်းချင်း တီးတိုးပြောကာ စိတ်ဖြေကြရ၏။

“ဓါးနဲ့ခုတ်သတ်ရင်…အလုပ်ရှုပ်နေလို့..ရေနှစ်သတ်ရင် သတ်မှာပေါ့”

ဟင်နရီဂေါက်ဂျာ၏ အသံက အနိမ့်အမြင့်မရှိ၊ အေးစက်နေသည်။

“ဒါဆိုရင်လည်း..အခုပဲ…ဟိုးမြစ်ဘောင်ပေါ် ပြေးတက်ပြီး ကျုပ်တို့အားလုံး သတ်သေကြမလား…ကျုပ်တို့ ဒီဝေဒနာဒုက္ခတွေက အမြန်ဆုံး လွတ်မြောက်ဖို့ လုပ်တာမို့..ဘုရားသခင်က ခွင့်လွှတ်မှာပါ”

ဂျပ်ဆင်၏ စကားကြောင့် သူနှင့်ကပ်လျက် တွဲချည်ခံထားရသည့် လိုင်းယက်က မျက်လုံးပြူးကြီးဖြင့် ကြည့်လိုက်သည်။

“မစ္စတာဂျပ်ဆင်..ခင်ဗျားရဲ့ ဂုဏ်သရေရှိပြီးလူပတဲ့ ဇနီးသည်ကတောင်….ခင်ဗျား အတွက် ဒီလို ကြောက်စရာကောင်းတဲ့အခြေအနေမျိုးမှာတောင် လူတကာကို အောက်ကျို့ပြီး ကြံ့ကြံ့ခံရပ်တည်ပေးနေတာ..ခင်ဗျားက အရှုံးပေးတော့မလို့လား”

“သူ့အတွက်လည်း ပါတယ်ဗျ….ကျုပ်တို့က မကြာခင်သေချင်သေမှာပဲ…ကျုပ်ကြောင့်…သူ့ခမြာ လူတကာ ခြေရင်းဒူးထောက်နေရတာ…ကျုပ် မမြင်ရက်..မကြားရက်တော့ဘူး”

ထိုအချိန်တွင် ရှေ့မှ ဦးဆောင်လျှောက်နေသော ထောင်မှူးမောင်လ နှင့် ထောင်အရာရှိတစ်စုက နွားလှည်းဆီသို့ ပြေးလာကြသည်။

အသက် (၆၅)နှစ်အရွယ် အနာကြီးရောဂါသည် ဂရိအဖိုးအို ကွန်စတန်တင်း ကားလှည်းပေါ်တွင်ပင် အသက်ထွက်သွားခဲ့လေပြီ။

နဖူးတွင် သူသတ်ဟု မှင်ကြောင်ထိုးထားသော လူနှစ်ဦးက အဖိုးကြီးကွန်စတန်တင်း၏ အလောင်းကို ဆွဲချကာ မြေမြှုပ်ရန် ပြင်ဆင်နေကြ၏။

ရှေ့တွင် အမရပူရမြို့ရိုးအား လှမ်းမြင်နေရပြီဖြစ်သည်။

ထောင်အမှုထမ်းများက သူတို့အား ခတ်ထားသည့် ခြေကျင်းများကို လိုက်ဖြုတ်ပေးကြ၏။

လွတ်လပ်ပေါ့ပါးခြင်းကို ခံစားလိုက်ရသဖြင့် သူတို့အနည်းငယ်သက်တောင့်သက်သာဖြစ်သွားကြသည်။

မကြာမီ အမရပူရမြို့ဆီမှ လက်နက်ကိုင်လူတစ်စုထွက်လာကြ၏။

အမရပူရမြို့ဝန်က ထောင်မှူးမောင်လ ထံမှ ဂျပ်ဆင်တို့ လူသိုက်အား လွှဲပြောင်းရယူရမည်ဖြစ်သည်။

အမရပူရမြို့ဝန်ကတော်က သခွားသီးများကို ခြင်းတောင်း ဖြင့် ယူလာပြီး…အကျဉ်းသားများအား လိုက်လံပေးကမ်း၏။

ဆာလောင်နေသော အကျဉ်းသားများမှာ သခွားသီးများကို အလုအယက်စားကြသည်။

သူတို့အား မြို့တွင်းသို့ ဝင်ခွင့်မပြုပဲ..ယနေ့ည တညတာ ရောက်ရှိသောနေရာတွင်ပင် အိပ်စက်ရမည်ဖြစ်ကြောင်း မြို့ဝန်က ဆိုသည်။

အစောင့်များကို သူတို့ပတ်လည်တွင် ထူထပ်စွာချထားသော်လည်း လွတ်လပ်စွာနေခွင့်ပေး၏။

လူဖြူအကျဉ်းသားအားလုံးမှာ အနီးရှိ ကြမ်းခင်းများပင်မရှိတော့သော ဇရပ်ပျက်ကြီးတစ်ဆောင် နှင့် လှည်းများအောက်သို့ တိုးဝင်လာ ခြေပစ်လက်ပစ် လှဲအိပ်လိုက်ကြသည်။

ပင်ပန်းကြီးစွာ လမ်းလျှောက်လာရသော သူတို့အားလုံးမှာ မြေကြီးပေါ်တွင်ပင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားကြသည်။

..........................................................................................................

နောက်တစ်နေ့ နိုးလာချိန်တွင် အစောင့်များက အမရပူရမှ နောက်ထပ်လေးမိုင်ဝေးသော အောင်ပင်လယ်သို့ ခရီးဆက်ရမည်ဟု ပြောကာ လိုက်လံနိုးသည်။

သူတို့ကား လမ်းမလျှောက်နိုင်ကြတော့။

ခြေထောက်များမှာ ယောင်ကိုင်းနေပြီး တကိုယ်လုံးကိုက်ခဲနေကြသည်။ ဂျပ်ဆင်မှာလည်း အဖျားများ ပြန်တက်လာ၏။

သူတို့အား ကူညီရန် အင်းဝမှ လိုက်ပါလာသူ ဟိန္ဒူလူငယ်ကလည်း အင်းဝသို့ ပြန်သွားပြီဖြစ်သည်။

အစောင့်များက လှံရှည်များဖြင့် ရိုက်နှက်ကာ အတင်းအကြပ်မတ်တပ်ရပ်ခိုင်းကြသည်။

လူဖြူအကျဉ်းသားများထဲတွင် အသန်မာဆုံးဖြစ်သည့် ဟင်နရီဂေါက်ဂျာသည်ပင် လျှင် မတ်တပ်မရပ်နိုင်တော့။

အစောင့်များက ဒေါသတကြီးရိုက်နှက်သည့် ဒဏ်ကို ပေခံနေကြရ၏။

နောက်ဆုံးတွင် အစောင့်များက လက်လျှော့ပြီး အမရပူရမြို့တွင်းရှိ မြို့ဝန်ထံသို့ သတင်းသွားပို့ကြသည်။

စိတ်သဘောထားပြည့်ဝပုံရသည့် မြို့ဝန်ကတော်ကိုယ်တိုင် မကြာမီ လှည်းသုံးစီးဖြင့် ရောက်လာ၏။

အောင်ပင်လယ်ထောင်သို့ ကျန်သည့် လေးမိုင်ခရီးကို သူတို့အားလုံး လှည်းဖြင့် လိုက်ပါခွင့်ရလိုက်တော့သည်။

သို့သော် သူတို့၏ ခါးများကိုမူ နှစ်ယောက်တတွဲ ကြိုးများဖြင့် ပူချည်ခံလိုက်ရ၏။

မွန်းလွဲပိုင်းတွင် မြက်ခင်းများထူထူထဲထဲပေါက်နေသည့် ခြံဝန်းကျယ်နှင့် အဆောက်အဦတစ်ခုသို့ လှည်းများ ရောက်ရှိသွားကြသည်။

ထိုနေရာသည် အောင်ပင်လယ်ထောင်ပင်ဖြစ်သည်။

အောင်ပင်လယ်ထောင်သည် အချိန်ကြာမြင့်စွာ အသုံးမပြုတော့သည့်ထောင် ဟောင်းဖြစ်သဖြင့် အမိုးများမှာ ပျက်စီးလျက် တိုင်များမှာ ယိုင်နဲ့နေကြပြီဖြစ်၏။

ထောင် ဟု ပြောနိုင်သည့်အမှတ်အသားဟူ၍ ဆွေးမြေ့နေသော ထိပ်တုံးများသာ။

.......................................................................................................
.......................

နိုင်ငံခြားသားများကို လက်မရွှံ့ထောင်မှ ခေါ်ထုတ်သွားကြပြီဆိုသည့် သတင်း ကြောင့် အဲန်မှာ ဆောက်တည်ရာမရတော့။

အဖျားတက်နေသည့် ဂျပ်ဆင်အတွက် ပိုမိုစိတ်ပူသွားရသည်။

အဲန်သည် လက်မရွှံ့ထောင်ရှိရာသို့ အပြေးအလွှားရောက်ရှိသွားသည်။

ထောင်ပေါက်ဝရှိ တဲကလေးသို့ ပြေးသွားပြီး အစောင့်စစ်သားလက်ထဲသို့ ငွေစ တချို့ ထိုးထည့်လိုက်၏။

"ကျွန်မယောက်ျားကို..ဘယ်ကို ခေါ်သွားကြတာလဲ...သတ်လိုက်ကြပြီလား..ပြော ပါရှင်"

ထောင်စောင့်က အဲန်ကို အားနာဟန်ဖြင့် ငွေစများကို ပြန်ပေးသည်။

"ကျုပ်တို့လည်း မသိပါဘူး..ဆရာကတော်....ထောင်မှူးမောင်လ လည်းပါသွားပါ တယ်"

"သိရင်ပြောပြပါရှင်..ဘယ်ခေါ်သွားတာလဲလို့...သတ်ပစ်လိုက်ကြပြီလား"

ထောင်စောင့်များက ခေါင်းကိုသာ ခါယမ်းနေ၏။

"မမအဲန်...."

မောင်အင်းနှင့် ထမင်းချက်ကူချေး တို့က လှည်းတစ်စီးဖြင့် ရောက်လာကြသည်။

"ဆရာကြီးကို ဘယ်ခေါ်သွားတာလဲ...နင်တို့သိပြီလား..မောင်အင်း..သူတို့ သတ် လိုက်ကြပြီလား"

မောင်အင်းက အဲန်ကို လှည်းပေါ်သို့ ဖေးမဆွဲခေါ်သွား၏။

"ကျွန်တော်တို့ လူသတ်ကုန်းကို ရောက်ခဲ့ပြီးပါပြီ..ဆရာကြီးမရှိပါဘူး...မြို့ထဲမှာ ပြောနေကြတာတော့...မြို့ပြင်ကို ခေါ်ထုတ်သွားတယ်ပဲ ပြောကြတယ်...ဘယ်

ခေါ်သွားလဲဆိုတာ ဘယ်သူ့ကိုမှ မေးမရဘူး”
အဲန်သည် စိတ်ကို ပြန်လည်တည်ငြိမ်အောင် စုစည်းလိုက်သည်။
ထိုအခါမှ မြို့ဝန်ဦးရွှေလေး ပြောခဲ့သည့် စကားများကို အမှတ်ရလာ၏။
“ဦးရွှေလေး အိမ်ကို သွားကြစို့”
မောင်အင်းက လှည်းကို အင်းဝမြို့ထဲဆီသို့ ဦးတည်လိုက်သည်။
ဦးရွှေလေး ၏ နေအိမ်မှာ တိတ်ဆိတ်ငြိမ်သက်လျက်။
အဲန်က လှည်းပေါ်မှဆင်းပြီး အိမ်ခြံဝန်းထဲသို့ ဝင်လိုက်သည်။
“မြို့ဝန်မင်း..မြို့ဝန်မင်း”
အဲန်၏ ခေါ်သံကြောင့် အိမ်ပေါ်မှ မြို့ဝန်ကတော် မကြာအုံ က အပြင်သို့ ထွက်လာ၏။

“ဆရာကတော်”

မကြာအုံ က အောက်သို့ ဆင်းလာပြီး အဲန်၏ လက်များကို ဆုပ်ကိုင်လိုက်သည်။

“မြို့ဝန်မင်းရော”

“သူ သာယာဝတီကိုယ်တော်လေးရဲ့ အိမ်တော်မှာပါ....ညဉ့်နက်မှ ပြန်လာမယ်..ဆရာကတော်”

“ဆရာယုဒသနယ်တို့ကို ဘယ်ကိုပို့လိုက်တာလဲ..မကြာအုံ..သိလားဟင်..ကျွန်မ စိတ်တွေအရမ်းပူနေလို့ပါ”

“ဒီမှာ ပြောလို့မကောင်းဘူး..အိမ်ပေါ်တက်ကြတာပေါ့..ဆရာကတော်”

မကြာအုံ က အဲန်အား အိမ်ပေါ်သို့ ဦးဆောင်ခေါ်သွား၏။

အိမ်ပေါ်သို့ ရောက်သည်နှင့် အစေခံများအား တံခါးသေချာပိတ်ရန် ညွှန်ကြားလိုက်သည်။

ထို့နောက် အဲန်၏ လက်ကို ဆွဲကာ ဧည့်ခန်းဆောင်သို့ ခေါ်သွား၏။

“ကျွန်မပြောတာကို သေချာနားထောင်ပါ..ဆရာကတော်....မကြာခင်မှာ ရွှေနန်းတော်ထဲ ကြီးကြီးမားမား အပြောင်းအလဲတစ်ခုဖြစ်ဖို့ရှိနေတယ်...အဲ့ဒီအခါ အခြေအနေတွေ ရှုပ်ထွေးနေတဲ့ကြားထဲကနေ ဦးအိုတို့ အုပ်စုက လူဖြူတွေကို ကွပ်မျက်ပစ်လိုက်တာမျိုးကို သာယာဝတီကိုယ်တော်လေးက မဖြစ်စေချင်ဘူး.. ဒါကြောင့်..လူဖြူအကျဉ်းသားအားလုံးကို အင်းဝကနေ ချက်ချင်းလက်လှမ်းမမီတဲ့ နေရာကို ရွှေ့ဖို့ မြို့ဝန်မင်းကနေ တဆင့် အားချင်းစီစဉ်လိုက်တာ

ပါ...ဆရာကတော်ကို အသိမပေးရတာက...သူတို့ကို ဘယ်ခေါ်သွားတယ်ဆိုတာကို...ဘယ်သူကိုမှ မသိစေချင်လို့ပါ....မင်းသားကြီးဦးအို အုပ်စုအနေနဲ့လည်း သူတို့ကို ကွပ်မျက်ဖို့ခေါ်သွားတယ်လို့ အထင်ရောက်အောင် လှည့်စားလိုက်တာပါ..ဆရာကတော်"

ထိုအခါမှ အဲန်က သက်ပြင်းချလိုက်သည်။

"ဟူး..အသက်အန္တရာယ်မရှိဘူးဆို တော်ပါသေးရဲ့...သူတို့ကို ဘယ်ကို ခေါ်သွားကြတာလဲဟင်"

"အောင်ပင်လယ်ထောင် ကို ခေါ်သွားကြတာ..ဆရာကတော်"

..........................................................................................................................
..............

# (၁၈)

"ဂျိန်း"

အင်းဝမြို့တံခါးပိတ်သံနှင့်အတူ လှည်းတစ်စီးက မြို့အပြင်ဘက် အမှောင်ထုထဲသို့ တိုးထွက်လာသည်။

လရောင်ရိပ်ရိပ်အောက်တွင် နွားတို့က ခပ်သော့သော့ပြေးနေ၏။

အဲန်သည် ဂျပ်ဆင်ရှိရာသို့ လိုက်ပါရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

သူမပိုင်ဆိုင်သည့် ရွှေငွေနှင့် အဖိုးတန်ပစ္စည်းအနည်းငယ်ကို မြို့ဝန်ကတော်မကြာ အုံထံ အပ်နှံထားခဲ့သည်။

သူမရောက်ရှိသည့်အချိန်တွင် မြို့ဝန်မင်းဦးရွှေလှေးလည်း ရောက်ရှိနေသဖြင့် ဦး ရွှေလှေးက အောင်ပင်လယ်ထောင်မှူးအား ပြသရန် စာတစ်စောင်လည်းရေး ပေးလိုက်၏။

မောင်အင်း ကို အိမ်စောင့်အဖြစ်ထားခဲ့ပြီး..မာရီယာကလေး၊ မရီ၊ မကြည် တို့ လှည်းတွင်လိုက်ပါကြသည်။

ထမင်းချက်ကူချေး က လှည်းမောင်းပေး၏။

မေလ ဖြစ်သည့်အတွက် ညနက်နက်တွင် လေပူတိုက်ခတ်လိုက်တိုင်း မာရီယာ လေးသည် ထထငို၏။

အဲန်နှင့် မြန်မာမလေးနှစ်ဦးမှာ မာရီယာလေးကို အလှည့်ကျ ပွေ့ပိုက်ရင်း ခြင်ရိုင်း တို့ဒဏ်ကို အံတုလိုက်ပါခဲ့သည်။

သူတို့ညလုံးပေါက်နီးပါး ခရီးဆက်ပြီးသည့်နောက်..အာရုဏ် တက်ခါနီးတွင် အမရ ပူရမြို့သို့ ရောက်ရှိသွားကြ၏။

အမရပူရမြို့ပြင်ရှိ ဇရပ်တွင် ခေတ္တမျှအိပ်စက်ရန်ပြင်ကြသည်။ သို့သော် မာရီယာ လေး၏ ငိုသံကြောင့် မည်သူမျှ ကောင်းမွန်စွာမအိပ်ကြရ။

ထို့နောက် နံနက်မိုးလင်းသည်နှင့် မည်သည့်နေရာတွင်ရှိနေမှန်းမသိသော အောင် ပင်လယ်သို့ ခရီးဆက်ကြပြန်၏။

ခရီးသွားအချို့က အောင်ပင်လယ်သို့ သွားရာလမ်းကို ညွှန်ပြကြသည်။

အမရပူရမှ အောင်ပင်လယ်သို့ သွားရာလမ်းသည် ပိုမိုကြမ်းတမ်းလှ၏။

မည်သည့်သောလှည်းလမ်းပေါ်တွင် လိုက်ပါရသဖြင့် မာရီယာကလေးမှာ တချိန်လုံးနိုးပါး အော့အန်လျက်။

လမ်းခရီးတွင် တွေ့သူများအား အောင်ပင်လယ်ထောင် ကို မေးမြန်းစုံစမ်းရင်း သူတို့ စမ်းတဝါးဝါးခရီးဆက်ကြသည်။

မွန်းတည့်ချိန်ပူပြင်းသောနေရောင်အောက်တွင် သူတို့အားလုံးမှာ မောပန်းနေကြပြီဖြစ်သည်။

အစားအသောက်ရောင်းချသည့်တစ်နေရာတွေ့လိုတွေ့ငြား ရှာဖွေသော်လည်း လူရိပ်လူယောင်ပင် မတွေ့ရ။

အဲန် က ဂျပ်ဆင်တို့နှင့်တွေ့လျှင် ပေးမည့် ကွတ်ကီးမုန့်များထဲမှ အချို့ကို ထုတ်ကာ မျှဝေစားကြသည်။

တညလုံးမအိပ်ရသည့်အပြင် မာရီယာလေးအားလည်း နို့တိုက်ရသေးသဖြင့် အဲန်မှာ တဖြည်းဖြည်း အားနည်းလာ၏။

သို့သော် မြက်ခင်းလွင်ပြင်ကျယ်ကြီးတစ်ခု၏အဆုံး အဆောက်အဦတစ်ခုနှင့် လူစုစုကိုမြင်လိုက်ရသဖြင့် အဲန်မှာ ထခုန်မိမတတ်ဝမ်းသာသွားရသည်။

အဆောက်အဦ၏ အပြင်ဘက် ထင်းများစုပုံထားသည့်နေရာတွင် ငုတ်တုတ်ထိုင်နေကြသော လူဖြူအကျဉ်းသားတစ်စုကို မြင်လိုက်ရ၏။

ပျက်စီးနေပြီဖြစ်သော ထောင်၏ အမိုးများကို အမရပူရမြို့ဝန်၏ ထောင်မှူးအသစ်နှင့် ထောင်အမှုထမ်းများက ပြင်ဆင်နေကြသည်။

အဲန်၏ လှည်းကို မြင်လိုက်သောအခါ ထောင်မှူးငဗိုက် ဆိုသူက လှံကိုင်တပ်သားများနှင့်အတူ သူတို့ရှိရာသို့ လျှောက်လာ၏။

ထောင်မှူးငဗိုက် မှာ အင်းဝလက်မရှိ့ထောင်မှူးမောင်လ ကဲ့သို့ ခက်ထန်သောမျက်နှာပေးမျိုးမရှိသော်လည်း လူဖြူအမျိုးသမီးတစ်ယောက်ဖြစ်သည့် အဲန်ကို မြင်လိုက်သည့်အခါ မနှစ်မြို့သည့် ဟန်ပန်ကို တွေ့ရသည်။

အဲန်က မြို့ဝန်ဦးရွှေလှေး ပေးလိုက်သည့် စာကို သူ့ထံကမ်းပေးလိုက်၏။

ငဗိုက် က စာကို ဖတ်ကြည့်ပြီး အဲန်ကို မော့ကြည့်လိုက်သည်။

အဲန်က အသင့်ဆောင်လာခဲ့သော ငွေစထည့်ထားသည့် ကတ္တီပါအိတ်ရှုံ့လေးကို ကမ်းပေးလိုက်၏။

ငဗိုက် က ကတ္တီပါအိတ် အလေးချိန်ကို လက်ဖြင့် စ ကြည့်လိုက်ရင်း…

“အင်း..အင်းဝမြို့ဝန်ကြီးဆီက အကူအညီတောင်းတာဆိုတော့..ကျုပ် မငြင်းဝံ့ပါဘူး..ကဲ..သွားချေ..ဟိုမှာ သူတို့တွေပဲ”

အဲန်က ကူချေးနှင့် မရီ တို့ အား အသင့်ယူလာသည့် ဆန်ထုတ်များကို ချရန် ပြောလိုက်သည်။

မာရီယာလေးကို မကြည်လက်ထဲသို့ ထားခဲ့ပြီး...အကျဉ်းသာတသိုက်ရှိနေသည့် ထင်းပုံအနီးသို့ အဲန် ပြေးသွားလိုက်၏။

ဟင်နရီဂေါက်ဂျာ နှင့် ဒေါက်တာဖရိုက်တို့မှာ အဲန်ကို မြင်ပြီး တအံ့တသြဖြစ်နေကြသည်။

“အဒမ်..သူ..ဘယ်မှာလဲဟင်...မစ္စတာပရိုက်..သူဘယ်မှာလဲ”

ထင်းပုံအနောက်ဖက် အရိပ်ရသောနေရာတွင် ခွေခွေကလေးလဲနေသော ဂျပ်ဆင်ကို ဒေါက်တာဖရိုက်က ညွှန်ပြလိုက်၏။

အဲန် က ဂျပ်ဆင်ဘေးတွင် ထိုင်ချကာ ခန္ဓာကိုယ်ကို ထွေးပွေ့လိုက်သည်။

ဂျပ်ဆင်၏ တကိုယ်လုံးမှာ ခြစ်ခြစ်တောက်ပူပြီး နှုတ်ခမ်းများမှာလည်း သွေးဆုတ်ဖြူလျော်လျက်။

“အဒမ်.....အဒမ်”

အဲန် အသံကြောင့် ဂျပ်ဆင်၏ မျက်လုံးများ တဖြည်းဖြည်းပွင့်လာသည်။

“မင်း ဘာလို့လိုက်လာတာလဲ...အဲန်..ဒီလောက်အဝေးကြီးကို.”

ဂျပ်ဆင်က စကားပင်ဆုံးအောင်မပြောနိုင်တော့ပဲ..သတိလစ်သွားတော့၏။

“သူကိုယ်ပူကျဖို့..ရေအေးရေပတ်တိုက်ဖို့လိုမယ်”

ဒေါက်တာဖရိုက်စကားကြောင့် အဲန်က ထောင်မှူးငဖိုက် တို့ရှိရာသို့ အပြေးလှမ်းသွားသည်။

ငဖိုက် က အမိုးမိုးနေသည့် ထောင်အမှုထမ်းများအား ညွှန်ကြားနေရာမှ အဲန်ကို မျက်မှောင်ကြုံ့ကြည့်လိုက်၏။

“ကျွန်မ ရေလိုတယ်....ရေ..ဘယ်မှာရှိမလဲ”

“ရေ ဘာလုပ်မလို့လဲ”

“ကျွန်မယောကျ်ား..ဟိုမှာ သေတော့မယ်..ကိုယ်တွေအရမ်းပူနေပြီ..ရေ...ရေလိုတယ်”

“သွား..ဟိုးက အိမ်က ကျုပ်အိမ်ပဲ..အဲ့ဒီမှာ ကျုပ်မယားရှိတယ်..သူ့ဆီကတောင်းချေ”

ထောင်အဆောက်အဦးနှင့် ခပ်လှမ်းလှမ်းတွင် တဲအိမ်ကြီးတစ်အိမ်ရှိနေ၏။

အဲန် က ထိုအိမ်ကြီးဆီသို့ အပြေးကလေးလှမ်းသွားသည်။

တဲအိမ်ရှေ့တွင် ခွေးတကောင်နှင့်အတူ အမျိုးသမီးတစ်ဦးက ထမင်းချက်နေ၏။

“ရေ...ရေရှိရင် ပေးပါရှင်”

မြန်မာစကားပြောတတ်သည့် အဲန်ကို ထိုအမျိုးသမီးက ကြောင်ကြည့်နေသည်။

အဲန်က အနောက်ဘက်တွင်ရှိနေသော စည့်အိုးရှိရာသို့ ပြေးသွား၏။ ထို့နောက် သစ်သားရေပုံးဖြင့် ရေခပ်ကာ ဂျပ်ဆင်ရှိရာသို့ ပြန်ပြေးတော့သည်။

ရေပုံးကို ဂျပ်ဆင်၏ နဘေးတွင်ချကာ..သူမ၏ ထမီအောက်အနားစများကို စုတ်ဖြဲလိုက်သည်။

အဝတ်စကို ရေတွင်နှစ်ပြီး..ညှစ်ချလိုက်၏။

ဒေါက်တာဖရိုက်က သူမလက်ထဲမှ အဝတ်ကို ယူကာ..ဂျပ်ဆင်၏ နဖူးပေါ်တင်ပေးလိုက်သည်။

တကိုယ်လုံးကိုလည်း ပုံးထဲမှ ရေများဖြင့် လောင်းချလိုက်၏။

ထို့နောက် အာမေးနီးယန်းလူမျိုး အာရကီးထံမှ ကုပ်အင်္ကျီကို ငှားကာ ဂျပ်ဆင်၏ တကိုယ်လုံးကို ခြောက်သွေ့အောင် သုတ်ပေးလိုက်တော့သည်။

ဂျပ်ဆင်မှာ ထိုအခါမှ မျက်လုံးများ ပွင့်လာ၏။

ကူချေးနှင့် မရီတို့က ပါလာသည့် ဆန်အချို့ကို ယူလာကြပြီဖြစ်သည်။

“ဒီဆန်တွေကို လှည်းပေါ်ပဲ ပြန်တင်ထားလိုက်..ကူချေး...တို့ ဆရာကြီးမလွတ်မချင်း ဒီမှာပဲ နေကြမယ်”

အဲန်၏ စကားကြောင့် အနီးရှိလူများ အားလုံး အံသြသွားကြသည်။

ဂျပ်ဆင်က မူ အဲန်ကို အင်းဝသို့ ပြန်ရန် လေသံဖြင့် ပြောနေ၏။

ထိုအချိန်တွင် ထောင်မှူးဇဗိုက် နှင့် အဖွဲ့မှာ သူတို့ရှိရာသို့ လျှောက်လာကြသည်။

“ကဲ...အမျိုးသမီး...ခင်ဗျားပြန်ဖို့ အချိန်ကျပါပြီ”

အဲန်က မတ်တပ်ထရပ်လိုက်သည်။

"ကျွန်မ ယောကျ်ား က သေလုမျောပါးနေမကောင်းဖြစ်နေတယ်....သူ့အတွက် ကျွန်မရှိနေဖို့လိုတယ်..ထောင်မှူး"

"ဘာလဲ..ကျုပ်တို့က ခင်ဗျားကိုပါ ထောင်ထဲ ထည့်ပေးထားရမှာလား..မဖြစ်နိုင်တာ"

"ကျွန်မကို ဒီထောင်ဝင်းခြံထဲမှာ တဲတလုံးထိုးပြီး နေခွင့်ပေးပါ...ထောင်မှူး"

"ဒါ ထုံးစံမဟုတ်ဘူး..အမျိုးသမီး...ကျုပ်ခွင့်ပြုပေးလို့မရဘူး.ခင်ဗျား..အင်းဝကိုပြန်ပါ"

"ဒါဆိုလည်း တဲမထိုးဘူး...ဒီထောင်ဝင်းအပြင်ဘက်မှာ ကျွန်မ နေခွင့်တော့ ရှိတယ်မဟုတ်လား"

"ကျုပ် အပိုင်က ဒီထောင်ဝင်းပဲ..လုံခြုံရေးအရ ဒီထောင်ဝင်းအပြင်ဘက် တဝိုက်မှာလည်း တဲထိုးနေခွင့်မပေးဘူး.....ကျန်တာတော့ ခင်ဗျားကြိုက်သလိုနေခွင့်ရှိတယ်..ဟုတ်ပြီလား..ကဲ..အကျဉ်းသားတွေ အထဲ ထည့်ဖို့လုပ်ဟေ့"

လုံရှည်ကိုင်အစောင့်များက အကျဉ်းသားများကို ထောင်တွင်းသို့ ထည့်ရန် ပြင်ဆင်ကြသည်။

အဲန်က သူတို့ကို ရပ်ကြည့်နေ၏။

ဂျပ်ဆင်မှာ အဖျားအနည်းငယ်ကျသွားသော်လည်း အင်အားချိနဲ့နေဆဲ။

ထောင်အဆောက်အဦထဲ ရောက်သည်နှင့် အကျဉ်းသားအားလုံးကို ထိပ်တုံးများ ဖြင့်ခတ်လိုက်ကြသည်။

အပြင်ဘက်တွင် မှောင်စပြုနေပြီဖြစ်၏။

လှည်းပေါ်တွင် ကျန်ရစ်သော မကြည်မှာလည်း မာရီယာလေးကို ပွေ့ချီလျက် သူတို့အနီးသို့ ရောက်လာခဲ့သည်။

"သမီးတို့ ပြန်ကြမလား...မမအဲန်..အပြင်မှာလည်း တောရိုင်းတိရိစ္ဆာန်အသံတွေ ကြားရတယ်..ကြောက်တယ်"

အဲန်က မကြည်၏ ခေါင်းလေးကို ပွတ်ကာ နှစ်သိမ့်လိုက်သည်။

"မမ တို့ ဒီထောင်ဝင်းအပြင်ဘက်က လှည်းပေါ်မှာပဲ အိပ်ကြမယ်...ကူချေး မီးဖိုဖို့ ထင်းခြောက်တွေ ကူရှာပေးပါ"

ကူချေးက ထင်းခြောက်များ ရှာရန် အနီးအပါးသို့ ထွက်သွား၏။

မရီနှင့် မကြည်တို့မှာ ဆယ်ကျော်သက်လေးများပီပီ…ညမှောင်မှောင် ကွင်းပြင်ကြီးထဲတွင် အိပ်စက်ရမည်ဆိုသဖြင့် ကြောက်ရွံ့နေကြသည်။

“ဒီတညပါပဲ..မနက်ကျရင်…မရီနဲ့ မကြည်တို့ ကူချေးနဲ့အတူ အင်းဝကို ပြန်ကြပေါ့”

“ရှင်..မမအဲန် ကရော”

“ဆရာကြီးက နေမကောင်းအရမ်းဖြစ်နေတယ်…သမီးတို့…မမအဲန် သူနဲ့ အနီးဆုံးဖြစ်တဲ့ ဒီမှာ နေခဲ့မှ ဖြစ်မယ်”

“ဒီနေရာကြီးမှာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ..မမအဲန်ရယ်..သမီးတို့နဲ့ ပြန်လိုက်ခဲ့ပါ”

“ရပါတယ်..မမအဲန် ဖြစ်အောင်နေမယ်”

“ဟင်..ဒါဆို..သမီးတို့လည်း မပြန်တော့ဘူး..ဒီနေရာမှာပဲ..မမအဲန်နဲ့ အဖော်လုပ်နေပေးမယ်”

အဲန်က သက်ပြင်းချလိုက်သည်။

မကြာမီ ကူချေး က ထင်းများပွေ့ပိုက်ကာ ပြန်ရောက်လာ၏။

ကူချေးက မီးမွေးပြီးနောက် လှည်းပေါ်တွင် ပါလာသော မြေအိုးနှင့် ထမင်းချက်ရန် ပြင်ဆင်ကြသည်။

ညက ပိန်းပိတ်အောင် မှောင်နေခဲ့ပြီ။

ခြင်ရိုင်းကြီးများက သူတို့ပတ်လည်တွင် တဝီဝီပြန်ဝဲလျက်။

သူတိုသည် ထမင်းကို ဆားဖြူးသာ စားသောက်လိုက်ကြပြီး မီးပုံဘေးတွင် ထိုင်ကာ ဘုရားဆုတောင်းကြသည်။

တောကောင်တို့၏ အော်သံအချို့က ဟိုမှ ဒီထွက်ပေါ်လာ၏။

မရီနှင့် မကြည်တို့မှာ အဲန်၏ အနီးတွင် ပူးကပ်ထိုင်နေကြသည်။ အဲန်က ကလေးနှိုတိုက်လျက် ဓမ္မတေးတပုဒ်ကို ခပ်တိုးတိုးညည်းဆိုလိုက်၏။

ကူချေးကမူ ခြင်ရိုင်းများကို သူ၏ ခေါင်းပေါင်းအဝတ်ဖြင့် လိုက်လံနှိမ်နင်းနေရသည်။

သို့သော်ငြား…ညဉ့်နက်လေ ခြင်ရိုင်းအုပ်ကြီးက ပိုမိုသောင်းကျန်လာလေပင်။

မာရီယာလေးများ ခြင်ကိုက်သည့် ဒဏ်ကြောင့် ကျယ်လောင်စွာ အော်ငိုတော့သည်။

အဲန်က သူမတွင် ပါသမျှ အဝတ်များဖြင့် မာရီယာလေးကို အထပ်ထပ်ပတ်ပြီး မျက်နှာသာဖော်ပေးထားရ၏။

အောင်ပင်လယ်ထောင်ဘက်ဆီမှ မီးမိုတ်တုတ်လေးပင် ငြိမ်းသွားပြီဖြစ်သည်။

ပတ်ဝန်းကျင်က လုံးဝ မှောင်မိုက်ခြင်းအတိ။

မီးဖိုထားသည့် ထင်းများမှာလည်း တဖြည်းဖြည်းကုန်လုနီးခဲ့ပြီ။

ထိုအမှောင်ထုထဲသို့ တိုးကာ ထင်းထပ်ရှာရန်ကလည်း မလွယ်ကူ။

မီးပုံငြိမ်းသွားပါက....အမှောင်ကြီးထဲတွင်..နေရမည့်အဖြစ်ကို တွေးကာ....အားလုံး ငြိမ်သက်တိတ်ဆိတ်နေကြ၏။

မီးက တဖြည်းဖြည်းငြိမ်းသွားခဲ့ပြီ။

တဝီဝီမြည်နေသော...ခြင်ရိုင်းအုပ်ကြီး ၏ တိုက်ခိုက်မှုနှင့်အတူ တချက်တချက် ကြားရသည့် မြွေတွန်သံများကြောင့် သူတို့ လေးယောက်မှာ တယောက်နှင့်တယောက် အနီးဆုံးဖြစ်အောင် ကျောခြင်းကပ်ထားရတော့သည်။

ပိန်းမိတ်နေသော အမှောင်ထုထဲတွင် ခြင်ရိုက်သံနှင့် အသက်ရှူသံများမှအပ မည်သည့်စကားမျှ သူတို့ မဆိုမိကြ။

## (၁၉)

အောင်ပင်လယ်ထောင်ဘက်ဆီမှ မီးရောင်လှဲ့လှဲ့တစ်ခု။

အမှောင်ထုထဲမှ တဆင့်..အဲန်တို့ လူစုရှိရာသို့ ဦးတည်လာနေ၏။

သူတို့ လှည်းအနီးသို့ မီးရောင်က ဖြာကျလာသည်။

“ကလေးတစ်ဖက်နဲ့..အပြင်မှာ နေဖို့မသင့်တော်ပါဘူး…ကိုဗိုက်က ရှင်တို့ ကို အိမ်ဘေးက စပါးကျီထဲ မှာ အိပ်ဖို့ ခေါ်ခိုင်းလိုက်ပါတယ်”

ညနေခင်းက ထောင်မှူး၏ တဲအိမ်ရှေ့တွင် တွေ့ခဲ့ရသော အမျိုးသမီး။

ထောင်မှူးဗိုက်၏ ဇနီးသည် က အဲန်ကို သနားကြင်နာသည့်အကြည့်ဖြင့် ကြည့်ကာ ပြုံးပြလိုက်၏။

အဲန်က ဝမ်းသာအားရဖြင့် မာရီယာလေးကို ပွေ့ချီကာ မတ်တပ်ရပ်လိုက်သည်။

ကူချေးနှင့် မရီ၊ မကြည် တို့လည်း ပျော်ရွှင်သွားကြ၏။

အဲန် က ထောင်မှူး၏ ဇနီးကို ကျေးဇူးတင်စကားဆိုကာ သူတို့လိုက်ပါသွားကြသည်။

စပါးကျီသည် ထောင်မှူးတဲ၏ ဘေးကပ်လျက်တွင်ရှိပြီး အခန်းတစ်ဝက်ခန့်တွင် စပါးအိတ်များဖြင့် ပြည့်နေ၏။

ထောင်မှူး၏ ဇနီးက စောင်နှစ်ထည်လာပေးသဖြင့် အဲန်က မာရီယာလေးအတွက် တစ်ထည်၊ မရီမကြည်တို့အတွက် တထည် ခွဲဝေပေးလိုက်သည်။

ကူချေးက ဆန်အိတ်များ ပေါ်တွင် တက်အိပ်ပြီး.အမျိုသမီးများက ကြမ်းပြင်တွင် အိပ်စက်ကြ၏။

မာရီယာလေး အိပ်ပျော်သွားသည့်အခါ အဲန်က စပါးကျီအပြင်ဘက်တွင် ထွက်ထိုင်ရင်း အကျဉ်းထောင်အဆောက်အဦ ရှိရာဆီသို့ ငေးကြည့်နေမိသည်။

ဂျပ်ဆင်နှင့် လူဖြူအကျဉ်းသားများမှာ ထိပ်တုံးများကိုယ်စီအခတ်ခံထားရ၏။

အင်းဝလက်မရှုံထောင်နှင့် အောင်ပင်လယ်ထောင်၏ ကွာခြားချက်မှာ အောင်ပင်လယ်ထောင်ရှိ ထိပ်တုံးများမှာ စက်သီးများဖြင့် ချိတ်ဆက်ထားပြီး…အပေါ်သို့ မြှင့်တင်ထားနိုင်ခြင်းပင်။

ထိပ်တုံးများကို အပေါ်သို့ မြှင့်တင်ထားသဖြင့် အင်းဝထောင်တွင် ဝါးလုံးတန်းလျှိုထားသည့်သဘောပင်။

သူတို့မှာ ထိုဝေဒနာကိုခံစားနေရသော်လည်း အင်းဝထောင်ကဲ့သို့ မွန်းကြပ်မနေပဲ လေကောင်းလေသန့်ရနေသဖြင့် အတော်လေး သက်သာသလိုခံစားကြရ၏။

အဲန်သည် ကွင်းပြင်ထဲမှ စုပြုံလာနေသော ခြင်များ၏ ဒဏ်ကို ခုခံရင်း ထိုတညတာ ကုန်ဆုံးခဲ့လေပြီ။

နောက်တနေ့။

ဟင်နရီဂေါက်ဂျာ ၏ တပည့်ဖြစ်သူ ဟိန္ဒူလူငယ်မှာ ငါးခြောက်များ၊ ဆန်များ၊ ဘီစကစ်များဖြင့် ရောက်ရှိလာသည်။

အကျဉ်းသားများကို ဝေမျှပြီးနောက် အဲန်တို့ လူစုအားလည်း ရိက္ခာအနည်းငယ်မျှ ပေးလိုက်၏။

ထိုပြင် အဲန်တို့အတွက် တန်ဖိုးရှိသောသတင်းစကားတစ်ခုလည်း သူ့ထံမှ ရရှိခဲ့သည်။

အောင်ပင်လယ်မှ တမိုင်ခန့်အကွာတွင် ကျေးရွာဈေးကလေးတစ်ခု ရှိနေကြောင်းပင်။

ဟိန္ဒူလူငယ်၏ လမ်းညွှန်မှုနှင့်အတူ..အဲန်မှာ ကူချေးအား လှည်းမောင်းခိုင်းလျက် လိုအပ်သည်များ ဝယ်ချမ်းရန် ထိုရွာဈေးကလေးသို့ ထွက်လာခဲ့လိုက်သည်။

ရေကန်ကြီးတစ်ခု၏ နဘေးတွင်တည်ရှိသော ဈေးတန်းကလေးသို့ သူတို့ရောက်ရှိသွားသည့်အခါ လူအများက အထူးတဆန်းဖြင့် ဝိုင်းကြည့်နေကြ၏။

အဲန်က ဗမာစကားကို ကျွမ်းကျင်စွာပြောပြလိုက်သည့်အခါ ဈေးသည်များမှာ အုတ်အော်သောင်းနင်းဖြင့် သဘောတကျချဉ်းကပ်လာကြသည်။

အဲန်က ဆန်နှင့် အသီးအနှံများ၊ ကြက်သား တို့ကို ဝယ်ယူနေစဉ်..ဈေးအနီးမှာ အသုဘတစ်ခု ဖြတ်ချသွားသည်ကို တွေ့လိုက်ရ၏။

ထူးထူးခြားခြား ဖျာကြမ်းပတ်ထားသည့် အလောင်းကို လူကြီးတစ်ဦးက ပုခုံးမှ ထမ်းလာခြင်းဖြစ်သည်။ အနောက်ဖက်မှ မိန်းမတသိုက်က ငိုယိုလျက်လိုက်လာကြ၏။

ဖျာလိပ်ကြမ်းကလေးဖြင့် ပက်ထားသည့် အလောင်းမှ ခြေထောက်ကလေးကို ကြည့်ခြင်းဖြင့်...ကလေးငယ်လေး အသုဘဖြစ်ကြောင်း အဲန် ခန့်မှန်းမိလိုက်သည်။

"ငပွေး မယ်သုန်တို့ရဲ့ သမီးလေးလေ.....ဒါပါနဲ့ဆို ရွာမှာ ကလေးတွေသေတာ ဆယ်ယောက်ကျော်ရှိနေပြီ...ဒီကျောက်ရောဂါဆိုးကြီးနဲ့ ကူမယ်ကယ်မယ့်သူကမရှိ..နောက်ထပ် ကလေးတွေ ဘယ်နှစ်ယောက်ထပ်သေဦးမလဲမသိပါဘူး..."

ကြွက်သားသည်၏ ညည်းတွားသံကြောင့် ထိုရွာအနီးတဝိုက်တွင် ကျောက်ရောဂါ ကျရောက်နေကြောင်း အဲန် သိရှိသွားရသည်။

အဲန် က ဝယ်စရာရှိသည်များဝယ်ပြီးသည်နှင့်အောင်ပင်လယ်ထောင်သို့ ချက်ချင်း ပြန်လာခဲ့သည်။

ကလေးအလောင်းနောက်မှ ငိုယိုလိုက်ပါနေကြသော မိန်းမတသိုက်၏ မြင်ကွင်း ကို အဲန် မျက်စိထဲ ပြန်မြင်နေ၏။

အောင်ပင်လယ်ထောင်ဝန်းအတွင်းသို့ရောက်သောအခါ အဲန် ထိတ်ခနဲဖြစ်သွား သည်။

ထောင်မှူး နှင့် ထောင်ဝန်ထမ်းတို့၏ ကလေးများသည် မာရီယာလေး နဘေးတွင် ချော့မြူနေကြ၏။

မာရီယာလေးကို မရီက ပွေ့ထားပြီး မကြည်က ထိုကလေးများနှင့် ဆော့ကစား နေသည်။

ကျောက်ရောဂါကျရောက်နေချိန်ဖြစ်သဖြင့် ထိုကလေးများထဲမှ တယောက် ယောက်တွင် ရောဂါရှိနေလျှင် မာရီယာလေးအတွက်..စိုးရိမ်ဖွယ်ရာပင်။

အဲန်က လှည်းပေါ်မှ ဆင်းလိုက်သည်။

“မရီ..ကလေးကို အထဲကို ခေါ်သွားပြီး..နွေးနွေးထွေးထွေးထားလိုက်တော့...သမီး တို့လည်း သန့်ရှင်းအောင် ရေချိုးကြတော့..ကလေးတွေအတွက် သစ်သီးတွေဝယ် လာတယ်..ပြန်ပြီး သွားစားကြတော့နော်”

အဲန်က ဈေးမှ ဝယ်လာသော သစ်သီးများကို ထောင်မှူးကလေးများကို ဝေငှ ပေးလိုက်ပြီး အနုနည်းဖြင့် ချော့လွှတ်လိုက်ခြင်းပင်။

ထို့နောက် အဲန်သည် ကူချေးဘက်သို့ လှည့်လိုက်၏။

“ကူချေး....နွားတွေကို ခဏအနားပေးထား....နေ့လည်စာစားပြီးတာနဲ့...အင်းဝကို လှည်းနဲ့အရောက်ပြန်ပါ.. .ဒေါက်တာဖရိုက်အိမ်ကိုသွား. ဟိုမှာ သူ့ဇနီးရှိလိမ့် မယ်.... ဒေါက်တာဖရိုက်ကို အမေရိကန်က မစ်ရှင်က ပို့ပေးထားတဲ့ ကျောက်ရောဂါကာကွယ်ဆေးဆယ်လုံး နဲ့ ဆေးထိုးကိရိယာတွေ.. ပေးလိုက်ပါလို့ ပြောချေ....ပြီးရင် ဒီကို အမြန်ဆုံးသာပြန်လာခဲ့..ညစာစားဖို့က ကွတ်ကီးတွေသာ ယူသွားချေတော့..အရေးကြီးတယ်”

အဲန်က ကူချေးအား..မှာကြားပြီးနောက်...အကျဉ်းထောင်ထဲမှ ခင်ပွန်းဖြစ်သူနှင့် အကျဉ်းသားများအတွက် နေ့လည်စာချက်ပြုတ်ရန် ပြင်ဆင်လိုက်သည်။

နေ့လည်စာစားပြီးသည်နှင့် ကူချေးမှာ နွားလှည်းကိုမောင်းကာ အင်းဝသို့ ပြန်လည်ထွက်ခွာသွားတော့၏။

အဲန်သည် လွန်ခဲ့သည့်နှစ်နှစ်က အမေရိကန်တွင် ကျောက်ရောဂါကာကွယ်ဆေးကို ကိုယ်တိုင်ထိုးနှံခဲ့သည့်အပြင် ကျောက်ဆေးထိုးနည်းကိုလည်း မြင်ဖူးခဲ့သည်။

ထို့ကြောင့် မာရီယာလေးနှင့် အနီးအပါးမှ ကလေးငယ်များ ကျောက်ရောဂါမကူးစက်စေရေးအတွက် ကာကွယ်ဆေးထိုးပေးရန် အဲန် ဆုံးဖြတ်လိုက်ခြင်းပင်။

……………………………………………………………………………………………………………

“ကပ်ရောဂါဆိုတာ ကလေးတွေကို ရွာစောင့်နတ်က ဖမ်းစားတဲ့ကိစ္စပဲ…ရွာစောင့်နတ်ကျေနပ်အောင် နတ်တင်ပသဖို့လည်း ရွာသူကြီးကို ကျုပ်ပြောပြီးပါပြီ..မကြာခင် ပြီးသွားမှာပါ..ခင်ဗျားရဲ့ ကာကွယ်ဆေး ဆိုတာကို မလိုအပ်ပါဘူး”

ထောင်မှူးငဗိုက်က အဲန် ၏ ကမ်းလှမ်းမှုကို ငြင်းပယ်လိုက်ခြင်းပင်။

“ကိုးကွယ်ယုံကြည်မှု ကို ကျွန်မ ဘာမှ မပြောလိုပါဘူး..ဒါပေမယ့်..ဒါက ကူးစက်ရောဂါပါ… ရှင့် ကလေးတွေရဲ့ အသက်ဘေးနဲ့ ဆိုင်တဲ့ ကိစ္စမို့…ကျွန်မကို ယုံကြည်စေချင်တယ်”

“ဟုတ်ပါတယ်..ကိုဗိုက်ရယ်…ရွာထဲမှာလည်း ကလေးတွေက အတော်များများ ကျောက်ပေါက်သေနေကြတာ.. ကျွန်မတို့ ကလေးတွေကလည်း ရွာထဲ သွားသွားဆော့နေတော့ သူ ပြောသလို ကာကွယ်ထားတာ မကောင်းဘူးလား”

ထောင်မှူးမောင်ဗိုက် က ဇနီးဖြစ်သူကို မျက်ထောင့်နီကြီးဖြင့် ကြည့်လိုက်၏။

“သူ့ ဆေးထိုးတာခံလိုက်လို့..ငါတို့ ကလေးတွေ တခုခုဖြစ်သွားရင်ရော…ညည်း အဲ့ဒါကို ရော မတွေးမိဘူးလား..မယ်ခင်”

ထောင်မှူးကတော်မယ်ခင်မှာ လင်ဖြစ်သူ၏ စကားကို မတုန့်ပြန်နိုင်ခဲ့။

အဲန်က ထောင်မှူးမောင်ဗိုက်ကို ခပ်တည်တည်စိုက်ကြည့်လိုက်သည်။

“ကိုဗိုက်..ရှင်က ဒီနေစရာလေးတစ်နေရာ ကျွန်မတို့ကို ပေးထားတယ်ဆိုပေမယ်.. ဒါဟာ ကျွန်မခင်ပွန်းအပေါ်မှာရော..ကျုန်တဲ့ လူဖြူအကျဉ်းသားတွေအပေါ်ရော..ကျေးဇူးအများကြီးပြုနေတာပါ… ဒီအတွက် ကျွန်မက ရှင့်ကလေးတွေကို ပြန်ကူညီပေးတာ…ကျွန်မ သမီးလေးနဲ့ မရီ မကြည်တို့ကိုလည်း ကျွန်မကိုယ်တိုင် ကျောက်ရောဂါကာကွယ်ဆေးထိုးပေးထားခဲ့တာပါ..ကျွန်မက ဆေးပညာတတ်တဲ့ ဆရာဝန်တစ်ယောက်မဟုတ်ပေမယ့်…အခု ရှင်တို့ ထောင်ထဲထည့်ထားတဲ့ ဒေါက်တာဖရိုက်ဆီက သေချာမေးမြန်းသင်ယူပြီးထိုးပေးခဲ့တာ..ဒေါက်တာဖရိုက်

ဆိုတာ ရှင်တို့ ဘုရင်မင်းမြတ်ကိုယ်တိုင်က အသိအမှတ်ပြုထားတဲ့ ဆေးသမား တော်ဆိုတာ ရှင်လည်း သိပြီးသားဖြစ်မှာပါ..အခု...ကျွန်မကလေးတွေ ကျောက် ဆေးထိုးခံပြီး ဘာမှမဖြစ်ဘူးဆိုတာ ရှင်တို့ မျက်မြင်ပဲ... ကျွန်မက ရှင့်ကလေးတွေ အတွက် စိုးရိမ်လို့ပါ..ရှင်လက်မခံဘူးဆိုမှတော့..ကျွန်မ စိတ်မကောင်းရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ဘူး."

အဲန်က တဲထဲမှ စိတ်ပျက်လက်ပျက်ဖြင့် ထွက်လာခဲ့လိုက်သည်။

ထို့နောက် ကူချေးအင်းဝမှ ယူလာခဲ့သော ဆန္ဒင်းခြောက်ခဲများကို ယူ ကာ..အကျဉ်းသားများအား ခြင်ဘေးမှ ကင်းဝေးစေရေး ဆန္ဒင်းမှိုင်းရှို့ပေးရန် ထောင်ဘက်သို့ ကူးလာခဲ့၏။

ဂျပ်ဆင်အပါအဝင် လူဖြူအကျဉ်းသားများမှာ အဲန် ရှိနေသဖြင့် အစာကို ဝဝလင် လင်စားနေကြရသည်။

အုပ်ချုပ်ရေးအရာရှိများရှိရာ အင်းဝနှင့် အလှမ်းဝေးသည့်အပြင် အဲန်ကလည်း ငွေကြေး၊ ရိက္ခာများ ပေးကမ်းနေမှုကြောင့် ထောင်မှူးမောင်ဗိုက် မှာ အကျဉ်းသား များကို အဲန်ကူညီနေခြင်းအား မသိကျိုးကျွံပြုထား၏။

ဂျပ်ဆင် က ထမင်းစားနေစဉ် အဲန်က ဂျပ်ဆင်၏ ခြေကျင်းဝတ်မှ ပြည်တည်နာ များကို အဝတ်ဖြင့် သန့်စင်ပေးနေသည်။

"မှောင်လာရင်...မြွေတွေကြောက်ရတယ်..အဲန်.....တဲဆီကို မြန်မြန်ပြန်ပါတော့"

"ရပါတယ်..အဒမ်..ရှင့်ခြေထောက်တွေက ဒီလိုမှ မလုပ်ပေးရင်..လောက်တွယ် တော့မှာ"

"ဒေါက်တာဂျပ်ဆင်ပြောတာဟုတ်တယ်..မဒမ်...မနေ့ကပဲ ဒီအကျဉ်းခန်းထဲကို မြွေပွေးနှစ်ကောင်ဝင်လာလို့ ..ကျုပ်တို့ သတ်လိုက်ရသေးတယ်..သတိထားသင့် တယ်"

စကော့လူမျိုး လိုင်းယက်က ဝင်ပြောလိုက်ခြင်းပင်။

အောင်ပင်လယ်အကျဉ်းထောင်ဆောက်ထားသောနေရာသည် ကုန်းမြေမြင့်ဖြစ် သောကြောင့် ရေလွတ်အရပ်ဖြစ်သည်။

သို့သော် ပတ်ဝန်းကျင်ရှိ စိုက်ခင်းများကို စိုက်ပျိုးရန် ရေသွင်းလိုက်ကြသောအခါ မြွေများ၊ ကြွက်များ ၊ ပိုးမွှားများမှာ ထိုကုန်းမြင့်ပေါ် သို့ စုပြုံတက်လာတတ်၏။

နောက်ဆုံးတွင် အဲန်မှာ ဂျပ်ဆင်၏ စကားကို လက်ခံလိုက်ရပြီး..တဲရှိရာသို့ ပြန် ရန် ပြင်ဆင်လိုက်သည်။

ထိုအချိန်တွင် ထောင်တံခါးဝသို့ ထောင်မှူး မောင်ဗိုက် အပြေးအလွှား ရောက်လာ၏။

"မအဲန်...မအဲန်"

မောင်ဗိုက်က အဲန်၏ နဘေးနားတွင် ဆောင့်ကြောင့်ထိုင်ချလိုက်သည်။

"လုပ်ပါဦး..အခုပဲ ထောင်စောင့်တစ်ယောက်ရဲ့ကလေး ကျောက်ပေါက်ပြီး သေသွားပြီ...ကျုပ်ကလေးတွေနဲ့ သူနဲ့ က ကစားဖော်တွေ..ကူညီပါဦး..ကျုပ်ကလေးတွေကို ခင်ဗျားရဲ့ ဆေးထိုးပေးပါဗျာ..လာပါ"

မောင်ဗိုက်မှာ စိုးရိမ်မှုကြောင့် ပြာယာခပ်နေ၏။

အဲန်က မောင်ဗိုက်နှင့်အတူ တဲရှိရာသို့ ခပ်သွက်သွက်ထွက်သွားလိုက်သည်။

ထိုနေ့ညနေက ထောင်မှူး၏ ကလေးငါးယောက်ကို အဲန် က ကျောက်ရောဂါ ကာကွယ်ဆေးထိုးပေးနိုင်လိုက်၏။

ထောင်အစောင့်အချို့ကလည်း သူတို့၏ ကလေးများကို ကာကွယ်ဆေးထိုးပေးပါရန် အဲန် ထံ လာရောက်အကူအညီတောင်းကြသည်။

ထို့နောက် ထောင်မှူးမောင်ဗိုက်က လှည်းတစ်စီးစီစဉ်ပေးပြီး..ကူချေးအား အင်းဝသို့လွှတ်ကာ ကျောက်ရောဂါကာကွယ်ဆေး အားလုံး ယူရန် စေလွှတ်လိုက်ရတော့သည်။

အောင်ပင်လယ်ထောင်ရှိ စပါးကျီလေးမှာ အပျိုပေါက်စဖြစ်နေသော မရီနှင့် မကြည်တို့အတွက် မသင့်တော်သဖြင့် အင်းဝသို့ ပြန်နေရန်လည်း အဲန်က ကူချေးနှင့်အတူ ထည့်ပေးလိုက်၏။

မရီနှင့် မကြည်က အတင်းငိုယိုနေသော်လည်း သူမနှင့်အတူ ဒုက္ခများ ခံနေရသည်ကို မကြည့်ရက်သဖြင့် အဲန်က နားလည်အောင်ရှင်းပြကာ ပြန်လွှတ်လိုက်ခြင်းပင်။

မကြာမီ ထောင်ရှိကလေးများအား လူဖြူအမျိုးသမီးက ကျောက်ရောဂါမဖြစ်သည့်ဆေးများ ထိုးပေးသည်ဟု သတင်းရသဖြင့် အနီးရှိ ကျေးရွာလူကြီးများကလည်း အကူအညီလာတောင်းကြသည်။

နောက်နေ့များတွင် အဲန်ကိုယ်တိုင် ရွာထဲသို့ သွားကာ..ကလေးငယ်များအား နေ့စဉ်ရက်ဆက် ကျောက်ရောဂါကာကွယ်ဆေးထိုးပေးသည်။

အဲန်၏ စေတနာကား အထမြောက် အောင်မြင်ခဲ့လေပြီ။

...........................................................................................................

# (၂၀)

၁၈၂၅ အောက်တိုဘာလ။

စစ်ပွဲ၏ အခြေအနေမှာ ခေတ္တမျှ ငြိမ်သက်နေခဲ့၏။

ဧပြီ ၂၅ တွင် အင်္ဂလိပ်တပ်များက ပြည်မြို့ကိုသိမ်းယူနိုင်ပြီးနောက် ဗိုလ်ချုပ်ကြီး ကင်းဘယ်လ်က မုတ်သုတ်ရာသီဖြစ်သော မေလမှ အောက်တိုဘာလအထိ အထက် မြန်မာပြည်သို့ ဆက်လက်ချီတက်ခြင်းမပြုရန် ပါးနပ်စွာဆုံးဖြတ်ထား၏။

ထို့ကြောင့် မြန်မာတို့အား စစ်ပြေငြိမ်းရန် စတင်ကမ်းလှမ်းခဲ့သည်။

အရှုံးနှင့်ရင်ဆိုင်နေရသော မြန်မာတို့ဘက်မှလည်း လက်ခံခဲ့ပြီး အောက်တိုဘာ ၂ ရက်နေ့၊ နေ့လည် ၂ နာရီတွင် ပြည်မြို့အထက် ညောင်ပင်ဆိပ်စခန်းတွင် စစ်ပြေငြိမ်းရေးဆွေးနွေးခဲ့ကြသည်။

လေးရက်ကြာဆွေးနွေးပြီးနောက် နှစ်ဖက်တောင်းဆိုချက်များကို ဆုံးဖြတ်ရန် နိုဝင်ဘာလ အထိ စစ်ပွဲများ ရပ်တန့်ထားရန် ဆုံးဖြတ်ကြသည်။

ထိုကာလများအတွင်း ဂျပ်ဆင်တို့ အကျဉ်းသားတစ်သိုက်၏ အခြေအနေမှာလည်း တိုးတက်လာနေ၏။

ထောင်မှူးမောင်ဗိုက်မိသားစုမှာ သူတို့၏ ကျေးဇူးရှင်အဖြစ် အဲန်ကို သတ်မှတ် ထားကြပြီဖြစ်သည်။

အဲန်အား စပါးကျီတွင် မနေစေတော့ပဲ သီးသန့်တဲတစ်လုံးနှင့် နေစေသည်။

ကူဆျေးမှာမူ စပါးကျီထဲတွင်သာ နေမြဲနေခဲ့၏။

ထိုအပြင်.ထောင်မှူးမောင်ဗိုက်သည်.အကျဉ်းသားများအားလည်း တင်းကြပ်ထား ရာမှ တဖြည်းဖြည်းဖြေလျှော့ပေးခဲ့သည်။

ထိုသို့ဖြေလျှော့ပေးလိုက်ရခြင်းမှာ ထောင်မှူးမောင်ဗိုက်၏ အဲန်အပေါ် ခင်မင် ရင်းနှီးမှုအပြင် နောက်ထပ် အကြောင်းအရင်းတစ်ချက်လည်းရှိသေး၏။

ယင်းမှာ မဟာဗန္ဓုလကျဆုံးပြီးသည့်နောက် မြန်မာတပ်တို့အား ဦးဆောင်ရသော ပခန်းဝန်ကြီးကို စစ်ကိုင်းမင်းက ကွပ်မျက်လိုက်ခြင်းပင်။

ပခန်းဝန် ကွပ်မျက်ခံရခြင်းနောက်ကွယ်တွင် ဘုရင်၏ အနီးကပ်ကိုယ်ရံတော်တပ် များအား သူနှင့်အတူ စစ်ချီတက်ရန် တောင်းဆိုမှုအပါအဝင် အကြောင်းအရာများ

စွာရှိနေသော်လည်း ပြည်သူလူထုနှင့် အောက်ခြေစစ်မှုထမ်းများအမြင်တွင်မူ စစ်ရှုံးသည့်အတွက် ကွပ်မျက်လိုက်ခြင်းဖြစ်သည်ဟုသာ ယုံကြည်ကြသည်။

ထို့ကြောင့် မောင်ဖိုက် မှာ အင်္ဂလိပ်တို့ စစ်နိုင်ပြီး အထက်မြန်မာပြည်ကို သိမ်းပိုက်နိုင်ခဲ့လျှင် သူ၏ အသက်ရှင်ရေးမှာ ဤလူဖြူအကျဉ်းသားများအပေါ်လည်း မူတည်လာနိုင်ကြောင်း တွေးမိခဲ့၏။

ထို့ကြောင့် ထောင်မှူးမောင်ဖိုက်သည် ဂျပ်ဆင်တို့အား ထိပ်တုံးမှဖြုတ်ကာ...သံခြေကျင်းများနှင့် လွတ်လပ်စွာနေထိုင်ခွင့်ပေးလာခဲ့သည်။

သို့သော်လည်း အဲန် မှာ ထိုကာလအတွင်း ယခင်အသည်းရောဂါ ပြန်လည်ဖြစ်ပွားလာ၏။

အင်း၀ နှင့် အောင်ပင်လယ်ကို ကူးချည်သန်းချည်ဖြင့် ဆေးကုသရပြန်သည်။

တခါတရံအပြင်းအထန်ဖျားသဖြင့် နို့ရည်များဖြင့် ခမ်းခြောက်သွား၏။

ထို့ကြောင့် ထောင်မှူးမောင်ဖိုက်၏ ဇနီးဖြစ်သူက မာရီယာလေးအား ကျေးရွာအတွင်းမှ နို့တိုက်မိခင်များ ငှားကာ နို့တိုက်စေခဲ့ရသည်။

.......................................................................................................................

၁၈၂၅ နိုဝင်ဘာ ၄ ရက်။

နလံထခါစ အဲန်သည် ဂျပ်ဆင်နှင့် အကျဉ်းသားများ အတွက် ရှားရှားပါးပါးရလာသည့် ဂျုံမှုန့်များဖြင့် နံနက်စာ ပိုင်မုန့်လုပ်ရန် ပြင်ဆင်နေခဲ့သည်။

မာရီယာလေးမှာ တဲပေါ်ရှိ ပုခက်တွင် အိပ်မောကျနေဆဲပင်။

ထိုအချိန်တွင် အမရပူမြို့စောင့်တပ်ဝတ်စုံဝတ်ထားသော စစ်သည်နှစ်ဦးက မြင်းကိုယ်စီဖြင့် ထောင် ကုန်းရှိရာသို့ တက်လာ၏။

အမရပူရမြို့ဝန်ထံမှ တစ်စုံတစ်ရာထူးခြားသည့်အမိန့်ပါလာပြီမှန်း အဲန် သိလိုက်သည်။

အဲန်က မုန့်ကို မြန်မြန်ပြီးအောင်ဖုတ်ပြီးနောက် ထောင်ကုန်းရှိရာသို့သွားကာ အခြေအနေကို စုံစမ်းမည်ဟု တွေးမိလိုက်၏။

သို့သော် ခဏအကြာတွင် ထောင်မှူးမောင်ဖိုက် ၏ ဇနီးသည် မခင်က အဲန်ရှိရာသို့ အပြေးတပိုင်းဖြင့် လာနေသည်ကို တွေ့လိုက်ရသည်။

“မအဲန်..မအဲန်..ရှင်ယောက်ျားကို လွှတ်ပေးတော့မယ်တဲ့..ရှင့်ယောက်ျား လွှတ်ပြီ...လွှတ်ပြီ”

မခင် က ဝမ်းသာအားရအော်ဟစ်နေသည်ကို အဲန်က ခေတ္တမျှ ကြောင်ကြည့်နေ၏။

သူမ အချိန်အကြာကြီး ဒုက္ခသုက္ခများ ခံကာ မျှော်လင့်ခဲ့သော ထိုသတင်းစကား။

အဲန် ငူငူကြီး ရပ်နေမိသည်။

မခင်က အဲန်၏ ဂျုံမှုန့်များဖြင့် ပေကျံနေသော လက်ကို ဆွဲကာ ကခုန်လိုက်၏။

ကူချေး ကလည်း ထင်းစည်းများကို ပစ်ချကာ လိုက်ကတော့သည်။

“ပြောပါဦး..မခင်ရဲ့...ဘယ်လိုများ..လွတ်တာလဲ..ဘာကြောင့်လဲဟင်”

“အဲ့ဒါတော့ ကျွန်မ မသိဘူး..အခုပဲ...အမရပူရမြို့ဝန်က လုမ်းအကြောင်းကြားတယ်...ရှင့်ယောက်ျားနဲ့ ဒေါက်တာဖရိုက်ကို ခြေကျင်းတွေဖြုတ်ပြီး သန့်ရှင်းရေးလုပ်ထားပေးဖို့တဲ့....ညနေစောင်းရင် အင်းဝက လွှတ်မိန့်ရောက်လာမယ်တဲ့”

“မခင်ရယ်...တကယ်လား...မခင်...တကယ်ပေါ့နော်”

အဲန် က သူမထပ် အရပ်ပုသော မခင်ကို ရင်ခွင်ထဲ ထည့်ကာ ဖက်ထားရင် ပါးစပ်မှလည်း တတွတ်တွတ်ရေရွတ်နေသည်။

“အို..အဖဘုရားသခင်..ကိုယ်တော့်ကျေးဇူးကြီးလှပါပေတယ်”

မခင်က အဲန် နှင့် လူချင်းခွာလိုက်၏။

“ကဲ..မအဲန်...ရှင်တို့အခန်းက ပစ္စည်းတွေသိမ်းဖို့လုပ်တော့လေ..လှည်းလည်းအသင့်ပြင်ထားတော့..ရှင့်ယောက်ျားလွှတ်တာနဲ့ ရှင်တို့ အင်းဝကို ပြန်ဖို့လုပ်ကြတော့”

ကူချေးက စားကျက်သို့ လွှတ်ထားသော နွားများကို ယူရန် ထွက်သွားသည်။

အဲန် မှာ ပိုင်မုန့်လုပ်လက်စကို ဆက်လုပ်ရနိုး၊ ပစ္စည်းများသိမ်းရနိုးဖြင့် ချည်တုံ၊ချတုန်။

“ကဲ..ရှင့်မုန့်ကို ကျွန်မ မလုပ်ကူပေးတတ်တော့..ရှင်သိမ်းရမယ့် ပစ္စည်းတွေကျွန်မတို့ ကူသိမ်းပေးမယ်..မအဲန်..ရှင့်လင်တွေ စားဖို့ ရှင်မုန့်ကို ဆက်လုပ်ချေပါတော်”

မခင်က အဲန်ကို ရင်းနှီးစွာ စနောက်ပြီး သူ၏ ကလေးများကို ခေါ်ကာ အဲန်နေထိုင်သည့် တဲပေါ်သို့ တက်သွားကာ ပစ္စည်းများအား သိမ်းဆည်းထုပ်ပိုးပေးနေကြသည်။

ပိုင်မုန့်များ လုပ်ပြီးချိန်တွင်တော့ မာရီယာလေးကို မခင်နှင့်အပ်ကာ ပိုင်မုန့်ခြင်းကိုကိုင်လျက် အကျဉ်းထောင်ရှိရာသို့ အဲန် အပြေးလှမ်းလာခဲ့၏။

ဂျပ်ဆင်မှာ ခြေကျင်းဖြုတ်ပေးခံထားရသည့်အပြင် အကျဉ်းခန်းအပြင်တွင် လွတ်လပ်စွာလမ်းလျှောက်နေသည်။

"အဒမ်"

အဲန်က ဝမ်းသာအားရဖြင့် ဂျပ်ဆင်အား ပြေးဖက်လိုက်၏။

"ရှင်လွတ်ပြီပေါ့..အဒမ်..ကျွန်မတို့..ကျွန်မတို့..လွတ်ကြပြီ"

ဂျပ်ဆင်က အဲန်ကို ခေတ္တမျှ ဖက်ထားပြီး လူချင်းခွာလိုက်သည်။

"အဲန်...ကိုယ့်မိတ်ဆွေတွေတော့...မလွတ်မြောက်သေးဘူး..ကိုယ်တစ်ယောက်ထဲကို..နန်းတော်က လွှတ်မှာလို့ သိထားတယ်"

ဂျပ်ဆင်၏ မျက်လုံးထဲတွင် သူ၏ ဘဝတူရဲဘော်ရဲဖက်များအပေါ်အားတုံ့အားနာဖြစ်သည့်အရိပ်အယောင်များက အထင်းသား။

"ကျွန်မတို့ အပြင်ကနေ သူတို့ လွတ်မြောက်ဖို့ အစွမ်းကုန်ကူညီကြမယ်လေ"

ဂျပ်ဆင်က သက်ပြင်းချလိုက်၏။

"အဲန်..ကိုယ်ကတော့ ဒီအခြေအနေမျိုးမှာ ကိုယ့်တစ်ယောက်ထဲကို လွှတ်ပေးတယ်ဆိုတာကြီးကို စိတ်ထဲ တမျိုးဖြစ်နေတယ်"

"ကဲ...သိပ်အများကြီးမတွေးနေပါနဲ့..အဒမ်ရယ်..ကျွန်မတို့ ဒီခရီးဒီလမ်းကို ဒီလောက်တောင် ရောက်အောင် ဖြတ်ကျော်လာပြီးမှပဲ..ဖြစ်လာသမျှရင်ဆိုင်ရုံပဲ..ကဲ..ပိုင်မုန့်တွေကို ရှင့်မိတ်ဆွေတွေနဲ့ မျှဝေစားလိုက်ကြပါဦး"

အဲန်က ပိုင်မုန့်များကို ပေးထားခဲ့ပြီးနောက် အကျဉ်းထောင်မှ ပြန်လည်ထွက်ခွာလာခဲ့သည်။

................................................................................................................
.......................

ညနေပိုင်းတွင်တော့ အဲန်ရှိရာသို့ ဂျပ်ဆင်ရောက်လာ၏။

အင်းဝနန်းတော်မှ လွတ်မိန့်တစ်စောင် ၊ ခန့်အပ်စာတစ်စောင် ညနေခင်းတွင် ရောက်ရှိလာပြီဖြစ်၏။

ခန့်အပ်စာမှာ အင်္ဂလိပ်နှင့် မြန်မာတို့ စစ်ပြေငြိမ်းစာချုပ်ချုပ်ဆိုရာမှာ ဂျပ်ဆင်အား မြန်မာဘုရင်၏ စကားပြန်အဖြစ် ခန့်အပ်စာဖြစ်သည်။

ထိုညက ကုန်သည်ကြီးဟင်နရီဂေါက်ဂျာ၏ တပည့်ဖြစ်သူက အမရပူရမြို့ရှိ တရုတ်တန်းမှ ဝယ်ယူလာသော ဝိုင်အရက် ကို ဂျပ်ဆင်တို့မောင်နှံလွတ်မြောက်သည့်အထိမ်းအမှတ်ဖြင့် လက်ဆောင်ယူပေးခဲ့သည်။

အင်းဝနေပြည်တော်တွင် သာမန်ပြည်သူများ အရက်သေစာရောင်းဝယ်မှုကို ပိတ်ပင်ထားသော်လည်း မြို့ဟောင်းဖြစ်သော အမရပူရမှ တရုတ်များနှင့် နိုင်ငံခြားသားများကိုမူ ဘုရင်က တရားဝင်သောက်သုံးခွင့်၊ ရောင်းချခွင့်ရှိနေသည်။

ထို့ကြောင့် မြန်မာလူမျိုးများသည်လည်း အရက်သောက်ချင်သည့်အခါ အမရပူရတရုတ်တန်းတွင် ဝယ်ယူကာ သောက်သုံးလေ့ရှိကြ၏။

အဲန်သည် ဝိုင်အရက်ခွက်ကို ငုံ့ကာ ဂျပ်ဆင်အား တစိမ့်စိမ့်ထိုင်ကြည့်နေသည်။

ဂျပ်ဆင်က သူနှင့်မျက်နှာချင်းဆိုင်ထိုင်နေသာ အဲန်၏ လက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင်လိုက်၏။

“အရာအားလုံးအတွက် ကျေးဇူးတင်ပါတယ်..အဲန်”

ညစာစားပြီးသည့်နောက် တဲရှေ့မှ ကွပ်ပျစ်လေးတွင် အဲန်နှင့် ဂျပ်ဆင် ထိုင်လျက် ကြယ်များကို ငေးကြည့်နေကြသည်။

မည်သည့်စကားမျှ မဆိုဖြစ်ကြပဲ..ဂျပ်ဆင်က အဲန်၏ နှုတ်ခမ်းလေးကို ခပ်ဖွဖွနမ်းလိုက်စဉ်။

“အဲ..ငဲ..အဲ..ငဲ”

မာရီယာလေး၏ ငိုသံကြောင့်..အဲန်မှာ တဲအတွင်းသို့ အမြန်ပြန်ဝင်ခဲ့ရတော့သည်။

.........................................................................................................

“ဆရာယုဒသန်...ဆရာယုဒသန်”

ညဥ့်နက်ခဲ့ကြသော ဂျပ်ဆင်နှင့် အဲန်တို့မှာ အိပ်ရေးမဝ တဝ ဖြင့် ထလာခဲ့ကြ၏။

ထောင်မှူးမောင်ဗိုက်နှင့် ထောင်စောင့်များမှာ လုံရှည်များဖြင့် တဲရှေ့တွင် ရပ်နေကြသည်။

“မွန်းမတည့်ခင်...အမရပူရကို ကျုပ်တို့ သွားကြပါ့မယ်...ပြင်ဆင်စရာရှိတာ အခုပြင်ဆင်ပါ”

“အကုန်ပြင်ဆင်ပြီးပါပြီ....အခု မျက်နှာသစ်၊ အဝတ်လဲပြီးတာနဲ့ ကျွန်မတို့ လိုက်ခဲ့ရုံပါပဲ....ကူချေးရေ..လှည်းအသင့်ဖြစ်ပြီလားဟေ့...ခဏနေ.တို့ထွက်ကြမယ်”

အဲန်၏ အသံက တကဲကြွဲနေသည်။

အဲန်က မာရီယာလေးကို နှိုးရန် တဲတွင်းသို့ လှည့်ဝင်လိုက်၏။

“ခဏနေပါဦး….မအဲန်”

မောင်ဗိုက်က အသံကြောင့် အဲန် က လှည့်ကြည့်လိုက်သည်။

“ကျုပ်စိတ်မကောင်းပါဘူး….မအဲန်…နန်းတော်က အမိန့်အရ..ဆရာကြီးယုဒသာ နတစ်ယောက်ကိုပဲ အမရပူရကို ကျုပ်တို့ ပို့ပေးရမှာပါ”

အဲန်က မောင်ဗိုက် အား နားမလည်သည့်မျက်နှာဖြင့် ကြည့်လိုက်၏။

“ဒါဆို…ကျွန်မကရော”

“ဆရာကြီးယုဒသန် ကို ထောင်ကပဲလွှတ်ပေးလိုက်တာပါ..အကျဉ်းသားအဖြစ်က ပယ်ဖျက်တာမဟုတ်ပါဘူး…ဒီတော့ စကားပြန်ကိစ္စမပြီးမချင်း…သူထွက်မပြေးနိုင်အောင်လို့…မအဲန်ကို ကျုပ်တို့က အာမခံအဖြစ် ဒီထောင်မှာပဲ ထိန်းသိမ်းထားရမယ်လို့…အမိန့်စာမှာ ပါပါတယ်”

“ရှင်”

……………….

# (၂၁)

ထောင်မှူးမောင်ဗိုက်၏ စကားကြောင့် ဂျပ်ဆင်ရော ၊ အဲန်ပါ ထိတ်လန့်သွားကြ၏။

ဂျပ်ဆင်က ထောင်မှူးမောင်ဗိုက် လက်မောင်းများကို ဆုပ်ကိုင်လိုက်သည်။

"ကျုပ်ဇနီးကို ဒီထောင်မှာ ထားခဲ့ပြီးတော့..ကျုပ်ဘယ်မှ မသွားနိုင်ဘူး…ကျုပ်အတွက်နဲ့ သူက ဒီနေရာမျိုးမှာ ဒုက္ခခံပြီးလပေါင်းများစွာလာနေခဲ့တာ..အခုကျ..သူ့ကို ဒီနေရာမှာထားသွားပြီး..ကျုပ်ဘယ်တော့မှ ထွက်မသွားဘူး"

မောင်ဗိုက် က သက်ပြင်းချလိုက်၏။

"ကျုပ်တို့က မင်းမှုထမ်းပါ..ဆရာယုဒဿန် ၊ ဘုရင့်အမိန့်ကို ဖီဆန်ရင် ကျုပ်နဲ့ ကျုပ်မိသားစု အသက်နဲ့ ကိုယ်အိုးစားကွဲမှာပဲ"

"ကိုဗိုက်…ဒီနေရာဟာ အမရပူရနဲ့တောင် အတော်တော်ဝေးပါသေးတယ်..အဲန်ဒီမှာ ရှိနေတယ်..မရှိနေဘူးဆိုတာ.. ဘယ်သူမှ မသိပါဘူး…ခင်ဗျား ခွင့်ပြုပေးမယ်ဆို..ကျုပ် အဲန်ကို အင်းဝကို ပြန်ပို့ပါရစေ..အင်းဝရောက်သွားရင်တော့..ဒီပြဿနာကို ဖြေရှင်းဖို့က ကျုပ်တို့ တာဝန်ထားပါ"

မောင်ဗိုက်က ခေါင်းခါလိုက်သည်။

"ကျုပ်မှာလည်း သားနဲ့မယားနဲ့ပါ..ဆရာယုဒဿန်….ကျုပ်အတွက်လည်း စဉ်းစားပေးပါ"

"ခင်ဗျားအတွက် ကျုပ်စဉ်းစားထားပါတယ်..အင်းဝမှာ ကျုပ်တို့လင်မယား စုဆောင်းထားတဲ့ ရွှေလေးနည်းနည်းပါးပါးရှိပါတယ်…ခင်ဗျားမိသားစုအတွက် အဲ့ဒီထဲက ရွှေတကျပ်သားကို ပေးလိုက်ပါ့မယ်..ခင်ဗျား အင်းဝကို လိုက်ယူနိုင်ပါတယ်"

"ရွှေတကျပ်သား"

သူ့ကဲ့သို့ သာမန်အဆင့်နိမ့်ဝန်ထမ်းတစ်ဦးအနေဖြင့် မည်သို့မျှ မမျှော်မှန်းနိုင်သည့် အရာမို့ မောင်ဗိုက်မှာ အံ့သြသွားသည်။

မောင်ဗိုက်က ချီတုံချတုံဖြစ်နေ၏။ သူ့မိသားစုရှိရာ တဲလေးဘက်သို့ ငေးကာ အကြာကြီး စဉ်းစားနေသည်။

ထို့နောက် အဲန် ဘက်သို့ လှည့်လိုက်သည်။

“မအဲန်…ခင်ဗျား ဒီကိုစရောက်တုန်းက…မြို့ဝန်ဦးရွှေလေး ဆီက စာနဲ့ လာတာ မဟုတ်လား”

“ဟုတ်တယ်လေ”

“ခင်ဗျားနဲ့ ဦးရွှေလေးက အတော်ရင်းနှီးမှာပေါ့”

“သူတို့လင်မယားနှစ်ယောက်လုံးနဲ့ ကျွန်မနဲ့ ရင်းနှီးပါတယ်”

“ခင်ဗျားဟာ…ကျုပ်ကလေးတွေရဲ့ အသက်သခင်ကျေးဇူးရှင်ပါ…ခင်ဗျားကျေးဇူးတွေ ကျုပ်မှာ ရှိပါတယ်..ဒါပေမယ့်…ကျုပ် အသက် ကျုပ်မိသားစုနဲ့ ရင်းပြီးတော့..ခင်ဗျားကျေးဇူးကို ကျုပ်ပြန်မဆပ်နိုင်ဘူး… ဒီတော့..အခု ခင်ဗျားကို အင်းဝအထိ ကျုပ်ပို့ပေးမယ်..ကျုပ်ကို ခင်ဗျားက တစ်ခုကူညီပေး”

“ကျွန်မ ဘာကူညီရမလဲ”

“မြို့ဝန်ဦးရွှေလေးက ပခန်းဝန်အရေးပြီးတဲ့နောက်မှ ရာထူးတက်ပြီး အခု ဖြဲတိုက်အတွင်းဝန် ဖြစ်သွားပြီ….ခင်ဗျား သူ့ဆီကို သွားပြီး…ကျုပ်အသက်အတွက် အာမခံပေးပါ….ဒါဆိုရင်တော့ ခင်ဗျားတို့ ပြောတာတွေ အကုန် ကျုပ်သဘောတူတယ်”

အဲန် က ဝမ်းသာအားရခေါင်းညိတ်လိုက်၏။

“ကျွန်မ ကတိပေးတယ်…ကျွန်မတို့ လင်မယားကြောင့် ရှင် အသက်အန္တရာယ်၊ ရာထူး ဘာမှ မဖြစ်စေရဘူး..ကိုဗိုက်”

“ရွှေတကျုပ်သားလည်း သေချာတယ်နော်”

“သေချာပါတယ်”

“ကဲ..ဒါဆို ပြင်ဆင်တော့…ခင်ဗျားတို့ လင်မယားက အမရပူရအထိ အတူသွားခွင့်ရှိမယ်..အမရပူရရောက်ရင်တော့ ဆရာယုဒသန်ကိုက မလွန်က စစ်ဌာနချုပ်ဆီပို့ရမယ်….ခင်ဗျားကိုက အင်းဝအထိ ကျုပ်လိုက်ပို့ပေးမယ်”

…………………………………………………………………………………………………………….…….

အမရပူရမြို့။

ဂျပ်ဆင်နှင့် အဲန်တို့သည် တညနှင့် တစ်ရက်သာ အတူဆုံခွင့်ရပြီးနောက် ထပ်မံခွဲခွာရပြန်၏။

အင်းဝသို့ လှေဖြင့် ခရီးဆက်ရန် ထောင်မှူးမောင်ဗိုက်က စီစဉ်ထားသည်။

ကူချေးမှာ လှည်းအလွတ်ကို မောင်းလျက် အင်းဝသို့ ပြန်သွား၏။

အဲန်နှင့် မာရီယာလေးတို့သည် မောင်ဖိုက်အပါအဝင် ထောင်စောင့်နှစ်ဦးနှင့်အတူ လှေဖြင့် အင်းဝသို့ ပြန်လာကြသည်။

ညနေခင်းတွင် အင်းဝသို့ ဆိုက်ရောက်ကြပြီးနောက် မောင်ဖိုက် အဲန်နှင့်အတူ အိမ်သို့ လိုက်လာ၏။

မောင်အင်းနှင့် မရီတို့ညီအမ က အဲန်တို့ကို ဝမ်းသာအားရကြိုဆိုကြသည်။

အဲန်က မောင်ဖိုက်ကို ဧည့်ခန်းတွင် ခေတ္တထိုင်စောင့်ခိုင်းထား၏။

ထို့နောက် မောင်အင်းအား မြေကြီးတွင် မြှုပ်နှံထားသည့် ပစ္စည်းများထဲမှ ရွှေတကျပ်သားအတုံးလေးကို သွားရောက်တူးဖော်ယူခိုင်းလိုက်သည်။

ထိုရွှေတစ်ကျပ်သားမှာ သူမတို့ ပိုင်ဆိုင်မှုအားလုံးထဲတွင် တန်ဖိုးအကြီးဆုံးဖြစ်၏။ အဲန်၏ "ဗမာအင်ပါယာသို့ နှစ်ခြင်းသာသနာ"စာအုပ် အကြိမ်ကြိမ်ရိုက်နှိပ်ရာမှ ရရှိခဲ့သည့် စာမူခများထဲမှ ဗမာပြည်သာသနာခရီးတွင် အသုံးပြုရန် ဝယ်ယူစုဆောင်းထားခြင်းပင်။

မောင်ဖိုက်သည် ရွှေတုံးကို ရသည်နှင့် အဲန်အား အကြိမ်ကြိမ်နှုတ်ဆက်ကာ ထွက်ခွာသွားတော့သည်။

အဲန်တို့ အောင်ပင်လယ်တွင်ရှိနေစဉ် မောင်အင်းတစ်ယောက်တည်း နေထိုင်နေချိန်တွင် အဲန်တို့ အိမ်ကလေးမှ ပစ္စည်းများစွာမှာ ခိုးယူခြင်းခံခဲ့ရသည်။

မောင်အင်းမှာ အဲန်တို့ စားသောက်နေထိုင်ရေးအတွက် အမရပူရသို့ မကြာခဏ လာတာ ပစ္စည်းများ ပို့ပေးနေချိန်တွင် ဝင်ရောက်ခိုးယူကြခြင်းပင်။

သို့သော် ကံကောင်းထောက်မစွာဖြင့် ဂျပ်ဆင်နှင့် အဲန်တို့၏ စာအုပ်များကိုမူ မည်သူမျှ မခိုးယူသွားကြ။

နောက်တစ်နေ့နံနက်တွင် အဲန်သည် ဖြဲတိုက်အတွင်းဝန် ဖြစ်နေပြီဖြစ်သော ဦးရွှေလေး၏ အိမ်သို့ ထွက်ခွာလာသည်။

ဖြဲတိုက်ဟူသည်မှာ လွှတ်ရုံးငါးရပ်အနက် တစ်ရပ်အပါအဝင်ဖြစ်သည်။ နန်းမြို့တော်အတွင်း ဇေတဝန်ဆောင်၏ မြောက်ဘက် သီဟာသနပလ္လင်ရွှေနန်းပြာသာဒ်တော်ကြီး၏ မြောက်ဘက်တွင် တည်ရှိသည်။ ဘုရင်စံတော်မူရာ နန်းတော်နှင့် တဆက်တည်း ဖြစ်သည်။

ဖြဲတိုက်သည် ယခုခေတ် သမ္မတရုံး၊ ဝန်ကြီးချုပ်ရုံးများ အလုပ်လုပ်ပုံနှင့် ဆင်တူသည်။

ရှင်ဘုရင်က ထုတ်ပြန်သော အမိန့်တော်များကို ဖြဲတိုက်ရုံးမှ ခွဲခြားသတ်မှတ် ကြရသည်။ လွှတ်တော်က သွင်းသော သွင်းစာများ၊ စာတမ်းများကိုလည်း ရှင်ဘုရင်ထံ ပေးပို့ရန် ခွဲခြားစီမံရသည်။

လွှတ်တော်မှ ဘုရင့်ထံသွင်းသော စာများ၊ ဘုရင်က လွှတ်တော်သို့ ထုတ်ရန်ရှိသည် စာများကို အတွင်းဝန်မင်းများထံ၊ သံတော်ဆင့်များ၊ ဖြဲတိုက် သံဆင့်များက လျှောက်ထားကြရသည်။ အရေးကြီးလျှင် ကြီးသလို စီမံဆင့်ဆိုရသည်။

ရှင်ဘုရင်က ထုတ်ပြန်ထားသော အမိန့်များကိုလည်း ဖြဲတိုက်ကပင် အမိန့်တော်မှာတမ်း ထုတ်သင့်သည်၊ အမိန့်တော် မှတ်သားချက် ထားသင့်သည်၊ အမိန့်တော်ပြန်သင့်များကို ခွဲခြားဝေဖန် ဆုံးဖြတ်ရသည်။ အမိန့်တော် ထပ်မံ၍ ခံယူသင့်သော ရှုပ်ထွေးသည့် အရာပါလျှင် ၊ သို့မဟုတ် လိုနေလျှင် ပြန်လည်ပြုပြင်ရန် အတွင်းဝန်က သံတော်ဆင့်အား ဆင့်ဆိုရသည်။

လွှတ်တော်က ဘုရင့်ထံသွင်းစာများကို ဖြဲတိုက်ကပင် စစ်ဆေး၍ လွှတ်တော်ဝန်ကြီးများထံ မေးမြန်း အစီရင်ခံစရာများကို ပြန်မေးပြီးမှ ဘုရင့်ထံ သွင်းကြရသည်။

ဖြဲတိုက်အတွင်းဝန်များသည် ဘုရင်ရှေ့တော်သို့ မည်သည့်ကိစ္စမဆို တိုက်ရိုက်သွားရောက်လျှောက်တင်နိုင်သည်။

လွှတ်တော်ကမူ ဖြဲတိုက်မှ တဆင့်သာလျှင် ရှေ့တော်သို့သွားရောက် လျှောက်တင်နိုင်သည်။

ထို့ကြောင့် ဖြဲတိုက်အတွင်းဝန်များမှာ လွှတ်တော်ဝန်ကြီးများလောက် ရာထူးအရမကြီးသော်လည်း အရေးပါသည့်အနေအထားဖြစ်၏။

ဖြဲတိုက်အတွင်းဝန်(၄)ပါးအနက် တစ်ပါးဖြစ်နေပြီဖြစ်သော ဦးရွှေလေး အိမ်သည် ယခင် မြို့ဝန်အဆင့်က အိမ်နှင့် မတူတော့။

အစောင့်များ၊ လူအဝင်အထွက်များဖြင့် ရှုပ်ယှက်နေ၏။

ဖြဲတိုက်အမှုထမ်းဖြစ်သော ဖွားဖက်ကျော် ခေါ် လူပျိုတော်သားများ၊ ဒိုင်းတော်ခေါ် ကြိမ်ကိုင်အရာရှိများက အိမ်ခြံဝရှိ အစောင့်တဲကလေးတွင် စောင့်ကြပ်နေကြ၏။

အဲန်က မာရီယာလေးကို ချီပိုးလျှင် လှည်းပေါ်မှ ဆင်းလိုက်သည်။

“ဘာကိစ္စလာပါသလဲ”

“အတွင်းဝန်မင်းဆီ လာပါတယ်”

"အတွင်းဝန်မင်းဆီ ကြုံတင်လျှောက်ဆိုထားတာများရှိလား..ခွင့်ပြုမိန့်ရောပါရဲ့လား"

"မပါပါဘူးရှင်..ကျွန်မ အခုမှ အောင်ပင်လယ်ထောင်က လွတ်လာတာပါ...စစ်ပြေငြိမ်းရေးစာချုပ်အတွက် စကားပြန်ပေးမယ့် ဆရာယုဒသန်ရဲ့ ဇနီးလို့ပြောရင်..အတွင်းဝန်မင်းသိပါတယ်"

ထိုအချိန်တွင် ဝေါပလာတစ်စီးက သူတို့အနီးတွင် ရပ်လိုက်သည်။ ဝေါတော်ထမ်းလူပျိုတော်သားများက ဝေါကို မြေပြင်သို့ ချလိုက်ကြ၏။

"ဆရာကတော်"

ဝေါပေါ်မှ ဆင်းလာသူက မကြာအုံ။ မကြာအုံသည် အတွင်းဝန်ကတော်အဖြစ် ဝေါစီးနေရပြီဖြစ်၏။

"ဒါ..ငါ့ညှေ့သည်ပဲ"

မကြာအုံက အဲန် လက်ထဲမှ မာရီယာလေးကို ပွေ့ယူချော့မြူကာ အိမ်ခြံဝန်းထဲသို့ ခေါ်သွားသည်။

"အံမယ်လေး..ကလေးရော..ဆရာကတော်ရော..ပိန်လှီလို့ပါလား..အောင်ပင်လယ်မှာ အတော်လေး အနေဆင်းရဲ ၊ အစားဆင်းရဲဖြစ်ခဲ့ကြတာပဲ"

အဲန်တို့ သားအမိကို ရင်းနှီးပြီးသားဖြစ်သော အိမ်စေမိန်းကလေးများကလည်း အစားအသောက်များ ယူကာလာကာ ညှေ့ခံကြ၏။

"ပြန်တွေ့ရတာ..ဝမ်းသာလိုက်တာ..ဆရာကတော်ရယ်..မိန်းမတစ်ယောက်အနေနဲ့ လင်ယောက်ျား ထောင်ကျနေတဲ့ဆီလိုက်နေတယ်ဆိုတာတော့..တကယ်အံ့သြစရာသတ္တိပါပဲ"

"သူမရှိရင် ကျွန်မခက်ခဲသလို..ကျွန်မမရှိရင်လည်း သူခက်ခဲမှာကို သိလို့..အရဲစွန့်ပြီးသွားနေရတာပါပဲ..မကြာအုံရယ်"

"အင်း...ဆရာကြီး လွတ်ပြီဆိုတာ...အတွင်းဝန်မင်းဘုရားပြောလို့ သိလိုက်ရတာနဲ့ ကျွန်မလည်း အတော်ပျော်သွားပါတယ်...ဒါနဲ့...အတွင်းဝန်မင်းဘုရားကို လျှောက်စရာများ ရှိလို့လား"

"ရှိတယ်..မကြာအုံ....အခု ကျွန်မ ဒီအင်းဝကို ရောက်နေတာ..တရားဝင်မဟုတ်ပါဘူး"

အဲန် စကားကို မကြာအုံက နားမလည်သကဲ့သို့ ကြည့်လိုက်သည်။

"ဘာကိုဆိုလိုတာလဲ...ဆရာကတော်"

“ထောင်မှူးက ပြောတာတော့....ဆရာယုဒသသန်ကို စကားပြန်လုပ်ပေးဖို့အတွက် ထောင်ကခဏလွှတ်ပေးတာ ဖြစ်ပြီး..အကျဉ်းသားအဖြစ်က ပယ်ဖျက်တာမဟုတ်လို့..သူ့ကိုယ်စား ကျွန်မကို ထိန်းသိမ်းထားရမယ်တဲ့လေ.. ဒါနဲ့ ကျွန်မတို့လည်း ထောင်မှူးကို လာဘ်ထိုးပြီး ဒီအင်းဝအထိ ရောက်အောင် လာခဲ့တာပါ...ထောင်မှူးက သူ့အပြစ် လွတ်အောင်လို့..အတွင်းဝန်မင်းဆီ လျှောက်ပေးပါဆိုလို့..လာရတာပါပဲ...မကြာအုံရယ်”

“အင်း...ဆရာကတော်တစ်ယောက်တည်း အောင်ပင်လယ်ထောင်မှာ နေလို့ ဘယ်ဖြစ်မှာလဲ..ကလေးတဖက်ကလည်း ရှိသေးတယ်...နန်းတော်က ဒီလို အမိန့်ချထားတာမဟုတ်တန်ပါဘူး..ကဲ..လာလာ...အခုပဲ အတွင်းဝန်မင်းဆီ ကျွန်မနဲ့ အတူဝင်မယ်..ကလေးကို ညည်းတို့ ထိန်းထားကြပေ့ာ..ကောင်မတွေ”

မကြာအုံက အဲန်ကို ဖေးမကာ ဦးရွှေလှေးရှိနေသည့် အခန်းဆီသို့ ခေါ်သွား၏။

ဦးရွှေလှေးသည် နေ့နှစ်ချက်တီးတွင် ဖြဲတိုက်သို့ နောက်တကြိမ်တက်ရမည်ဖြစ်သဖြင့် ဖော့လုံးဖြူခေါင်းပေါင်း၊ သိုရင်းအဖြူအင်္ကျီဖြင့် စလွယ်ကိုလွယ်ကာ ပြင်ဆင်နေသည်။

နန်းတော်တွင်းနှင့် ဘုရား၊ကျောင်းကန်များမှ အပ ဖြဲတိုက်အတွင်းဝန်များသည် အခြားသွားလာသည့်အခါ၊ အတောင် ၃၀ ကွာလောက်မှ ကြိမ်ကို ထောင်ကိုင်ကာ ဝဲယာလိုက်ရသည့် ရှေ့လိုက်အရာရှိလူပျိုတော်သားနှစ်ဦးကလည်း အနီးတွင် ဝပ်တွားလျက် ခစားနေ၏။

ဦးရွှေလှေးသည် အဲန်ကို မြင်လိုက်သည့်အခါ ဝမ်းသာအားရဖြင့် ပြုံးပြလိုက်သည်။

“ဟဲ့..ငချိုနဲ့ ငပန်းထွေ တို့ ငါ့ညှို့သည်နဲ့ စကားပြောဦးမှာမို့..ရှေ့က ထွက်ခစားကြစမ်း”

လူပျိုတော်သားနှစ်ယောက်က လက်အုပ်ချီလျက် ထွက်ခွာသွား၏။

အဲန်က ဦးရွှေလှေးရှေ့တွင် ဒူးတုတ်ကာ ထိုင်လိုက်သည်။

“ဆရာကတော်...အခုလို ကျန်းကျန်းမာမာတွေ့ရတာ..ဝမ်းသာပါရဲ့”

“ကျွန်မ လျှောက်ထားစရာရှိလို့ပါ..ဘုရား”

“ဘုရားမတပ်ပါနဲ့လား..ဆရာကတော်...ကျုပ်တို့ အရင်လိုပဲ ပြောဆို ဆက်ဆံကြရအောင်ပါ..ဒူးတုပ်မနေပါနဲ့..မတ်တပ်သာရပ်ပြောပါလေ”

မကြာအုံက အဲန်ကို ဖေးမကာ ထူလိုက်၏။

“ဆရာကြီးကို ထောင်ကလွှတ်ပေးလိုက်ပေမယ့်..ကျွန်မကိုတော့ အောင်ပင်လယ်ထောင်မှာပဲ ထိန်းသိမ်းထားဖို့ အမိန့်ထုတ်တယ်လို့ ကြားသိရပါတယ်”

ဦးရွှေလေးက မျက်မှောင်ကြုံ့လိုက်သည်။

“ဆရာကတော်ကို ဘယ်သူကပြောတာလဲ”

“ထောင်မှူးမောင်ဖိုက်က ပြောတာပါ”

“အင်း..တယ်ခက်တဲ့ ကောင်တွေပဲ...အထက်ကအမိန့်ကို အောက်ကကောင်တွေက အဆင့်ဆင့် ပုံစံပြောင်း လုပ်ကြတော့တာပဲ..အဲ့ဒီအမိန့်ကို ကျုပ်တို့ ဖြဲတိုက်တော်ကပဲ ထုတ်ပြန်ရတာပါ...အောင်ပင်လယ်ထောင်မှာပဲ ထိန်းသိမ်းရမယ်လို့ မပါပါဘူး...ဆရာယုဒသန်ဟာ အကျဉ်းသားအဖြစ်ပဲရှိနေသေးတဲ့အတွက်..ဆရာကတော်ကို အာမခံအနေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူက ထိန်းသိမ်းစောင့်ရှောက်ထားရမယ်လို့ပဲ ပါတာပါ..ထောင်ထဲ ထည့်ထားရမယ်မပါပါဘူး...ဘယ့်နှယ့်...အင်းလေ..သူတို့ကလည်း တာဝန်ယူထားရမှာ ကြောက်ကြတယ်ထင်ပ”

ဦးရွှေလေးက စကားပြောရင်း ခေါင်းကို ခါးယမ်းနေသည်။

“ဒါနဲ့..အခုကရော..ဘယ်နှယ့်..ဘယ်လို...အင်းဝရောက်လာတာလဲ”

“ထောင်မှူးကို လာဘ်ထိုးပြီး အင်းဝတော့ ပို့ပေးခိုင်းခဲ့တာပါ..ဒီရောက်ရင် ဝန်မင်းဆီ အကူအညီတောင်းလို့ရမယ်ဆိုပြီး ရောက်လာတာပါ”

“ဟူး...ဘယ်လောက်လာဘ်ထိုးလိုက်ရလဲ..ဆရာကတော်”

“ရွှေတကျပ်သားပါ”

“တယ်.မိုက်ရိုင်းလိုက်တဲ့ကောင်တွေပါလား....အမိန့်တွေကို အလွဲသုံးစားလုပ်ပြီး ငွေရှာနေကြတာ..သင်းတို့ ဒီတိုင်းလွှတ်ထားပေးလို့မဖြစ်ချေဘူး..အရေးယူရမယ်”

“မဟုတ်ပါဘူး...အတွင်းဝန်မင်း..အဲ့ဒီရွှေတကျပ်သားက ကျွန်မဟိုမှာရှိနေစဉ် သူတို့မိသားစုရဲ့ ဆင်းရဲချို့တဲ့ပုံတွေ မြင်ခဲ့ရလို့...သူတို့မိသားစုလေးအတွက် မျှဝေကူညီပေးတယ်သဘောပိုက်ပါတယ်....ကျွန်မအခု အကူအညီလာတောင်းရတာကလည်း..ကျွန်မအတွက်မဟုတ်ပါဘူး...ကျွန်မကို အင်းဝကို လွှတ်လိုက်တဲ့အတွက် ထောင်မှူးကို အပြစ်ပေးမခံရအောင် အတွင်းဝန်မင်းကတဆင့် ကူညီဖို့ပါ”

ဦးရွှေလေးမှာ အဲန်ကို တအံ့တသြငေးကြည့်လိုက်သည်။

“ဆရာကတော်...ခင်ဗျား...ခင်ဗျားဟာ ကျုပ်မြင်ဖူးသမျှထဲ အတော်လေးကို လေးစားစရာကောင်းတဲ့ အမျိုးသမီးတစ်ယောက်ပဲဗျာ”

အဲန်က ဦးရွှေလေးကို ပြုံးပြလိုက်သည်။

“ကဲ..စိတ်မပူနဲ့တော့..ဆရာကတော်...အခု ဖြဲတိုက်တော်ရောက်ရင်..ဘုရင့်ဆီမှာ လျှောက်တင်ပေးမယ်..ဆရာယုဒသန်ကိုယ်စား ဆရာကတော်ကို ထိမ်းသိန်းထား

မယ့်ကံစွကို..ဖြဲတိုက်အတွင်းဝန်တစ်ယောက်အနေနဲ့ ကျုပ်က အပြည့်အဝတာဝန်ပေးပါ့မယ်လို့ ရအောင်လျှောက်တင်ပေးပါ့မယ်..အဲဒီအခါကျ...ဟိုထောင်မှူးလည်း အပြစ်ကလွတ်ပြီးသားဖြစ်မှာပါ..ဆရာကတော် စိတ်ချမ်းချမ်းသာသာ သာ အိမ်ပြန်နေပါတော့”

.................................................................................................................................................

.............

## (၂၂)

မလွှန်ခံတပ်သို့ရောက်ရှိသောအခါ စစ်ဦးစီးချုပ်ဖြစ်သော မိုးနဲဗိုလ်မှူး ခေါ် ဒွာရဝီ မင်းသား သီရိမဟာဓမ္မရာဇာ က ဂျပ်ဆင်အား မြစ်ကမ်းနဘေးရှိ သီးသန့်ဆောက်ထားသော တဲကလေးတွင် နေထိုင်စေသည်။

အကျဉ်းထောင်ထဲတွင် လပေါင်းများစွာနေခဲ့ရပြီးမှ ပြင်ပရာသီဥ တုနှင့် ပြန်လည်ထိတွေ့ရသည့်အခါ ဂျပ်ဆင်မှာ အဖျားရောဂါပြန်ဖြစ်လာခဲ့သည်။

သို့သော် မိုးနဲဗိုလ်မှူးအနေဖြင့် စစ်ပြေငြိမ်းရေးစာချုပ်ပါအချက်အလက်များ၊ နှစ်ဖက်တောင်းဆိုချက်များကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာ၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ အရေးတကြီးပြန်ဆိုရန် လိုအပ်နေကြ၏။

ဂျပ်ဆင်မှာ လိုအပ်သမျှကို ဖျားနေလျက်ကပင် ဘာသာပြန်ပေးနေရသည်။

မြန်မာတပ်မှူးများမှာ စစ်ပွဲတစ်ပွဲအား အနိုင်အရှုံးမပြတ်သားသေးမီ…စစ်ပြေငြိမ်းကာ .စစ်လျော်ကြေးပေးသည့်ကိစ္စများ၊ စစ်ပြေငြိမ်းရေးစာချုပ်ဆိုသော ကိစ္စများကို နားမလည်နိုင်ကြ။

အရှေ့တိုင်းနိုင်ငံများတွင်မူ စာချုပ်စာ ပြတ်ပြတ်သားသားစစ်နိုင်သည့်အခါမှ စစ်နိုင်သူက စစ်ရှုံးသူထံမှ စိတ်ကြိုက်ယူငင်လေ့ရှိသည့် ဓလေ့သာရှိခဲ့ဖူးသည်။

ထိုအခါ ဂျပ်ဆင် က စစ်လျော်ကြေးသဘောနှင့် စစ်ပြေငြိမ်းရေးစာချုပ်သဘောများကိုလည်း အသေးစိတ်ရှင်းပြပေးရ၏။

"တကယ်လို့ စာချုပ်မှာ ကျုပ်တို့ လက်မှတ်ထိုးပါလျက်နဲ့..အင်္ဂလိပ်တွေက ရှေ့တိုးတိုက်ခိုက်လာမယ်ဆိုရင်ရော….ဒါကို ခင်ဗျား ဘာနဲ့ အာမခံမှာလဲ"

မိုးနဲဗိုလ်မှူး၏ မေးခွန်းအတွက် ဂျပ်ဆင်မှာ အကြပ်ရိုက်ရသည်။

လွန်ခဲ့သော ဆယ်စုနှစ်များက ဂျပ်ဆင်နှင့် အဲန်တို့ ရန်ကုန်သို့လာစဉ်…ကလကတ္တားသို့ ခေတ္တဝင်နားမည်ဆိုသောအခါ အမေရိကန်များဖြစ်နေသည့်အတွက် အင်္ဂလိပ်အစိုးရက ခွင့်မပြုခဲ့။

ထို့ကြောင့် အင်္ဂလိပ်တို့က သူ့အားလိုလားခြင်းမရှိသည်ကို ဂျပ်ဆင် သိပြီးဖြစ်သည်။

ယခုမူ အင်္ဂလိပ်တို့နှင့် စစ်ဖြစ်နေသည့် ဗမာတို့က အင်္ဂလိပ်တို့ စစ်ဆက်မတိုက်ရေး သူ့အား အာမခံခိုင်းနေပြန်၏။

“အင်္ဂလိပ်တွေဟာ ကျွန်တော်မျိုးတို့ အမေရိကန်တွေနဲ့ စစ်ဖြစ်ခဲ့တယ်ဆိုပေမယ့်…သူတို့ဟာ စစ်ပွဲနဲ့ ပတ်သတ်ရင်တော့ ကတိကဝတ်တွေတည်မယ်လို့..ကျွန်တော်ယူဆပါတယ်”

မိုးနဲဗိုလ်မှူးက ခေါင်းကို ခပ်လေးလေးခါယမ်းလိုက်သည်။

“မဟုတ်ဘူး..ဆရာယုဒသန်..အခု စာချုပ်မှာ ကျုပ်တို့လက်မှတ်ထိုးပါလျက်နဲ့ အင်္ဂလိပ်က ဆက်တိုက်မယ်ဆို.. အင်းဝမှာ ကျန်ရစ်တဲ့ ခင်ဗျားမိန်းမနဲ့ကလေးကို ဘုရင်က သတ်ပစ်မှာပဲ…ဒီတော့ အင်္ဂလိပ်တွေ ကတိတည်အောင် ခင်ဗျားကပဲ ပြောဆိုပေးပါ”

ဂျပ်ဆင်မှာ ခေါင်းညိတ်သဘောတူလိုက်ရ၏။

နောက်ပိုင်းတွင် မိုနဲဗိုလ်မှူးနှင့် ဂျပ်ဆင်တို့မှာ ရင်းနှီးလာပြီး အင်္ဂလိပ်များနှင့်ပတ်သက်သည့် အကြံအဉာဏ်များကို ဂျပ်ဆင်ထံမှ လာရောက်တောင်းခံလေ့ရှိတော့သည်။

အင်္ဂလိပ်အရာရှိများ က မလွန်ခံတပ်ဘေး မြစ်လယ်သို့ သင်္ဘောနှင့်ရောက်ရှိလာပြီး မြန်မာတပ်မှူးများနှင့် စာချုပ်မူကြမ်းကိုစွဆွေးနွေးကြတိုင်း ဂျပ်ဆင်မှာ ကြားဝင်ကာ သံတမန်တာဝန်ကိုပါ ယူပေးလာရ၏။

အင်္ဂလိပ်တို့တောင်းဆိုသည့်အချက် လေးချက်အနက်… အင်းဝတွင် အင်္ဂလိပ်သံတမန်ထားရှိပြီး ကူးသန်းရောင်းဝယ်ရေးစာချုပ်ချုပ်ဆိုရေး နှင့် စစ်ပွဲကာလတွင်း မြန်မာတို့ဘက်မှ ဖမ်းထားသော အင်္ဂလိပ်အမျိုးသားတို့ကို လွှတ်ပေးရေးအချက်နှစ်ချက်ကို အင်းဝနန်းတော်က သဘောတူသည်။

သို့သော်…အင်္ဂလိပ်တို့အား စစ်လျော်ကြေးအဖြစ် ရူပီးငွေတစ်ကုဋေကို လက်ငင်းပေး၍ ကျန်ငွေကို အရစ်ကျပေးရန် နှင့် အာသံ၊မဏိပူရ၊ရခိုင်တို့အား အင်္ဂလိပ်အပိုင်အဖြစ်ပေးရန်တို့ကိုမူ အင်းဝနန်းတော်ဆီက ခိုင်မာသော ဆုံးဖြတ်ချက်ကျမလာခဲ့။

ဂျပ်ဆင်သည် ဆွေးနွေးပွဲများအတွင်း နှစ်ဖက်လုံးရှိ စစ်အရာရှိများ၏ လေးစားခြင်းကို ရရှိခဲ့သော်လည်း စစ်ပြေငြိမ်းရေးမှာမူ လိပ်ခဲတည်းလည်းဖြစ်လျက်ပင်။

ဒီဇင်ဘာ (၁၆)ရက်။

အညာ၏ ဆောင်းကား ခြောက်သွေ့သွေ့၊ အေးစက်စက်ဖြင့်။

ဂျပ်ဆင်သည် မြစ်နဘေးရှိ သူ၏ တဲကလေးတွင် မီးအိမ်ကို ချလျက် စစ်ပြေငြိမ်းရေးစာချုပ်မူကြမ်းမှ အချက်အလက်တချို့ကို အင်္ဂလိပ်လို အချောသတ်နေ၏။

ထိုအချိန်တွင် သူ၏ တဲထဲသို့ မိုးနဲဗိုလ်မှူး ဝင်ရောက်လာသည်။

“မင်းသား….ဘာများ အရေးတော်ရှိပါသလဲခင်ဗျာ”

ဂျပ်ဆင်က သူ့ကိုယ်တွင် ခြုံထားသော အညာစောင်ကြီးကို ဖယ်ကာ..မင်းသား အား လက်အုပ်ချီ၍ ညွှတ်ပြလိုက်၏။

မိုးနဲဗိုလ်မှူးက ဆေးတံ ကို ဖွာလျက် ဂျပ်ဆင် ဘာသာပြန်နေသော စာချုပ်မူ ကြမ်းများကို ကိုင်ကြည့်လိုက်သည်။

“ကျုပ် စိတ်မကောင်းပါဘူး…ဆရာယုဒသန်..ခင်ဗျားအခုပဲ….လှေလျင်နဲ့ အင်းဝ ကို ပြန်ရပါမယ်”

ဂျပ်ဆင်က အင်းဝရှိ အဲန်နှင့် ကလေးအတွက် ရုတ်တရက်စိတ်ပူသွားသည်။

“ကျွန်တော်မျိုးရဲ့ မိသားစု တစ်ခုခုများ ဖြစ်လို့လား..မင်းသား”

“မဟုတ်ပါဘူး…နန်းတော်က အမိန့်လာလို့ပါ..ခင်ဗျားကို အင်းဝမှာ ပြန်လည်ချုပ် နှောင်ထားကြမှာပါ”

“ဘာများဖြစ်လို့လဲ..မင်းသား”

“ငြိမ်းချမ်းရေးကိစ္စ ကျုပ်တို့ဘက်က အချိန်ဆွဲနေတာကို သူတို့ဘက်က စိတ်မရှည် တော့ပါဘူး..ဒီနေ့ခင်းမှာပဲ.အင်္ဂလိပ်ဗိုလ်ချုပ်က သူ့တပ်တွေနဲ့အတူ..ဟော့ဒီ မ လွန်ခံတပ်ကို မြစ်ကြောင်းအတိုင်း ချီတက်လာနေပြီ…ဒီတော့ ခင်ဗျားအတွက် ဒီမှာထက်..အင်းဝက အချုပ်ထောင်ထဲမှာက အန္တရာယ်ပိုကင်းပါတယ်”

# (၂၃)

အင်းဝ၏ ညနေခင်း ကား စည်ကားလျက်။

အစောင့်အရှောက်များနှင့်အတူ နန်းမြို့တွင်းသို့ ဝင်သွားရသော ဂျပ်ဆင်ကို လူအများက စူးစမ်းကြည့်ရှုကြသည်။

အင်္ဂလိပ် – မြန်မာ စစ်ပွဲပြီးသည့်နောက် အဝတ်အစားကောင်းကောင်းမွန်မွန် သေသေသပ်သပ်ဝတ်ထားသော လူဖြူတစ်ဦးကို အင်းဝမြို့တွင်းတွင် ပထမဆုံးအကြိမ် ပြန်တွေ့ရခြင်းပင်။

"ဗိုလ်မင်း...ကျွန်တော့်ရဲ့ မိသားစုအိမ်ဆီကို ခဏဝင်လို့ရပါသလား..ခင်ဗျာ"

ထိုအချိန်က စစ်မှုထမ်းများတွင် ခေတ်စားသည့် စစ်သူကြီးမဟာဗန္ဓုလပုံစံ နှုတ်ခမ်းမွှေးကြီး ကော့ထားသည့် တောင်ထားဝယ်ဗိုလ် က ခေါင်းခါပြသည်။

"မရပါဘူး..ဆရာကြီး..ဆရာကြီးကို နန်းတော်ပြင်ပ တရားရုံးအနောက်ဘက် အဆောင်မှာ အကျယ်ချုပ်နဲ့ ထားရပါမယ်လို့ အမိန့်ရှိထားပါတယ်"

တရားရုံးအနောက်ဘက်အဆောင်မှာ မင်းညီမင်းသားများ၊ ရာထူးမြင့်သော မင်းအမှုထမ်းများ အမှုအခင်းဖြစ်သည့် အခါ စစ်ကြောရန် ချုပ်နှောင်သည့်နေရာတစ်ခု ဖြစ်သည်။

အဆောက်အဦမှာ သစ်သားဖြင့်ပြုလုပ်ထားပြီး သံတိုင်များတပ်ထားသည့် ပြတင်းတံခါးတစ်ပေါက်သာရှိနေ၏။

အခန်းထဲတွင် သစ်သားစားပွဲတလုံး၊ ထိုင်ခုံတစ်လုံးရှိသည်။ စားပွဲပေါ်တွင် ရေအပြည့်ဖြည့်ထားသော ရေအိုးနှင့် အုန်းမုတ်ခွက်ကို တင်ထား၏။

"ဆရာကြီး ဒီထဲမှာ လွတ်လွတ်လပ်လပ်နေနိုင်ပါတယ်"

တောင်ထားဝယ်ဗိုလ်က ဂျပ်ဆင်၏ ခြေထောက်နှစ်ဖက်ကို ခြေကျင်းများခတ်လိုက်ပြီးနောက် ထိုသို့ပြောလိုက်ခြင်းပင်။

ဂျပ်ဆင်က သူ့ခြေထောက်မှ ခြေကျင်းကို ကြည့်လိုက်ပြီး သက်ပြင်းသာချလိုက်သည်။

အဲန်နှင့် မာရီယာလေး တို့ ကို သူသတိရနေ၏။

မွေးပြီးကတည်းက လွတ်လွတ်လပ်လပ်၊ နီးနီးကပ်ကပ်နေခွင့်မရသည့် သူ၏ သမီးလေး မာရီယာ။

ခင်ပွန်းသည်အတွက် ပင်ပန်းဆင်းရဲမှုမျိုးစုံကို ရင်ဆိုင်ခဲ့ရသည့် အဲန်။

တစ်မြို့တည်းရှိနေသော်လည်း အတူတွေ့ခွင့်မရသည့်ဘဝ။

လမ်းခရီးတွင်ပင်ပန်းလာသဖြင့် ဂျပ်ဆင်က ဘုရားဝတ်ပြုပြီးနောက် အိပ်ရန် ပြင်ဆင်လိုက်တော့သည်။

နောက်တစ်နေ့ နံနက်တွင်တော့....ပြတင်းပေါက်မှ သူ့နာမည်ခေါ်သံကြောင့်..ဂျပ်ဆင်နိုးလာ၏။

ပြတင်းတံခါးအပြင်ဘက်တွင် မတ်တပ်ရပ်နေသော မောင်အင်း။

မောင်အင်းက လက်ထဲတွင် ငှက်ပျောဖက်ဖြင့် ထုတ်ထားသောထမင်းထုပ်နှင့် ရေ

"မောင်အင်း....မင်း ငါဒီမှာ ရှိနေတာ ဘယ်လိုလုပ်သိသလဲ"

"တရားရုံးစာရေးက ကျွန်တော့်နဲ့ ရင်းနှီးတယ်...မနေ့ညက သူပြောပြလို့သိရတာ..ဆရာကြီး..အခုလည်း သူ ကူညီပေးလို့ ဒီလိုလာတွေ့လို့ရတာ"

"အဲန်နဲ့ ကလေးရော....နေကောင်းကြရဲ့လား"

မောင်အင်းက ခေတ္တမျှ တွေဝေသွားသည်။

"အင်း..မာရီယာလေးက နေကောင်းကျန်းမာပါတယ်..ဆရာကြီး"

"အဲန်က ရော"

မောင်အင်းက ခေါင်းကိုငုံ့ထားလိုက်သည်။

ဂျပ်ဆင်မှာ မောင်အင်း၏ အမူအယာကြောင့် စိုးရိမ်တကြီးပိုဖြစ်သွားရ၏။

"မောင်အင်း...အဲန် ဘာဖြစ်နေလဲ..မှန်မှန်ပြောပါ"

"မမအဲန်...ခန္ဓာကိုယ်မှာ အဖုအပိန့်တွေထွက်ပြီး...အဖျားရောဂါခံစားနေရတယ်..ဆရာကြီး...တခါတခါ အဖျားကြီးလွန်းလို့..သတိလစ်သွားတတ်တယ်..မာရီယာလေးကိုတော့ အိမ်နီးချင်းမိန်းမတွေက ကူထိန်းပေးကြပါတယ်"

"ဘုရားသခင်...အဲန် ကို အကောင်းအတိုင်း ရှိပေးပါ...ကိုယ်တော်၏ နာမတော်အားဖြင့်.အဲန်ကို ကျန်းမာနေကောင်းအောင် စောင့်ရှောက်ပေးတော်မူပါ"

ဂျပ်ဆင်က ပြတင်းပေါက်တိုင်များကို ဆုပ်ကိုင်ရင်း ကောင်းကင်ကို မော့ကြည့်ကာ ရေရွတ်လိုက်၏။

.......................................................................................................................
.............

အဲန် တို့၏ အိမ်ရှေ့သို့ ဝေါပလာတစ်စီး ရောက်ရှိလာသည်။

ဝေါပေါ်မှ ဆင်းလာသူမှာ ဖြဲတိုက်အတွင်းဝန်ကတော် မကြာအုံ။

ဝန်ကတော်ကို မမြင်ဖူးသဖြင့် အိမ်နီးနားချင်းအချို့က အပြေးအလွှားလာကြည့်ကြသည်။

အဲန်သည် ကုတင်ပေါ်တွင် ခွေခွေလေးလဲနေ၏။

အဖျားအလွန်ကြီးသဖြင့် သတိရတချက် မရတချက်ဖြင့်။

အစာမဝင်သည်မှာလည်း သုံးလေးရက်ပင်ကြာခဲ့ပြီ။

စားဖို့မှူးကူချေးက ဝိုင်နှင့် ရေ ကို တလှည့်စီတိုက်ရင်း..အဲန် နဘေးတွင် စောင့်ဆိုင်းနေသည်။

အိမ်နီးနားချင်းမိန်းမသုံးလေးဦးကလည်း အဲန်အနားတွင် မာရီယာလေးအား ထွေးပွေ့ရင်း ထိုင်နေကြ၏။

မကြာအုံ နှင့် အစေခံ မိန်းကလေး သုံးဦး ဝင်လာသည့်အခါ သူတို့ က အလန့်တကြားဖြင့် လက်အုပ်ချီလိုက်ကြသည်။

“ဆရာကတော် အခြေအနေ ဘယ်လိုရှိလဲ”

မကြာအုံက မာရီယာလေးကို ချီထားသည့် မိန်းမတစ်ဦးအား မေးလိုက်၏။

“ခံတော့မယ်..မထင်ဘူး..မကြာခင်...သွားတော့မယ်ထင်ရဲ့..မဖုရား”

မကြာအုံက အဖုအပိန့်များ တကိုယ်လုံးတွင်ထွက်လျက် အသက်ကို ခက်ခဲစွာရှူနေသည့် အဲန် အနီးတွင် ထိုင်ချလိုက်၏။

ထို့နောက် အဲန်၏ ခန္ဓာကိုယ်ကို စမ်းသပ်လိုက်သည်။

“အဖျားတွေ အရမ်းတက်နေပါလား...ဆရာကတော်...ဆရာကတော်”

အဲန် က မျက်လုံးများကို ဖြည်းညှင်းစွာဖွင့်လိုက်၏။

“ဆရာကတော်...အသည်းအသန်ဖြစ်နေတယ်ကြားလို့..ကျွန်မလိုက်လာတာပါ...ဆရာကတော်စားဖို့ ခေတ်စာတွေလည်းပါတယ်”

“ကျေး..ဇူး..တင်ပါတယ်..မကြာအုံ”

အဲန်၏ အသံက အားနည်းဖျော့တော့။

“ဒီတိုင်းဆို မဖြစ်ဘူး...ကျွန်မ သမားတော်ကို တနေ့တခေါက်တော့ ဆရာကတော်ဆီ လွှတ်ပေးပါ့မယ်.. ကလေးထိန်းပေးဖို့နဲ့ ဆရာကတော်ကို ပြုစုဖို့ အထိန်းမိန်းမ

တစ် ယောက်လည်း ဒီမှာ လာနေခိုင်းလိုက်မယ်”

မကြာအုံ က အဲန်၏ လက်ဖဝါးကို ဆုပ်ကိုင်ရင်း ပြောလိုက်သည်။

“အဲ့ဒါတွေ ထက်..ကျွန်မ...သူ့ကို ပိုလိုအပ်တယ်...မကြာအုံ”

အဲန်က စကားကို အားယူပြောလိုက်သည်။

“သူ့ကို..အင်းဝတရားရုံးမှာ ချုပ်ထားကြတယ်လို့ပြောတယ်..သူဟာ ဒီစစ်ပွဲမှာ ဘုရင်မင်းမြတ်ကို ကူညီခဲ့သူပါ...ဒီတခါ နောက်ဆုံးအဖြစ် ကျွန်မကို ကူညီပေးပါလား”

“ကိုယ့်ဖာသာကိုယ်..သက်သာအောင်နေပါ..ဆရာကတော်...တတ်နိုင်သမျှ ကျွန်မ ကူညီပေးပါ့မယ်”

“မကြာအုံနဲ့ ဝန်မင်းတို့ကျေးဇူးကို ကျွန်မတို့ တသက်လုံး သတိရနေမှာပါ”

အဲန် ၏ ပါးပြင်ပေါ်တွင် မျက်ရည်ပူများ တလိမ့်ချင်းကျလာ၏။

မကြာအုံက နဘေးရှိ မိန်းမထံမှ မာရီယာလေးကို ပွေ့ချီလိုက်သည်။

မာရီယာလေးမှာလည်း မိခင်ဖြစ်သူထံမှ နို့ရည်ကို မရပဲ အိမ်နီးနားချင်းမိန်းမများထံမှ ကြုံရာနို့ကိုသာ သောက်စို့နေရသည့်အတွက် ပိန်လှီဖျော့တော့နေ၏။

အဲန်သည် စကားများကို အားယူပြောလိုက်ရသဖြင့် မောသွားဟန်တူသည်။

အသက်ကို ပြင်းပြင်းရှူသွင်းနေရ၏။

မကြာအုံက အဲန် အနားတွင်ခေတ္တနေပြီးသည့်နောက် သမားတော်ခေါ်ရန် နှင့် အထိန်းတော်အမျိုးသမီးတစ်ဦး ထားပေးရန်တို့အတွက် ပြန်ရန် ထလိုက်သည်။

ခြံဝန်းထဲအရောက်တွင် ဂျပ်ဆင်ထံမှ ပြန်လာသော မောင်အင်းနှင့် ပက်ပင်း တိုး၏။

မောင်အင်းက မကြာအုံကို လက်အုပ်ချီလိုက်သည်။

“ဝန်ကတော်ကြီး...ကျွန်တော့်ဆရာကြီးနဲ့ မမအဲန်ကို ကယ်တော်ပါဦး ဘုရား...ကယ်ပါဦး”

မောင်အင်းမှာ ငိုကြီးချက်မဖြင့် မကြာအုံရှေ့တွင် ဒူးထောက်လိုက်၏။

“ထပါ..မောင်ရင်..မင်း မမအဲန် နဲ့လည်း တွေ့ခဲ့ပြီးပါပြီ...ငါတို့ ကူနိုင်သမျှ ကြိုးစားပြီး ကူပါ့မယ်”

မကြာအုံက ဝေါပေါ်သို့ တက်သွားသည်။

..........................................................................................................................

...................

## (၂၄)

၁၈၂၅ ဒီဇင်ဘာလ ၂၅ ၊ ခရစ္စမတ်နေ့။

ဗိုလ်ချုပ်ကင်းဘဲ၏ တပ်များသည် ဆင်ပေါင်ဝဲအထက် လွန်ချီသို့ ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။

မြန်မာစစ်တပ်မှ တပ်သားအချို့မှာ မျှော်လင့်ချက်ကင်းမဲ့နေကြ၏။ မြန်မာ့စစ်မှုထမ်းစနစ်အရ အရပ်သားများအား ဆင့်ခေါ် စစ်မှုထမ်းခိုင်းခြင်းဖြစ်သည့်အတွက် စစ်ကာလကြာရှည်လာသည်နှင့်အမျှ စစ်ပွဲအပေါ် စိတ်ပျက်လာကြသည်။

မဟာဗန္ဓုလမကျဆုံးမီ အာသံ မဏိပူရ စစ်ပွဲမှသည် ရန်ကုန်စစ်ပွဲများအထိ မနားတမ်းတိုက်ခိုက်နေရသည့်အတွက် စိတ်ဓာတ်များ ချွတ်ချုံကျလာနေ၏။

အချို့စစ်သည်များမှာ အချင်းချင်းစုစည်းကြပြီး..အင်္ဂလိပ်စစ်တပ်ထံဝင်ရောက်လက်နက်ချကာ အောက်ပြည်သို့ ထွက်ပြေးကုန်ကြသည်။

ထိုအခြေအနေများကြောင့် ကင်းဘဲက အထက်မြန်မာပြည်အထိ သိမ်းပိုက်ရန် အားသန်နေသော်လည်း အိန္ဒိယဘုရင်ခံချုပ် လော့အမ်းဟတ် က သဘောမတူခဲ့ပေ။

လော့အမ်းဟတ်သည် အိန္ဒိယတွင် ဖြစ်ပေါ်နေသည့် ပြင်သစ်တို့နှင့် အားပြိုင်မှုအတွက်.. ဘတ်ပိုးခံတပ်ကို အင်အားဖြည့်ရန် မြန်မာပြည်ပို့ထားသော စစ်အင်အားများကို ပြန်ခေါ်လိုနေ၏။

ထို့ကြောင့် မြန်မာတို့နှင့် စစ်ပြေငြိမ်းရေးတွင် ပါဝင်ဆောင်ရွက်ကူညီရန် ဘင်္ဂလားပဋိညာဉ်ခံဝန်ထမ်းတစ်ဦးဖြစ်သူ မစ္စတာသောမတ်စ် ရောဘတ်ဆန် အားစေလွှတ်လိုက်သည်။

သောမတ်စ်ရောဘတ်ဆန် နှင့်အတူ ဗမာစကားပြန်ပုဏ္ဏား ရာဇာဂုရုလည်း ပါရှိလာ၏။

လွန်ချီအရောက်တွင် ရောဘတ်ဆန်က အထက်ဘက်ရှိ မြန်မာတပ်များထံသို့ ရာဇဂုရုကို တိတ်တဆိတ် စေလွှတ်လိုက်သည်။

မြန်မာတပ်များအနေဖြင့် စစ်ပြေငြိမ်းရန် သဘောတူကြောင်းကို နန်းတော်ထံမှဆုံးဖြတ်ချက်မရသေးသော်လည်း မြန်မာစစ်သေနာပတိ မိုးနဲဗိုလ်မှူးအနေဖြင့် စစ်ပြေငြိမ်းကြောင်း အာမခံပေးရန်စာလွှာပါးကာ ကင်းဘဲကို အချိန်ဆွဲထားစေလို

ကြော်ငြာ နှင့် စစ်ပြေငြိမ်းစည်းကမ်းချက်များပါဝင်သော စာရွက်စာတမ်းများထည့်ပေးလိုက်သည်။

ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ရာဇဂုရုသည် အလံဖြူလွှင့်ထားသော လှေဖြင့်ပြန်လည်ရောက်ရှိလာ၏။

သူနှင့်အတူ မြန်မာစစ်သေနာပတိ မိုးနဲဗိုလ်မှူး၏ အာမခံစာပါရှိလာသည်။

ကင်းဘဲက သူ၏ လက်ထောက်များကို မိကျောင်းရဲရှိ မြန်မာတပ်များထံ ကိုယ်စားလှယ်အဖြစ် ကြိုတင်စေလွှတ်ပြီး..သူ၏ တပ်မကြီးကမူ ဆက်လက်ချီတက်မြဲချီတက်လာ၏။

ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ကိုယ်စားလှယ်များပြန်လာပြီး မြန်မာတပ်များဘက်မှ နေပြည်တော်သို့ သွားရောက် အမိန့်ခံနေသဖြင့် စစ်ပြေငြိမ်းရေးဆွေးနွေးရန်ကိစ္စကို ဇန်နဝါရီ ၂၄ အထိ ရွှေ့ဆိုင်းပေးရန် တောင်းဆိုသည်။

ကင်းဘဲ က မည်သည့်လိုက်လျောမှုများပေးတော့မည်မဟုတ်ပဲ ဒီဇင်ဘာ ၂၉ နောက်ဆုံးထားကာ သူ့အား ပတ္တနဂိုရ်သို့ လာတွေ့ရန် အကြောင်းပြန်၏။

မြန်မာဘက်မှလည်း စစ်ပြေငြိမ်းနိုင်ရေးနှင့်အတူ အင်းဝနေပြည်တော်ကာကွယ်ရေးအတွက် အပူတပြင်းပြင်ဆင်မှုများ ပြုလုပ်နေကြသည်။

မြို့နေပြည်သူများနှင့် တိရစ္ဆာန်များကို အသုံးပြုလျက် နေ့ရောညပါ ခံတပ်ကတုတ်များပြင်ဆင်ခြင်း၊ မြို့ရိုးများ ပြင်ဆင်ခြင်း၊ အမြောက်ကြီးများပြင်ဆင်ခြင်းတို့ကို ပြုလုပ်နေကြ၏။

အမြောက်ပစ်စင်ကြီးများပြုလုပ်ရန်အတွက် လိုအပ်သည့် သစ်များရရှိစေရန် ဟင်နရီဂေါက်ဂျာ၏ အိမ်အပါအဝင် ဖမ်းဆီးခံ နိုင်ငံခြားသားကုန်သည်များ၏ အိမ်အတော်များများမှာ ဖြိုချခံလိုက်ရပြီဖြစ်သည်။

ဂျပ်ဆင်၏ နေအိမ်ကိုမူ...နန်းတော်အား ကူညီနေသူဖြစ်သည့်အတွက် လွတ်ငြိမ်းခွင့်ပြုထား၏။

ဘုရင်နှင့်အထူး ရင်းနှီးခဲ့သော ဒေါက်တာဖရိုက် ကိုလည်း အောင်ပင်လယ်ထောင်မှ အင်းဝသို့ ခေါ်ထုတ်လာ၏။

ဂျပ်ဆင်၏ အကြံပြုချက်အရ ဗိုလ်ချုပ်ကြီးကင်းဘဲနှင့် ညှိနှိုင်းရာတွင် အိန္ဒိယတွင်ရှိစဉ်က ဗိုလ်ချုပ်ကြီး ကင်းဘဲ နှင့် သိကျွမ်းရင်းနှီးခဲ့ဖူးသူ ဒေါက်တာဖရိုက်ကိုအသုံးပြုကြမည်ဖြစ်သည်။

သို့သော် ဒေါက်တာဖရိုက်သည် ဆွေးနွေးပွဲကာလအတွင်း ဒေါက်တာဖရိုက်ကိုယ်စား ဂျပ်ဆင်က အင်းဝတွင်နေရစ်ကာ အာမခံပေးရမည်ဖြစ်၏။

အဲန်၏ သတင်းကို ကြားရသောအခါ ဖရိုက်က အဲန်အား ကုသခွင့်ပေးရန် ခွင့်တောင်း၏။

ဒေါက်တာဖရိုက်နှင့်အတူ စစ်သုံ့ပန်းဖြစ်သော အင်္ဂလိပ်စစ်ဆရာဝန်ဒေါက်တာဆင်းဖို့ဒ် ပါ ပါရှိလာ၏။

ဒေါက်တာဆင်းဖို့ဒ် မှာ ဗိုလ်ချုပ်ကြီးကင်းဘဲတပ်ရင်းတွင်လိုက်ပါရင်း...ရန်ကုန်သို့ ခေတ္တပြန်စဉ် မြန်မာကင်းတပ်အချို့က ဖမ်းဆီးခံလိုက်ရခြင်းဖြစ်သသည်။

ဒေါက်တာဆင်းဖို့ဒ်၏ အိတ်ငယ်အတွင်း အနောက်တိုင်းဆေးဝါးများ အနည်းငယ်ပါရှိလာ၏။

မြန်မာတပ်များက ထိုဆေးဝါးများကို အထင်မကြီးသဖြင့် မသိမ်းဆည်းပဲထားခဲ့၍သာ အဲန်အတွက် ကံကောင်းခြင်းဖြစ်သည်။

မဟာ္ဗရာမင်းသား၏ ခွင့်ပြုချက်ဖြင့် ဒေါက်တာဖရိုက်သည် အဲန်ထံသို့ ရောက်ရှိလာသည်။

အဲန်သည် ဆံပင်များကျွတ်လျက်၊အဖုအပိန့်များဖြင့် အူ ေယာင်ငန်းဖျားရောဂါကို ခံစားနေရကြောင်း ဒေါက်တာဆင်းဟာဒ်က စမ်းသပ်သိရှိသွားသည်။

ထို့ကြောင့် သူတွင်ရှိနေသော လက်ကျန်ဆေးအနည်းငယ်ဖြင့် ကုသပေးရန် မောင်အင်းနှင့် ကူချေးတို့အား သင်ပြပေးခဲ့သည်။

ထို့နောက် ဒေါက်တာဖရိုက်နှင့် ဆင်းဟတ်တို့ မှာ နန်းတော်သို့ တိုက်ရိုက်သွားရောက်ရပြီး စစ်ပြေငြိမ်းရေးကိုယ်စားလှယ်အဖွဲ့ဝင် တာဝန်ကို သွားရောက်လက်ခံရသည်။

ဒေါက်တာဖရိုက်တို့ထံမှ ဆေးများရရှိပြီးနောက်ပိုင်း အဲန်မှာ အနည်းငယ်သက်သာရာ ရလာ၏။

ဒီဇင်ဘာ ၃၀ ရက်၊ ပတ္တနဂိုရ်ရှိ မြစ်လယ်ခေါင်ဖောင်ကြီးတစ်စင်းပေါ်တွင် ဗိုလ်ချုပ်ကြီးကင်းဘဲ ၊ သောမတ်ရောဘတ်ဆန်တို့ ပါဝင်သော အင်္ဂလိပ်ကိုယ်စားလှယ်အဖွဲ့ နှင့် မိုးနဲ့ဗိုလ်မှူး၊ ကျီဝန်ကြီး၊ ဒေါက်တာဖရိုက်တို့ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေးမှုမှာ မပြီးပြတ်နိုင်သဖြင့် နောက်တစ်ရက် ထပ်မံချိန်းဆိုကြပြန်၏။

ဒီဇင်ဘာ ၃၁ ရက်နေ့။

အင်္ဂလိပ်ကိုယ်စားလှယ်အဖွဲ့နှင့်မြန်မာကိုယ်စားလှယ်အဖွဲ့တို့ ပတ္တနဂိုရ်တွင် ဆွေးနွေးနေကြစဉ်...အင်းဝ နေပြည်တော်တွင်လည်း ဖြဲတိုက်အတွင်းဝန်ဦးရွှေ

လေ့ သည် ဂျပ်ဆင်လွှတ်မြောက်ရေးအတွက် အသည်းအသန် ကြံုးစားနေရ၏။

လွှတ်တက်မင်းသားကြီးများဖြစ်သော မကွေးရာမင်းသားကြီး၊ စလင်းမင်းသားကြီးတို့ထံ အသနားခံလွှာများတင်သွင်းသည်။

ထို့နောက် လွှတ်တော်သို့လည်း အယူခံလွှာများတင်သွင်းပေး၏။

နောက်ဆုံးတွင် အဒိုနီယမ်ဂျပ်ဆင် အား ဖြဲတိုက်အတွင်းဝန်ဦးရွှေလေး၏ အာမခံချက်ဖြင့် အကျဉ်းမှ လွှတ်ပေးရန် အမိန့်စာထုတ်ပြန်လိုက်တော့သည်။

တရားရုံးအနောက်ဆောင်တံခါး ကို အပြင်ဘက်မှ ဖွင့်သံကြားလိုက်ရသဖြင့် ဂျပ်ဆင်သည် နေလည်စာစားနေရာမှ ထလိုက်၏။

အတွင်းဝန်ဝတ်စုံဖြင့် ဝင်လာသော ဦးရွှေလေးကို ရုတ်တရက် မည်သူမှန်းမသိချေ။

ဦးရွှေလေးမှာ အဲန်နှင့်သာ ရင်းနှီးသူဖြစ်သည်။

"ကျုပ်...ဖြဲတိုက်တော်အတွင်းဝန် ဦးရွှေလေးပါ..ဆရာယုဒသန်"

"ကျုပ်ကို အောင်ပင်လယ်ထောင် ပြန်ပို့ကြတော့မလို့လား"

ဦးရွှေလေးက ပြုံးလိုက်၏။

"မဟုတ်ပါဘူး..ဆရာ.ကျုပ်က ဆရာကတော်ရဲ့ မိတ်ဆွေပါ....ခင်ဗျားကို လွှတ်ပေးဖို့ အယူခံလွှာကို ကျုပ်ပဲ အာမခံပြီးတင်ပေးခဲ့တာပါ...အခု ခင်ဗျားလွှတ်မြောက်ပါပြီ...ဆရာ"

ဂျပ်ဆင်မှာ မမျှော်လင့်သောစကားကြောင့်..ဝမ်းသာအားရဖြစ်သွား၏။

ဦးရွှေလေး က သူထံတွင် အသင့်ပါသော လွှတ်မိန့်စာရွက်ကို ထုတ်ကာ..ကလောင်တံကိုချပေးလိုက်သည်။

ဂျပ်ဆင်က လွှတ်မိန့်ကို တချက်ဖတ်ကြည့်လိုက်သည်။

သူနှင့်ပတ်သက်သမျှ ပြဿနာအဝဝကို ဦးရွှေလေးက သူ၏ ရာထူး၊စည်းစိမ်နှင့် အာမခံထားခြင်းကို သိလိုက်ရ၏။

ဂျပ်ဆင်က လွှတ်မိန့်တွင် ပါဝင်သည့် အချက်များကို သဘောတူကြောင်း လက်မှတ်ထိုးပေးလိုက်သည်။

"အတွင်းဝန်မင်းကို ကျေးဇူးအထူးတင်ပါတယ်"

"ကျုပ်ကို ကျေးဇူးတင်ရမှထက်...သူ့ကိုယ်တိုင် သေလုမျောပါးဝေဒနာခံစားနေရတဲ့ကြားက ခင်ဗျား လွတ်မြောက်ရေးအတွက် အမြဲကြိုးစားတောင်းဆိုနေတဲ့ ခင်ဗျား ဇနီးကို ကျေးဇူးတင်ရမှာပါ..ဆရာယုဒသသန်"

ဦးရွှေလေး စကားကြောင့် ဂျပ်ဆင်၏ ရင်မှာ ဗလောင်ဆူသွား၏။

"အဲန်...သူ..ဘာတွေဖြစ်နေလို့လဲဗျာ"

"ကဲ..ဆရာ...အရှေ့မှာ လှည်းစီစဉ်ပေးထားပါတယ်..ဒီအချိန်မျိုးမှာ.ခင်ဗျားရဲ့ ဇနီးနား ခင်ဗျား ရှိနေဖို့ လိုပြီ"

..........................................................................................................................

လှည်းမရပ်ခင် ဂျပ်ဆင်က ခုန်ဆင်းလိုက်၏။

သူတို့နေထိုင်ရာခြံဝန်းလေးသည် တံခါးဟောင်းလောင်းပွင့်လျက်။

ဂျပ်ဆင်က ခပ်သွက်သွက် ပြေးဝင်သွားလိုက်သည်။

အိမ်ရှေ့ကွပ်ပျစ်တွင် ထမီရင်လျားထားသော ခပ်ဝဝမြန်မာအမျိုးသမီးတစ်ဦးသည် မာရီယာလေးကို ပွေ့ချီလျက် ထိုင်နေ၏။

မာရီယာလေးမှာ ညစ်ပတ်ပေရေလျက် ပိန်လှီနေ၏။

ခေါင်းတွင် ညစ်ပတ်နေသည့် သိုးမွေးခေါင်းဆောင်းလေးအား ဆောင်းထားသည်။

ဂျပ်ဆင်က အမျိုးသမီးလက်ထဲမှ မာရီယာလေးကို ပွေ့ချီယူလိုက်သည်။

အမျိုးသမီးမှာ ဂျပ်ဆင်ကို အလန့်တကြားကြည့်နေ၏။

"ကျွန်တော် ယုဒသသန်ပါ...ဒါ..ကျွန်တော့် မာရီယာလေး"

ဂျပ်ဆင်က မာရီယာကို အမျိုးသမီးလက်ထဲ ပြန်ထည့်ပေးလိုက်သည်။

"သူ့..အမေရော..ဟင်"

အမျိုးသမီးက အိပ်ခန်းထဲသို့ လက်ညှိုးညွှန်ပြ၏။

ဂျပ်ဆင်သည် ရုတ်တရက်မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အိပ်ခန်းဝတွင် ကြက်သေ သေ နေမိသည်။

ဖြူလျော်ဖျော့တော့နေသော မျက်နှာ။ မျက်တွင်းဟောက်ပက်နှင့် ပါးရိုးငေါငေါများ။

အဖုအပိန့်များမှာမူ သက်သာပျောက်ကင်းနေပေပြီ။

သို့သော်ငြား...မိမိအကျဉ်းစံကာလတလျှောက် တကောက်ကောက်လိုက်ကာ ပြုစု စောင့်ရှောက်ခဲ့သော၊ မိမိလွတ်မြောက်ရေးအတွက် အမြဲတစေ အားထုတ်ပေးခဲ့ သော...ဇနီးသည်၏ ရုပ်သွင်မှာ သူမမှတ်မိလောက် အောင်ပင် ပြောင်းလဲသွားခဲ့ရ သည်။

ကုတင်ခြေရင်းတွင် အဲန် အမြတ်တနိုးမချွတ်တမ်းစီးခဲ့သော အမျိုးသမီးဝတ် ရှူးဖိနပ်အနီရောင်ကလေးကလည်း အပေါက်အပြဲ ချုပ်ရာများနှင့်။

ဂျပ်ဆင်သည် မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာ၏။

ထို့နောက် အိပ်မောကျနေသော အဲန် အနားသို့ တိုးကပ်ကာ ဒူးထောက်လိုက် သည်။

ဖျော့တော့ချောင်ကျနေသော အဲန်၏ ပါးပြင်လေးအား ခပ်ဖွဖွနမ်းလိုက်၏။

..........................................................................................................

နူးညံ့သောအထိအတွေ့။ ရင်းနှီးနေသော ထွက်သက်လေတစ်ခုကြောင့် အဲန်မှာ မျက်လုံးများ ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။

ကောင်ကင်ဘုံ၏ အရိပ်အငွေ့ကိုမြင်ရသည့်အလား...သူ၏ မျက်လုံးများ ချက်ချင်း တောက်ပလာ၏။

“အဒမ်...ရှင်..လွတ်ပြီလား”

“ကိုယ်..လွတ်ပြီ..အန်နီ..ကိုယ်...အခုပဲ လွတ်လာတာ”

အဲန် ၏ မျက်ဝန်းများထဲမှ မျက်ရည်များ တလိမ့်ချင်း စီးဆင်းလာသည်။

“ဒီလောက်တောင်..ဖြစ်နေတာလား..အန်နီရယ်.ကိုယ့်အတွက်နဲ့..ပင်ပန်းလိုက် တာ...ကိုယ်တောင်းပန်ပါတယ်”

ဂျပ်ဆင်သည် စကားဆုံးအောင် မပြောနိုင်တော့။

အဲန်၏ လက်ဖဝါးများကို ဆုပ်ကိုင်လျက် ရှိုက်ကြီးငင်ငင် ငိုချပစ်လိုက်၏။

အိပ်ခန်းတံခါးဝတွင် ရပ်နေကြသော မောင်အင်းနှင့် ကူချေးတို့ကလည်း သူတို့ ဆရာကြီးနှင့် ဆရာကတော် ၏ ပြန်လည်ဆုံဆည်းမှုမြင်ကွင်းကို ကြည့်ကာ မျက်ရည်များကိုယ်စီဖြင့်။

# (၂၅)

ထိုနေ့ရက်များ။

ဂျပ်ဆင် ၏ အနီးကပ်ပြုစုစောင့်ရှောက်မှုများကြောင့် အဲန် မှာ တဖြည်းဖြည်း ရောဂါဝေဒနာများ သက်သာလာသည်။

နောက်ထပ် သူတို့နှစ်ဦး၏ မျှော်လင့်ချက်ရောင်ခြည်များကို ယူဆောင်ပေးလာသူကတော့ မောင်အင်းပင်။

ဂျပ်ဆင်နှင့် အဲန် တို့ ခြံဝန်းအတွင်း လမ်းလျှောက်နေကြစဉ် မောင်အင်းက အရာဝတ္ထုတစ်ခုကို သူတို့ထံ လာပေး၏။

ထိုအရာကား အခြားမဟုတ်။

ခေါင်းအုံးတစ်လုံးပင်။

ဂျပ်ဆင် ဘာသာပြန်ဆိုထားသော ဓမ္မသစ်ကျမ်းကို ထည့်ချုပ်ကာ အင်းဝ လက်မရှိ့ထောင်ထဲသို့ ပေးပို့ခဲ့သည့် ခေါင်းအုံးလေး။

ဂျပ်ဆင်တို့အား လက်မရှိ့ထောင်မှ အောင်ပင်လယ်ထောင်သို့ ခေါ်ထုတ်သွားသည့်အချိန်တွင် မောင်အင်းသည် လက်မရှိ့ထောင်အတွင်းသို့ ဝင်ရောက်ကာ ဂျပ်ဆင်၏ ကျန်ရစ်သည့်ပစ္စည်းများကို သိမ်းဆည်းခဲ့သည်။

ညစ်ပတ်နေသော ထိုခေါင်းအုံးအား တွေ့ရှိသဖြင့် ပြန်လည်ယူဆောင်ကာ သိမ်းဆည်းထားခဲ့ခြင်းဖြစ်၏။

ဂျပ်ဆင်တို့ မောင်နှံသည် ထို ဘာသာပြန်ကျမ်းစာအုပ်ပြန်ရရှိသည့်အတွက် အတိုင်းမသိပျော်ရွှင်နေကြသည်။

အဲန်မှာ လူရော၊ စိတ်ပါ ပိုမိုကျန်းမာလာနေ၏။

တဖက်တွင်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ လိပ်ခဲတည်းလည်းအခြေအနေဖြစ်လာနေ၏။

၁၈၂၆ ဇန်နဝါရီ ၃ ရက်နေ့တွင် မြန်မာများက မြန်မာဘာသာဖြင့် ရေးထိုးထားသော စစ်ပြေငြိမ်းရေးစာချုပ်ပေါ်တွင် လက်မှတ်ထိုး၍ အင်္ဂလိပ်များက အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသော စစ်ပြေငြိမ်းရေးစာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ချုပ်ကြီးကင်းဘဲက အတည်ပြုလက်မှတ်ထိုးနိုင်ခဲ့သော်လည်း မြန်မာတို့ကမူ စာချုပ်များကို ဘုရင်မင်းမြတ်ထံ ပြသပြီး အတည်ပြုချက်ရယူရဦးမည်ဖြစ်၏။

ထို့ကြောင့် ဇန်နဝါရီလ ၁၈ ရက်နေ့အထိ စောင့်ပါရန် ညှိနှိုင်းရာ အင်္ဂလိပ်တို့က သဘောတူညီသည်။

အင်းဝနန်းတော်သို့ ပို့လိုက်သော အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာစာချုပ်များကို ဂျပ်ဆင်က ဘာသာပြန်ကာ တိုက်ဆိုင်စိစစ်ပေးရ၏။

သို့သော် စစ်ကိုင်းမင်းနှင့် နန်းမတော်မိဖုရား ရှင်မင်းနု တို့က စာချုပ်များနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ မှတ်ချက်ပြုခြင်း မရှိခဲ့။

ဘုရင်က သူ၏ယောက်ဖတော် လွှတ်တက်မင်းသားကြီး ဦးအို ၏ သဘောထားမှတ်ချက်ကို တောင်းခံပြီးမှ ပြုလုပ်ရန်သာ လွှတ်တော်ထံ အကြောင်းပြန်ခဲ့၏။

ဘုရင့်လက်အောက်ရှိ လွှတ်တော်မှာ အခက်အခဲနှင့် ကြုံတွေ့ရသည်။ ဘုရင်နှင့် လွှတ်တော်ကြားကိစ္စတွင် မိဖုရားခေါင်ကြီးနှင့် ဦးအို တို့ ၏ သဘောတူညီမှုကိုပါ ရယူနေရသည်။

ဦးအိုသည် အင်္ဂလိပ်များနှင့်ပတ်သက်လျှင် သဘောထားတင်းမာသူဖြစ်သဖြင့် ပို အခက်တွေ့ရသည်။

ထို့ကြောင့် လွှတ်တော်မှ ကျီဝန်ကြီးကိုယ်တိုင် ဗိုလ်ချုပ်ကြီးကင်းဘဲထံ သွားရောက်ကာ ဇန်နဝါရီ ၁၈ ရက်နေ့အထိ စောင့်ဆိုင်းပေးရန်တောင်းဆိုသဖြင့် အင်္ဂလိပ်တို့က သဘောတူလိုက်၏။

ဇန်နဝါရီ ၁၉ ရက်နေ့အထိ နန်းတော်မှ တစုံတစ်ရာအကြောင်းပြန်မလာသောအခါ ကင်းဘဲသည် သင်္ဘောပေါ်မှ အမြောက်များကို ချကာ မြန်မာတပ်စခန်းများကို အပြင်းအထန်ပစ်ခတ်တိုက်ခိုက်တော့သည်။

ဇန်နဝါရီ ၂၄ တွင် ကင်းဘဲ၏ တပ်များသည် မြစ်ကြောင်းအတိုင်း ချီတက်သိမ်းပိုက်လာရာ ရေနံချောင်းသို့ ပင်ရောက်ရှိလာ၏။

ကင်းဘဲသည် စစ်ပြေငြိမ်းရေးစည်းကမ်းချက်များကို လုံးဝမျက်ကွယ်ပြုကာ အင်းဝအထိ တက်ရောက်သိမ်းပိုက်တော့မည် အခြေအနေရှိလာကြောင်း အင်းဝမှလည်း သုံးသပ်မိလာသည်။

ဇန်နဝါရီ ၂၅ ရက်။

ဂျပ်ဆင်နှင့် အဲန်တို့၏ အိမ်ခြံဝန်းလေးအတွင်းသို့ စစ်တပ်ငယ်တစ်ခုက ဝင်ရောက်နေရာယူလိုက်၏။

နောက်တကြိမ်လာရောက်ဖမ်းဆီးပြီအထင်ဖြင့် ဂျပ်ဆင်ရော၊ အဲန်ပါ စိတ်ခတ်များကျဆင်းသွားကြသည်။

သို့သော် ပြတိုက်အတွင်းဝန် ဦးရွှေလေးကို မြင်လိုက်ရသည့်အခါမှ စိတ်သက်သာရာ ရသွားကြ၏။

"ဆရာကြီးနဲ့ ဆရာကတော် ကျန်းမာကြပါရဲ့လား"

"အင်း..နည်းနည်းတော့ ထူထူထောင်ထောင်ဖြစ်လာကြပါပြီ..ဝန်မင်း..ဘာကိစ္စများ ရှိပါသလဲ"

ဦးရွှေလေးက စကားမပြောသေးပဲ ဂျပ်ဆင်နှင့် အဲန်တို့၏ အခြေအနေကို အကဲခတ်လိုက်သည်။

အဲန်မှာ အတော်လေးပင် ကျန်းမာလာသည့်ပုံစံဖြစ်လာနေပေပြီ။

"ဆရာနဲ့ ဆရာကတော်...ကို ကျုပ်အိမ်မှာ ဧည့်သည်အဖြစ် ဖိတ်ခေါ်ချင်လို့ပါ"

ဂျပ်ဆင်က ပြုံးလိုက်သည်။

"အဲန်က ပြောပြထားလို့..အတွင်းဝန်မင်းတို့ ကူညီခဲ့သမျှကို ကျွန်တော်သိထားပါတယ်.... မကြာခင်မှာပဲ....အတွင်းဝန်မင်းထံလာပြီး ကျေးဇူးတင်စကားပြောဖို့ စိတ်ကူးထားပြီးသားပါ"

"ဆရာကြီးနဲ့ ဆရာကတော်ဟာ ဒီနိုင်ငံအပေါ်မှ ဘာမှ မကျူးလွန်ထားဘူးဆိုတာ.. ကျုပ်ယုံကြည်ပါတယ်..ဒါကြောင့်လည်း ကူညီရတာပါ.. အခု ကျွန်တော်လာဖိတ်တယ်ဆိုတာက...ကျွန်တော့်အိမ်မှာ အချိန်အတိုင်းအတာတစ်ခုအထိ လာနေနေကြဖို့ပါပဲ"

"ရှင်"

အဲန်ရော ဂျပ်ဆင်ပါ အံဩသွားကြသည်။

"ဒီလိုပါ..ဆရာကြီး...အခုဆို အင်္ဂလိပ်စစ်တပ်က ရေနံချောင်းအထိကို ရောက်ရှိလာပြီဖြစ်လို့..အင်းဝနေပြည်တော်ကို ကာကွယ်ဖို့... "ဘုရင့်အသရေတော်ကာကွယ်ရေးတပ်ဖွဲ့" အနေနဲ့ .. ဘုရင်က တပ်မှူးဗေယျာသူရကို အာဏာကုန်ပေးလိုက်ပါပြီ...ဗေယျာသူရဟာ အင်းဝကနေ ပုဂံမြို့အထိ ခံစစ်အဆင့်ဆင့်ကို ကွပ်ကဲပိုင်ခွင့်အပြည့်အဝရထားပါပြီ...သူက နိုင်ငံခြားသားမုန်းတီးရေးသမားမို့..ဆရာနဲ့ ဆရာကတော် ဆီကို လုံခြုံရေးအကြောင်းပြချက်နဲ့ အချိန်မရွေးရောက်လာဖမ်းဆီးနိုင်ပါတယ်..ဒါကြောင့်..အလုံခြုံဆုံးဖြစ်အောင် ကျုပ်အိမ်မှာ လာနေဖို့ပါပဲ..ဟိုမှာ ကလေးအတွက်ရော၊ ဆရာနဲ့ဆရာကတော် ဆေးဝါးကုသဖို့အတွက်ရော မကြာအုံ ကလည်း အားလုံးပြင်ဆင်ထားပြီးပါပြီ"

ဂျပ်ဆင်နှင့် အဲန်တို့ တစ် ေ ယာက်မျက်နှာကို တစ် ေ ယာက်ကြည့်လိုက်ကြ သည်။

“လုပ်ပါ..ဆရာနဲ့ဆရာကတော်…ကျုပ်ကူညီခဲ့တာတွေ..အလဟဿမဖြစ်ပါရစေနဲ့ လား”

ဂျပ်ဆင်နှင့် အဲန်က မောင်အင်းတို့အား ခေါ်ပြီး ပစ္စည်းများသိမ်းဆည်းလိုက်ကြ၏။

အိမ်ကိုစောင့်ရှောက်ရန် ကူချေးနှင့် မောင်အင်းအား အပ်ထားပြီးနောက်…ဂျပ်ဆင်တို့ မိသားစုသုံးဦးမှာ.ဦးရွှေလေး၏ နေအိမ်သို့ လိုက်ပါလာကြတော့သည်။

………………………………………………………………………………………………….

ဦးရွှေလေးအိမ်ရောက်သည်နှင့် ဂျပ်ဆင်မှာ ဒေါက်တာဖရိုက် တို့အား အကူအညီပေးရတော့သည်။

စစ်ပြေငြိမ်းရေးအမြန်အကောင်ထည်ဖော်နိုင်ရေးအတွက် ဒေါက်တာဖရိုက်မှာ အင်းဝ နှင့် ဗိုလ်ချုပ်ကင်းဘဲတို့အကြား ခေါက်တုံ့ခေါက်ပြန် ခရီးသွားနေရ၏။

ဂျပ်ဆင်မှာ ဦးရွှေလေးနှင့်အတူ ဖြဲတိုက်သို့ သွားရောက်ကာ…စစ်ပြေငြိမ်းရေးအတွက် ဘာသာပြန်လုပ်ငန်းများကို ညဉ့်နက်သည်အထိ လုပ်ကိုင်ပေးရသည်။

၁၈၂၆ ဖေဖော်ဝါရီ ၁၆ တွင် ကမ်းဘဲ၏ တပ်မကြီးသည် အင်းဝနှင့်လေးရက်ခရီးသာကွာဝေးတော့သော ရန္တပိုရွာသို့ ဆိုက်ရောက်လာကြ၏။

စစ်ရှုံးသည့်ကိစ္စနှင့်ပတ်သက်ပြီး ဘုရင်က တာဝန်ရှိသူအဆင့်ဆင့်ကို အပြစ်ပုံချကာ ကွပ်မျက်မှုများက တနေ့တခြားများပြားလာနေ၏။

ဘုရင်၏ အာဏာကုန်လွှဲအပ်ခံရသော တပ်မှူးဇေယျာသူရကိုယ်တိုင်ပင် ပုဂံတိုက်ပွဲတွင် အင်္ဂလိပ်တပ်များအား မခုခံနိုင်မှုကြောင့် ကွပ်မျက်ခံခဲ့ရပြီးဖြစ်သည်။

နောက်ဆုံးတွင် စစ်ကိုင်းမင်းသည် စစ်ပြေငြိမ်းရေးစာချုပ်ကို အတည်ပြုသဘောတူရန် လုံးဝဆုံးဖြတ်ချက်ချတော့သည်။

……………………………………………………………………………………………

ဖေဖော်ဝါရီလ ၁၈ ရက်။

ဖြဲတိုက်အတွင်းဝန်ဦးရွှေလေး၏ ခြံဝန်းအတွင်းရှိ ဂျပ်ဆင်မိသားစုနေထိုင်ရာတဲအိမ်ကလေးသို့ လွှတ်တော်မှ လယ်ကိုင်းစားဝန်ကြီး၊ ဒေါက်တာဖရိုက်တို့သည် ဦးရွှေလေးနှင့်အတူ ရောက်ရှိလာကြသည်။

လွှတ်တော်ဝန်ကြီးအဆင့်ဖြစ်သဖြင့်ဂျပ်ဆင်ရော၊ အဲန်ပါ ဒူးတုပ်ခစားကြရ၏။

"ဆရာကြီးယုဒသန် အနေနဲ့ ဒီစစ်ပွဲအတွင်း ကူညီခဲ့တာတွေကို ဘုရင်မင်းမြတ်က ကျေးဇူးတင်ရှိနေပါတယ်...ဒီတိုင်းပြည်ဟာ မကြာခင်မှာ အင်္ဂလိပ်တွေနဲ့ ထိတွေ့ဆက်ဆံသွားရမှာဖြစ်တဲ့အတွက် ဆရာကြီးတို့ကို အကြံပေးများအဖြစ် အလိုရှိနေပါတယ်..ဘုရင်မင်းမြတ်အနေနဲ့ကလည်း စစ်ပွဲကိစ္စအဝဝ ပြီးဆုံးသွားရင် ဟော့ဒီက ဒေါက်တာဖရိုက်နဲ့ ဆရာကြီးယုဒသန်တို့ကို ရာထူးနှင့်တကွ ချီးမြှင့်မြှောက်စားလိုနေပါတယ်"

လယ်ကိုင်းစားဝန်ကြီး ၏ စကားကြောင့် ဂျပ်ဆင်ရော၊ အဲန်ပါ ဖရိုက်ကို အကဲခတ်လိုက်သည်။

"ဟုတ်တယ်..မစ္စတာဂျပ်ဆင်...ကျုပ်တို့ ဗိုလ်ချုပ်ကြီးကမ်းဘဲဆီက ထူးခြားတဲ့ တောင်းဆိုချက်တစ်ခု ရထားတယ်... အဲ့ဒါကတော့..စာချုပ်အရ နှစ်ဖက်ဖမ်းဆီးခံ နိုင်ငံသားတွေကို လဲလှယ်ဖို့ဆိုပေမယ့်...ခင်ဗျားတို့ဇနီးမောင်နှံ နဲ့ ကျုပ် ကိုပါ လွှတ်ပေးဖို့ ဗိုလ်ချုပ်ကြီးကမ်းဘဲက တောင်းဆိုထားပါတယ်...ကျုပ်တို့ဟာ အမေရိကန်နိုင်ငံသားတွေဖြစ်တဲ့အတွက် မပေးနိုင်ဘူးလို့ ဘုရင်က ငြင်းချက်ထုတ်ထားတယ်.. အင်းဒါပေမယ့်..ကင်းဘဲက သဘောမတူပါဘူး...ကျုပ်တို့ကို မလွှတ်ပေးရင် စစ်ပွဲကို ရပ်မပေးနိုင်ဘူးတဲ့"

ဖရိုက်၏ စကားကြောင့် ဂျပ်ဆင်နှင့် အဲန်မှာ အံ့သြနေကြ၏။

အင်္ဂလိပ်လူမျိုးလည်းမဟုတ် ၊ စစ်ပွဲတွင်လည်း မည်သို့မျှ အရေးမပါသည့် အမေရိကန်သာသနာပြုများသာ ဖြစ်သည့် သူတို့အား ဗိုလ်ချုပ်ကြီးကင်းဘဲက အဘယ်ကြောင့် တောင်းဆိုနေရပါသနည်း။

ဖရိုက်က စကားဆက်လိုက်သည်။

"နောက်ဆုံးမှာတော့...ဒီအင်းဝမှာဆက်နေမလား.. ဗြိတိသျှတွေရဲ့ နယ်မြေကို ထွက်ခွာမလားဆိုတာကို..ကျုပ်တို့ရဲ့ ဆုံးဖြတ်ချက်အတိုင်းဖြစ်ရမယ်လို့ နှစ်ဖက်လုံးမှ သဘောတူလိုက်ကြတယ်..

ဒါပေမယ့်...ကျုပ်တို့အတွက် အင်းဝနန်းတော်က ကမ်းလှမ်းချက်လည်းရှိနေတာ..ခုန ခင်ဗျားကြားတဲ့အတိုင်းပဲ..မစ္စတာဂျပ်ဆင်"

ဂျပ်ဆင်နှင့် အဲန်က အခြေအနေကို သဘောပေါက်လိုက်ကြသည်။

"ခင်ဗျားရော..ဘယ်လိုဆုံးဖြတ်ထားလဲ..ဒေါက်တာဖရိုက်"

"ကျုပ်ကတော့...အင်းဝမှာပဲ..နေခဲ့မယ်"

လယ်ကိုင်းဝန်ကြီးက ဂျပ်ဆင်၏ မျက်နှာကို သေသေချာချာစိုက်ကြည့်လိုက်၏။

“ကဲ..ဒီလောက်ဆို..ဆရာကြီးလည်း သဘောပေါက်လောက်ပါပြီ..ဆရာကြီးရဲ့ အဖြေကို အခုချက်ချင်း ဆုံးဖြတ်ပေးပါ..ကျုပ်တို့ မကြာခင် ရန္တပိုရွာကို သွားပြီး စာချုပ်အပြီးသတ်ချုပ်ဆိုကြတော့မှာပါ”

ဂျပ်ဆင်က အဲန်၏ မျက်နှာကို ကြည့်လိုက်သည်။

အဲန်က ဂျပ်ဆင်၏ သဘောဆိုသည့်အတိုင်း...မျက်ရိပ်ပြလိုက်၏။

“မြန်မာလူမျိုးတွေဟာလည်း ကျွန်တော့်ရန်သူမဟုတ်သလို..အင်္ဂလိပ်တွေဟာ လည်း ကျွန်တော့်ရန်သူမဟုတ်ပါဘူး.. ဒါပေမယ့်... ကျွန်တော်ဇနီး..ကျွန်တော့် သမီးလေး ဟာ...ဒီနေရာမှာ ဒုက္ခသုက္ခတွေနဲ့ နေခဲ့ရတာ..လုံလောက်ပါပြီ...အဲ့ဒီ အတွက်လည်း ကျွန်တော်ဟာ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်ပါဘူး...ဘုရားသခင် က ကျွန်တော်တို့မိသားစုရဲ့ ခံနိုင်ရည်ကို စမ်းသပ်တယ်လို့ပဲ သဘောထားပါ တယ်....ကျွန်တော်ဟာ သာသနာပြုဖို့ ဒီမြေကို ရွေးချယ်ခဲ့တဲ့အတွက် ဒီမြေမှာပဲ ရှိ နေမှာပါ..ဒါပေမယ့်..အင်းဝမှာတော့ မဟုတ်ပါဘူး...ဒါကြောင့်..ကျွန်တော်နဲ့ ကျွန်တော့်မိသားစု အင်းဝကနေ ထွက်ခွာပါမယ်”

..............................................................................................................................

...............................................

၁၈၂၆ ဖေဖော်ဝါရီ ၂၁ ရက်။

အင်းဝမြို့၊ မီးသွေးတိုက်ဆိပ်ကမ်း။

ဗြိတိသျှတို့အား စစ်လျော်ကြေးအဖြစ် ပေးမည့် ရွှေငွေများကို လှေကြီးများပေါ် တင်နေကြ၏။

ဂျပ်ဆင်တို့မိသားစုသည်လည်း ရန္တပိုသို့ လိုက်ပါသွားတော့မည်ဖြစ်သည်။

ဦးရွှေလှေးက ဂျပ်ဆင်၏ ပုခုံးကို ဆုပ်ကိုင်လိုက်၏။

“ဆရာ...ကျုပ်တို့ ဗမာစကားမှာရှိတယ်..မင်းခစား ကမ်းနားသစ်ပင်တဲ့..အဓိပ္ပါယ် ကို ဆရာလည်းသိပြီးသားဖြစ်မှာပါ..ရာထူးတွေ စည်းစိမ်တွေထက် ကိုယ့်မိသားစု ရဲ့ လုံခြုံမှုက ပိုအရေးပါပါတယ်.. ဆရာကတော်နဲ့ မာရီယာလေးအတွက် ဆရာ့ရဲ့ ဆုံးဖြတ်ချက်က မှန်ကန်ပါတယ်လေ”

“ဝန်မင်းတို့ မိသားစု ကျေးဇူးဟာ ကြီးမားလွန်းလှပါတယ်...ကျွန်တော်တို့ မိသားစု က အမြဲသတိတရဆုတောင်းပေးနေမှာပါ”

မကြာအုံမှာ မာရီယာလေးကို ပွေ့ချီလျက်..မျက်ရည်များရစ်ဝဲနေ၏။

အဲန်က မကြာအုံ၏ လက်မောင်းများကို ဆုပ်ကိုင်ကာ..ကျေးဇူးတင်စကားဆို နေသည်။

မကြာခင်မှာ ထွက်ခွာကြတော့မည်။

နယူးအင်္ဂလန်ပြည်နယ်လုပ်..အဲန်၏ လေဒီရှူးဖိနပ်အနီလေးမှာ..အင်း၀မြေပေါ်တွင် နောက်ဆုံးခြေချခြင်းမှ ရုတ်သိမ်းသွားခဲ့ပြီ။

လေ့တန်းကြီးမှာ တရွေ့ရွေ့ဖြင့် ထွက်ခွာ။

အင်း၀သည် တဖြည်းဖြည်း...ဝေးကျန်ရစ်။

..........................................................................................................

https://t.me/mmebooks

# (၂၆)

၁၈၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်နေ့။

ဧရာဝတီမြစ်အတွင်း ကျောက်ချရပ်နားထားသည့် အင်္ဂလိပ်စစ်သင်္ဘောဒိုင်ယာနာ။

အင်အားချည့်နဲ့လျက် ပိန်လှီနေသော မိသားစုလေးတစ်စုသည် သင်္ဘောကုန်းပတ်ပေါ်မှ ကောင်ဖောနီကို ကြည့်လျက် အံ့သြတကြီးဖြစ်နေကြ၏။

အဲန်မှာ လှိုင်းတွန့်ဆံပင်အချို့ ပြန်ပေါက်လာနေပြီဖြစ်သော်လည်း အရိုးပေါ်အရည်တင်ပိန်လှီလျက် တစ္ဆေတကောင်နှင့်သာ တူနေသည်။

ဂျပ်ဆင်သည်လည်း အကျဉ်းထောင်ထဲမှ နှိပ်စက်ညှင်းပန်းခံရမှုကြောင့် ရှိရင်းစွဲထက် အိုမင်းနေပြီး လပေါင်းများစွာ သံခြေကျင်းခတ်ခံရသည့် ဒဏ်ကြောင့် ခြေထောက်အစုံမှာ ပြည်တရွှဲရွှဲဒဏ်ရာများဖြင့်။

တစ်နှစ်သမီးအရွယ်မာရီယာလေးမှာမူ..သုံးလအရွယ်ခန္ဓာကိုယ်လေးသာရှိတော့၏။

စစ်နိုင် ဗိုလ်ချုပ်ကြီး ဆာအာချီဘောကင်းဘဲနှင့် အင်္ဂလိပ်စစ်အရာရှိများမှာ ထိုမိသားစုလေးအား ကောဖောနီခင်းကာ ကြိုဆိုသည်အထိ သူတို့၏ လေးစားမှုကို ပြသခဲ့သည်။

ဗိုလ်ချုပ်ကြီးကင်းဘဲက သူတို့ရှိရာသို့ လှမ်းလျှောက်လာ၏။

“ဒေါက်တာအဒိုနီယမ်ဂျပ်ဆင်..ဒီစစ်ပြေငြိမ်းမှုမှာ ခင်ဗျားရဲ့ ကူညီမှုတွေအတွက် ဗြိတိသျှအင်ပါယာကိုယ်စား ကျေးဇူးတင်စကားပြောပါရစေ။ နောက်တစ်ခုက အင်းဝမှာ ခင်ဗျားတို့ မိသားစု ခံစားခဲ့ရတဲ့ ဒုက္ခတွေအတွက် စိတ်မကောင်းကြောင်းပြောပါရစေ”

ဂျပ်ဆင်က ကင်းဘဲ၏ လက်ကို ဆွဲကာ နှုတ်ဆက်လိုက်သည်။

ထို့နောက် ကင်းဘဲက ကလေးချီထားသော အဲန်ဘက်သို့ လှည့်ကာ ဦးညွှတ်လိုက်၏။

“မစ္စဂျပ်ဆင်...ဒီနေ့ ဒီသင်္ဘောပေါ်မှာ ဒီလိုကြိုဆိုရတာကတော့..ခင်ဗျားရဲ့ အနစ်နာခံမှုတွေကို ဂုဏ်ပြုဖို့ပါပဲခင်ဗျာ...ရှင်းပြရရင်တော့..ဟောဒီသင်္ဘောပေါ်မှာရှိတဲ့ ကျွန်ုပ်အပါအဝင် စစ်အရာရှိအားလုံးနီးပါဟာ..ခင်ဗျားရေးသားတဲ့ “ဗမာအင်ပါယာသို့ နှစ်ခြင်းခရစ်ယာန်သာသနာ” ဆိုတဲ့ စာအုပ်ကို ဖတ်ပြီး ခင်ဗျားရဲ့ ပရိသတ်ဖြစ်နေကြတဲ့သူတွေချည်းပါပဲ....လူချင်းမမြင်ဖူးခင်ကတည်းက ခင်ဗျား

တို့ လင်မယားကို အဲ့ဒီစာအုပ်နဲ့လေးစားနေကြတာပါ...ဒီကနေ့..အင်းဝမှာဖြစ်ခဲ့တဲ့ ခင်ဗျားရဲ့ ရဲရဲတောက် ပေးဆပ်မှု ၊ အနစ်နာခံမှုတွေအတွက်လည်း အထူးဂုဏ်ပြုပါရစေ”

အဲန် ကမ်းပေးသောလက်ကို ဗိုလ်ချုပ်ကြီးကမ်းဘဲက တလေးတစားဖြင့် ငုံ့နမ်းလိုက်သည်။

ထိုစဉ် အဲန်၏ ခြေအစုံတွင် ဝတ်ဆင်ထားသော ပြဲရာ ၊ချုပ်ရာအထပ်ထပ်ဖြင့် အနီရောင်လေဒီရှူးလေးကို သတိထားမိသွား၏။

ဗိုလ်ချုပ်ကြီးကမ်းဘဲ က အနောက်သို့ နှစ်လှမ်းဆုပ်ကာ..သတိဆွဲလိုက်သည်။

ထို့နောက် အနောက်တွင်တန်းစီနေကြသော အရာရှိများအား အမိန့်ပေးလိုက်ပြီး...အဲန် အား စစ်တပ်ပုံစံဖြင့် အလေးပြုလိုက်ကြတော့၏။

လွန်ခဲ့သောနှစ်များစွာက ကလကတ္တားဆိပ်ကမ်းမှ အင်္ဂလိပ်အစိုးရ၏ မောင်းထုတ်ခြင်းခံခဲ့ရသော အမေရိကန်သာသနာပြုဇနီးမောင်နှံမှာ ယခုအခါတွင်တော့ ရောဝတီမြစ်လယ်ရှိ အင်္ဂလိပ်စစ်သင်္ဘောပေါ်တွင် အင်္ဂလိပ်စစ်တပ်၏ ဂုဏ်ထူးဆောင်ဧည့်သည့်များအဖြစ် အလေးပြုမှုကို ခံယူနေကြရပြီဖြစ်သည်။

.........................................................................................................................
..........................................

၁၈၂၆ ဖေဖော်ဝါရီ ၂၄ ၌ ရန္တပိုရွာတွင် မြန်မာဘက်မှ လယ်ကိုင်းစားဝန်ကြီး၊ ကျီဝန်ကြီး တို့က တစ်ဖက်၊ အင်္ဂလိပ်ဘက်မှ ဗိုလ်ချုပ်ကြီးကင်းဘဲ၊ အရပ်ဘက်အရာရှိ သောမတ်စ်ရောဘတ်ဆန်တို့က တစ်ဖက် စစ်ပြေငြိမ်းရေးစာချုပ်ပါ အချက်(၁၁)ချက်ကို သဘောတူလက်မှတ်ရေးထိုးလိုက်ကြ၏။

စာချုပ်၏ နောက်ဆုံးမူကြမ်းကို ဂျပ်ဆင်က ရေးဆွဲပေးခဲ့ရသည်။

စစ်ပွဲကား ပြီးဆုံးခဲ့ပြီ။

အင်္ဂလိပ်၊မြန်မာနှစ်ဖက်လုံးမှ စစ်ပွဲအတွင်းဖမ်းဆီးရမိသော သုံ့ပန်းများကို လဲလှယ်ရင်း စစ်ပြေငြိမ်းရေး အထိမ်းအမှတ်ညစာစားပွဲကို မကြာမီ ကျင်းပတော့မည်ဖြစ်သည်။

စခန်းတစ်ခုလုံးတွင် ဗိုလ်ချုပ်ကြီးကင်းဘဲ၏ တဲအိမ်က အကြီးဆုံးဖြစ်ပြီး ထိုတဲအိမ်နှင့်ကပ်လျက် တဲတစ်လုံးတွင် ဂျပ်ဆင်တို့ မိသားစုအတွက်နေရာချပေးထား၏။

ဗိုလ်ချုပ်ကြီးကမ်းဘဲသည် သူ၏ အောင်ပွဲသဘင်ကို မြန်မာအရာရှိများရှေ့မှောက်တွင် အခမ်းနားဆုံးကျင်းပရန် စီစဉ်ထားသည်။

ညစာစားပွဲတည့်ခင်းမည့် စားပွဲဝိုင်းရှည်ကြီးပတ်လည်တွင် ယူနီယံဂျက်အလံများကို ပတ်လည်လွှင့်ထူထား၏။

စစ်ရှုံးမြန်မာအရာရှိများသည် ညှိုးငယ်စွာဖြင့် ထိုင်နေကြသည်။

သူတို့နဘေးတွင်တော့ ဗြိတိသျှတပ်ထံ ပြန်လည်လွှဲအပ်ပေးမည့် ဟင်နရီေဂါက်ဂျာ အပါအဝင် စစ်သုံ့ပန်းများက စီတန်းထိုင်နေကြ၏။

မကြာမီ စစ်တီးဝိုင်းမှ စတင်တီးမှုတ်လိုက်သည့် ဘင်ခရာသံများ ကြားရပြီဖြစ်သည်။

ဗိုလ်ချုပ်ကြီးကင်းဘဲသည် အဆောင်အ ေ ယာင်အပြည့်အစုံဖြင့် သူ၏ တဲထဲမှ ထွက်လာ၏။

သူ၏ နောက်မှ အဆင့်ဆင့်သော စစ်ဘက်ဆိုင်ရာ၊အရပ်ဘက်ဆိုင်ရာ အရာရှိများလိုက်ပါကြသည်။

ကင်းဘဲသည် ဂျပ်ဆင်တို့၏ တဲရှေ့သို့ရောက်သောအခါ ခြေလှမ်းများကို ရပ်တန့်လိုက်၏။

ဗိုလ်ချုပ်ကြီးက တဲအတွင်းဝင်သွားသည့်အခါ စစ်တပ်ကြီးမှာ သတိဆွဲကာ ငြိမ်သက်နေကြရသည်။

မကြာမီ ကင်းဘဲ၏ လက်ကို ဆွဲလျက် ဗမာဝတ်စုံ ထိုင်မသိမ်းကို လှပစွာဝတ်စားထားသော အမျိုးသမီးတစ်ဦး ထွက်လာ၏။

ထူးထူးခြားခြား သူမ၏ ခြေထောက်တွင်မူ အမျိုးသမီးဝတ်ရှူးဖိနပ်အနီရောင်အစုတ်ကလေးကို စီးထားသည်။

ဗိုလ်ချုပ်ကြီးကင်းဘဲက ဂျပ်ဆင်အားခွင့်တောင်းပြီး...အဲန်ကို ညစာစားပွဲ၏ အမြင့်ဆုံး ဂုဏ်ထူးဆောင်ပထမအမျိုးသမီးအဖြစ် ပွဲတက်ရောက်ပေးရန် ဖိတ်ကြားခဲ့ခြင်းပင်။

ဂျပ်ဆင်မှာမူ.. စစ်ရှုံးမြန်မာခေါင်းဆောင်များအား အားနာသမှု၊ လေးစားသမှုဖြင့် ထိုပွဲကို မတက်ရောက်လိုကြောင်း ငြင်းဆိုခဲ့သည်။

ညစာစားပွဲအတွင်းသို့ ဗိုလ်ချုပ်ကြီးကင်းဘဲ နှင့် အဲန် တွဲလျက် ဝင်လာသောအခါ မြန်မာအရာရှိများအားလုံးမှာ ကြက်သေ သေနေကြ၏။

လွန်ခဲ့သောနှစ်များက သူ၏ ခင်ပွန်းလွတ်မြောက်ရေးအတွက် သူတို့၏ အိမ်တော်များ၊ ရုံးခန်းများရှေ့တွင် လာရောက် ဒူးထောက်အသနားခံနေသော ထိုအမျိုးသမီးသည်..ညစာစားပွဲ၏ အမြင့်ဆုံးသော ဂုဏ်ပြုခုံ ထိုင်ခုံတွင် ထိုင်လျက်ရှိနေပြီဖြစ်သည်။

အချို့မှာ အဲန်ကို မျက်လုံးချင်းမဆိုင်ရဲပဲ..မျက်လွှာချထားကြ၏။

မကြာမီ ညစာစားပွဲအတွင်းသို့ အင်္ဂလိပ်တို့မှ ပြန်လည်လွှဲပေးမည့် မြန်မာ စစ်သံ့ပန်းများ ဝင်လာကြသည်။

ယင်းတို့အထဲမှ အရာရှိအဆင့်များသည် ညစာအတူစားသုံးရမည်ဖြစ်၏။

စစ်သံ့ပန်းများထဲမှ မုတ်ဆိတ်မွေး၊နှုတ်ခမ်းမွေးများ ဖွာဖွေးလျက်ရှိသည့် အရာရှိကြီးတစ်ဦးမှာ အဲန်ကို ထိတ်လန့်တုန်လှုပ်ဟန်ဖြင့် ကြည့်လိုက်သည်။

ဗိုလ်ချုပ်ကြီးကင်းဘဲ ၏ နဘေးတွင် ထိုင်နေသော အဲန်ကို ကြည့်ကာ သူ၏ လက်များတုန်ရီနေ၏။

အရပ်ပုပု ၊ မုတ်ဆိတ်နှုတ်ခမ်းမွေးအပြည့်၊ ခပ်ဝဝ ထိုအရာရှိကြီးမှာ အင်္ဂလိပ် - မြန်မာစစ်ပွဲများ နောက်ဆုံးအချိန်တွင်မှ ဖမ်းဆီးခံရသူလည်းဖြစ်သည်။

ထိုသံ့ပန်းအရာရှိမှာ တည့်ခင်းထားသည့် အစားအသောက်များကို မစားရဲမသောက်ရဲပဲ..အဲန်ကို ကြည့်ကာ အမူအယာများပျက်နေ၏။

ထိုအခြေအနေကို အဲန်က သတိမထားမိသော်လည်း...ဗိုလ်ချုပ်ကြီးကမ်းဘဲက သတိထားမိလိုက်သည်။

“မစ္စဂျပ်ဆင်...ဟိုက ဗမာအရာရှိကို သိပါသလား...သူကြည့်ရတာ..ခင်ဗျားကို သိပုံရတယ်...သူ တခုခုကိုကြောက်နေပုံပဲ”

အဲန်က ဗိုလ်ချုပ်ကြီးကမ်းဘဲ ညွှန်ပြသည့် အရာရှိကို ကြည့်လိုက်၏။

မုတ်ဆိတ်ကျင်စွယ်များကြားမှ ထိုအရာရှိကို အဲန် ချက်ချင်းမှတ်မိလိုက်သည်။

“စလင်းဝန်ထောက် ဦးသာဝ”

တချိန်က သူ့အိမ်ရှေ့ နေပူကြဲတဲတွင် အဲန်အား သုံးနာရီကြာ ရပ်ခိုင်းခဲ့သူ။

“ခင်ဗျားရဲ့ ဒီလောက်ပိန်လှီနေတဲ့ ခန္ဓာကိုယ်က နေရောင်ခြည်က မတွေ့နိုင်ပါဘူး” ဟုဆိုကာ သူမ၏ ထီးကလေးကို လုယူခဲ့သူ။

ဦးသာဝမှာ အဲန်ကို ဗိုလ်ချုပ်ကြီးကမ်းဘဲနှင့်အတူတွေ့လိုက်ရသဖြင့် အထိတ်အလန့်ကြီးထိတ်လန့်နေရှာသည်။

စစ်နိုင်သူဗိုလ်ချုပ်ကြီးအား အဲန်က တခုခုပြောလိုက်ပါက...သူ့အား မြန်မာဝန်ကြီးများနှင့်တိုင်ပြီး တစ်စုံတစ်ခု အရေးယူမည်ကို စိုးရိမ်ကြောက်လန့်နေ၏။ အထူးသဖြင့် သံ့ပန်းအဖြစ်မှ ပြန်မလွှတ်တော့မည်ကို ပိုမိုကြောက်ရွံ့နေခြင်းပင်။

“ကျွန်မ သူ့ကို သွားနှုတ်ဆက်လိုက်ပါဦးမယ်”

အဲန်က ထိုင်ရာမှထကာ ဦးသာဝ ဆီသို့ လျှောက်သွား၏။

ဦးသာဝမှာ လေဒီရှူးအနီရောင်ဖြင့် သူ့ထံ ဦးတည်လျှောက်လာသည့် အဲန်၏ ခြေလှမ်းတိုင်းကို ထိတ်လန့်တုန်လှုပ်စွာဖြင့် စောင့်နေရသည်။

"စလင်းဝန်ထောက်မင်း ထင်ပါရဲ့"

အဲန် ၏ အသံကိုကြားသည်နှင့် ဦးသာဝမှာ တုန်တက်သွားသည်။

"နေကောင်းကျန်းမာစွာပြန်တွေ့ရတာ..ဝမ်းသာမိပါရဲ့..ဝန်ထောက်မင်း"

"ဟုတ်..ဟုတ်..ဟုတ်ကဲ့"

"စိတ်ချပါ..ဝန်ထောက်မင်း...ကျွန်မ ဝန်ထောက်မင်းကို ကျေးဇူးတင်စကားပြောဖို့ လာတာပါ..ကျွန်မ ခင်ပွန်း လွတ်မြောက်ရေးအတွက် ဝန်ထောက်မင်း မကူညီပေးနိုင်ခဲ့တာတွေကိုလည်း ဘယ်လိုမှ သဘောမထားပါဘူး... ဝန်ထောက်မင်းကြောင့် သာ..မြို့ဝန်ဦးရွှေလေး မိသားစုနဲ့ ကျွန်မဆုံခဲ့ရပြီး...ကျွန်မခင်ပွန်းကို ကူညီနိုင်ခဲ့တာပါလေ... အေးအေးသက်သာ သုံးဆောင်ပါ..ဝန်ထောက်မင်း. ကျွန်မကြောင့်လည်း ဘာစိတ်အနှောက်အယှက်မှ မဖြစ်ပါနဲ့..ဝန်ထောက်မင်း..မကြာခင် မိသားစုနဲ့ ပြန်တွေ့ရတော့မှာပါ"

ဦးသာဝက အဲန် ကို မယုံကြည်နိုင်သော မျက်လုံးများဖြင့် မော့ကြည့်လိုက်သည်။

အဲန် က နူးညံ့အေးမြသော အပြုံးတစ်ခုဖြင့်။

"ကျေးဇူးတင်ပါတယ်..ဆရာကတော်"

ဦးသာဝ ၏ မျက်ဝန်းတွင်မျက်ရည်များအပြည့်ဖြင့်။

ခေါင်းကို တဖက်လှည့်ကာ ငုံ့လိုက်ချိန်တွင်....မြေပြင်တွင် မားမားမတ်မတ်ရှိနေဆဲဖြစ်သည့် အမျိုးသမီးဝတ် ရှူးဖိနပ်အနီရောင်လေးကို ဦးသာဝ သတိထားမိလိုက်တော့သည်။

ပြီးပါပြီ။

(၁၈၂၆ အောက်တိုဘာလ ၂၄ ရက် ည ၈ နာရီတွင် အဲန်ဂျပ်ဆင်သည် ကျိုက်ခမီမြို့တွင် သာသနာပြုလုပ်ငန်းများလုပ်ဆောင်ရင်း အဖျားရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်)

ခက်ဇော်

# Lady Shoes မှီငြမ်းကိုးကားစာစုစာရင်း


၁ The Judson History and Legacy ; Rosalie Hall Hunt

၂ To the golden shore: The life of Adoniram Judson ; Anderson Courtney

၃ Memoir of Mrs Ann H. Judson, Knowles, James

၄ အင်းဝထောင်အတွင်းမှ ကိုယ်တွေ့ဖြစ်ရပ်များ၊ ဟင်နရီ ေဂါက်ဂျာ (မြန်မာပြန် ဒေါက်တာအုန်းကျော်)

၅ မြန်မာရက်စဉ်သမိုင်း

၆ ပဒေသရာဇ်မြန်မာနိုင်ငံဇာတ်သိမ်း၊ ဒေါ်ကြန်

၇ ကုန်းဘောင်ကိုဆန့်၍ ၊ ဒေါက်တာမတင်ဝင်း